# ဗုဒ္ဓဂေါတမ နှင့် စန္ဒသူရိယဘုရင်



ဦးလှထွန်းဖြူ

နမော ဗုဒ္ဓါယ သိဒ္ဓံ

ဂုဏ်ထူးစာပေ

ဂုဏ်ထူး စာပေ
အမှတ် ၂၀၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၇၄၅၁၀

[စပယ်စာပေအတွက် ဂုဏ်ထူးစာပေမှ ဖြန့်ချိသည်]

F 1A

ဖိုးလှိုင်ဝင်း စီစဉ်သည်

တန်ဖိုး ၂၀ ကျပ်


| | |
|---|---|
| ပန်းချီ ဦးအေးမြင့် | အရောင်ခွဲ အဝင်း |

ဒေါ်တီ(၀၁၇၂၄) ပယ်စာပေ၊ အမှတ် ၂၉၊ [illegible] လမ်း၊ အလုံ၊ ရန်ကုန်နှင့် မျက်နှာဖုံးနှင့် အတွင်းစာသားများကို မစ္စတာ မူရာဆေးဂျပါးလ် (၀၁၈၂၈) တောက်တောက်ဝင်း ပုံနှိပ်တိုက်၊ အမှတ် ၁၄၃၊ ၃၇ လမ်း၊ ရန်ကုန်မြို့တို့က စာမူခွင့်ပြုအမှတ်(၆၀၇) မျက်နှာဖုံးခွင့်ပြုအမှတ် (၆၀၄)အရ ၁၉၈၄ ခု၊ ဧပြီလတွင် ပထမ အကြိမ်၊ အုပ်ရေ ၂၀၀၀ ပုံနှိပ်ထုတ်ဝေပါသည်။

၁၆၄၈၂

# ဗုဒ္ဓဂေါတမ
နှင့်
# စန္ဒသူရိယဘုရင်


ဦးလှထွန်းဖြူ
သတင်းစာဆရာ၊ စာရေးဆရာ
နိုင်ငံတော်ကောင်စီဝင်(အငြိမ်းစား)
နိုင်ငံ့ဂုဏ်ရည်ပထမဆင့်

ရေးသားပြုစုသည်

ဆရာကြီး ဦးလှထွန်းဖြူ ရေးသားပြုစုသော ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင် စာမူကို စက်တင်ပုံနှိပ်ရာတွင် အကြံပြုကူညီသော ဆရာ ဦးဉာဏ်ဝင်း(ပါဠိပါရဂူ)အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စီစဉ်ပုံနှိပ်သူ
တောက်တောက်ဝင်းပုံနှိပ်တိုက်

# အမှာစာ

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကျော်က ဓညဝတီရခိုင်ပြည်တွင် နေထိုင်ကြသော အမျိုးသား အမျိုးသမီးတို့သည် "ဗုဒ္ဓ၏အယူဝါဒ"ကို တိတိကျကျ သိမြင်ကြခြင်းနည်းလှသည်။

ဗုဒ္ဓ အယူဝါဒမှာလည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ကျော် ကာလက မဇ္ဈိမဒေသခေါ် အိန္ဒိယ နိုင်ငံတော်တွင် "ဗုဒ္ဓဂေါတမ" ဟူသောအမည်ဖြင့်ပွင့်လာတော်မူခဲ့သည်မှစ၍ 'ဗုဒ္ဓသာသနာတော်ကြီး" သည်ကား ကမ္ဘာအနှံ့ပျံ့လာခဲ့သည်။

ထိုအချိန်တွင် ဓညဝတီ ရခိုင်ပြည်၌ "စန္ဒသူရိယ" ဟူသော ဘုရင်တပါးသည် ဗုဒ္ဓဂေါတမအား အလွန်အလွန်ကြည်ညိုလေးစား၍ မျက်မြင်ကိုယ်တွေ့ ဖူးမြင်လိုသောဆန္ဒပြင်းပြသည်မှအစ စန္ဒသူရိယဘုရင်သည် သူ၏နန်းတော်မှ ဗုဒ္ဓဂေါတမအား ကြွရောက်ပါမည့်အကြောင်း ရှိခိုး၍ ပင့်ဖိတ်သည်။ ထိုအခါတွင် ဗုဒ္ဓဂေါတမသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက် ကျွတ်ထိုက်သော်သတ္တဝါများကို ကရုဏာရှေ့ထား၍ ကြည့်ရှုတော်မူလေသော အချိန်အခါနှင့် ကြုံကြိုက်တော်မူလေသည်။

ထို့ကြောင့် ဗုဒ္ဓသည် စန္ဒသူရိယဘုရင် ပင့်ဖိတ် တောင်းပန်သည်ကို မြင်တော်မူခြင်းကြောင့်—

> "စန္ဒသူရိယမင်း၏ ပင့်ဖိတ်ခြင်းအရ ငါဘုရား ကြွတော်မူကာ မင်းနှင့်တကွ မှူးမတ် အခြွေအရံ အပေါင်းအဝင် နိုင်ငံသူ နိုင်ငံသား အပေါင်းတို့ပါ သောတာပတ္တိ ဖိုလ်၌လည်းကောင်း၊ သရဏဂုံပဥ္စသီတို့၌လည်းကောင်း တည်အံ့သော အကြောင်းနှင့် ခတ်ကိုယ်စား ရုပ်ပွားတော်မဟာမုနိကို သွန်းလုပ် ကိုးကွယ်စေခြင်းဖြင့် ငါဘုရား ထားလတ္တံ့သော သာသနာတော် ငါး ထောင်ပတ်လုံး လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ကောင်းမှုများစွာရ ရှိကြမည်"

ကို မြင်တော်မူလေသည်။

ထို့ကြောင့် ဓညဝတီ ရခိုင်ပြည်သို့ ဗုဒ္ဓဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန္တာ ၅၀ဝါးရာနှင့်အတူကြွလာခဲ့ခြင်းကို ဗုဒ္ဓဘာသာဝင် နောင်လာ နောက်သား အားလုံးတို့ ထင်ထင်ရှားရှားသိကြစေဖို့ ဤ ''ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်''အမည်ပါစာအုပ်ကို ပြုစုရေးသားရ ခြင်းဖြစ်ပေသည်။

ဤစာအုပ်ရေးသားရာတွင်....

(၁) ရမ္မာဝတီ ရမ်းဗြဲမြို့မှ တောင်ကျောင်းဆရာတော် ဦးစန္ဒမာလာ လင်္ကာရ ရေး ရခိုင်ရာဇဝင်သစ်ကျမ်း။

(၂) အခြေပြုမြန်မာနိုင်ငံသမိုင်း။

(၃) ကျောက်မြောင်း မင်္ဂလာသုခ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးအရိယဝံသရေး မဟာစက်တော်ရာသမိုင်း။

(၄) ကရင်ပြည်နယ် ဘားအံမြို့ ဒုရင်ကောဒန်ရွာ ဘုန်းတော်ကြီး ဦးဇာဂရ ဇွဲကပင်ဘုရားသမိုင်း။

(၅) သခင်အေးရေး ရွှေနတ်တောင်စေတီတော်ဘုရားသမိုင်း။

(၆) မြန်မာ့သုတေသနအသင်း မဟာရာဇဝင်ကြီး (ဒုတိယစာအုပ်)။

(၇) ရန်အောင် မျိုးညွန့်ရေး ဗုဒ္ဓကြေးမုံ သုတစုံ။

(၈) ဓမ္မာစရိယဦးမောင်မောင်လေးရေး အနှစ်ချုပ် ဗုဒ္ဓဝါဒ။

(၉) ဦးစိန်ထွန်းအောင်ရေး ဗုဒ္ဓဝါဒအမြင်မှန်။

(၁၀) အရှင်ဇာဂရရေး ဝိပဿနာကြေးမုံကျမ်း။

(၁၁) ဆရာကြီး ဦးတင်ရှိန်ရေး ရွှေစက်တော်သမိုင်းနှင့် မန်းစက်တော် သမိုင်းပေါင်းစုံ။

(၁၂) ဆရာတော်ဦးဒီပရေးကျောင်းတော်ရာနှင့် ရွှေစက်တော်သမိုင်း၊

(၁၃) ဦးအောင်သိန်းရေး လူ့သဘော နှင့် လူ့မနော တို့ကို မှီငြမ်းပါသည်။

(၁၄) ကျောက်တော်တောင်နှင့်တကွ မဟာမုနိဓာတ်ပုံတို့ကို ကျောက် တော်မြို့ ဆန်းစက်ဒိုင် ဦးသာဇံလှထံမှ ရရှိပါသည်၊

ဤစာအုပ်သည် ဓညဝတီရခိုင်ပြည်သို့ ဗုဒ္ဓဂေါတမ ကြွရောက် ခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင်ကျော်ပြီးဖြစ်၍ သာမန်သမိုင်းစာအုပ်ငယ် ကလေး အမည်ဖြင့်သာလျှင် အသင့်အတင့် ထုတ်ဝေခဲ့ကြပြီးနောက် စာအုပ် စာတမ်းများအနေဖြင့် ဗုဒ္ဓဘာသာဝင်တို့ သိကြဖို့ ပုံနှိပ်ထုတ် ဝေကြခြင်းကား မရှိသေးပါ။

ဤစာအုပ်ငယ်အတွက် ရေးသားဖို့ သက်ဆိုင်ရာစာပေများနှင့် မှတ်တမ်း မှတ်စု ရာဇဝင်များကို စုဆောင်းရသည်မှာမလွယ်ကူလှပေ။ ရှေးရှေးက ထုတ်ဝေထားသော ရခိုင်ရာဇဝင်စာအုပ်တို့သည်ကား နှစ်ပေါင်းကြာမြင့်၍ ပုံနှိပ်စာတို့မှာလည်း စုတ်ပြတ်နေပြီး ဖြစ်ပေသည်။

သို့ကြောင့် ဤအခက်အခဲကြားမှ ရနိုင်သမျှ အတတ်နိုင်ဆုံး စုဆောင်းပြီးလျှင် တိုင်းရင်းသား နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်တို့သိရှိနားလည်ဖို့အတွက် ဤစာအုပ်ကို ရေးသား ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

လှထွန်းဖြူ

(၃၁–၃–၈၂)

## ဆရာကြီး ဦးလှထွန်းမြ ရေးသားထုတ်ဝေခဲ့သော စာအုပ်များ

- ရခိုင်ပြည်နယ် စီးပွားရေးဘဏ္ဍာတိုက်
- လူ့ဘဝအနှစ်သာရ
- ဗမာ့စက်နှင့် အာဏာစက်
- မြန်မာ့ရေးရာနှင့် တတိယကမ္ဘာစစ်အန္တရာယ် အကာအကွယ်

[အထက်ပါစာအုပ်များကို အလိုရှိပါက ဂုဏ်ထူးစာပေ၊ အမှတ် ၂၀၉ ၃၃ လမ်း၊ ရန်ကုန်မြို့သို့ မှာကြားနိုင်ပါသည်။]

နွားလှည်းနောက်သို့
လှည်းဘီးသည်အစဉ်လိုက်ပါနေ၏။
ထိုနွား၏ ခွာရာ ခြေရာတို့ကို လှည်းဘီးနင်း၍
ကြိတ်၍ အစဉ်လိုက်ပါ၏။ အကြင်သူသည်
မကောင်းမှုကို ကိုယ်ဖြင့်ပြုလုပ်သော်လည်းကောင်း၊
နှုတ်ဖြင့် ပြုလုပ်သော်လည်းကောင်း၊ စိတ်ဖြင့်
ကြံလျှင်သော်လည်းကောင်း၊
ထိုထိုမကောင်းမှု ဆိုးပြစ် ဆိုးဒုက္ခတို့သည်
ထိုသူနောက်သို့
အစဉ်လိုက်မြဲတည်း။

"စက္ခုပါလ ခတ္တရဝတ္ထု"

# ရည်ညွှန်းချက်

ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်စာအုပ်ကို၊ ရန်ကုန်မြို့၊ ရခိုင် သဟာယအသင်းအတွက် အမှတ်တရ ရေးသား ထုတ်ဝေပါသည်။

လှထွန်းဖြူ။




အလောင်းတော်  ဖွားမြင်သည်နှင့်တပြိုင်နက်  သုံးခွန်းသောစကား
မြွက်ကြားသည်ကို ကြားရသော လူ နတ် ဗြဟ္မာတို့ပုံကို သံရုပ်ဖော်ပုံ
(စာမျက်နှာ ၃၄–၃၅)

သိဒ္ဓတ္ထမင်းသား ဥယျာဉ်တော်သို့ လှည့်လည်ကြည့်ရှုတော်မူရာ၌ နိမိတ်ကြီး
လေးပါးကို မြင်တွေ့ရပုံ (စာ ၄၄–၄၅)







အစာမစားပဲ ဒုက္ကရစရိယကျင့်နေစဉ် အလောင်းတော်၏
ကိုယ်ခန္ဓာပုံတော်ကို ဤသို့တွေ့မြင်ရသည်(စာ ၅၄)



ဗုဒ္ဓ၏ ဆံတော်ဓာတ် ကျိုက်ထီးရိုးကို ဖူးတွေ့ရစဉ်(စာ ၁၀၂)

ကျောက်တော်တောင်၊ သိမ်တော်တိုက်စေတီကို တစိတ်တဒေသ မြင်ရပုံ(စာ ၁၀၉–၁၁၀)





ကျောက်တော်တောင်ကို အဝေးမှမြင်ရပုံ (၁၁၀-၁၁၁)



လက်ရှိ မဟာမြတ်မုနိဘုရားတည်ရှိရာ သိမ်တော်ကို
ဤသို့ မြင်ကြရမည် (စာ ၁၁၇)



ဂေါတမမြတ်စွာဘုရားအား စန္ဒသူရိယဘုရင်က လျှောက်ထား တောင်းပန်နေစဉ် (စာ ၁၂၀)

မှတ်ချက်။ ။ယင်းပုံတော်ကို မဟာမုနိတောင်ကုန်းတနေရာမှ တူးဖော်ရရှိသောပုံ ဖြစ်သည်။

ဓညဝတီ ရခိုင်ပြည်သူပြည်သားတို့အား ဗုဒ္ဓဂေါတမက ဓမ္မစကြာတရားတော်ကို ဟောပြောနေစဉ်။ ဘုရင်စန္ဒသူရိယက ရှိခိုးလျက် တရားနာနေပုံကိုကျောက်ဖြင့်ထုလုပ်ထားခြင်းဖြစ်သည်ဟု အဆိုရှိသည်။

စာရေးသူ

# မာတိကာ

အမှာစာ

## ပထမပိုင်း

### ဗုဒ္ဓဖြစ်တော်စဉ်လူ့အခြေခံတရား ငါးပါး


လူတို့သက်တမ်းနှင့် ဘုရားပွင့်ရာကမ္ဘာ ၁၁
ဘုရားနှင့် ပစ္စေကဗုဒ္ဓါ ၁၁
အန္တရကပ် ၁၂
ကမ္ဘာ ၁၂
မဟာဗောဓိပလ္လင်တည်ရာမြေ ၁၃
ပုဗ္ဗနိမိတ် ၁၃
ဗြဟ္မာတို့ လူ့ပြည်ရောက်လာပုံ ၁၄
နေနှင့်လပေါ်လာပုံ ၁၅
ကမ္ဘာဦးအခါ ဘုရားအလောင်းမင်း ၁၆
နေ့ရက်အခေါ်အဝေါ် ၁၇
မိန်းမယောကျ်ားဖြစ်လာပုံ ၁၇
လူမျိုး၁၀၁ပါး ၁၈
တကမ္ဘာတွင် မဟာသမ္မတမင်းတယောက်သာ ၁၉
ပထမအန္တရကပ်ဦးဘုရားလေးဆူ ၂၀
ကဿပဘုရားအကြောင်း ၂၁
ဘုရားဆုတောင်းရာကာလများ ၂၁
ကြိုးစားကြပါ ၂၂
ပဋိသန္ဓေ စုတိ ဓိထိစိတ်ခေါ်ပုံ ၂၂
ဘုရားရှိခိုး ၂၃
ခုနစ်အသချေ်တွင်ပွင့်သောဘုရားပေါင်း ၂၄
ကိုးအသချေ်တွင်ပွင့်သောဘုရားပေါင်း ၂၅
နှစ်ကျိပ်ရှစ်ဆူဘုရားများ ၂၅

သမ္ဗုဒ္ဓေဂါထာပါဘုရားများ ၂၉
လူ့အဖြစ်သည် ရခဲစွ ၂၉
စေတီထိုက်သူပုဂ္ဂိုလ်လေးဦး ၃၀
အလောင်းတော်နတ်သား ၃၀
ဘုရားပွင့်တော့မည် ၃၀
ကြည့်ခြင်းငါးပါး ၃၁
ပဋိသန္ဓေနေတော်မူခြင်း ၃၁
မယ်တော်မာယာအိပ်မက် ၃၂
စောင့်ရှောက်ပူဇော်သူများ ၃၂
လုမ္ဗိနီဥယျာဉ်အသွား ၃၃
အလောင်းတော်ဖွားမြင်ပြီ ၃၄
သုံးခွန်းသောစကား
မယ်တော်နတ်ရွာစံ ၃၅
ဘုရင့်ဆရာကာဠဒေဝိလရသေ့ကြီး ၃၅
ဘုရားလောင်းနှင့် ကာဠဒေဝိလရသေ့ကြီး ၃၇
ဘုရားကေန်ဖြစ်မည်ဟု ရသေ့ကြီးဟော ၃၇
ကာဠဒေဝိလရသေ့ တူရင်းနာဠကကို တိုက်တွန်းပုံ ၃၈
မောနေယျရဟန်းနာဠက ၃၈
လက္ခဏာနိမိတ်ဖတ်ကြား ၃၉
ကောဏ္ဍညပုဏ္ဏား၏ တခွန်းတည်းသောဟောချက် ၃၉
သိဒ္ဓတ္ထမင်းသားအမည်မှည့် ၄၀
တလမြောက်လယ်ထွန်မင်္ဂလာ ၄၀
အာနာပါနကမ္မဋ္ဌာန်းဆင်ခြင်း ၄၁
ဖခင်ကြီးဒုတိယအကြိမ်ရှိခိုး ၄၁
မင်းစည်းစိမ်အပြည့်အဝခံစား ၄၂
ပညာမဲ့သူနှင့် သမီးရတနာမဆက်နိုင် ၄၃
လေးအတတ်ဖြင့် အစွမ်းပြ ၄၃
ကြင်လျာတော်ယသော်ဓရာဗိမ္ဗာဒေဝီ ၄၄
နိမိတ်လေးပါးမြင်ပြီ ၄၄
သားတယောက်ဖွားမြင် ၄၅
တောထွက်ပြီ ၄၆

**သားတော်အမည် ရာဟုလာ** ၄၇
ဖွားဘက်တော်မောင်ဆန်နှင့်ကဏ္ဍကတို့လည်းလိုက်ပါ ၄၇
ယသောဓရာယာရင်ထုမနာဖြစ် ၄၈
မာရ်နတ်တားပြီ ၄၈
ဆံတော်များ တာဝတိံသာ၌ စူဠာမဏိစေတီတည် ၄၉
ဝတ်လဲတော်များ ဗြဟ္မာ့ပြည်၌ ဒုဿစေတီတည် ၅၀
ဆန္ဒအမတ်နှင့် ကဏ္ဍကမြင်းတို့ပြန်တော့ ၅၁
ကဏ္ဍကမြင်း စိတ်သောကဖြင့်သေ ၅၂
အနောလာင်းတော်ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင် ၅၂
ဗိမ္ဗိသာရမင်းက ပြည်စည်းစိမ်တဝက်ပေး ၅၃
ဘုရားဖြစ်လျှင် ရှေးဦးစွာ ရာဇဂြိုဟ်ကြွပါ ၅၃
အာဠာရနှင့်ဥဒကတို့ထံချဉ်းကပ် ၅၄
ဥရုဝေလတောသို့ကြွ ၅၄
မစားမသောက်ပဲ အပြင်းအထန်အားတုတ် ၅၄
လက္ခဏာ ၃၂ ပါးကွယ်ပျောက် ၅၅
သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိတို့ကို သတိနဲ့ ထိန်းချုပ် ၅၆
ပဉ္စဝဂ္ဂီတို့နှင့် ခွဲခွာ၍ ဟိဂဒါဝုန်တော်သို့ ၅၆
ဘုရားဖြစ်ဖို့ အိပ်မက် ငါးပါးမြင်မက် ၅၇
နို့ဃနာကို ရွှေခွက်နှင့်အတူ အလှူခံယူ ၅၈
ရေချိုးသုံးသပ် နို့ဃနာဘုဉ်းပေး ၅၈
အဓိဋ္ဌာန်ဖြင့် ရွှေခွက်မျော ၅၈
ညချမ်းအခါ ဗောဓိပင်သို့ကြွ ၅၉
အလှူခံမြက်ရှစ်ဆုပ်မှ ဗောဓိပလ္လင်ပေါ်ထွက် ၅၉
ဗောဓိပလ္လင်ထက် အာနာပါန ကမ္မဋ္ဌာန်းပွားများ ၆၀
သိကြားနဂါး ဗြဟ္မာတို့ပူဇော် ၆၁
မာရ်နတ်စစ်တပ် ရောက်လာ ၆၁
အလောင်းတော်၏ ပါရမီလက်နက် ၆၁
နေမဝင်မီ ဒေဝပုတ္တမာရ်အောင် ၆၃
ညဉ့်ဦးယံတွင် ပုဗ္ဗေနိဝါသ ဉာဏ်ရတော်မူ ၆၃
သန်းခေါင်းတော်တွင် ဒိဗ္ဗစက္ခုဉာဏ်ရတော်မူ ၆၄
ပဋိစ္စသမုပ္ပါဒ်ကိုဆင်ခြင် ၆၄

ခက်ဆစ်မှတ်ဖွယ် ၆၇
မိုးသောက်ယံ၌ ဘုရားဖြစ်တော်မူပြီ ၆၉
ဗုဒ္ဓအမည်ရပုံ ၆၉
မယ်တော်ခမည်းတော်တို့ ပေးသောအမည်မဟုတ် ၇၀
အာဠာရနှင့် ဥဒကတို့အား ကျေးဇူးဆပ်လို ၇၁
အလောင်းတော်ကို ပြစ်သွားခဲ့သော ပဉ္စဝဂ္ဂီငါးဦး ၇၁
ဗောဓိမဏ္ဍိုင်မှ မိဂဒါဝုန်သို့ ၇၂
ဗုဒ္ဓဘာသာဝင်တိုင်းအတွက် မေတ္တာတရား ၇၂
တရားဦး ဓမ္မစကြာ ၇၃
ယနေ့ကမ္ဘာ ၇၄
ရှင်ကောဏ္ဍည ပထမဆုံး သောတာပန် ၇၅
အခွင့်အရေးဆိုတာ ယူတတ်မှရ ၇၆
ပဉ္စဝဂ္ဂီတို့ ရဟန္တာတွေဖြစ် ၇၆
အနတ္တဝါဒကမ္ဘာသို့ လွှင့်ထုတ်ခဲ့ပြီ ၇၇
ဘီလူးသောင်းကျန်းတို့ကို နှိပ်နင်းရန်ကြွ ၇၇
သီဟိုဠ်ကျွန်းမှ ဥရုဝေလသို့ကြွ ၇၈
ဗုဒ္ဓ၏နေ့စဉ် လုပ်ငန်းငါးရပ် ၇၉
ဗုဒ္ဓ၏ မေတ္တာအင်အား လက်နက် ၈၀
ရဟန်း ၅၀၀ နှင့် တောစောင့်နတ်များ ၈၀
နတ်ချစ်သော မေတ္တာသုတ် ၈၂
နဂါးသောင်းကျန်းနှင့် သီဟိုဠ်ကျွန်း ၈၃
ကုသိုလ် အကုသိုလ်သိဖို့ခဲယဉ်း ၈၅
ဗုဒ္ဓဝါဒ လူ့အခြေခံတရား ငါးပါး ၈၆
(၁) သူ့အသက်ကို သတ်ခြင်းနှင့် ခံစားရပုံ ၈၆
(၂) သူ့ဥစ္စာ ခိုးယူခြင်းနှင့် ခံစားရပုံ ၈၆
(၃) သူ့သားမယား ကျူးလွန်ခြင်းနှင့် ခံစားရပုံ ၈၇
ရှင်အာနန္ဒာအလောင်း ၈၈
(၄) လိမ်ညာပြောခြင်းနှင့် ခံစားရပုံ ၈၉
(၅) အရက်သောက်ခြင်းနှင့် ခံစားရပုံ ၈၉
နေ့တဝက်စောင့် ဥပုသ်အကျိုး ၉၀
ဗုဒ္ဓဥပဒေ ပညတ်ကို မလိုက်နာလျှင် ၉၁
ငရဲကြီးရှစ်ထပ် ၉၁

ဥဿဒရေငယ် ငါးထပ် ၉၅
ရေသက်နှင့် လူ့သက်နှိုင်းယှဉ်ချက် ၉၇

## ဒုတိယပိုင်း

### သုဝဏ္ဏဘူမိသို့ကြွခဲ့စဉ်

သုဝဏ္ဏဘူမိ၌ သံဃာမရှိသေး ၉၉
သုဝဏ္ဏဘူမိရသေ့များ ၁၀၀
ကျွတ်တမ်းဝင် ၁၀၀
အခြားရသေ့များ ၁၀၁
ဇွဲကပင်ဘုရား ၁၀၁
ဗုဒ္ဓဥက္ကာရသေ့နှင့် ကျိုက်ထီးရိုးဘုရား ၁၀၂
ကျိုက်ထီးရိုးဘုရားပွဲတော် ၁၀၃
ကလေးများ ဖမ်းစားသည့် ဘီလူးများကို ရှင်သောဏ, ရှင်ဥတ္တရတို့
ဆုံးမပုံ ၁၀၄

## တတိယပိုင်း

### ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်

စန္ဒသူရိယမင်းအကြောင်း ၁၀၆
ဓညဝတီရခိုင်ပြည် ၁၀၇
မြတ်စွာဘုရားအား ပင့်ဖိတ်ပြီ ၁၀၈
ဘုရားနှင့် ရဟန္တာ ၅၀၀ ကြွလာပြီ ၁၀၉
သေလာဂီရိတောင်၌ သီတင်းသုံး ၁၀၉
ဗုဒ္ဓဗျာဒိတ်တော်များ ၁၁၀
ဘုရားကြွသည်ကို စန္ဒသူရိယမင်းမသိသေး
ဘုရားကြွရာသို့ သွားပုံ ၁၁၆
ဘုရားရောင်ခြည်တော်လွှတ်ပြီ ၁၁၇
ဗုဒ္ဓ၏ မင်းကျင့်တရားဆယ်ပါး ၁၁၈
စန္ဒသူရိယမင်း သောတာပန်တည် ၁၁၈
ဘုရားရှင် နန်းတော်သို့ ကြွတော်မူ ၁၁၉

| | |
|---|---|
| နန်းတွင်းသူအားလုံး သောတာပန်တည် | ၁၁၉ |
| ကိုယ်စားရုပ်တုထားတော်မူရန်လျှောက်ထား | ၁၂၀ |
| ဗုဒ္ဓပဋိညာဉ် | ၁၂၀ |
| မဟာမုနိရုပ်တုတော် | ၁၂၁ |
| မြတ်စွာဘုရားနှင့် ရုပ်တုဘုရား | ၁၂၂ |
| မဟာမုနိဘုရားရာဇဝင်လင်္ကာ | ၁၂၃ |
| ကျောက်တော်မြို့ သိရီဂုတ်တောင်အမည်များ | ၁၂၅ |
| ရာဇဝင်လင်္ကာတမျိုး | ၁၂၆ |
| စောရွှေကြာချောင်း | ၁၂၇ |

## စတုတ္ထပိုင်း

### ဓညဝတီမှ ဒွါရဝတီသို့

| | |
|---|---|
| ဓညဝတီမည်ပုံ ဗျာဒိတ်တော် | ၁၂၈ |
| ဘုရားသမိုင်းအလင်္ကာ | ၁၂၉ |
| ဒွါရဝတီမြို့အကြောင်း | ၁၂၉ |
| ဗုဒ္ဓဗျာဒိတ်တော် | ၁၃၀ |
| မဲခတောင်ဘုရားသမိုင်းလင်္ကာ | ၁၃၁ |
| တန့်တင်ဘုရားသမိုင်းလင်္ကာ | ၁၃၂ |
| လှူတ်ရပ်ဘုရားသမိုင်းလင်္ကာ | ၁၃၂ |
| မဟီဘုရားသမိုင်းလင်္ကာ | ၁၃၃ |
| ဘဝဟောင်းက ညီမုဆိုး | ၁၃၄ |
| အတိတ်ဇာတ်ကြောင်း | ၁၃၅ |
| ပါဒခြေတော်ရာနှစ်ဆူ | ၁၃၇ |
| ဗုဒ္ဓနုစဉ် ဘဝဒေသများ | ၁၃၈ |
| ရစ်ငှက်မင်းဘဝ | ၁၃၈ |
| သာလိကာငှက်မင်းဘဝ | ၁၃၉ |
| တောက်ကြက်ဖဘဝ | ၁၃၉ |
| ချေမင်းဘဝ | ၁၃၉ |
| တောကြက်မင်းဘဝ | ၁၄၀ |
| ဝက်မင်းဘဝ | ၁၄၀ |

| | |
|---|---|
| သိန်းငှက်မင်းဘဝ | ၁၄၁ |
| မြွေငန်းမင်းဘဝ | ၁၄၁ |
| ခါမင်းဘဝ | ၁၄၂ |
| စာမရီဘဝ | ၁၄၂ |
| အဆူဆူသော ခြေတော်ရာများ | ၁၄၂ |
| ခြေတော်ရာအတိုင်းအတာ | ၁၄၄ |
| စဉ်းစားစရာများ | ၁၄၄ |
| သရေခေတ္တရာမှ ရဟန္တာသုံးထောင် | ၁၄၅ |
| သုနာပရန္တတိုင်းဟူသည် | ၁၄၅ |
| သရေခေတ္တရာပြည် | ၁၄၆ |
| ဒွတ္တပေါင်မင်းကြီး | ၁၄၆ |


## ပဉ္စမပိုင်း

### ဘာသာအယူဝါဒအမျိုးမျိုး


| | |
|---|---|
| ဗြာဟ္မဏဝါဒ | ၁၄၈ |
| လူ့ယဉ်ကျေးမှုအစ ဗြာဟ္မဏဝါဒ | ၁၄၉ |
| ဗုဒ္ဓဝါဒနှင့် ဗြာဟ္မဏဝါဒခြားနားပုံ | ၁၄၉ |
| ဗုဒ္ဓ၏ အနတ္တဝါဒ | ၁၅၀ |
| ကံနှင့်ဘဝ သဘာဝတရား | ၁၅၀ |
| ဗုဒ္ဓဝါဒဆန့်ကျင်သူများ | ၁၅၁ |
| သိဟန်ဘုရား၏ရက်စက်မှု | ၁၅၂ |
| မင်းကြီးရန်နောင်တို့ပြန် | ၁၅၂ |
| ဖိလစ်ဒီဘရစ်တိုခေါ် ငဇက်ာ | ၁၅၃ |
| ကိုယ်တိုင်သာသနာပြု ဒွတ္တပေါင်မင်းကြီး | ၁၅၄ |
| စန္ဒသူရိယဘုရင်နတ်ရွာစံ | ၁၅၅ |
| ဖအေတူသား သူရိယာဓိပတိမင်း | ၁၅၅ |
| ကောင်းမှုကုသိုလ်မဲ့ သူရိယရူပမင်း | ၁၅၆ |
| ရှေးပညာရှိစကား | ၁၅၇ |
| မင်းတရားရွှေထီးထံ မဟာကျော်လျှောက်ထုံး | ၁၅၇ |
| လက်ရုံးရည်နှင့် နှလုံးရည်ခြားနားပုံ | ၁၅၈ |

## ဆဋ္ဌမပိုင်း

### ရှေးခေတ်ရခိုင်ပြည်


မင်းဆိုးအောက်မှ လွတ်မြောက်လို ၁၆၀
အရိန္ဒမာလုံဂျုံရမင်း ၁၆၀
ဓညဝတီ မှကန်သုံးဆင့်မြို့ ၁၆၁
ဝေသာလီ ကျောက်လှေကားမြို့ ။
ရတနာမိုး ခုနစ်ကြိမ်ရွာ ၁၆၂
ဗုဒ္ဓသာသနာ တိုးတက်ခဲ့ ၁၆၃
လောက် လောကုတ္တရာ စာပေများရောက်လာ ၁၆၃
မဟာယာနဂိုဏ်းနှင့် ဟိနယာနဂိုဏ်း ၁၆၅
ကြေးပြား ၅၀၀၀ ဖြင့် သင်္ဂါယနာတင်ခဲ့ ၁၆၆
အများအကျိုး မျှော်ကိုး၍ ၁၆၇
လေးမြို့ခေတ် ရောက်သောအခါ ။
ရခိုင်သံဃာ သီဟိုဠ်၌ သာသနာပြုခဲ့ရ ၁၆၈
သတ္တဌာန စက်ခလုတ်ဖွင့် ဂါပါစွမ်း ၁၆၉
သီဟိုဠ်ရှိ ဗုဒ္ဓစွယ်တော် ၁၇၀
စွယ်တော်လေးဆူ ။
သိရိပါဒ ပူဇနိယကထာ ၁၇၁
နှစ်ဦး နှစ်ဝအေးချမ်း ၁၇၂
သံဃိကကျောင်းကျွန် ၁၇၃


### မဟာမြတ်မုနိဘုရား


မဟာသမ္မတ ဇာရာနှင့် ဘိုးတော်မင်းတရား ၁၇၄
မဟာမြတ်မုနိဘုရား ရောင်ခြည်တော်ကွန့်မြူး ၁၇၅
မဟာမြတ်မုနိ ရုပ်ကုတော် ပင့်ရန်ကြိုးစား ၁၇၅
မန္တလေး မဟာမြတ်မုနိသည် ရခိုင်မဟာမြတ်မုနိလော ၁၇၆
သမိုင်းနောက်ခံများ ၁၇၆
မဟာမုနိ အများရှိ ၁၇၇
အမင်းမင်းတို့ ပင့်ခဲ့သော်လည်း ။
ကွယ်ပျောက်နေခြင်း ၁၇၈
မဟာမုနိ ရှာပုံတော် ၁၇၈

| | |
|---|---|
| အဆိုအမျိုးမျိုးရှိနေ | ၁၇၉ |
| ရွှေစေတီဆရာတော် နှစ်ကြိမ်ဖူးမြော်ပြီး | ၁၈၀ |
| နိမိတ်ကျောက်တိုင် | ၁၈၃ |
| **လူယုံမိ၍ တပ်လုံးပြုတ်ခဲ့ရ** | |
| စာရိတ္တ ကင်းမဲ့လာသောအခါ | ၁၈၃ |
| မျက်နှာလို မျက်နှာရတစု သတိပြုရန် | ၁၈၄ |
| ပညာရှိအမတ်ကြီး လျှောက်ထုံး | ၁၈၄ |
| စည်းလုံးညီညွတ်ခဲ့လျှင် | ၁၈၅ |
| ရဟန်းရှင်နှင့်လူဝမ်းသာ | ၁၈၆ |
| ရခိုင်မြန်မာ ရွှေလမ်းငွေလမ်းခင်းခဲ့ | ၁၈၆ |

## သတ္တမပိုင်း

### မျက်မှောက်ခေတ် ရခိုင်ပြည်နယ်

| | |
|---|---|
| အိန္ဒိယမှ ဗုဒ္ဓတရား ပလ္လင်ကွယ်ခဲ့ | ၁၈၉ |
| ဖရိုဖရဲဖြစ်နေချိန် | ။ |
| စားကျက်လုသူများ | ၁၉၀ |
| မြန်မာဘက် မျက်စောင်းထိုး | ၁၉၁ |
| အိန္ဒိယအမျိုးသား ကွန်ဂရက် အသင်းကြီး | ။ |
| နိုင်ငံရေးလှုပ်ရှားလာ | ၁၉၂ |
| ရခိုင်မြန်မာ ဘာသာရေး ရှုပ်ထွေးမှုမရှိ | ။ |
| ဗြိတိသျှတို့အိန္ဒိယကို စိတ်ချပြီးသောအခါ | ၁၉၃ |
| မြန်မာကို စစ်ကြေငြာ | ၁၉၄ |
| နှစ်လေးဆယ်အကြာ မြန်မာတို့ ကိုလိုနီဘဝ ရောက်ခဲ့ရ | ၁၉၅ |
| ပင်လယ်ဆိပ်ကမ်း ကျောက်ဖြူမြို့ | ၁၉၇ |
| ဝန်ရှင်တော်မင်းကြီး ရုံးစိုက်ရာ စစ်တွေမြို့ | ။ |
| ခေတ်အခြေအနေ ပြောင်းလဲလာပုံများ | ၁၉၈ |
| အိန္ဒိတွင်လည်း | ၁၉၉ |
| မြန်မာနိုင်ငံ လွတ်လပ်ရေး | ။ |
| ဗြိတိသျှတို့ထံမှ ဘာတခုမျှ မကျန်ခဲ့ | ၂၀၁ |
| ပေထက်အက္ခရာ သင်္ဂါယနာ | ။ |

| | |
|---|---|
| ကျောက်ထက်အက္ခရာ သင်္ဂါယနာ | ၂၀၂ |
| စက္ကူပုံနှိပ် အက္ခရာ သင်္ဂါယနာ | ။ |
| ဒုလ္လဘတရား ငါးပါး | ။ |
| ား်ဟိုင်ဌ ရခိုင်အပြန်အလှန် လက်ဆောင် | ၂၀၃ |
| သီရိဓမ္မာသောကမင်းကြီးလက်ထက် | ၂၀၄ |
| သင်းကျစ်တော်စေတီ | ။ |
| ဆံတော်နှင့် ဦးရစ်တော်စေတီ | ။ |
| စည်းလုံးညီညွတ်မှုကြောင့် | ၂၀၅ |
| တချိန် ၊၊ မြောက်ဦး သာသနာ | ။ |
| ယနေ့စစ်တွေမြို့ သာသနာ | ။ |
| မဟာစည်ကျေးဇူး | ၂၀၆ |
| ရခိုင်ပြည်နယ်ရှိ ကမ္မဋ္ဌာန်းရိပ်သာများ | ။ |
| ကစ္စပနဒီမြစ် အရှေ့ဘက်ကမ်း ၉၉ မြို့နယ်စာရင်း | ၂၀၇ |
| ။ အနောက်ဘက်ကမ်း ၉၉ မြို့နယ်စာရင်း | ။ |
| ဤမြို့ကို တည်ထောင်ခဲ့သောမင်းများ | ၂၀၈ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပထမပိုင်း

## ဗုဒ္ဓဖြစ်တော်စဉ်နှင့် လူ့အခြေခံတရား ငါးပါး

### လူတို့သက်တမ်းနှင့် ဘုရားပွင့်ရာကမ္ဘာ

(က) လူတို့၏ သက်တမ်းသည် ရှည်သည့်အခါရှည်၍ တိုသည့်အခါ တိုသည်။

(ခ) ကပ်ဟူသည် တက်ကပ်, ဆုတ်ကပ်ဟူ၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင်

(၁) လူတို့အသက် ဆယ်နှစ်တန်းမှစ၍ တဖြည်းဖြည်း တိုးမြင့်လာခဲ့ရာ အသင်္ချေယျတန်းသို့တိုင်အောင်တက်ဆဲ တိုးဆဲသော ကပ်ကို 'တက်ကပ်' ဟု ခေါ်သည်။

(၂) လူတို့အသက် အသင်္ချေယျတန်းမှစ၍ တဖြည်းဖြည်း ဆုတ်လာခဲ့ရာတွင် ဆယ်နှစ်တန်းသို့တိုင်အောင် ကျ၍ ဆုတ်လာဆဲသောကပ်ကို 'ဆုတ်ကပ်' ဟု ခေါ်သည်။

### ဘုရားနှင့် ပစ္စေကဗုဒ္ဓါ

ယင်းဆုတ်ကပ်တွင် အသက်တသိန်းတမ်းမှ အောက် အသက်တရာတမ်းမှ အထက် ဤသက်တမ်းကာလအတွင်း၌သာလျှင် ဘုရား ပစ္စေက ဗုဒ္ဓါတို့ ပွင့်တော်မူကြသည်။ သို့ရာတွင် တပြိုင်တည်း ပွင့်ခြင်းမျိုး မရှိကြပေ။

ထို့ပြင်....

(၁) သဗ္ဗညုတဘုရားတို့ ပွင့်ဆဲအခါ၌ ပစ္စေကဗုဒ္ဓါတို့ မပွင့်နိုင်ကြပေ။

(၂) ပစ္စေကဗုဒ္ဓါတို့ ပွင့်ဆဲရှိသောအခါမှာလည်း သဗ္ဗညုတဘုရားရှင်တို့ မပွင့်ကြကုန်။

## အန္တရကပ်

'အန္တရကပ်' ဆိုသည်မှာအသက်ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းသို့လည်းကောင်း၊ အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းသို့လည်းကောင်း ပြန်၍ကျရောက်သော ကာလကို အန္တရကပ်ဟုခေါ်ကြောင်း ကျမ်းများတွင်* ဖော်ပြလေသည်။

—သက်တမ်းရှည်သည့်အခါတွင် လူသတ္တဝါတို့သည် များသောအားဖြင့် ကိုယ်ကျင့်တရားနှင့် ပြည့်စုံကြ၍ အုပ်စိုးဖို့မင်းဟူ၍ပင် ရွေးချယ်တင်မြှောက်ဖို့ မလိုအောင် ရှိကြသည်။

သို့သော် အသက်တမ်းတိုတောင်းလာသည့်အခါတွင်ကား ရှေးရှေးကလူများကဲ့သို့ တရားစောင့်ဖို့ ခေါင်းပါးလာကြသည်။ လောဘဒေါသ မောဟတရားတို့ လွှမ်းမိုးပြီး မကောင်းမှုကို ကျင့်လာကြသည်။

## ကမ္ဘာ

'ကမ္ဘာ'သည် ရေဖျက်သောကမ္ဘာ၊ မီးဖျက်သောကမ္ဘာ စသည်တို့ဖြင့် ကမ္ဘာပျက်ခဲ့ကြသည်။

ကမ္ဘာပျက်ပြီးလျှင် အဓွန့်ရှည်လာသောအခါ ကမ္ဘာပြုမိုးကြီးရွာ၍ အောက်သို့ ယုဇနာ ကိုးသိန်းခြောက်သောင်းအထုရှိသော လေပြင်ကြီးအထိ အထက်ကိုလည်း ပထမဈာန် ဗြဟ္မာ့ဘုံအထိ၊ နံဘေးပတ်ဝန်းကျင်ကိုလည်း စကြဝဠာ ကုဋေတသိန်း နေရာတိုင်း ကမ္ဘာမီးလောင်ကျွမ်းရာဌာနဟူသမျှသို့ ရေဖုံးလွှမ်းလျက် ရှိနေလေသည်။

---

* ပုစ္ဆာပက်ဏ္ဏကကျမ်း

ထိုရေတို့သည် ကာလကြာမြင့်သော်တဖြည်းဖြည်း ခန်းခြောက် လျော့ကျပြီးလျှင် ပျက်လေပြီးသော ဗြဟ္မာ့ဘုံနှင့်တကွ ဝေဿဝတ္တီနတ်ဘုံ တို့ ပေါ်လာလေသည်။

ထိုမှတဖန် နိမ္မာနရတိနတ်ဘုံ၊ တုသိတာဘုံ၊ ယာမာဘုံ စသော အစဉ်အတိုင်း နတ်ဘုံများ ပေါ်ပေါက်လာလေသည်။

ဤသို့ပေါ်ပေါက်လာပြီးမှ တဖြည်းဖြည်း ခန်းခြောက်ကာ တာဝတိံသာ နတ်ဘုံတည်ရာ မြင်းမိုရ်တောင်ထိပ်ဖျားအရပ်သို့ ရောက် လျှင် မြင်းမိုရ်တောင် ဖြစ်မည့်နေရာ၌ ရေတို့သည် ပျစ်ချွဲ၍ တဖြည်းဖြည်း ဖြင့် လွန်စွာပျစ်ချွဲလာပြီးလျှင် ရွှံ့ပျစ်ချွဲကြီး ရွှံ့လွှာခဲကြီးဖြစ်၍ လာ လေသည်။

ထိုရွှံ့လွှာ ရွှံ့ခဲကြီးတို့သည် တစတစ ပေါ်လာရာမှစ၍ အောက်သို့ တွန်း၍ခဲလျက် ထူ၍လာပြန်သဖြင့် ယူဇနာဟသိန်း နှစ်သောင်းရှိသော ပံသုပထဝီမြေ ဖြစ်ပေါ်လာလေသည်။

ထိုမြေပေါ်တွင် အနံ့အရသာနှင့် ပြည့်စုံသော နတ်သြဇာကဲ့သို့ နို့ဃနာ၏ အပေါ်အပြင်ကဲ့သို့ မြေသြဇာသည်ကား ကြာရွက်သဏ္ဌာန် တည်လေသည်။

**မဟာဗောဓိ ပလ္လင်တည်ရာမြေ**

ဤသို့အားဖြင့် မြေပေါ်သောအခါ ဗုဒ္ဓဘုရားတို့၏ ပွင့်တော်မူဖို့ ဖြစ်သော မဟာဗောဓိပလ္လင်တည်ဖို့ရာ မြေသည်လည်း ရှေးဦးစွာ ဖြစ် ပေါ်၍ လာလေသည်။

မဟာဗောဓိပလ္လင်တည်ရာ မြေနေရာသည်ကား ကမ္ဘာပျက်သော အခါ၌ နောက်မှ ပျက်သည်။

**ပုဗ္ဗနိမိတ်**

ထိုမြေ၌ ပုဗ္ဗနိမိတ်ဖြစ်သော ကြာပဒုမာပင်သည် ပေါက်ရောက် ၍ ထိုကြာပင်သည် ဘုရားမပွင့်သော ကမ္ဘာဖြစ်ပါက အပွင့်မရှိပေ။

ဘုရားပွင့်သော ကမ္ဘာဖြစ်ပါမူ ဘုရားအရေအတွက်နှင့် အမျှ ကြာပွင့်လာသည်။ ထိုကြာပွင့်ကိုမှီ၍ ဗြဟ္မာတို့သည် ကြာပွင့်အရေအတွက် အတိုင်း ဘုရားပွင့်အံ့သည်ကို သိကြကုန်သည်။

ဘုရားပွင့်သော ကမ္ဘာတို့တွင်

(၁) တဆူပွင့်အံ့ သာရကမ္ဘာ၊

(၂) နှစ်ဆူပွင့်အံ့ မဏ္ဍကမ္ဘာ၊

(၃) သုံးဆူပွင့်အံ့ ဝရကမ္ဘာ၊

(၄) လေးဆူပွင့်အံ့ သာရမဏ္ဍကမ္ဘာ၊

(၅) ငါးဆူပွင့်အံ့ ဘဒ္ဒကမ္ဘာ

ဟူ၍ ဗုဒ္ဓဝင် အဋ္ဌကထာ စသည့်ကျမ်းတို့၌ ဆိုထားလေသည်။

ဘုရားပွင့်သောကမ္ဘာ၌ ကြာပွင့်တွင်ပါသော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာရှစ်ပါးကို ဗြဟ္မာတို့ဆွတ်ယူ၍ သုဒ္ဓါဝါသဗြဟ္မာ့ပြည်၌ ထား လေသည်။

## ဗြဟ္မာတို့လူ့ပြည်သို့ရောက်လာပုံ

လူ နတ် ဗြဟ္မာတို့သာလျှင် သေကြေ ပျက်စီးရသည် မဟုတ်၊ ကမ္ဘာသည်လည်း အမျိုးမျိုးဖျက်ဆီး၍ ပျက်စီးခြင်း ဖြစ်ရလေသည်။

ထိုသို့ပျက်စီးသောအခါတွင် ဗြဟ္မာပြည်မှ ဗြဟ္မာတို့သည် သက် တမ်းကုန်သဖြင့်လည်းကောင်း၊ ကံကုန်သဖြင့်လည်းကောင်း လူ့ပြည်၌ ဥပါဒ်ပဋိသန္ဓေဖြင့် ကိုယ်ထင်ရှားဖြစ်လာကြသည်။

ထိုသူတို့သည် ကိုယ်ရောင် အဆင်းဖြင့် ထွန်းပလျက် အထက် ဗြဟ္မာကဲ့သို့ ပီတိသာလျှင် အစာရှိကုန်၍ ကောင်းကင်၌ ငှက်များကဲ့သို့ ပျံဝဲ၍နေကြကုန်သည်။

အမျိုးသားယောကျ်ားဟူ၍လည်းကောင်း၊ အမျိုးသမီး မိန်းမ ဟူ၍သည်းကောင်း မရှိပဲ သတ္တဝါ ဟူ၍သာ ခေါ်ဝေါ်ပြောဆိုနေကြ လေသည်၊ ထိုသူတို့သည် မြေဆီဩဇာဟူသော ရသပထဝီကို စားမိ အားထုတ်ကြသော် ကိုယ်ရောင်ကွယ်ပျောက်၍မှောင်အတိဖြစ်လေတော့ ရကား ကြောက်မက်ခြင်းပြင်းပြစွာဖြစ်ပေါ်လာကြသည်။

## နေ နှင့် လ ပေါ်လာပုံ

ကမ္ဘာဦးသူတို့သည် သူတို့၏ကံကြောင့်လည်းကောင်း၊ ဖြစ်မြဲဓမ္မတာအားဖြင့်လည်းကောင်း၊ အတွင်းကား ရွှေ၊ အပကား ဖန်အတိဖြစ်သော အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ ရှိသော ဘာနုရာဇာ ခေါ် ရောင်ခြည်ဘထောင်ဆောင်သော နေမင်း သည် တပေါင်းလပြည့်နေ့ မိန်ရာသီ၌ နှစ်ဆယ့်ခြောက်လုံး ဥတ္တရဘဒြပိုဒ် နက္ခတ်ကို စီးလျက် ပြုဗ္ဗဝိဒေဟကျွန်း အလယ် ဥဒည်တောင်ထိပ်မှထွက်ပေါ်လာ၍ အလင်းရောင်ကို ဖြစ်စေလေသည်။

ထို့ကြောင့် ကမ္ဘာဦးလူတို့သည် ကြောက်ခြင်း၊ လန့်ခြင်း ကင်းပျောက်၍ ရဲရင့်ခြင်းဖြစ်ပေါ်လာကြသည်။

ပေါ်ထွက်လာသောနေကို 'သူရိယ' ဟု ခေါ်ကြသည်။

သူရိယ နေမင်းသည် နာရီသုံးဆယ်ခန့် လှည့်၍ ကွယ်ပျောက်ခဲ့သော် အမိုက်မှောင်အတိဖြစ်၍ ကမ္ဘာသူ ကမ္ဘာသားတို့သည် တခုခုသောအလင်းရောင်ကို ရစေဖို့ တောင့်တကြ ပြန်သော် အတွင်းကား ပတ္တမြား၊ အပကား ငွေဖြင့်ပြီးသော အချင်း လေးဆယ့် ကိုးယူဇနာ၊ အဝန်း တရာလေးဆယ့်ခုနစ်ယူဇနာရှိသော ချမ်းအေးသောအရောင်ကို ဆောင်သည့် လမင်း သည် ပေါ်ပေါက်လာပြန်သည်။

လမင်းသည်ကား ကံရာသီ၌ တဆယ့်နှစ်လုံး ဥတ္တရာသာလဂုဏ် နက္ခတ်ကိုစီး၍ နက္ခတ်တာရာ ကြယ်အပေါင်းကုံခြံရံလျက် အရှေ့မျက်နှာမှထွက်ပေါ်လာခြင်းဖြစ်ပေသည်။

ကမ္ဘာသူကမ္ဘာသားတို့သည် ဤအရောင်ကို မြင်ကြရသည့်အခါ ဝမ်းမြောက်ဝမ်းသာရွှင်မြူးစွာဖြင့်ငါတို့အလိုဆန္ဒအတိုင်းရပေသည်ဟူ၍ ဆန္ဒ ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြသည်။

ဤသို့ နေ လ တို့သည် ထင်ရှားစွာပေါ်လာပြီးလျှင် မြင်းမိုရ်၊ သတ္တရဘန်၊ သီဒါ၊ သမုဒ္ဒရာ လေးစင်း၊ ကျွန်းကြီး လေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်၊ ဟိမဝန္တာတော၊ မြစ်ကြီး၊ အိုင်ကြီး၊ စကြဝဠာတောင်တို့သည်လည်း မရှေးမနှောင်းတပေါင်းလပြည့်နေ့၌ပင်တပြိုင်နက်ဖြစ်ပေါ်၍လာတော့သည်ကိုအစွဲပြု၍ ထိုနေ့မှစပြီး နေ, လ, နှစ်, ဥတုတို့သည် ထင်ရှားစွာပေါ်လာတော့သည်။

## ကမ္ဘာဦးအစ ဘုရားအလောင်းမင်း

ကမ္ဘာသူ ကမ္ဘာသားတို့ အချင်းချင်း နှစ်, လ ပေါင်း များစွာ နေထိုင်လာကြရာ ကမ္ဘာသူ ကမ္ဘာသားတို့ကား အဆင်းလှကြသည်။ အချို့အဆင်းမလှ၊ အဆင်းလှသောသူတို့က အဆင်းမလှသူတို့ကို ကဲ့ရဲ့ခြင်းပြုကြသည်။ တဦးနှင့်တဦး မထီမဲ့မြင် မတရားသော အကုသိုလ်မှုခင်းများကိုကျူးလွန်လာကြသည်။

မြဟ္မာတို့သည် ဘစတစ တဦးကိုတဦး အနိုင်ကျင့်ခြင်း၊အကျင့်ဖောက်ပြန်ခြင်းစသည်တို့ကြောင့် မြေဆီမြေလွှာများသည် ကွယ်ပျောက်၍လာခဲ့သည်။

ပဒါလတာမည်သော နွယ်ချိုသည်လည်းပေါ်လာခဲ့သည်၊ ထို့ရာတွင် မြေဆီမြေလွှာကဲ့သို့ကွယ်ပျောက်ပြန်သဖြင့် အဆင်း၊အနံ့၊အရသာနှင့် ပြည့်စုံသော သလေးဆန်ကို စားကြရာ၌ ဗြဟ္မာ တို့သည် မိန်းမ ယောကျ်ားစသည်တို့ ဖြစ်ပေါ်၍လာခဲ့သည်။

ကမ္ဘာဦးသူတို့သည် သလေးထမင်းကို စားသည်မှ ဝတ္ထုရုန့်ရင်းသောကြောင့် ကျင်ကြီးကျင်ငယ်ဖြစ်ပေါ်ပြီး ယောကျ်ားနိမိတ်, အမျိုးသမီးနိမိတ်, ယောကျ်ား မိန်းမ အသွင် ထင်ရှားဖြစ်ပေါ်လာသည်။

ထို့နောက် ယောကျ်ားက မိန်းမကို၊ မိန်းမက ယောကျ်ားကို တပ်မက်သော တဏှာဖြင့် တဦးကိုတဦး ကြည့်ကြရာမှစ၍ ကာမရာဂ ပူပန်ခြင်း၊ မေထုန်မှီဝဲခြင်းတို့ကြောင့် ကာမဂုဏ်မမှီဝဲသော လူပညာရှိများက ကဲ့ရဲ့ပြစ်တင်ကြလေသည်။

ကမ္ဘာဦးလူတို့ ထိုသို့လူ့သဘာဝ လုပ်ငန်းတို့ကို ပြုလုပ်လာကြသဖြင့် ၎င်းတို့၏ ကိုယ်ရောင် ကိုယ်ဝါတို့မှာလည်း တဖြည်းဖြည်း ကင်းပျောက်၍ အစားအစာတို့မှာလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ တဦးကိုတဦး ဆဲရေးတိုင်းထွာခြင်း၊ပုတ်ခတ်ခြင်း၊ သူ့ဥစ္စာပစ္စည်းခိုးယူခြင်း၊ လိမ်သည်ပြောဆိုခြင်းတို့ဖြစ်ပေါ်လာ၏။

ထိုအခါ ကမ္ဘာဦးသူအချင်းချင်း တိုင်ပင်ပြီးနောက် အဆင်းလက္ခဏာနှင့်ပြည့်စုံသော ဘုန်းတန်ခိုးကြီးမြင့်သော ပုဂ္ဂိုလ်ဘဦးဦးအား အကြီးအကဲ ဘင်မြှောက်၍ အုပ်ချုပ်ဖို့ ပုဂ္ဂိုလ်တဦးအနေဖြင့် ပညာရှိပုဂ္ဂိုလ်ဘုရားအလောင်းထံသို့ ချဉ်းကပ်၍တောင်းပန်ပြီးနောက် သုံးပါးသော အဘိသိက်သွန်းခြင်းဖြင့် မင်းမြှောက်ခြင်းကို ကမ္ဘာဦးအစကပင် ဘုရားအလောင်းတော် များထဲမှ မင်းဖြစ်ခဲ့သည်မှာ အကြိမ်ပေါင်းများလှပြီးဖြစ်လေသည်။

## နေ့-ရက် အခေါ်အဝေါ်

အာဘဿရပြဟ္မာတို့သည် ကျွန်းကြီးလေးကျွန်း မြေပေါ်ထက် ဖြစ်သော၊ ချိုမြိန်ကောင်းမြတ်သော မြေဆီမြေလွှာကို စားကြသဖြင့် အကျင့်ဖောက်ပြန်ကြသည့်အခါ မြေဆီအရသာ ကွယ်ပျောက်ရုံသာမကပဲ ထိုပြဟ္မာတို့၏ အဆင်းကိုယ်ရောင်သည်လည်း ပျောက်ခဲ့ပြီး အမိုက်မှောင် အတိ တယောက်ကိုတယောက် မမြင်သောကြောင့် အလင်းကို တောင်း ကြသည်။ ထိုအခါ ယူဇနာငါးဆယ်ရှိသော ရဝိမည်သော နေမင်းသည် ကိုးသိန်းနှစ်ထောင့်ငါးရာရှစ်ခုနှစ်ဂါဝုတ်တိုင်၊ တနားရီကို အလင်း ဆောင်လျက် ပေါ်ထွက်လာလေသော် လောကဓာတ်တခုလုံး ဝင်း လင်းလျက် ရှိကုန်သည်။

ယင်းသို့ ရဝိဟူသည့် အလျင်ဦးက အလင်းရသော ရက်ဖြစ်၍ တနင်္ဂနွေရက်ဟူ၍ ခေါ်ကြကုန်သည်။

နေမင်းသည် တရက်ပတ်လုံး အလင်းရောင်ကိုဆောင်လျက် ဝင် ခြင်းသို့ ရောက်လေသော် မှောင်အတိဖြစ်ပြန်သောကြောင့် ကမ္ဘာသူ ကမ္ဘာသားတို့ကား အလင်းတခုရဖို့ တောင့်တကြပြန်သည်။

ယင်းတောင့်တချက်ကြောင့် လေးဆယ့်ကိုးယူဇနာရှိသော အလင်း ရောင်နှင့်ပြည့်စုံသော ဆန္ဒတခုပေါ်ထွက်လာပြန်သည်။ ဆန္ဒနှင့်ပြည့်စုံ သည်ကို အကြောင်းပြု၍ ဆန္ဒဟူ၍ ခေါ်ကြသည်။

ထိုမှ တဖြည်းဖြည်း စကားတိမ်းယိမ်း၍ စန္ဒဟူ၍လည်းကောင်း၊ လဟူ၍ လည်းကောင်း ခေါ်ကြရာ ထိုရက်ကို ထပ်လင်းလာရက်ဟူ၍ သမုတ်ကြသည်။

## မိန်းမယောကျ်ားဖြစ်လာပုံ

ပြဟ္မာတို့သည် လူ့ပြည်သို့ ရောက်ရှိလာကြသည့်အခါတွင် အကျင့် ဖောက်ပြန်သူများ ဖြစ်လာကြသည့်အတွက်ကြောင့် စားသောက်ကြသည့် အစားအစာတို့မှာလည်း တဖြည်းဖြည်း အနံ့အရသာတို့မှ ကုတ်ယုတ် လာကြသည်။

ထိုတွင်မျှမကသေး၊ သလေးဆန် စသည်တို့ကို စားကြခြင်းဖြင့် မီးလောင်သကဲ့သို့ အဖုဖြစ်ပေါ်၍ ယားပြီးလျှင် ကွာ၍ကျသော အခြင်း အရာများ ပေါ်ပေါက်လာသည်ကို အကြောင်းပြုပြီး မီးမာဟူ၍ ခေါ်

ကြသည်။ ကာလကြာမြင့်သည့်အခါတွင် မိန်းမ အမျိုးသမီးဟု ခေါ်ကြသည်။

ယောကျ်ား ယောင်းယောင်းယားယားလုံးလုံး ပေါ်ထွက်လာသည်ကိုအကြောင်းပြု၍ ယောင်းယားဟူ၍ခေါ်ရာမှ ကာလကြာမြင့်လျှင် ယောကျ်ားဟု ခေါ်ကြသည်။

မိန်းလောင်မာ၊ ယောင်းယောင်းယားယားတို့ကို အင်္ဂါဇာတဟု ခေါ်သည်။ နေ့ငင်တွင် အင်္ဂါဇာတ်ပေါ်သည်ကို အကြောင်းပြု၍ ထိုရက်ကို အင်္ဂါရက်ဟူ၍ ခေါ်လေသည်။

အင်္ဂါဇာတ်ပေါ်ပြီးနောက် အမျိုးသားနှင့် အမျိုးသမီးတို့သည် ပေါင်းဖော်ယှဉ်တွဲသည်ကို အကြောင်းပြု၍ ဗုတဟု ခေါ်ကြရာ ကာလကြာသောအခါ ဗုဒ္ဓဟူးဟူ၍ ခေါ်လေသည်။

ချစ်အပ်သောသူကို 'ပိယာ'၊ ချစ်တတ်သောသူကို 'ပိတိ'ဟု ခေါ်သည်။ 'ပိယာ'ကို မယား၊ 'ပိတိ'ကို လင်ဟူ၍လည်း ခေါ်သည်။

ထိုအချိန်ထိုအခါက အကျင့်ဖောက်သော ယောကျ်ားအချို့သည် မိန်းမနှစ်ယောက် သုံးယောက်စသည် မယားကြီး၊ မယားငယ်တို့ဖြင့် ပေါင်းသင်းခြင်းပုအငြင်းပွားလျက် ဆုံးရှုံးဒေါသဖြစ်ကြသည်ကို အဆုံးအဖြတ်ပေးဖို့ မဟာပုရိသ ယောကျ်ားမြတ်တယောက်ကို ဂရု ဆရာအဖြစ် တင်မြှောက်ကြသည်၊ ယင်းဆရာတင်မြှောက်သော ဂုရု ရက်ကို အစွဲပြု၍ ဂရု ကြာသပတေးရက်ဟူ၍ ခေါ်သည်။

ဤသို့ဖြင့် ထိုစဉ်က တစတစ အကျင့်ပျက်လာသည်တို့ကို တရားစီရင်ဆုံးမ အုပ်ချုပ်ဖို့ ပညာရှိတယောက်ကိုလည်း ရွေးချယ်ပြီး မင်းလုပ်မင်းမြှောက်ပြီးလျှင် ဆယ်ဖို့တဖို့ပေး၍ လုပ်ကျွေး မွေးမြူသည်ကို ဘရတိဟူ၍ဆိုကြသည်။ ဘရတိဟူသည်ကို ဘရဂု၊ဘရဂုဟူသည်ကို သောကြာရက်ဟူ၍ ခေါ်ကြသည်။

ဆယ်ဖို့တဖို့ပေး၍ မင်းအဖြစ် အကြီးအကဲတင်မြှောက်အပ်သည်ကို သောရေ ဟူ၍ ဆိုကြသည်။ သောရေဟူသည်ကိုပင် စနေရက်ဟူ၍ ခေါ်ကြသည်။

လူမျိုး ၁၀၁ ပါး

ကမ္ဘာဦးအစ မဟာသမ္မတမင်းလက်ထက်တွင် အမျိုးလေးပါးဟူ၍....

(၁) မင်းမျိုး၊
(၂) ပုဏ္ဏားမျိုး၊
(၃) သဌေးမျိုး၊
(၄) သူကြွယ်မျိုး၊

ဟူ၍ အမျိုးလေးပါးရှိခဲ့ရာမှ နောင်သောအခါ အမျိုးရှစ်ပါး ဖြစ်လာပြန်သည်။

(၁) မင်းမျိုး၊
(၂) ပုဏ္ဏားမျိုး၊
(၃) အမတ်မျိုး၊
(၄) သဌေးမျိုး၊
(၅) သူကြွယ်မျိုး၊
(၆) ကုန်သည်မျိုး၊
(၇) လယ်လုပ်မျိုး၊
(၈) သူဆင်းရဲမျိုးဟု အမျိုးရှစ်မျိုးရှိခဲ့ရာမှ ကာလရှည်လျားလာသော အခါ ၁၀၁ ပါးသော လူအမျိုးအနွယ်တို့သည် ဖြစ်ပေါ်၍ လာကြပြန်သည်။

ယင်း ၁၀၁ ပါးတို့တွင် တယောက်တယောက်သောသူသည် အစိုးရဖြစ်လေသောကြောင့် လူမျိုး ၁၀၁ပါးတွင် မင်းမျိုး ၁၀၁ ဖြစ်လာလေသည်။

ထိုမှတပါး စဏ္ဍာလဟူသော ဒွန်းစဏ္ဍားမျိုး၊ ပက္ကုသ ဟူသော ပန်းမှိုက်သွန်မျိုး၊ နေသာဒဟူသော တံငါမျိုး၊ လုဒ္ဒကဟူသော မုဆိုးမျိုး၊ ကနဟူသော ဒေါင်းရွေးသမားမျိုး၊ ရလဟူသောသားရေနယ်သမားမျိုး၊ ဟိန္နဟူသော သူညံ့မျိုးတို့ဖြင့် အမျိုးကွဲပြားခြင်းတို့ကို ကျမ်းအဋ္ဌကထာများ၌ ဆိုထားလေသည်။

## တကဗ္ဘာတွင် မဟာသမ္မတမင်းတယောက်သာ

မဟာသမ္မတမင်း တင်မြှောက်ခြင်းတို့သည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျ ကပ်ဟု ဆိုအပ်သော တကဗ္ဘာတွင် မဟာသမ္မတမင်း တကြိမ်သာ တင်မြှောက်၍ တယောက်သာ ရှိသင့်ကြောင်းဖြင့်လည်း ကျမ်းစာများက ဖော်ပြထားသည်။

ကမ္ဘာဦးအခါ တင်မြှောက်အပ်သော မဟာသမ္မတမင်းမှ ဆင်း သက်၍ ကျွန်ုပ်တို့ဘုရားအလောင်း သိဒ္ဓတ္ထကုမာရမင်းသားတိုင်အောင် အန္တရကပ် တကပ်သာ ရှိသေးကြောင်း၊ တနည်းအားဖြင့် ဆိုသော် လေးကပ်သာ ရှိကြောင်းကို မှန်နန်းရာဇဝင်တို့၌ ဖော်ပြထားလေသည်။

ရာဇဝင်အတိုင်း တကမ္ဘာတွင် မဟာသမ္မတမင်းတယောက်သာ တင်မြှောက်၍ တယောက်တည်းသာရှိသဖြင့် အန္တရကပ်တကပ်သာ ရောက်သေးလျှင် ဤအန္တရကပ်တွင်ပင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမအားဖြင့် ဘုရားလေးဆူတို့ ဆင့်ကာဆင့်ကာ ပွင့်တော်မူကြကုန် သည်ဟု ယူဆဖို့ ဖြစ်လာပေသည်။

အန္တရကပ်တကပ်တွင် ဘုရား နှစ်ဆူ သုံးဆူ စသည် ပွင့်ရိုးမရှိ။ အန္တရကပ်တကပ်စီခြား၍ အန္တရကပ်အဆုတ်တွင်သာ ဘုရားတဆူ တဆူစီ ပွင့်တော်မူသည်ဟူ၍ မဟာဝါအဋ္ဌကထာဋီကာတို့နှင့် ဆန့်ကျင်နေသည်ဟု ရမ္မာဝတီ၊ ရမ်းဗြဲမြို့တောင်ကျောင်းဆရာတော်၏ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ၌ တင်ပြထားသည်။

ပထမအန္တရကပ်ဦးဘုရားလေးဆူ

သုတ်မဟာဝါအဋ္ဌကထာကျမ်းတို့နည်းကို လိုက်၍ ပထမ အန္တရ ကပ်ဦးအဆုတ်တွင်....

၁။ သက်တမ်း လေးသောင်းတမ်းတွင် ကကုသန်မြတ်စွာဘုရား ပွင့် တော်မူသည်၊

၂။ ဒုတိယကပ်ဦးအဆုတ်သက်တမ်းသုံးသောင်းတမ်းတွင် ကောဏာဂုံ မြတ်စွာဘုရားပွင့်တော်မူသည်။

၃။ တတိယအန္တရကပ်ဦးအဆုတ် သက်တမ်း နှစ်သောင်းတမ်းတွင် ကဿပမြတ်စွာဘုရားပွင့်တော်မူသည်။

၄။ ကဿပမြတ်စွာဘုရားသည် ကျွန်ုပ်တို့နေရာ ဘဒ္ဒကမ္ဘာအတွင်း ပွင့်တော်မူခဲ့သော ဘုရားလေးဆူအနက် တတိယမြောက်ပွင့်တော် မူသော ဘုရားဖြစ်တော်မူပေသည်။

## ကဿပဘုရားအကြောင်း

ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည်မှ ဗြဟ္မဒတ်မင်းနှင့် မိဖုရား ဓနဝတီ ပုဏ္ဏေးမတို့၏ သားတော်ဖြစ်သည် အရွယ်ရောက်သော အခါ သင့်မြတ်သောသတို့သမီးနှင့် လက်ထပ်ထိမ်းမြားခဲ့ရာ သားတော် ဇီဝိတသေနတပါး ဖွားမြင်ပြီးနောက် လောကီစည်းစိမ်ကို စက်ဆုတ်ရွံရှာ လာ၍ စွန့်ပယ်ပြီး တောထွက်တော်မူခဲ့သည်။

၇ ရက်ကြာမျှ ဒုက္ကရစရိယာကျင့်တော်မူပြီးနောက် ပညောင်ပင် ရင်းဝယ် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသည်။

ထိုမြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးကား အရှင်တိဿနှင့် အရှင်ဘာရဒွါဇတို့ဖြစ်သည်။ အဂ္ဂသာဝိကာမနှစ်ပါးတွင် အနုလာနှင့် ဥရုဝေလတို့ဖြစ်သည်။

ကဿပမြတ်စွာဘုရား၏ ဉာဏ်တော့်အမြင့်သည် အတောင် ၂၀ ဖြစ်သည်။ သက်တော် အနှစ် ၁၆၀၀၀ ရှည်တော်မူပြီး သေတဗျအရပ်၌ ပရိနိဗ္ဗာန်ပြုတော်မူရာ ကြွင်းသောဓာတ်တော်အစုကိုဌာပနာ၍ တယူဇနာ အမြင့်ရှိသော ဇိနစေတီ တည်ထားကိုးကွယ်ကြသည်။

## ဘုရားဆုတောင်းရာကာလများ

စတုတ္ထ အန္တရကပ်ဦးအဆုတ် သက်တမ်းတရာတမ်းတွင် ကျွန်ုပ်တို့ ကိုးကွယ်ရာ ဗုဒ္ဓဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်။

ဂေါတမမြတ်စွာဘုရားရှင်တော်သည် ဘုရားမဖြစ်မီ အလောင်း တော်ဘဝဖြင့် ဘုရားဆုကို အမျိုးမျိုးတောင်းတခဲ့သည်။

၁။ ဘုရားဆုကို စိတ်ကူး၍ တောင်းတခဲ့သည်မှာ ၇ အသင်္ချေတိုင် ကြာမြင့်ခဲ့သည်။

၂။ နှုတ်ဖြင့်မြွက်ဆို၍ ဆုတောင်းခဲ့သည်မှာလည်း ၉ အသင်္ချေတိုင် ကြာမြင့်ခဲ့သည်။

၃။ ကိုယ်ရေနှုတ်ပါ တောင်းဆိုခဲ့သည်မှာကား ၄ အသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင်ကြာခဲ့သည်။



၁၆၄၈၇

လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်းတွင် ဝေဖျော်ရဘုရားမှ စ၍ မြတ်စွာဘုရားပေါင်း ၂၈ ဆူ ပွင့်တော်မူခဲ့ကြသည်။ထိုလေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဘုရားရှင်တို့ကို ရည်စူး၍ သူသူငါငါ ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှိခိုးခြင်းဖြင့် ကုသိုလ်ထူး ရကြသည်ကိုကား အထူးပြောဖွယ်ရာမရှိပေ။

"အပ္ပကာဝ ါဋ္ဌကြာ-ဂင်္ဂါ"ဟူသော ပုဒ်နှင့်အညီ ဂင်္ဂါမြစ်တွင်းရှိ သဲလုံးငယ်တို့သည် မရေတွက်နိုင်အောင် များလှသည်။ သို့သော် အသင်္ချေနှစ်ဆယ်၏ ဟိုဘက်မှ ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့နှင့် နှိုင်းစာခဲ့သော် သဲအစုက နည်းလှကုန်သည်ဟု ဆိုထားသည်။

## ကြိုးစားကြပါ

ထိုထိုမျှလောက် ဘုရားရှင်တို့ ပွင့်တော်မူခဲ့ပြီး ဖြစ်သော်လည်း ဘုရားပွင့်ခိုက် မကြုံကြိုက်ရ၍သော်လည်းကောင်း၊ ဘုရားပွင့်သည့်အခါ သာသနာတွင်း၌ ရောက်ရှိသော်လည်း ဘုရားတို့၏ အဆုံးအမကို မခံယူ မကောင်းသောအကျင့်အကြံကို ကျင့်ကြံမိ၍သော်လည်းကောင်း ဘုရားနှင့် ဘဝအဆက်ဆက် လွဲခဲ့ကြရသည့်အပြင် ကျွဲ နွား တိရစ္ဆာန် စသော ဘဝနှင့် ငရဲတို့တွင် တဖန်တလဲလဲ ရောက်ခဲ့ရသည်တို့မှာလည်း မရေမတွက်နိုင်အောင် များခဲ့တော့သည်။

ထို့ကြောင့် သူသူငါငါ ဗုဒ္ဓဘာသာဝင်တို့သည် အတိတ်ဘဝ အကုသိုလ်ကံများနှင့် ယခုဘဝ အကုသိုလ်ကံများကို ပယ်ဖျောက်နိုင်ဖို့ ကြိုးစားဖို့လိုပေသည်။

## ပဋိသန္ဓေ-စုတိ-ဝိထိစိတ်ခေါ်ပုံ

သက်ရှိသတ္တဝါမှန်သမျှတို့၏ တဘဝ အစဆုံးစိတ်ကို ပဋိသန္ဓေစိတ်ဟုခေါ်သည်။

ဘဝအဆုံးစိတ်ကို စုတိစိတ်ဟုခေါ်သည်။

စိတ်နှစ်ခုတို့၏ အကြား၌ ဖြစ်ဖြစ်သမျှ စိတ်တို့ကို ပဝတ္တိစိတ်(ဝါ) ဝိထိစိတ်ခေါ်သည်။

သူသူငါငါတို့တွင် အန္တရာယ်ဟူသည် အနည်းအများရှိကြသည်။ ယင်းအန္တရာယ်ကား ငှိုသန္ဓေနှင့် စုတိတို့၏အကြား ပဝတ္တိအခိုက်၌ ကျရောက်တတ်သော ဘေးရန်တို့ပင်ဖြစ်သည်။

ထိုထိုဤဤ ပွင့်တော်မူပြီးသော မြတ်စွာဘုရားတို့ကို ရည်ရွယ်လျက် ယုံယုံကြည်ကြည် လေးလေးစားစားဖြင့် ရှိခိုးကန်တော့ခြင်းတို့သည်ကား ကုသိုလ်တရားပွားများခြင်းပင် ဖြစ်ပေသည်။

ဘုရားရှိခိုး

သုသံခ်ိဃ=ခုနစ်အသင်္ချေထက်၌၊ အနုန္နာမရိယာ=တသိန်းနှစ်သောင်း ငါးထောင်ကုန်သော၊ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်၊ ဥပဇ္ဇိံသုံ=ပွင့်တော်မူကုန်ပြီ။

မိသခ်ဃေ=ကိုးအသင်္ချေထက်၌၊ အနုန္နာသဟလာ=သုံးသိန်းရှစ်သောင်းခုနစ်ထောင်ကုန်သော၊ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်၊ ဥပဇ္ဇိံသု=ပွင့်တော်မူကုန်ပြီ။

ဃေသခ်ဃေ=လေးအသင်္ချေထက်၌၊ ရိယာ=တကျိပ်နှစ်ဆူကုန်သော၊ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်၊ ဥပဇ္ဇိံသု=ပွင့်တော်မူကုန်ပြီ။

လက္ခကပ္ပဏေ=ကမ္ဘာတသိန်းထက်၌၊ ပဲကု=တကျိပ်ခြောက်ဆူကုန်သော၊ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်၊ ဥပဇ္ဇိံသု=ပွင့်တော်မူကုန်ပြီ။

သမေ=မျှသောကျေးဇူးတော်၊ ဂုဏ်တော်ရှိတော်မူကြကုန်သော၊တေဇိရနိရက္ကမေ=ထိုငါးသိန်းတသောင်းနှစ်ထောင် နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို၊ အဟံ=အကျွန်ုပ်သည်၊ ဝန္ဒာမိ=ရှိခိုးပူဇော်ပါသည်။

ဤသို့ စိတ်ညွတ်ပူဇော်ခြင်းဖြင့်လည်း ကုသိုလ်ကို ရယူဘတ်ဖွယ်လိုသည်။

ကျွန်ုပ်တို့ ဂေါတမအလောင်းတော်သည်ကား ဘုရားအဆူဆူတို့၌ ဘဝအမျိုးမျိုးတို့ဖြင့် ဆုအမျိုးမျိုး ပန်ကြားလာခဲ့သည်။

တကြိမ်က ကဌ၀ါဟနုလုလင်ဖြစ်စဉ်အခါတွင် သမုဒ္ဒရာပင်လယ်၌ မယ်တော်ကိုထမ်း၍ကူးပြီးလျှင် ''ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မော စေယျံ၊ တိဏ္ဏော တာရေယျံ''ဟု ဘုရားကိုဆုတောင်းခဲ့သည်။

ဤဆုတောင်းဆိုချက်သည် ခုနစ်သင်္ချေတွင် ပွင့်တော်မူသောဘုရာ ပေါင်း ၅၁၂၀၂၀ တို့ထံ၌ တောင်းခြင်းဖြစ်လေသည်။

နန္ဒအသင်္ချေ ကျော်၌ ပြဟ္မဒေဝ အမည်ရှိသော ဘုရား ပွင့်သော အခါ၌ အဘိဒေဝအမည်ဖြင့် မင်းဖြစ်၍ ဘုရားသခင်အား အလှူပေးပြီး ဘုရားကို စိတ်ဖြင့်ကြံ၍ တောင်းတော်မူခဲ့သည်။

ခုနစ်အသင်္ချေတွင်ပွင့်သော ဘုရားပေါင်း

| | | |
|---|---|---|
| ၁။ | နန္ဒအသင်္ချေတွင် ပွင့်တော်မူကုန်သော ဘုရားပေါင်း | ၅၀၀၀ |
| ၂။ | သုနန္ဒ .... .... .... | ၉,၀၀၀ |
| ၃။ | ပထဝီ .... .... .... | ၁၀,၀၀၀ |
| ၄။ | မဏ္ဍ .... .... .... | ၁၁,၀၀၀ |
| ၅။ | ဓရဏီ .... .... .... | ၂၀,၀၀၀ |
| ၆။ | သာဂရ .... .... .... | ၃၀,၀၀၀ |
| ၇။ | ပုဏ္ဍရိက .... .... .... | ၄၀,၀၀၀ |
| | ခုနစ်အသင်္ချေတွင် ပွင့်တော်မူသော ဘုရားပေါင်း | ၁၂၅,၀၀၀ |

ကိုးအသင်္ချေ၏အစဖြစ်သော သဗ္ဗဘဒ္ဒအသင်္ချေထက်၌ ပေါရာဏ ဂေါတမဘုရားပွင့်တော်မူခဲ့သည်။

ထိုအချိန်တွင် ကျွန်ုပ်တို့ဘုရားအလောင်းသည် ဝညဝတီပြည်တွင် သာဂရအမည်ဖြင့် စကြဝတေးမင်းဖြစ်၍ ဘုရားသခင်အား နှင့်သာ ကျောင်းနှင့်တကွ ပစ္စည်းလေးပါးကို လှူပြီးလျှင် ဘုရားဆုကိုနှုတ်မြွက်၍ တောင်းသည်။

## ကိုးအသင်္ချေတွင်ပွင့်သောဘုရားပေါင်း

| | | |
|---|---|---|
| ၁။ | သဗ္ဗဘဒ္ဒအသင်္ချေတွင် ပွင့်သောဘုရားပေါင်း | ၅၀၀၀၀ |
| ၂။ | သဗ္ဗပုလ္လ .... .... .... | ၆၁၀၀၀ |
| ၃။ | သဗ္ဗရတန .... .... .... | ၇၀၀၀၀ |
| ၄။ | ဥသဘ .... .... .... | ၈၀၀၀၀ |
| ၅။ | ခန္ဓ .... .... .... | ၉၀၀၀၀ |
| ၆။ | မာနိ .... .... .... | ၂၀၀၀၀ |
| ၇။ | ဘဒ္ဒ .... .... .... | ၁၀၀၀၀ |
| ၈။ | ပဒုမ .... .... .... | ၅၀၀၀ |
| ၉။ | သဗ္ဗဖာလ .... .... .... | ၂၀၀၀ |
| | ကိုးအသင်္ချေတွင် ပွင့်သောဘုရားပေါင်း | ၃၈၇၀၀၀ |

### နှစ်ကျိပ်ရှစ်ဆူဘုရားများ

ကျွန်ုပ်တို့ ဘုရားအလောင်းသည် သုမေဓာရသေ့ဖြစ်စဉ် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက် သာရမဏ္ဍကမ္ဘာတွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာဟူ၍ ဘုရားလေးဆူပွင့်တော်မူသည်။

(၁) တဏှင်္ကရာဘုရား

(၂) မေဓင်္ကရာဘုရား

(၃) သရဏင်္ကရာဘုရား

ဤဘုရားသုံးဆူထံ၌ ကျွန်ုပ်တို့ဘုရားလောင်း ပါရမီမရင့်သေး၍ ဗျာဒိတ်မရသေး။

(၄) ဒီပင်္ကရာဘုရားလက်ထက်တွင် ဘုရားအလောင်းတော်သည် ဒီပင်္ကရာကြွလာစဉ် ကိုယ်တော်ကိုတံတားခင်းပြီး နှုတ်ဖြင့် ဘုရားဆုကို တောင်းခဲ့သည်။ ဒီပင်္ကရာမြတ်စွာဘုရားကလည်း "လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ 'ဂေါတမ' ဟူသောအမည်ဖြင့်ဘုရားဖြစ်လတ္တံ့" ဟူသော ဗျာဒိတ်ပေးခဲ့သည်။

ဤသို့ သာရမဏ္ဍကမ္ဘာ၌ ဘုရားလေးဆူပွင့်တော်မူသည်။

ထို့နောက် တအသင်္ချေသုဉ်းပြီးနောက် သာရကမ္ဘာ၌

(၅) ကောဏ္ဍညဘုရား ပွင့်သောအခါ အလောင်းတော်သည် ဝိဇိတာဝီ စကြဝတေးမင်းအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

ဤသို့ အသက်တသိန်းတမ်း သာရဏ္ဍကမ္ဘာ၌ ဘုရားတဆူပွင့်တော်မူသည်။

ထို့နောက် ကသင်္ချေသုဉ်းပြီးနောက် သာရမဏ္ဍကမ္ဘာတွင်

(၆) မင်္ဂလာဘုရား အသက်ကိုးသောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် သုရုစိပုဏ္ဏားအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

(၇) သုမနဘုရား အသက်ကိုးသောင်းတမ်း၌ပင် ပွင့်သောအခါ အလောင်းတော်သည် အတုလနဂါးမင်းအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

(၈) ရေဝတဘုရား အသက်ခြောက်သောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် အတိဒေဝပုဏ္ဏားအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

(၉) သောဘိတဘုရား အသက်ကိုးသောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် သုဇာတပုဏ္ဏားအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

ဤသို့ သာရမဏ္ဍကမ္ဘာတည်း၌ ဘုရားလေးဆူ ပွင့်တော်မူခဲ့သည်။

ထို့နောက် ဇယအသင်္ချေသုဉ်း၍ ဝရကမ္ဘာတွင်....

(၁၀) အနောမဒဿီဘုရား အသက်တသိန်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် ဘီလူးစစ်သူကြီးအဖြစ်ဖြင့် ဗျာဒိတ်တော်ရခဲ့သည်။

(၁၁) ပဒုမာဘုရား အသက်တသိန်းတမ်း၌ပင် ပွင့်သောအခါ အလောင်းတော်သည် ခြင်္သေ့မင်းအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

(၁၂) နာရဒဘုရား အသက်ကိုးသောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

ဤသို့ ဝရကမ္ဘာ၌ ဘုရားသုံးဆူ ပွင့်တော်မူခဲ့သည်။

ထို့နောက် ရှစ်ယအသင်္ချေသုဉ်း၍ သာရဏ္ဍကမ္ဘာ၌ ကမ္ဘာတသိန်းထက်၌ဖြစ်သည်။

(၁၃) ပဒုမုတ္တရဘုရား အသက်တသိန်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် ဇဋိလသဌေးကြီးအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

ဤသို့ သာရကမ္ဘာ၌ ဘုရားတဆူသာ ပွင့်တော်မူခဲ့သည်၊

ထို့နောက် ကမ္ဘာခုနစ်သောင်းသုဉ်း၍ ဤကမ္ဘာမှ ပြန်၍ရေ သော် ကမ္ဘာသုံးသောင်းထက်မဏ္ဍကမ္ဘာတွင်....

(၁၄) သုမေဓာဘုရား အသက်ကိုးသောင်းတမ်း၌ ပွင့်တော် မူသောအခါ အလောင်းတော်သည် ဥတ္တရလုလင် အဖြစ်ဖြင့်ဗျာဒိတ် ရခဲ့သည်။

(၁၅) သုဇာတဘုရား အသက်ကိုးသောင်းတမ်း၌ပင် ပွင့်သော အခါ စကြာမင်းအဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

ဤသို့ မဏ္ဍကမ္ဘာ၌ ဘုရားနှစ်ဆူ ပွင့်တော်မူခဲ့သည်။

ထိုနောက် ကမ္ဘာ၂၀၂၀၀သုဉ်း၍ ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတထောင့်ရှစ်ရာထက် ဝရကမ္ဘာ၌....

(၁၆) ပိယဒဿီဘုရားအသက်ကိုးသောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် ကဿပလုလင်အဖြစ်ဖြင့် ဗျာဒိတ်ရသည်။

(၁၇) အတ္ထဒဿီဘုရား အသက်တသိန်းတမ်း၌ပင် ပွင့်သော အခါ သုသိမရသေ့အဖြစ်ဖြင့် ဗျာဒိတ်ရခဲ့သည်။

(၁၈) ဓမ္မဒဿီဘုရား အသက်တသိန်းတမ်း၌ပင် ပွင့်သော အခါ အလောင်းတော်သည် သိကြားမင်းအဖြစ်ဖြင့် ဗျာဒိတ်ရသည်။

ဤသို့ဝရကမ္ဘာ၌ ဘုရားသုံးဆူ ပွင့်တော်မူခဲ့သည်။

ထို့နောက် ကမ္ဘာ၁၇၀၅ကမ္ဘာသုဉ်း၍ကမ္ဘာမှ ပြန်၍ရေသော် ၉၄ကမ္ဘာထက် သာရကမ္ဘာ၌....

(၁၉) သိဒ္ဓတ္ထဘုရား အသက်တသိန်းတမ်း၌ ပွင့်သောအခါမင်္ဂလ ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ရသည်။

ဤသို့သာရကမ္ဘာ၌ ဘုရားတဆူသာ ပွင့်တော်မူသည်။

ထို့နောက် တကမ္ဘာသုဉ်း၍ ကမ္ဘာမှပြန်၍ရေသည်ရှိသော် ၉၂ ကမ္ဘာထက် မဏ္ဍကမ္ဘာ၌။

(၂၀) တိဿဘုရား အသက်တသိန်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် သုဇာတမင်းအဖြစ်ဖြင့် ဗျာဒိတ်ရသည်။

(၂၁) ဖုဿဘုရား အသက်ကိုးသောင်းတမ်း၌ ပွင့်သောအခါ ဝိဇိတာဝီမင်းအဖြစ်ဖြင့် ဗျာဒိတ်ရသည်။

ဤသို့ မဏ္ဍကမ္ဘာ၌ ဘုရားနှစ်ဆူ ပွင့်တော်မူခဲ့သည်။

ထို့နောက် ကမ္ဘာ-မှပြန်၍ ရေတွက်သော ၉၁၈-မ္ဘာထက် သာရကမ္ဘာ၌....

(၂၂) ဝိပဿီဘုရား အသက်နှစ်သောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် အတုလနဂါးမင်းဖြစ်ဖြင့် ဗျာဒိတ်ရသည်။

ဤသို့ သာရကမ္ဘာ၌ ဘုရားတဆူသာ ပွင့်တော်မူသည်။

ထို့နောက် ကမ္ဘာ၆၀သုဉ်း၍ ၃၁ကမ္ဘာမဏ္ဍကမ္ဘာတွင်....

(၂၃)သိခီဘုရား အသက်ခုနစ်သောင်းတမ်း၌ ဘုရားပွင့်သောအခါအရိန္ဒမမင်းအဖြစ်ဖြင့် ဗျာဒိတ်ရသည်။

(၂၄) ဝေဿဘူဘုရား အသက်ခြောက်သောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် သုဒဿနမင်းကြီး အဖြစ်ဖြင့် ဗျာဒိတ်ရသည်။

ဤသို့ မဏ္ဍကမ္ဘာ၌ဘုရားနှစ်ဆူ ပွင့်တော်မူသည်။

ထို့နောက် ကမ္ဘာ၃၀သုဉ်း၍ ဤဘဒ္ဒကမ္ဘာ၌....

(၂၅) ကကုသန်ဘုရား အသက်လေးသောင်းတမ်း၌ ပွင့်သောအခါ ခေမမင်းကြီးအဖြစ်ဖြင့် ဗျာဒိတ်ရသည်။

(၂၆) ကောဏာဂုံဘုရား အသက်သုံးသောင်းတမ်း၌ ပွင့်သောအခါ ပဗ္ဗတမင်းကြီးအဖြစ်ဖြင့် ဗျာဒိတ်ရသည်။

(၂၇) ကဿပဘုရား အသက်နှစ်သောင်းတမ်း၌ ပွင့်သောအခါ အလောင်းတော်သည် ဇောတိပါလပုဏ္ဏားလုလင်အဖြစ်ဖြင့် ဗျာဒိတ်ရသည်။

(၂၈) ဤသို့အားဖြင့် အလောင်းတော်သည် ဘဝအမျိုးမျိုးဖြင့် ကမ္ဘာပေါင်း မြောက်မြားစွာတို့၌ ကျင်လည်လျက်ရှိခဲ့ရာတွင် လူတို့၏ အသက်ဘရာဘဒ်း ရှိသောအခါ သစ္စာလေးပါး မြတ်တရား ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဂေါတမ ဟူသော အမည်တော်ဖြင့် ဘုရားစင်စစ် ပွင့်တော်မူလာခြင်း ဖြစ်ပေသည်။

ထို့ကြောင့်လေးသင်္ချေနှင့်ကမ္ဘာတသိန်းတွင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားများ ပွင့်တော်မူခဲ့ကြသည်။

သမ္ဗုဒ္ဓေဂါထာပေါ်ဘုရားများ

| | |
|---|---|
| ခုနစ်အသခေ်ျတွင် ပွင့်သော ဘုရားပေါင်း | ၁၂၅၀၀၀ |
| ကိုးအသခေ်ျတွင် ပွင့်သော ဘုရားပေါင်း | ၃၈၇၀၀၀ |
| တဆယ့်ခြောက်အသခေ်ျတွင် ပွင့်သောဘုရားပေါင်း | ၅၁၂၀၀၀ |
| လေးအသခေ်ျနှင့် ကမ္ဘာတသိန်းထက်၌ ပွင့်သော ဘုရား နှစ်ကျိပ်ရှစ်ဆူ | ၂၈ |
| ပွင့်ပြီးဘုရားအဆူပေါင်း | ၁၀၂၄၀၂၈ |

အသခေ်ျ ၂၀ နှင့် ကမ္ဘာတသိန်းတွင် ပွင့်တော်မူသော ဘုရားပေါင်းမှာ ၁၀၂၄၀၂၈ ဆူဖြစ်သည်။

ပွင့်တော်မူပြီးသော ဤမြတ်စွာဘုရားအပေါင်းတို့သည် အစွမ်းထက်လှသော သမ္ဗုဒ္ဓေဂါထာတော်မြတ်ပါ ဘုရားရှင်များဖြစ်ကြသည်။

ထို့ကြောင့်ပင်လျှင် ကျွန်ုပ်မြန်မာနိုင်ငံ၌ တချို့မြို့နယ်များတွင် 'သမ္ဗုဒ္ဓေဘုရား'အမည်ဖြင့် စေတီတော်များ တည်ထား၍ကိုးကွယ်ကြသည်။

ကိုးကွယ်ခြင်းအကျိုးကား လောကုတ္တရာအကျိုးတခုတည်းသာ မဟုတ်ပဲ မျက်မှောက်ကာလတွင် ဘေးရန်အမျိုးမျိုး ကင်းစင်၍ လိုအပ်သည့်ဆန္ဒပြည့်စေဖို့ ရည်သန်၍ ကိုးကွယ်ခြင်းများလည်း ရှိကြသည်။

လူ့အဖြစ်သည် ရခဲ၏

ဘုရားတဆူဘဆူ ပွင့်ဘော်မူဖို့ဆိုသည်ကား မည်မျှကြန့်ကြာ၍ မည်မျှခက်ခဲကြောင်းကို ဤသို့အားဖြင့် သင့်သလို အနည်းငယ် ဖော်ပြခဲ့ပြီးဖြစ်ရကား ဘုရားပွင့်သည့်ကမ္ဘာတွင် လူဖြစ်ဖို့လည်း အလွန်ခက်ခဲပေသည်။

ထို့ကြောင့် လူဖြစ်လာသည့် အခါတွင် မကောင်းမှု ဟူသမျှကို ဖယ်ရှား၍ ကောင်းမှုကိုသာလုပ်ဖို့ ပွင့်တော် မူခဲ့ပြီးသော ဗုဒ္ဓမြတ်စွာဘုရားများက မိန့်ဆိုထားခဲ့သည်။

### စေတီထိုက်သူ ပုဂ္ဂိုလ် ၄ ဦး

စေတီတည်ထား ကိုးကွယ်ထားသော ပုဂ္ဂိုလ်လေးပါးမှာ

(၁) မြတ်စွာဘုရား

(၂) ပစ္စေကဗုဒ္ဓါ

(၃) ရဟန္တာ

(၄) စကြာဝတေးမင်းတို့ ဖြစ်ကြသည်။

ဤစေတီများကို စိတ်ဖြင့်ကြည်ညို ပူးမြှော်ကန်တော့ ကြခြင်း အကျိုးတို့သည် သေလွန်ကြသောအခါ ကောင်းရာ သုဂတိ ဘုံဘဝသို့ ရောက်ကြသည်။

### အလောင်းတော် နတ်သား

ဗုဒ္ဓဂေါတမ၏ အလောင်းတော် သိဒ္ဓတ္ထကုမာရ မင်းသား၏ နောက်ဆုံးဘဝသည် ဝေသန္တရာမင်း ဖြစ်ခဲ့သည်။

ဝေသန္တရာ မင်းကြီးအဖြစ်တွင် နိုင်ငံ၏ အထွတ်အမြတ်ဖြစ်သော ဆင်ဖြူတော်ကိုလှူခြင်း၊ သားနှင့် သမီးကိုလှူခြင်း စသည့်အလှူကြီး တို့ကို ပေးကမ်း လှူဒါန်းပြီးနောက် တမလွန်ဘဝသို့ ကွယ်လွန်စုတေ သည့်အခါတွင် တုသိတာနတ်ပြည်၌ သေတကေတု နတ်သားဘဝဖြင့် နတ်တို့၏ နှစ်အရေအတွက် နှစ်ပေါင်း လေးထောင်(၄၀၀၀)နတ်စည်း စိမ်ကို ခံစားလျက်ရှိသည်။

နတ်တို့၏ နှစ်လေးထောင်တွင် လူတို့၏ နှစ်အရေအတွက်အားဖြင့် (၅၇၆၀၀၀၀၀၀) ငါးဆယ့်ခုနှစ်ကုဋေ ခြောက်သန်း ဖြစ်သည်။

### ဘုရားပွင့်တော့မည်

နတ်စည်းစိမ်ကိုအလောင်းတော်သေတကေတုနတ်သားခံစားလျက် ရှိစဉ် ကမ္ဘာလောကကြီးအတွင်း၌ နေထိုင်ကျသော လူသတ္တဝါအပေါင်း

တို့သည် ''ဘုရား ပွင့်တော့မည် ဘုရား ပွင့်တော်မည်''ဟူသော ကြေးကြော်သံတို့ကား သေတကေတုနတ်သား လူ့ပြည်တွင် ပဋိသန္ဓေမယူမီ နှစ်ပေါင်း တထောင်ကျော်ကိုပင် ကြေးကြော်လျက် ရှိကြသည်။

လူ့ပြည်ဘွင်သာမက စကြဝဠာတသောင်း အတွင်းရှိ နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း ''ဤအချိန်ကား လူ့ပြည်တွင် ဘုရားဖြစ်ဖို့သင့် တော်သော အချိန်အခါဖြစ်သည်''ဟု နတ်ဗြဟ္မာအချင်းချင်း နှိုးဆော်တိုင်ပင်ပြီးနောက် အလောင်းတော် သေတကေတု နတ်သားထံသို့သွား ရောက်၍ ''လူ့ပြည်သို့ဆင်းပြီး ဘုရားအဖြစ် ခံယူဖို့ အချိန်တန်ပြီ''ဟု တောင်းပန် တိုက်တွန်းကြသည်။

## ကြည့်ခြင်း ၅ ပါး

နတ် ဗြဟ္မာတို့ တိုက်တွန်းချက်အရ အလောင်းတော် သေတကေတုနတ်သားသည်

(၁) ဘုရားဖြစ်ထိုက်သောအချိန် — ကာလ
(၂) ဘုရားဖြစ်ထိုက်သောကျွန်း — ဒီပ
(၃) ဘုရားဖြစ်ထိုက်သောအရပ် — ဒေသ
(၄) ဘုရားဖြစ်ထိုက်သောအမျိုး — ကုလ
(၅) မယ်တော်၏ အသက် အပိုင်းအခြား—အာယုပရိစ္ဆေဒ

အလောင်းတော်သည် အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ကြည့်ခြင်းဖြင့် ကြည့်ရှု၍ နတ်ဗြဟ္မာအပေါင်းတို့အား ဝန်ခံပြီးလျှင် နတ်အပေါင်းတို့ခြံရံ၍ နန္ဒဝန်ဥယျာဉ်မှ လူ့ပြည်သို့ စုတေခဲ့လေသည်၊

## ပဋိသန္ဓေ နေတော်မူခြင်း

အလောင်းတော်၏မယ်တော်မဟာမာယာ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးတို့သည် မဇ္ဈိမဒေသ သက္ကတိုင်း ကပိလဝတ်ပြည် ဖြစ်သည်။

အလောင်းတော်သည် ဘိုးတော်အဥ္စနမင်းကြီးရှိရင်း သက္ကရာဇ် ၈၆၄၅ ကိုဖြို၍ ၂—ခု ဓကြွင်းထားရာမှ တက်ပွားသော သက္ကရာဇ် ၆၇-ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသာဠ်နက္ခတ်နှင့် လနတ် ယှဉ်စံ သန်းခေါင်းယံ အချိန်တွင် ပဋိသန္ဓေ နေတော်မူသည်။

## မယ်တော်မာယာ အိပ်မက်

ပဋိသန္ဓေ နေသည်နှင့်တပြိုင်နက် ၃၂ ပါးသော နိမိတ်ကြီးတို့မှာ အထင်အရှား ပေါ်ထွက်လာ၍ ကပိလဝတ်ပြည်နှင့်တကွ အခြားအခြားသော နိုင်ငံကြီးငယ်များပါ အံ့သြဖွယ်ရာ ပြုကြသည်။

မယ်တော်မာယာသည်လည်း ကြီးစွာသော အိပ်မက် ကောင်းတို့ကို မြင်တော်မူသည်။ အိပ်မက်ကား

"စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့က မိဖုရားကြီး မဟာမာယာကို အိပ်ရာသလွန်နှင့်တကွချီမ၍ ဟိမဝန္တာတောင်သို့ ယူဆောင်ပြီးလျှင် ယူဇနာ ခြောက်ဆယ် ကျယ်သော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏ အပြင်ဘက် အင်ကြင်းပင်အောက်၌ ချထားသောအခါ နတ်မိဖုရား လေးပါးလာ၍ အနောတတ် ရေအေးဖြင့် ချိုးပေးသည်။ ထို့နောက် နတ်တို့၏ ပန်းနံ့သာ တန်ဆာတို့ကို ဆင်မြန်း၍ ပင်ပန်းခြင်း မရှိအောင် ငွေတောင်ပြတ် အထက်၌ရှိသော ပြောင်လက် ထိန်လင်းသည့် ဗိမာန်ကြီး အတွင်းသို့ ချမ်းသာစွာ အိပ်စေပြန်သည်။ အိပ်နေစဉ် ဘော်သာငွေ အဆင်းကဲ့သို့ ဖြူသော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မိဖုရားကြီး၏ လက်ယာနံပါးကို ဖွင့်ဖေါက်ကာ ဝင်လေသည်"

ဟု အိပ်မက် မြင်မက်တော် မူလေသည်။

## စောင့်ရှောက် ပူဇော်သူများ

အလောင်းတော်ကို သန္ဓေတည်သော အခါမှစ၍ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့သည် သံလျက်ကိုင်လျက် နန်းတော်တိုက်ခန်းတွင် စောင့်လျက် ရှိကြသည့်အပြင် ကြေဝဠာတသောင်းမှ နတ်ပြဟ္မာ အပေါင်းတို့သည်လည်း ကောင်းမွန်စွာ စောင့်ရှောက် ကြလေသည်။

အလောင်းတော် ပဋိသန္ဓေနေသည့်မှာ ကြည်လင်လှစွာသော ပတ္တမြားရတနာ၌သီသော သန္တာကြိုးကဲ့သို့ လည်းကောင်း၊ ဖန်ချိုင့်အတွင်း၌ သွင်းထားသော ပုလဲစစ်တုအရုပ်ကဲ့သို့လည်းကောင်း၊ တရားဟောပလ္လင်ထက်၌ တရားဟောဖို့ထိုင်နေသော တရားဟောပုဂ္ဂိုလ်ကဲ့သို့

လည်းကောင်း မယ်တော်၏ဝမ်းတွင်း၌ ထက်ဝယ်ရှေးရှုနေတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့ပါ ထင်မြင်ကြသည်ဟု အဆိုရှိလေသည်။

## လုမ္ဗိနီဥယျာဉ်အသွား

အလောင်းတော် ပဋိသန္ဓေတည်နေပြီးနောက် ဆယ်လအရောက်တွင် မယ်တော်မာယာ၏မိဘတို့နေထိုင်ရာ ဒေဝဒဟပြည်သို့ သွားလိုသည့်အာသာဆန္ဒပြင်းပြလာလေသည်။

ဒေဝဒဟပြည်နှင့် သုဒ္ဓေါဒနမင်းကြီးနေထိုင်ရာ ကပိလဝတ်ပြည်တို့မှာ အကွာအဝေးအားဖြင့် ငါးယူဇနာခန့်ဝေးကွာသည်။ မယ်တော်မာယာ၏ဆန္ဒအရ သုဒ္ဓေါဒနမင်းကြီးသည် ၎င်း၏မိဖုရားကြီးအားအခြွေအရံတို့နှင့်တကွ စစ်အင်္ဂါလေးပါး အပါအဝင် မယ်တော်မာယာအား ရွှေထမ်းစင်ဖြင့်တင်ဆောင်၍ ခရီးထွက်စေခဲ့ကြသည်။

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်ကြား လုမ္ဗိနီဥယျာဉ်သို့ အရောက် ဥယျာဉ်အတွင်း၌ ရှိသ မျှအင်ကြင်းပင်မှအစ သစ်ပင်တို့သည် ပင်လုံးကျွတ် ပန်းအမျိုးမျိုးပွင့်၍လည်းကောင်း၊ အသီးသီးသောအပင်တို့သည် အသီးမျိုးစုံသီး၍ လည်းကောင်း၊ တောငှက်တိရစ္ဆာန်တို့သည်လည်း သာယာကြည်နူးဖွယ်အသံတို့ဖြင့် လည်းကောင်း၊ မြိုင်မြိုင်ဆိုင်ဆိုင် တင့်တင့်တယ်တယ် သာယာကြည်နူးဖွယ် ရှုချင်ဖွယ်ကောင်းသော အင်ကြင်းပင် စသည်တို့ကိုမြင်ရလေသည်။

ထိုအခါ ထိုဥယျာဉ်တော်သို့ဝင်ရောက်၍ ပန်းပွင့်၊ ပန်းဖူးတို့ကို ဆွတ်ခူးလိုသဖြင့် မယ်တော်မာယာသည် ရွှေထမ်းစင်မှဆင်းပြီး လက်လှမ်းမီ အင်ကြင်းခက်ကို လက်တော်ဖြင့်ဆွဲကိုင်လိုက်စဉ် ၃၂ ပါးသော နိမိတ်ကြီးများထင်ရှားစွာပြလျက် မယ်တော်မာယာ၏ဝမ်းမှ ဇာမ္ဗဇလေ လှုပ်ရှား၍လာလေသည်။

မယ်တော်မာယာ၏အပါးတွင် ပါလာသော အထိန်းအယ လုပ်ဖော်နန်းတွင်းသူတို့က မယ်တော်မာယာ၏အနီး လိုလေသေးသည်မရှိ ကူညီပေးကြသည့်အပြင် အင်ကြင်းပင်အနီးတဝိုက်ကို လှပတင့်တယ်သော အဝတ်တော်များဖြင့် ကာရံ၍ ဝတ်ကြီးဝတ်ငယ်ပြုလုပ်လျက် စောင့်ကြည့်နေကြသည်။

## အလောင်းတော်ကိုဖွားမြင်ပြီ

အချိန်အခါကား မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီးအချိန် သိဟ်သက်ပြိဟ္ဗာစန်း၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် အလောင်းတော်ကို ဖွားမြင်တော်မူလေသည်။

အလောင်းတော်ကို ဖွားမြင်သည်နှင့်တပြိုင်နက် အထက်ကောင်းကင်ပြင်မှ ရေယာဉ်နှစ်သွယ်တို့သည် မယ်တော်မာယာနှင့် အလောင်းတော်တို့အပေါ်သို့ ချမ်းမြကြည်သာ ရောဂါခပ်သိမ်းကင်းစင်စေဖို့ စီးဆင်းကြသည်။

မင်းသား မယ်တော်ဝမ်းမှ မွေးဖွားလာခဲ့ရာတွင် မည်သည့် အညစ်အကြေးမျှမရှိ၊ ခြေလက်တို့ကို ဆန့်တန်းလျက် မတ်တတ်ရပ်ကာ ကာသိကရာဇ်နိုင်ငံဖြစ်ပုဆိုးတွင် အဖိုးထိုက်သောပတ္တမြားကို ထည့်ထားသကဲ့သို့လည်းကောင်း၊ ရွှေသားအသွင် ရဘနာမျက်ရှ ကဲ့သို့ လည်းကောင်း သန့်ရှင်းစွာ ဖွားမြင်လျှင် သုဒ္ဓါဝါသဗြဟ္မာကြီး လေးပါးတို့က ရွှေကွန်ရက်ကိုဖြန့်လျက် ခံယူကြလေသည်။

စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့ကလည်း မင်္ဂလာရှိသော သစ်နက်ရည်ဖြင့် ခံကြကုန်သည်။

လူမင်းသားလေးဦးတို့ကမူ အတိုင်းမသိ တန်ဖိုးရှိသော ဘွဲ့ဖြူပုဆိုးဖြင့် ခံယူကြလေသည်။

စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က ကောင်းချီးပေးကာ ပူဇော်ကြလေသည်။

မဟာဗြဟ္မာမင်းသည် ထီးဖြူကိုအုပ်မိုးကာ သုယာမနတ်မင်းကြီးသည် သားမြီးယပ်ကိုကိုင်၍ အခြားနတ်ဗြဟ္မာတို့သည် ပန်းနံ့သာဖြင့် ပူဇော်ကြကုန်လျက်ရှိကြသည်မှာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ မျက်မှောက်ရှေ့ဝယ် အံ့သြကြည်နူးဖွယ် ကောင်းလှသည်။

အလောင်းတော်မွေးဖွားသည်မှ ချက်ခြင်း ခုနစ်ဖဝါးသွားလျက် အရှေ့အရပ်မှ မြောက်အရပ်သို့ လှည့်တော်မူပြီး တည့်တည့်မတ်မတ်ရပ်တန့်ပြီးလျှင်....

''အဂ္ဂေါဟ မသ္မိ လောကဿ၊
ဇေဋ္ဌောဟ မသ္မိ လောကဿ၊
သေဋ္ဌောဟ မသ္မိ လောကဿ။

ငါသည် လောက သုံးပါး၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ငါသည် လောကအားလုံး၌ စိုးမိုးနိုင်သည့် အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ငါသည် လောကအားလုံး၌ အတုမရှိ အထွတ်အထိပ် ပုဂ္ဂိုလ်ဖြစ်သည်။

အလောင်းတော်သည် ဤသို့အားဖြင့် သုံးခွန်းသော စကားကို ကြုံးဝါးမြွက်ဆိုချက်ကို ကြားလိုက်ရသည့်အခါ လူနတ်ဗြဟ္မာ သတ္တဝါ များက‌ား ကောင်းချီးထောမနာ အနုမောဒနာပြုကြလေသည်။

## မယ်တော်နတ်ရွာစံ

အလောင်းတော်ဖွားမြင်ပြီး ခုနစ်ရက်မြောက်နေ့တွင် မယ်တော် မဟာမာယာဒေဝီမိဖုရားကြီးနတ်ရွာစံ၍ တုသိတာနတ်ပြည်၌ သန္တုသိတ နတ်သားဖြစ်လေသည်။

မယ်တော်မဟာ မာယာ ကွယ်လွန်အနိစ္စရောက်သည် ဟူသော သတင်းကိုကြားရသည်နှင့်တပြိုင်နက် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင်ရှိ နန်းတွင်းသူ နန်းတွင်းသားများနှင့် တကွ သောင်း ပေါင်းများစွာသော ဆွေတော် မျိုးတော်တို့ အပါအဝင် နိုင်ငံသူ နိုင်ငံ သားတို့ကပါ ကြီးစွာသော သောကမီးတို့ဖြင့်ဝမ်းနည်းပက်လက် အချို့ မှာ မျက်ရည်ပေါက်ကြီးငယ်ကျ၍ ပူဆွေးခြင်း ဖြစ်ကြရလေသည်။

## ဘုရင့်ဆရာ ကာဠဒေဝိလရသေ့ကြီး

ဘုရင်သုဒ္ဓေါဒနမင်းကြီးတွင် သူ၏ခမည်းတော် သီဟာနုမင်းကြီးမှ စ၍ အဆက်ဆက် ကိုးကွယ်လာသော ပုရောဟိတ် ပုဏ္ဏားကြီး၏ သား အသိတမည်သောပုဏ္ဏားတယောက်ရှိသည်။

ထိုအသိတမည်သောပုရောဟိတ်ပုဏ္ဏားကြီး၏သားမှာ သုဒ္ဓေါဒန မင်းကြီးအား ငယ်စဉ်ကပင် အဘတ်ပညာသင်ပေးလာသောဆရာဖြစ် ခဲ့သည်။

သီဟနုမင်းကွယ်လွန်၍ သုဒ္ဓေါဒနမင်း နန်းတက်သည့်အခါတွင် အသိဘာဆရာပုဏ္ဏားကို ကာဠဒေဝိလ ဟူသော အမည်ဖြင့် ပုရောဟိတ်အရာသို့ တင်မြှောက်ထားလေသည်။ သို့သော် သာကီဝင်မင်းတို့ ဓမ္မတာအတိုင်း မိဘနှစ်ပါးမှအပ အခြားသောလူတို့အား ရှိခိုးမြဲထုံးတမ်း မရှိသောကြောင့် ကာဠဒေဝိလ ဆရာပုဏ္ဏားကို သုဒ္ဓေါဒနမင်းကြီးက ရှိခိုးပူဇော်ခြင်းမပြုခဲ့ပေ။

ထို့ကြောင့် ဆရာကာဠဒေဝိလပုဏ္ဏားသည် သုဒ္ဓေါဒနမင်းကြီးက ရှိခိုးခြင်းမပြုသည့်အတွက် ရှိခိုးပူဇော်ခြင်းမပြုသည်ကို ရှိခိုးခြင်းပြုလာအောင် ရသေ့ရဟန်းပြုဖို့အကြံရောက်၍ သုဒ္ဓေါဒန မင်းကြီးထံ ခွင့်ပန်အကြောင်းကြားလေသည်။

သုဒ္ဓေါဒနမင်းကြီးက ခွင့်ပြုလိုက်ပြီးနောက် 'အရှင်ဘုရား၊ ရဟန်းပြုတော်မူပြီးနောက်တွင်လည်း နေ့စဉ်နေ့တိုင်း ဖူးမြင်ရပါသောကြောင့် ဘုရင့်ဥယျာဉ်တွင် သီတင်းသုံးပြီး တပည့်တော်အား သင်ကြားဆုံးမပါ'ဟု လျှောက်ထားလိုက်သည်။

ကာဠဒေဝိလ ရသေ့ကြီးသည်လည်း ဘုရင် လျှောက်ထားသည့်အတိုင်း ဝန်ခံပြီးလျှင် ဥယျာဉ်၌နေထိုင်ကာ ကမ္မဋ္ဌာန်း လုပ်ငန်းကို နေ့ရောညပါ အားထုတ်လာသဖြင့် ကာဠဒေဝိလ ရသေ့ကြီးသည် သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ရရှိလာခြင်းဖြင့် ရှေ့ကမ္ဘာလေးဆယ် နောက်ကမ္ဘာ လေးဆယ်ပတ်ကို မြင်စွမ်းနိုင်သောတန်ခိုးနှင့် ပြည့်စုံလေတော့သည်။

ရသေ့ကြီးသည် သုဒ္ဓေါဒနမင်းကြီး၏နန်းတော်သို့ ဝင်လိုသည့်အခါဝင်၊ ထွက်လိုသည့်အခါထွက် မင်းပေါက် စိုးပေါက် မင်းဆရာတပါးဖြစ်နေသည်။

ကာဠဒေဝိလရသေ့ကြီးသည် ဟိမဝန္တာတောင်၌လည်းကောင်း၊ စတုမဟာရာဇ်နှင့် တာဝတိံသာ နတ်ပြည်တို့၌လည်းကောင်း လှည့်လည်၍နေလေ့ရှိသည်။

တာဝတိံသာနတ်ပြည်သို့ရောက်နေသည့်နေ့တနေ့တွင်အလောင်းတော် လူ့ပြည်၌ ဖွားမြင်နေကြောင်း နတ်အပေါင်းတို့က သောင်းသောင်းဖျဖျ ဝမ်းမြောက်ဝမ်းသာပြောဆိုနေကြသည်ကိုလည်းကောင်း၊ ကာဠဒေဝိလ ရသေ့ကြီးအား လျှောက်ထားကြသည်ကိုလည်းကောင်း သိရှိသည်နှင့်တပြိုင်နက် နတ်ပြည်မှဆင်း၍ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ချက်ချင်းပင်ဝင်လေတော့သည်။

## ဘုရားလောင်းနှင့် ကာဠုဒေဝိလရသေ့ကြီး

ဆရာရသေ့ကြီး ကြွလာသည်နှင့် တပြိုင်နက် သုဒ္ဓေါဒနမင်းကြီးကလည်း ဝမ်းမြောက်ဝမ်းသာရှေးဦးကြိုဆိုပြီး သင့်တင့် လျောက်ပတ်သောနေရာတွင် ရသေ့ကြီးအားနေရာပေး၍ ဘုရင်လည်း ရသေ့ကြီးအနီးတွင် ယှဉ်ကပ်လျက်ထိုင်နေလေသည်။

ကာဠုဒေဝိလရသေ့ကြီးသည် တာဝတိံသာ နတ်ပြည်မှ ဒကာတော်မင်းတရားကြီးတွင် အလောင်းတော်ဖွားမြင်ကြောင်းကြားသိခဲ့ရ၍ မှန်မမှန်သိလိုကြောင်း၊ သားတော်ကိုလည်း မြင်လိုကြောင်း မိန့်ဆိုလိုက်လေသည်။

သုဒ္ဓေါဒနမင်းကြီးက ဟုတ်မှန်ကြောင်း ပြန်လည်လျှောက်၍ သားတော်ကိုလည်းစေခဲ့ပြီးနောက်မင်းကြီး၏ရင်ခွင်ပေါ်၌ထား၍ရသေ့ကြီးအားရှိခိုးဖို့ အလောင်းတော်၏လက်နှစ်ဘက်ကို ယူကာစသောအခါ အလောင်းတော်သည်လက်တော်ဖြင့်မယူက်၊ ခြေတော်နှစ်ဘက်ဖြင့်သာ လျှင် လျှပ်စစ်ပြက်သကဲ့သို့ ချက်ချင်းပင် ရသေ့ကြီး၏ဦးခေါင်းထက်၌ တည်နေလေသည်။

ဤသို့ အံ့ဖွယ်ကောင်းလှသော အချင်းအရာတို့ကို တွေ့မြင်ကြရသည့်အခါတွင် အနီးအပါးရှိ နန်းတွင်းသူ နန်းတွင်းသား မှူးမတ်အပေါင်းတို့ပါ တအံ့တသြဖြစ်လျက် ကာဠုဒေဝိလ ရသေ့ကြီးသည်လည်း အလောင်းတော်မင်းသားအား ဝပ်တွားဦးတိုက်၍ရှိခိုးလေသည်။

ထိုအခါ ခမည်းတော်မင်းကြီး သုဒ္ဓေါဒနကလည်း သားတော်အား ဦးတိုက်၍ ရှိခိုးပူဇော်ခြင်းကိုပြုလေသည်။

## ဘုရားကေန်ဖြစ်မည်ဟုရသေ့ကြီးဟော

ကာဠုဒေဝိလ ရသေ့ကြီးသည် အလောင်းတော် မင်းသား၏ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ကို ကြည့်ရှုဆင်ခြင်လျက် 'ဤပုဂ္ဂိုလ်သည် ဘုရားစင်စစ် ကေန်ဖြစ်မည်'ဟု ဟောကြားပြီးလျှင် ပြုံးရယ်ခြင်းပြုလိုက်သည်။

သို့သော် ရသေ့ကြီးကား မကြာမြင့်မီပင် မိမိလူ့ပြည်မှ စုတေ၍ ရုပ်မရှိသော အရူပဘုံ၌ ဖြစ်ရမည်ကို မြင်လာသည့်အတွက် ဘုရားလောင်းကို လက်တွေ့ကောင်းစွာ တွေ့ကြုံရပါလျက် ဘုရားစင်စစ်ဖြစ်သောအခါ

ပွးမြင်ဖို့ မကြုံကြိုက်ပဲ လွဲရမည်ကို သိရှိရသည်နှင့် ဝမ်းနည်းပက်လက် မျက်ရည်ကျ၍ ငိုလေတော့သည်။

သုဒ္ဓေါဒနမင်းကြီးကား သားတော် ဘုရားဖြစ်မည်ဟူသောအသံကို မကြားလိုလှပေ။ သို့သော် မည်သည့်အသက်အရွယ်တွင် ဘုရားဖြစ်ပါမည်နည်းဟု ဆက်၍လျှောက်ထားသည်။

ကာဠဒေဝိလ ရသေ့ကြီးက အလောင်းတော်ကို သေချာစွာ ကြည့်ရှုပြီး '၃၅ နှစ်အရွယ်တွင် ဘုရားကေန်ဖြစ်လိမ့်မည်'ဟု ပြောဟောပြီး မိမိနေရာ ဥယျာဉ်တော်အတွင်း ပြန်ကြွလေသည်။

## ကာဠဒေဝိလရသေ့တူရင်း နာဠကကိုတိုက်တွန်းပုံ

ကာဠဒေဝိလရသေ့ ကျောင်းသင်္ခမ်းသို့ ရောက်သည့်အခါ အေးအေးမနေ။ ရသေ့ကြီး၏နှမတော်အရင်းသားဖြစ်သူ နာဠကသူကြွယ်ကို ချက်ချင်း ခေါ်ယူပြီး 'ဟေ့....ငါ့တူ နာဠက၊ ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ သားသည် ၃၅ နှစ်အရွယ်သို့ရောက်လျှင် ဘုရားကေန်ဖြစ်မည်၊ ထိုအခါ တရားတော်ကိုနာ၍ ချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာကိုရအောင် ယနေ့ပင် ငါ့တူ ရဟန်းပြုလော့' ဟု တိုက်တွန်းလိုက်သည်။

တူတော် နာဠကကား သာမန်ပုဂ္ဂိုလ်မဟုတ်ပေ။ ကုဋေရှစ်ဆယ်ကြွယ်ဝသော သဌေး။ ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်း၊ ကျွန်သား၊ လယ်ယာကိုင်းကျွန်းနှင့်တကွ လိုလေသေးမရှိအောင် ကြွယ်ဝသူတယောက် ဖြစ်သည်။

## မောနေယျရဟန်းနာဠက

နာဠကက မိမိ၏ဦးရီးတော် ရသေ့ကြီးသည် အကျိုးမဲ့သော စကားကို မိမိအား ပြောဆိုမည်မဟုတ်ပေ။ တိုက်လည်းတိုက်တွန်းမည် မဟုတ်ပေ။ ထို့ကြောင့် သားမယား၊ ရွှေ၊ ငွေ၊ လယ်ယာကိုင်းကျွန်းအားလုံးကို စွန့်ပယ်ပြီး ပရိက္ခရာရှစ်ပါးကိုရှာလျက် ဘုရားလောင်းရှိရာအရပ်ကိုရည်ညွှန်း၍ ရှိခိုးပြီး ချက်ချင်းပင် ရဟန်းပြုလေတော့သည်။

ဤသည်တွင် နာဠကရဟန်းသည် အလောင်းတော် တောထွက်၍ ဘုရားဖြစ်သည့်အခါ ဓမ္မစကြာတရားကိုဟောကြားပြီးနောက်မှ ခုနစ်ရက်မြောက်သောနေ့တွင် ဘုရားနှင့် တွေ့လေသည်။ နာဠကရဟန်းသည် မောနေယျအကျင့်တရားတို့ကို လျှောက်ထားကာ ဘုရားဟောကြားသည့်အတိုင်း အားထုတ် ကျင့်သောကြောင့် ခုနှစ်လပြည့်သောနေ့တွင် တခုသော ရွှေတောင်ကိုမှီလျက် အေးမြချမ်းသာ ပရိနိဗ္ဗာန်ပြုလေတော့သည်။

## လက္ခဏာနိမိတ်ဖတ်ကြား

အလောင်းတော်ကို မွေးဖွားပြီးနောက် အမည်ပေးဖို့ အကျော်အမော် ဗေဒင်ကျမ်းကိုဘတ်မြောက်သော ပုဏ္ဏားတော် ၁၀၈ ဦးတို့ကို ပင့်ခေါ်၍ နန်းတော်အတွင်း စန္ဒကူးဟူသော နံ့သာမျိုးလေးပါးတို့ဖြင့် အိမ်တော်ကို ပက်ဖြန်းလေသည်။ စလပ်ပန်း စသည် ပန်းမျိုးစုံတို့ကိုလည်း နန်းတော်တခုလုံး ပြည့်လျှံအောင် ကြဲဖြန့်ထားလေသည်။ သားတော်ကိုလည်း နံ့သာတို့ဖြင့် ချီးပေးပြီး ကိုးပါးသော ရတနာစုထက်၌တင်၍ ထားလျက် ပုဏ္ဏားအကျော်အမော်ဆရာတို့က လက္ခဏာနိမိတ်တို့ကို စီစစ်ဖတ်ကြားကြသည်။

ခေါင်းဆောင် ပုဏ္ဏားရှစ်ယောက်တို့အနက် ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဗောဓ၊ သုယာမ ဟူသော ပုဏ္ဏားခုနှစ်ယောက်တို့က လက်နှစ်ချောင်းကို မြှောက်၍ပြကြသည်။

'အရှင့်သားမြတ်သည် လေးကျွန်းသေဌ်နင်း စကြာမင်းသော်လည်းကောင်း၊ လူတွင်ထင်ရှား ဘုရားသော်လည်းကောင်း ဖြစ်လတ္တံ့' ဟု စကားနှစ်မျိုး လျှောက်ထားကြသည်။

## ကောဏ္ဍညပုဏ္ဏား၏ဟောခွန်တည်းသော်ဟောချက်

အငယ်ဆုံးဖြစ်သည့် ကောဏ္ဍညအနွယ် သုဒတ္တပုဏ္ဏားကမူ 'အရှင့်သားသည် ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ၈၀ သော လက္ခဏာတော်ငယ်၊ အံ့ဖွယ် ၁၂ ဖြာတို့နှင့်တကွ ၁၀၈ ကွက်သော စက်လက္ခဏာတော်အစုံတို့ ပါဝင်လေသည်။ ယင်းအတွက်ကြောင့်

ဘုံသုံးခွင်တလွှားတွင် တုဘက်တော်ကင်းငြားသော ဘုရားစင်စစ်ဖြစ်လတ္တံ့ ဟု တခွန်းတည်းသောစကားဖြင့် လက်ညှိုးတချောင်းကိုသာ မြှောက်၍ ဘုရင်အားလျှောက်ထားလေသည်။

စကြာမင်းနှင့် ဘုရားနှစ်မျိုးတွင် စကြာမင်းသာ ဖြစ်လိုသော သုဒ္ဓေါဒနမင်းကြီးသည် သားတော် ဘုရားဖြစ်ဖို့ တခွန်းတည်းသော စကားဖြင့် ဟောပြလိုက်သော ပုဏ္ဏားတော်အား....

'ငါ၏သားတော်သည် ဘုရားဖြစ်လတ္တံ့ဟူ၍ ဆိုသော် အဘယ် အကြောင်းကိုမြင်၍ လူ့ဘောင်တွင်မပျော်မွေ့ပဲ ရှောင်လွှဲကာ တောထွက် လတ္တံ့နည်း'ဟု ပုဏ္ဏားအား မေးမြန်းလိုက်သည်။

ကောဏ္ဍညပုဏ္ဏားသည် ဘုရင်၏မေးမြန်းချက်အရ 'အလောင်း တော် တောထွက်ဖို့မှာ လူအို၊ လူနာ၊ လူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်သောအခါ တောထွက်မည်'ဟု မင်းကြီးအား ပြန်လည်လျှောက်ထားလေသည်။

ဤသည်တို့ကို သုဒ္ဓေါဒနမင်းကြီး သိရှိသည်နှင့် တပြိုင်နက် ကပိလဝတ်ပြည်နိုင်ငံတော်မှ တဂါဝုတ်မျှလောက်သော အရပ်ထက် ဝန်းကျင်တို့၌ လုံခြုံရေးတပ်သားတို့ကို တင်းကျပ်စွာ အစောင့်ချထားဖို့ ဘုရင်မင်းစိတ်ကူးမိပြီး ဖြစ်လေသည်။

## သိဒ္ဓတ္ထမင်းသားအမည်မှည့်

အလောင်းတော်မင်းသားကို အမည်ပေးသည့်နေ့မှာ ဖွားမြင် ပြီး ငါးရက်မြောက်နေ့ပင်ဖြစ်သည်။

ပုဏ္ဏားဆရာ ကဝိ အကျော်အမော်တို့ကရွေးချယ်ရာ၌'အလောင်း တော်သည် ဆွေတော် ရှစ်သောင်း မျိုးတော်ပေါင်းနှင့်တကွ လူ နတ် ပြဟ္မာသတ္တဝါအားလုံးတို့၏အလိုကို ပြည့်စေဖို့ ဖွားမြင်တော်မူလာခြင်း အကြောင်းအရင်းတို့ကြောင့် သိဒ္ဓတ္ထမင်းသားအမည်ကို ရွေးချယ် ခေါ် တွင်ကြလေသည်'။

## တလမြောက် လယ်ထွန်မင်္ဂလာ

သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကို ဖွားမြင်ပြီးနောက် တလ မြောက်သောအခါ ဗိုလ်ပါအပေါင်းခြံရံလျက် လယ်ထွန်မင်္ဂလာ ပွဲ လုပ်တော်မူသည်။

ထိုလယ်ထွန်မင်္ဂလာသို့သားတော်နှင့်တကွ နန်းတွင်းသူ အခြွေအရံ အမြားတို့လည်း ပါရှိပေရာ လယ်ထွန်မင်္ဂလာပြုလုပ်ရာ ညီ့ အနီးတဝိုက် တွင် ကြီးမားသော ဇမ္ဗုသပြေပင်ရှိလေသည်။

ထိုသပြေပင်ရင်း၌ ကောင်းမွန်သော အဝတ်အထည်စသည့် ကားရံခင်းကျင်းပြီး ကောင်းမြတ်သည့်နေရာ၌ အလောင်းတော်မင်းသား ကို သိပ်ထားလျက် အထိန်းတော်များ စောင့်ကြပ်စေပြီးလျှင် လယ်ထွန် မင်္ဂလာပြုလုပ်လေသည်။

## အာနာပါန ကမ္မဋ္ဌာန်းဆင်ခြင်

သုဒ္ဓေါဒနမင်းကြီး လယ်ထွန်သည့်အခါတွင် ကြည့်ရှုနေကြသော နန်းတွင်းသူ နန်းတွင်းသားတို့မှာ အားရပါးရ ဝမ်းပန်းတသာနှင့်ရှိနေ ကြသကဲ့သို့ အလောင်းတော်၏ အထိန်းတော်များသည်လည်း မင်းကြီး လယ်ထွန်ပွဲကို မက်မက်မောမောကြည့်ရှုနေကြစဉ် အလောင်းတော်မင်း သားငယ်ကို မေ့လျော့နေခိုက် သိပ်ထားသော နေရာထက်၌ ထက်ဝယ် ဖွဲ့ခွေထိုင်တော်မူပြီး အာနာပါနကမ္မဋ္ဌာန်းတရားကို ဆင်ခြင်ကာ ပထမ ဈာန်ကိုဝင်စားလျက်ရှိသည်။

နံနက်ကာလမှစ၍ ညနေမွန်းလွဲသည့်တိုင်အောင် အခြားသစ်ပင် တို့၏ အရိပ်များသည် စောင်းရွေ့ပြောင်းလဲကြသော်လည်း အလောင်း တော်သိပ်ထားရာ ဇမ္ဗုသပြေပင်၏ အရွက်သည် အလောင်းတော် အပေါ်မှ မရွေ့မပြောင်းပဲ အလောင်းတော်အား ထီးဖြူဖြင့် အုပ်မိုး ထားသကဲ့သို့ တည်မြဲတိုင်း တည်မြဲနေလေသည်။

## ဖခင်ကြီးဒုတိယအကြိမ်ရှိခိုး

အချိန်ကြာမှ အလောင်းတော်ကို သတိရသည့်အခါ အထိန်း တော်များ ပြန်လာကြည့်ရှုကြရာတွင် ဇမ္ဗုသပြေရိပ်တည်နေပုံနှင့်တကွ အလောင်းတော်၏ တင့်တယ်စွာ ထိုင်နေသည်ကို မြင်ကြရသောကြောင့် ထိုအကြောင်းကို ဘုရင်မင်းကြီးအား . လျှောက်ထားကြလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် အထိန်းတော်တို့ လျှောက်ထားချက်ကို ကြားရသဖြင့် သားတော်အား လာရောက်ကြည့်သည့်အခါ နေစောင်းပြီဖြစ်သော်လည်း သားတော်၏ အပေါ်တွင် ဇမ္ဗုသပြေပင်ရိပ် ပျောက်ကွယ်ခြင်းမရှိပဲ အံ့ဖွယ်ကောင်းသော အခြေအနေတို့ကို တွေ့မြင်ရသဖြင့် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား ဒုတိယအကြိမ် လက်အုပ်ချီပြီး ရှိခိုးပြင်းပြုလေသည်။

**ပင်းစည်းစိမ် အပြည့်အဝခံစား**

ဤသို့အားဖြင့် အလောင်းတော်သည် တဖြည်းဖြည်း ကြီးပြင်းလာခဲ့ရာ၌ အသက်၁၆နှစ်အရွယ်သို့ ရောက်လာသည့်အခါ မင်းတကာတို့ထက် ထူးကဲလှသော ရာသီအလိုက် စံစားဖို့အဆောက်အအုံကြီးများမှာလည်း ပေါ်ပေါက်၍ လာလေသည်။

သိဒ္ဓတ္ထမင်းသားစံဖို့ အဆောက်အအုံတို့သည်ကား သိကြားမင်းခိုင်းစေချက်ဖြင့် သုကြုံနတ်သား ဆောက်လုပ်ပေးသော....

၁။ ဘုံ(၉)ဆင့်ရှိသည့် ရမ္မမည်သော ဆောင်းရာသီစံနန်းတော်၊

၂။ ဘုံ(၅)ဆင့်ရှိသည့် သုရမ္မမည်သော နွေရာသီစံနန်းတော်၊

၃။ ဘုံ(၇)ဆင့်ရှိသည့် သုဘမည်သော မိုးရာသီစံနန်းတော်။

ဤဘုံဘို့၌ ရာသီအလိုက် စံတော်မူရာတွင် အရွယ်အဆင်း ပြည့်တင်းကြွရှုလှပတင့်တယ် ရှုချင်ဖွယ် မောင်းမအပျိုတော် လေးသောင်းပတ်ဖြင့် ပြုစုယုယခြင်းကို ခံယူနေခဲ့သည်။

ရာသီအလိုက် ကောင်းမြတ်သည့် အဝတ်အထည်အမျိုးမျိုးကို ဝတ်ဆျက် နတ်သုဓါတမျှ အနံ့အရသာနှင့်ပြည့်စုံသော အစားအစာများနှင့်သာ ပွဲခံစားသောက်၍ စကြာဝတေးမင်္ဂလာတ်မင်းကြီးကဲ့သို့ ကာမဂုဏ်စည်းစိမ်အမျိုးမျိုးကို ခံစားလျက်ရှိလေသည်။

မိသွေးတော ဂေါတမီသည်ကား အလောင်းတော်ကို မိမိရင်သွေးပမာ ထိန်းသိမ်းကျွေးမွေး၍ ဂေါတမီ၏ သားရင်း နန္ဒမင်းသားကိုမူ နို့ထိန်းများဖြင့် လွှဲအပ်ထားလေသည်။

မဟာပဇာပတိဂေါတမီသည် နတ်ရွာစံ မဟာမာယာဒေဝီမိဖုရားကြီး၏ ညီမအရင်းဖြစ်သည်။

နန်းတော်သုံးဆောင်ကိုဆောက်လုပ်ပြီးနောက် အလောင်းတော် သိဒ္ဓတ္ထမင်းသားအား စံမြန်းဖို့အပ်လေသည်။

ထို့နောက် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သူ၏သားတော်အတွက် လျောက်ပတ်သော အိမ်ထောင်ရေးကိုပေးအပ်မှ ရဟန်းမပြုပဲ လူ့စည်းစိမ်တို့၌ မွေ့လျော်ပျော်ပါးနေမည်ကိုမြင်ရမည်ဟုကြံရွယ်၍ ဆွေတော် မျိုးတော် အပေါင်းတို့ထံသို့ သမီးရတနာ ပို့ဆက်လာဖို့ သဝဏ်လွှာများဖြင့် အကြောင်းကြားလိုက်သည်။

## ပညာမဲ့သူနှင့်သမီးရတနာမဆက်နိုင်

ဆွေတော် မျိုးတော်များက သုဒ္ဓေါဒနမင်းကြီး၏ အကြောင်းကြားစာရာဇသံကိုရကြသည်နှင့်တပြိုင်နက် ဆွေတော် မျိုးတော်အပေါင်းကမူ ဘုရင်သုဒ္ဓေါဒနမင်းကြီးအား ကဲ့ရဲ့ပြစ်တင် ဝေဖန်ကြလေသည်။

ပုဏ္ဏားတို့က မြောက်ပင့်ထားသောစကားတို့ဖြင့် သိဒ္ဓတ္ထမင်းသားကို 'ဘုရားဖြစ်လတ္တံ့' ဟု ပြောသည့် စကားကို ဂုဏ်ယူနှာတက်၍ 'မည်သည့် အတတ်ပညာကိုမျှ သိဒ္ဓတ္ထမင်းသားအား သင်ကြားခြင်းမရှိ။ အင်္ဂါရသ တတ်သိပွဲတွင် တခုခုမျှ မတက်ရောက်ပေ။ အဆင်းအဝါသာလှ၍ စွမ်းပကားပညာ ကင်းရကား မြို့တွင်း၌ပေါက်သော ပေါက်ပင်ကဲ့သို့ ဖြစ်သည်' ဟု ကဲ့ရဲ့ပြစ်တင်ပြီး 'မိမိတို့ရင်သွေးကို ပေး၍မလျော်'ဟု သမီးကညာဆက်ဖို့ငြင်းဆိုကြလေသည်။

ဤသို့ မင်းအချို့က ပြောပြလိုက်သောစကားများကို မှူးမတ်တို့မှတဆင့်သုဒ္ဓေါဒနမင်းကြီးကြားခဲ့လျှင် ဆတ်ဆတ်ခါနာ၍ မင်းကြီးက သားတော်၌ သိဒ္ဓတ္ထမင်းသားအား ပြောပြလိုက်သည်။

## လေးအတတ်ဖြင့်အစွမ်းပြ

ဖခမည်းတော်ပြောသည့်စကားကို ကြားလိုက်သည်နှင့်တပြိုင်နက် သိဒ္ဓတ္ထမင်းသားက ဖခမည်းတော်ထံခွင့်ပန်၍ ကြီးကျယ်သော မင်းရင်ပြင်ပေါ်တွင် ဗိုလ်ဘထောင်တင်ထိုက်သောလေးတော်ဖြင့် ဝက်ဝေဓိ, ခဂ္ဂဝေဓိ, ဝါလဝေဓိ,ဥဒကဝေဓိ, သဒ္ဒဝေဓိ, စသော လေးပြားအတတ်ကို မည်သူမျှမပြိုင်နိုင်အောင် ပြသတော်မူလေသည်။

အလောင်းတော်က အမျိုးမျိုးသော လေးမြားအတတ်ကို ပြလိုက်သည့်အခါ ဆွေတော် မျိုးတော် မင်းအပေါင်းတို့သည် တအံ့တသြ ချီးမွမ်းစကားပြောကြားလျက်သက်ဆောင်ပဏ္ဏာတို့နှင့်တကွ သမီးကညာတို့ကို ဆက်သဖို့လာကြတော့သည်။

ယင်းသို့ သမီးကညာဆက်ဖို့ လာကြသည်တို့တွင် ဒေဝဒဟပြည့်ရှင် ဘုရင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ဘဒ္ဒကစ္စာနာကို မောင်းမမိဿံ အခြံအရံနှင့်တကွ ဆက်သလာလေသည်။

## ကြင်လျာတော် ယသော်ဓယာဗိမ္ဗာဒေဝီ

သုဒ္ဓေါဒနဘုရင်၏နေပြည်တော် ကပိလဝတ်နိုင်ငံသို့ ဘဒ္ဒကစ္စာနာ ရောက်လျှင် လေးသောင်းသော မောင်းမများနှင့်တကွ ဘဒ္ဒကစ္စာနာကို ယသော်ဓယာဗိမ္ဗာဒေဝီ အမည်ပေးလျက် အဂ္ဂမဟေသီအရာ၌ ပကတိ နက်စည်းစိမ်နှင့်မခြား သိဒ္ဓတ္ထမင်းသားသည်ကပိလဝတ်ပြည့်ရှင် ဖခမည်းတော်သုဒ္ဓေါဒနမင်းကြီးနေရာ၌ စံစားတော်မူရမင်းဖြစ်လာလေသည်။

မိမိကိုယ်တိုင် ဆင်းရဲဒုက္ခများကို သိဒ္ဓတ္ထမင်းသားသည် ခံစားရခြင်းမရှိသော်လည်း ဆင်းရဲဒုက္ခခံစားနေသောလူများအတွက်လှိုက်လှိုက်လှဲလှဲ သနားကြင်နာတတ်သော 'မင်းတပါး'ဖြစ်သည်။

သိဒ္ဓတ္ထမင်းသားသည် လိုလေသေးမရှိ နတ်စည်းစိမ်တမျှ နန်းတော်တွင်း၌ စံစား၍နေခဲ့ရာတွင် သက်တော် ၂၉ နှစ်မြောက် ရောက်လာသည့်အခါ ဥယျာဉ်တော်သို့ထွက်စံဖို့စိတ်တော်ညွတ်လာ၍ နဝရတ်ကိုးပါးဖြင့် စီခြယ်အပ်သည့် ဝေဇယန် ရထားကိုစီးလျက် သိန္ဓောမြင်းလေးပါးနှင့် ဥယျာဉ်သို့ ထွက်တော်မူလာသည်။

## နိမိတ်လေးပါးမြင်ပြီ

အစဉ်သဖြင့် ဦးညွတ်လျက်ရှိသော တုဿိတာနတ်ပြည်မှ နတ်အပေါင်းတို့သည် အလောင်းတော်ကို ထာဝရ စောင့်ကြပ် လျက်ရှိကြသည်။

ထို့ကြောင့်ပင် တုသိတာနတ်တို့က အလောင်းတော် ရဟန်းပြုလုပ်ဖို့ အချိန်ရောက်ပြီဟု သံဝေဂရစေဖို့အတွက် အလောင်းတော်အား လှို့ဆော်ကာ စီးလာခဲ့သော ဝေဇယန် ရထားတော်ရှေ့မှ ဆံဖြူသွားကြေ အရေတွန့် အိုမင်းမစွမ်း သူအို, လူနာ, လူသေ, ရဟန်း, စသည့် နိမိတ်တို့ကို ဖန်ဆင်း၍ပြလေသည်။

ဥယျာဉ်တော်သို့ စီးတော်ရထားဖြင့် လှည့်လည် ကြည့်ရှုတော်မူရာ၌....

နိမိတ်လေးပါးကို မြင်ရာတွင် ရထားမှူးအား 'ဤသူတို့သည် မည်သူများဖြစ်ကြသနည်း' ဟု ပထမဆုံးတွေ့သော လူအိုမှစ၍ လူနာ, လူသေ, ရဟန်းတို့၏ အဖြစ်အပျက်ကို မေးမြန်းလေသည်။

ရထားမှူးက....

'အရှင်မင်းသား၊ ဤလူကား တဖြည်းဖြည်း တဖြည်းဖြည်း ကြီးပြင်းလာရာမှ လူအိုဖြစ်ပါသည်'

'အရှင်မင်းသား၊ ဤလူကား ရောဂါဝေဒနာဖြစ်နေသော လူနာဖြစ်ပါသည်'

'အရှင်မင်းသား၊ ဤသူကား လူ့ဘဝမှ မနေရတော့ပဲ သေဆုံးရသော လူသေဖြစ်ပါသည်'

'အရှင်မင်းသား၊ ဤသူကား လူအို, လူနာ, လူသေတို့ဘေးမှ လွတ်ကင်းဖို့ ရဟန်းအဝတ်ဖြင့်ကျင့်နေသော ရဟန်းဖြစ်ပါသည်'

ဟု လျှောက်ထားလိုက်ရာ သိဒ္ဓတ္ထမင်းသားသည် 'အိုခြင်း, နာခြင်း, သေခြင်း ဘေးတို့သည်ကား အလွန်အလွန် ကြောက်ဖို့ သံဝေဂရဖို့ ကောင်းလှပါတကား' ဟု သံဝေဂတရားရလျက် တောထွက်ပြီး ရဟန်းအလုပ်ဖြင့် ကျင့်ဖို့ စိတ်အကြံပေါ်ပေါက်လာလေသည်။

## သားတယောက်ဖွားမြင်

ယင်းသို့အကြံရှိနေစဉ်ပင်သိဒ္ဓတ္ထမင်းသား၏မိဖုရား ယသော်ဓရာမှ သားတော်ဖွားမြင်ကြောင်း လာရောက်သတင်းပို့ လျှောက်ထားသည့်အခါ သိဒ္ဓတ္ထမင်းသားသည် 'ငါ့အား အချုပ်အနှောင် အဟန့်အတားတခု ဖြစ်လာပေတကား' ဟု နှလုံးသွင်းဆင်ခြင်မိလေသည်။

မည်သို့ပင်ဖြစ်စေ တောထွက်ဖို့ ဆုံးဖြတ်ပြီးဖြစ်သောကြောင့် ယနေ့မှမွေးဖွားသော သားတော်ကို ရှုမြင်လိုသောဆန္ဒဖြင့် ယသော်ဓရာ ရွှေနန်းတော်သို့ဝင်၍ ကြည့်တော်မူလျှင် ရတနာသလွန်တော်ပေါ်၀ယ် နံ့သာဆီမီးရောင်တို့ဖြင့် အိပ်ပျော်နေရှာသော ယသော်ဓရာကိုမြင်လေသော် သားတော်အား ယူ၍ကြည့်လျှင် ယသော်ဓရာ နိုးမည်စိုး၍ 'နောင် ဘုရားဖြစ်မှ သားတော်ကို ကြည့်ရှုတော့မည်' ဟု ဆုံးဖြတ်ကာ မကြည့်ပဲ ယသော်ဓရာ၏တိုက်ခန်းမှ ပြန်လှည့်ခဲ့လေသည်။

## တောထွက်ပြီ

မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ၀ါဆိုလပြည့် တနင်္လာနေ့ည၊ သန်းခေါင်ချိန် သိဒ္ဓတ္ထမင်းသားသည် နန်းတော်မှထွက်၍ တောထွက်မည်ဟု ဆုံးဖြတ်လိုက်သည့်အတိုင်း ရှေးဦးစွာ ချစ်မြတ်နိုးသော မိဖုရား ယသော်ဓရာနှင့် ဟဦ တည်းသောသားတို့ကို စွန့်ပစ်ပြီး ကဏ္ဍကမြင်းဖြူ ကိုစီး၍ ဆန္နခေါ် မောင်ဆန်အမတ်နှင့်အတူ တောထွက်တော်မူခဲ့သည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော်သိဒ္ဓတ္ထမင်းသား တောမထွက်နိုင်ရန် နန်းတော်အတွင်း ကာမစည်းစိမ်အမျိုးမျိုးတို့ဖြင့် ပျော်ပါးစံစားစေလျက် အမျိုးသမီးအလှဘုရင်တို့ကို သောင်းနှင့်ချီ၍ ဖျော်ဖြေစေလျက် တာဝန်ပေးထားသည်။

အခြားတဘက်တွင် နန်းတော်မှ သားတော် ထွက်မသွားနိုင်အောင် လုံခြုံရေးအစောင့်အကြပ် လက်နက်ကိုင် တံခါးမှူး အမြောက်အမြားချထားလေသည်။

မည်သို့ပင် အစောင့်အကြပ်တို့ဖြင့် ခိုင်ခိုင်မာမာ ပြုလုပ်ထားစေကာမူ အလောင်းတော်ကား သူ၏ ပိုင်းဆန္ဒအတိုင်း တောထွက်ဖို့ အစီအစဉ်ဖြင့် တောထွက်လေတော့သည်။

ဘုရားအလောင်းတော်ဘို၏ တောထွက်ဖို့ရာ အတိတ်နိမိတ်သည် ရှေးရှေး အသက်ရှည်သော ဘုရားအလောင်းတော်များကဲ့သို့ အနှစ်တရာရှိမှ နိမိတ်ဘပါးကို မြင်ရသည်မဟုတ်။ ကျွန်ုပ်တို့ အလောင်းတော်သည်ကား အသက်တိုသောကာလ၌ ဖြစ်လာရခြင်းကြောင့် လေးလတခါ နိမိတ်ကြီးများကို မြင်လာရခြင်းဖြစ်ပေသည်။

## သားတော်အမည်ရာဟုလာ

သားတော်မွေးဖွားပြီးသတင်းကို သံတော်ဦးတင်၍ ကြားသိသည်နှင့်တပြိုင်နက် အလောင်းတော် ဝမ်းသာအားရ မရှိလှပေ။ စိုးပ်ညှိုးနွမ်း မရွှင်မလန်းဖြစ်ခြင်းကြောင့်....

'ရာဟုလာ ဇာတော၊ ဗန္ဓနံ ဇာတံ'
စသည်ဖြင့် ညည်းညူတော်မူလိုက်သည်။

အဓိပ္ပာယ်ကား 'လကိုရာဟုဖမ်းသကဲ့သို့ မယားဟူသော ယသော်ဓယာ၏ အနှောင်အဖွဲ့တခုမှ သား ဟူသော အနှောင်အဖွဲ့တခု ထပ်မံရောက်ရှိလာပြန်သည်' ဟူ မိန့်ဆိုခြင်းဖြစ်ပေသည်။

သိဒ္ဓတ္ထမင်းသား ဤသို့ညည်းညူသည်ကို ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူသည်နှင့် ၎င်း၏မြေးတော်အမည်ကို 'ရာဟုလာ' ဟု မှည့်ခေါ် ကင်ပွန်းတပ်ခဲ့ခြင်းဖြစ်ပေသည်။

## ဘွားဘက်မောင်ဆန်နှင့်ကဏ္ဍကတို့လည်းလိုက်ပါ

အလောင်းတော်သည် မိမိခံစားတော်မူသော နန်းတော်ကြီးနှင့်တကွ ဇနီး, သား, အခြွေအရံအားလုံးတို့ကို စွဲလမ်းခြင်းမရှိ၊ မစင်သင်ပုပ်ပမာ စက်ဆုတ်ဖွယ်မြင်လာသည်နှင့်တပြိုင်နက် တောထွက်ဖို့ အဆုံးအဖြတ်ရှိသည်နှင့်အညီ ဘွားဘက်တော်မောင်ဆန်နှင့် ကဏ္ဍကမြင်းတော်တို့ကို လှေကားရင်းမှအသင့်စောင့်ဖို့ အမိန့်ပေးလိုက်သည်၊

မောင်ဆန်နှင့် ကဏ္ဍကမြင်းတို့သည် အမိန့်အတိုင်း ဝမ်းမြောက်ဝမ်းသာ အသင့်ပင် စောင့်နေကြသည်။

ကဏ္ဍကမြင်းသည် အလျား ၁၈ တောင်၊ အရပ် ၈ တောင်မြင့်သောမြင်းဖြစ်၍ အလောင်းတော်သည် ကဏ္ဍကမြင်း၏ ကျောကုန်းပေါ်၌တက်စီးပြီး ဆန္နအမတ်ကိုမူ အမြီးကိုဆွဲကိုင်စေလျက် သုံးယောက်သားတို့သည် နန်းတော်မှ ထွက်တော်မူလေတော့သည်။

အလောင်းတော်တောထွက်သောနေ့ကား သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့် တနင်းလာနေ့ သန်းခေါင်ယံအခါ ဥတ္တရာသာဠ်နက္ခတ်နှင့် စန်းမြဘ်ယှဉ်ခိုက် တောထွက်ခြင်းဖြစ်ပေရာ အလောင်းတော်၏ သက်တော်မှာ ၂၉နှစ် ဖြစ်ပေသည်။

ဤသို့ အလောင်းတော် တောထွက်သည့်အခါတွင် မြင်းတော် ကဏ္ဍက၏ ခြေသံ စသည်တို့ကို နန်းတွင်းသူ နန်းတွင်းသားတို့နှင့်တကွ ပြည်သူပြည်သားတို့ပါ မည်သည့်အသံကိုမျှ မကြားစေဖို့ မြင်းတော်၏ ခြေကို နတ်လေးပါးတို့က လက်ဝါးဖြင့်ခံလျက် လုံခြုံစွာပိတ်ထားသော နန်းတော်မြို့တံခါးအားလုံးကိုလည်း နတ်များကပင်ဖွင့်ပေး၍ အလောင်းတော်သည် မင်္ဂလာရှိသော တံခါးကြီးမှ အေးချမ်းသာယာစွာ တောထွက်တော်မူခဲ့သည်။

## ယသော်ဓယာ ရင်ထုမနာဖြစ်

သိဒ္ဓတ္ထမင်းသားနှင့် ဆန္နအမတ်တို့ တောထွက်တော်မူကြောင်းသိရ၍ နံနက်ပိုးသင်းအချိန်သို့ ရောက်လာသည်နှင့်တပြိုင်နက် ဘဒ္ဒကစ္စနာခေါ် အဂ္ဂမဟေသီ ယသော်ဓယာမိဖုရားသည် ရင်ထုမနာ မနေနိုင်မထိုင်နိုင်အောင် ပူဆွေးဒုက္ခ သောကမီးတောက်လောင်လျက် သိဒ္ဓတ္ထမင်းသား၏ ဖခမည်းတော် [illegible] ရှိရာ နေအိမ်သို့ အပူတပြင်း ပြေးလွှား၍ ငိုယိုပြီး တောထွက်ကြောင်းအဖြစ်သနစ်ကို တိုင်တန်းတင်ပြလေသည်။

သုဒ္ဓေါဒနမင်းကြီးကား သမီးတော် ချွေးမ ယသော်ဓယာက ပူဆွေးငိုကြွေးသောကြောင့် သားတော်တောထွက်ကြောင်း စကားကို ကြားရသည်နှင့်တပြိုင်နက် အားခဲထားသော သားတော်အပေါ် ရင်ထုမနာဖြစ်ခဲ့ပြီး သမီးတော် ချွေးမကိုလည်း ကြင်နာယုယစိတ် သောက မပျောက်ပို့ သုံးမစကားဖြင့် ပြောပြ အားပေးလေသည်။

## မာရ်နတ်တားပြီ

ဤသည်တွင် သိဒ္ဓတ္ထမင်းသားနှင့် ကျွန်အရှင်နှစ်ယောက်တို့သည် မြို့ပြင်သို့ရောက်လေသော် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်း ချက်ချင်း ထွက်ပေါ်လာပြီး သိဒ္ဓတ္ထမင်းသားအား 'အဘယ့်ကြောင့် ဆင်းရဲဒုက္ခကို ခံသွားလိုသနည်း၊ ဤနေ့မှ ခုနစ်ရက်မြောက်လျှင် သင်သည် စကြာရတနာ ဆိုက်ရောက်လာတော့မည်။ ကျွန်းကြီးလေးကျွန်းကို အစိုးရသော စကြာဝတေးမင်းကြီးဖြစ်လာမည်။ ထို့ကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့်

တွေ့ရမည့် တောထဲသို့ သွားရောက်တောမယှက်ပဲ ဤနေရာကပင် ပြန်လော့၊ နန်းတွင်းသို့ ဝင်ပါ'ဟု ပြောဆိုလေသည်။

အလောင်းတော်သည် မာရ်နတ်၏စကားကိုကြားခြင်းမှာ ပါးသီး လှသော စကားဟု နားတွင်းသို့မဝင် စိတ်ထဲမရောက်ပဲ 'ဟယ်... မာရ်နတ် မင်း သင်ပြောသော စကြာဝတေးမင်းအဖြစ်ကို ကျွန်ုပ်မလိုလားပေ။ ကျွန်ုပ်ကား ဘုရားစင်စစ် ကေန်ဖြစ်ဖို့ကြိုးစား၍ အားထုတ်မည်။ ဘုရား ဖြစ်ပြီး သတ္တဝါများကို ကယ်တင်ဖို့သာ ကျွန်ုပ်အလိုရှိသည်။ သင့်စကား ကြောင့် ငါ တောမထွက်ပဲ နောက်သို့ တဖန်ပြန်မည်မဟုတ်။ ဟယ်.... မာရ်နတ်၊ ငါ့ရှေ့မှာ သင်မနေနှင့်၊ ယခုပင် ရှောင်ရှားလော့'ဟု မိန့်တော် မူလိုက်သည်။

မာရ်နတ်သည် အလောင်းတော်၏ မိန့်ဆိုချက်ကို ကြားရသည့် အခါ စိတ်အားလျော့ပြီး 'နောင်မှသိစေမည်'ဟု ကြုံးဝါးလျက် ချက်ချင်း ကွယ်ပျောက်ခဲ့လေသည်။

အလောင်းတော်တို့ မြို့နှင့်အတန်ငယ်ဝေးကွာလာသည့်အခါ မိမိ စံခဲ့သော မဟာကပိလဝတ်နိုင်ငံကြီးကို ပြန်ကြည့်လိုသော ဆန္ဒ ဖြစ်ပေါ် လာသည်နှင့်တပြိုင်နက် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်သဖွယ် တုန်လှုပ်လှည့်လည်ပြသည်ကိုပင် မြင်ရလေသည်။

ကပိလဝတ်နိုင်ငံမှ ယူဇနာသုံးဆယ်အကွာ အနော်မာမြစ်ကို ညတွင်းချင်းပင် ရောက်ကြတော့သည်။

အလောင်းတော်က 'ဤမြစ်ကား အဘယ်အမည်တွင်သနည်း'ဟု မေးလိုက်သည့်အခါ....

ဆန္ဒအမတ်က 'အနော်မာမြစ်အမည်ရှိပါသည်'ဟု လျှောက်ထား သဖြင့် ထိုမြစ်ကို ကူးကြလေသည်။

မြင်းတော်ကဏ္ဍကသည် လေ၏လျင်မြန်ခြင်းကဲ့သို့ ဆန္ဒအမတ်နှင့် အလောင်းတော်ကိုဆောင်၍ ရှစ်ဥသဘာကျယ်သည့် အနော်မာမြစ်ကို ခုန်လိုက်သည်နှင့် တဘက်ကမ်းသို့ ငြိမ်ငြိမ်သက်သက်၊ အေးချမ်းသာယာစွာ ရောက်ကြလေသည်။

## ဆံတော်များ တာဝတိံသာ၌ စူဠာမဏိစေတီတည်

တဘက်ကမ်းဘွင် ဖြူဝင်းသစ်လွင် ငွေသဲပြင်ဝယ် ယင်ပျဉ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး လက်စွဲတော်သန်လျက်ဖြင့် ဆံတော်ကို ကိုယ်တော်တိုင် ဖြတ်တော်မူလေသည်။

ထို့နောက် 'ငါသည် ဘုရားကေန်ဖြစ်မည်မှန်လျှင် ငါ့ဆံတော်တို့သည် ကောင်းကင်၌ တည်နေစေဘတည်း'ဟု အဓိဋ္ဌာန်ဖြင့် မကိုဋ်ပေါင်းတော်နှင့်တကွ ဆံတော်ကို ပစ်မြှောက်လိုက်ရာ မကိုဋ်နှင့်တကွ ဆံတော်အစုသည် တယူဇနာခန့်မြင့်သော ကောင်းကင်တွင် ပန်းဆိုင်းဆွဲသကဲ့သို့ တည်၍ နေလေသည်။

သိကြားမင်းသည် အလောင်းတော်၏ ဆံတော်စုကို မြင်သည်နှင့် တပြိုင်နက် ရတနာပန်းတောင်းဖြင့် ခံယူပြီးလျှင် တာဝတိံသာနတ်ပြည်တွင် စေတီတော်တည်၍ ကိုးကွယ်ထားလေသည်။ ထိုစေတီကို စူဠာမဏိဟုခေါ်တွင်ကြသည်။

အလောင်းတော်၏ ဦးခေါင်း၌ ကျန်ရစ်ခဲ့သော လက်နှစ်သစ်မျှရှိသည့် ဆံတော်များကား ဦးခေါင်းတော်ကို လက်ယာရစ်၍ ကပ်ပြီးလျှင်သပ်ရပ်တင့်တယ်စွာ အသက်ထက်ဆုံး တည်တော်မူလျက်ရှိသည်။

## ဝတ်လဲတော်များ ဗြဟ္မာပြည့်၌ ဒုဿစေတီတည်

အလောင်းတော်သည်။ ငါဝတ်ဆင်ထားသော တန်ဖိုးကြီးလှသည့် ကာသိတိုင်းဖြစ်ပုဆိုးစသည်တို့သည် ရသေ့ရဟန်းတို့နှင့် မလျော်ကပ်တော်ချေ ပါတကား'ဟု အကြံတော်ဖြစ်သဖြင့် ကဿပမြတ်စွာဘုရားလက်ထက်က မိတ်ဆွေရင်းဖြစ်ခဲ့သောဃဋိကာရ ဗြဟ္မာမင်းကြီး ရရှိလေသည်။

ကမ္ဘာတည်စကပင် ပဒုမ္မနိမိတ်ဖြစ်သည့် ကြာပင်တွင် အစုံပါရှိတော်မူသော....

(၁) ဒုကုဋ်နှစ်ထပ်သင်္ကန်း၊
(၂) ကာယဗန္ဓနကိုယ်ရုံသင်္ကန်း၊
(၃) သင်းပိုင် ကိုယ်ဝတ်သင်္ကန်း၊
(၄) ခါးပန်းကြိုး၊
(၅) သပိတ်၊
(၆) ပဲကွပ်၊
(၇) ရေစစ်၊
(၈) အပ်။

ဤပရိက္ခရာရှစ်ပါးကို ယူဆောင်သိမ်းဆည်း၍ ထားခဲ့ရာမှ အလောင်းတော်၏ အလိုကိုသိသောကြောင့် လာရောက်ဆက်ကပ်လေသည်။

ဃဋိကာရဗြဟ္မာကြီးသည် အကနိဋ္ဌဘုံ၌ စံတော်နေသော ဗြဟ္မာကြီးဖြစ်သည်။

ကာသိကရာဇ်တိုင်းဖြစ် တန်ဖိုးကြီးလှသော ပုဆိုးကို အလောင်းတော်သည် ပယ်ပစ်လိုက်ပြီး ဗြဟ္မာကြီးကပ်လှူသော ပရိက္ခရာရှစ်ပါးကို ခံယူဆင်မြန်းကာ ရဟန်းပြုတော်မူလေသည်။

ပယ်စွန့်လိုက်သော တန်းဖိုးကြီးလှသည့် ဝတ်စုံပုဆိုးစသည်တို့ကို ဃဋိကာရဗြဟ္မာကြီးကပင် ယူဆောင်ပြီး အကနိဋ္ဌဗြဟ္မာဘုံ၌ ဌာပနာ၍ စေတီတည်ထားလေသည်။ ထိုစေတီကို ဒုဿစေတီဟု ခေါ်တွင်သည်။

## ဆန္နအမတ်နှင့်ကဏ္ဍကမြင်းတို့ ပြန်တော့

သိဒ္ဓတ္ထမင်းသားသည်ကား အသက်အရွယ်ကြီးရင့်မှ ရဟန်းပြုခြင်းမျိုးမဟုတ်ပေ ကာမဂုဏ်အာရုံကိုခံစား စံစားနိုင်သည့်အရွယ်ကပင် ရဟန်းပြုခြင်း ပြည့်စုံကြွယ်ဝသောဘဝမှ ရဟန်းပြုခြင်းတို့ကြောင့် ထူးခြားလှသော စွန့်စားမှုကြီးပင် ဖြစ်လေသည်။

သက်တော်အားဖြင့် ၂၉ နှစ်အရွယ် ပျော်ဖို့ ပါးဖို့ လူချမ်းသာ ကာမစည်းစိမ်ကို မက်ဖို့အရွယ်၊ အသက်အရွယ်အားဖြင့် နန်းစည်းစိမ်နှင့် ဩဇာအာဏာကြွယ်ဝသော နန်းတော်ကို စွန့်ပစ်နိုင်ဖို့ သာမန်လူတို့အနေဖြင့် ခက်ခဲလှသော အချိန်အခါဖြစ်ပေသည်။

သို့သော် အလောင်းတော်သည် ကဏ္ဍကမြင်းနှင့် တကွ ဆန္နအမတ်ပါ ကပိလဝတ်ပြည်တော်မှထွက်လာခဲ့ပြီး ဆံတော်ကိုပင်ပယ်ပြီးဖြစ်ပေသည်။

တဘက်ကမ်းသို့ရောက်သည့်အခါတွင်မူ ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတို့ကို သူ၏နိုင်ငံ ကပိလဝတ်ပြည်သို့ပြန်ကြဖို့ ခပ်တင်းတင်းအမိန့်ပေး၍နှင်လေသည်။

ဆန္နအမတ်က 'ကျွန်ုပ်သည် အရှင်နှင့်တကွ ရေချိုးရချမ်း ကမ်းလှမ်းပြီး လုပ်ကျွေးဖို့ လိုက်ပါရစေ' ဟုလျှောက်ကားသည်။

## ကဏ္ဍကမြင်း စိတ်သောကဖြင့် သေ

အလောင်းတော်က ခွင့်မပြု၊ ခုင်ပြန်ကြဖို့ ဒဏ်မိန့်ပေးနေခြင်း ကြောင့် ဆန္ဒနှင့် ကဏ္ဍကမြင်းတို့သည် ပူဆွေးသောကဖြင့်ပြန်လာကြ ရာဝယ် အနော်မာမြစ်ကမ်းတဘက်သို့ ရောက်လျှင်ပင် ကဏ္ဍကမြင်း သည် လွမ်းဆွတ်သောစိတ်ဖြင့် ကွယ်လွန်ခဲ့ရာ တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သားအထင်အရှားဖြစ်နေလေသည်။

အမတ်မောင်ဆန်တဦးတည်းသာ နိုင်ငံကိုပြန်ဖို့အတွက် ကဏ္ဍက၏ ပစ္စည်းများကိုပါ ယူဆောင်ပြီး ကဏ္ဍကကိုလည်းသင်္ဂြိုဟ်မြှုပ်နှံခဲ့သည်။

ဆန္ဒအမတ်မှာ ပစ္စည်းများကို ထမ်း၍ မျက်ရည်များယိုစီးလျက် နန်းတော်သို့ တယောက်ထီးတည်း ရောက်ရှိလာပြီး ဘုရင် သုဒ္ဓေါဒန မင်းကြီးနှင့်တကွ ဆွေတော် မျိုးတော် အပေါင်းတို့အား ပြန်ကြား တင်ပြသည်။

နန်းတော်သူ နန်းတော်သား ဆွေတော်မျိုးတော် အပေါင်းတို့ ငိုကြွေးကြခြင်းကြောင့် နန်းတော် တခုလုံး ငိုသံများဖြင့် ဆူညံလျက် ရှိခဲ့သည်။

## အလောင်းတော် ရာဇဂြိုဟ်မြို့ဆွမ်းခံဝင်

အလောင်းတော်သည် ရဟန်းပြုပြီးနောက် အနုပိယခေါ် သရက် တောကြီးသို့ဝင်၍ ထိုမှ ခုနစ်ရက်လွန်သောအခါ ရာဇဂြိုဟ်မြို့ အရှေ့ တံခါးမှ မြို့တွင်းသို့ဝင်၍ အိမ်စဉ်လျှောက်ပြီးလျှင် ဆွမ်းခံ ဝင်တော်မူ လေသည်။

အနုပိယ သရက်တောကြီးနှင့် ရာဇဂြိုဟ်မြို့တို့မှာ ယူဇနာသုံးဆယ် ကွာခဝးသည်။ အလောင်းတော်သည် ခြေကျင်လျှောက်၍ နေ့ချင်း အရောက် ဆွမ်းခံမိကြွတော်မူလေသည်။

အလောင်းတော်အား ပရိက္ခရာ အစုံဝတ်ဆင်ပြီး သပိတ်ကြီး ကိုင်၍ ဆွမ်းခံနေသည်ကို မြို့သူ မြို့သားတို့ မြင်ကြလေလျှင် 'လူထူး လူဆန်းပင်ဖြစ်သလော၊ နတ်ပင် ဖြစ်သလော' ဟု တမြို့လုံး အံ့သြ တသင့် တီးတိုးစကားပြောကြရာမှ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး ကြားသိလျှင်ကြားချင်း အလောင်းတော်၏နောက်မှ လိုက်၍ စုံစမ်းဖို့ အမိန့်ပေးလေသည်။

သပိတ်ထဲတွင် ထည့် လောင်း လိုက် သော အစား အစာတို့ကို ယူဆောင်၍ အလောင်းတော်သည် မြို့တွင်းမှ အရှေ့မျက်နှာရှိ ပဏ္ဍဝ တောရိပ် သို့ ကြွရောက်ပြီး ထိုတောရိပ်တွင် ထိုင်တော်မူလေသည်။

အလောင်းတော်သည် အိမ်ပေါက်စေ့မှ ရရှိခဲ့သော ဆွမ်းဟင်း တို့ကို ဘုဉ်းပေးဖို့ ကြည့်ရှုတော်မူရာတွင် အရောရော အနှောနှော ဆွမ်း ဟင်းလျာတို့ကို နန်းတွင်းနေ မင်းဖြစ်ခဲ့သော အလောင်းတော် မြင်ရ သည့်အခါ စိတ်မကြည်မသာပျို့အန်လုမတတ်ရှိခဲ့သည်။ သို့သော် စိတ် တော်ကို ဆုံးမလျက် ထိုထို ဆွမ်းဟင်းလျာများကို ဘုဉ်းပေးတော်မူ လေသည်။

## ဗိမ္ဗိသာရမင်းက ပြည့်စည်းစိမ် တဝက်ပေး

ဗိမ္ဗိသာရ မင်းကြီး၏ ခိုင်းစေချက်အရ ထောက်လှမ်းကြသော မှူးမတ်တို့သည် အလောင်းတော်၏အခြေအနေကို တင်ပြသည်နှင့်တပြိုင် နက် ဗိမ္ဗိသာရမင်းကြီးသည်နန်းတော်မှချက်ချင်းထွက်လာပြီး အလောင်း တော်ကို မေးမြန်းလေသည်။

သုဒ္ဓေါဒနမင်းကြီး၏သား ဘုရားအလောင်းဖြစ်ကြောင်းကို သိရ သည့်အခါ ဗိမ္ဗိသာရမင်းကြီးက 'အရှင်၏ အသက်အရွယ်မှာ ငယ်ပါ သေးသည်။ ကျွန်ုပ်၏နိုင်ငံကို တဝက်ခွဲ၍ပေးပါမည်။ ရာဇဂြိုဟ်ပြည်တွင် အေးချမ်းစွာ စံနေတော်မူပါ' ဟု လျှောက်ထားဖိတ်ကြားလေသည်။

အလောင်းတော်ကမူ ဗိမ္ဗိသာရမင်းကြီးအား 'မင်းစည်းစိမ်ကို မှီ၍ ပွားများလာသော အကုသိုလ်ဒုစရိုက်ငါမလို၊ သံသရာ၌ နစ်မွန်းရ ခြင်း၏အကြောင်းသာဖြစ်ချေသည်။ ထို့ကြောင့် ပြည်၏စည်းစိမ်ကို ကျွန်ုပ်၏ တံတွေးပေါက်ကဲ့သို့ ရွံရှာ၍ ငါစွန့်ခဲ့ပြီးဖြစ်သည်။ မင်းကြီး၏ ဖိတ်ကြားချက်ကို အလိုမရှိ' ဟု ပယ်တော်မူလိုက်သည်။

## ဘုရားဖြစ်လျှင် ရှေးဦးစွာ ရာဇဂြိုဟ်ကြွပါ

မင်းကြီးက ဝမ်းမြောက်ဝမ်းသာ သာဓု၊ သာဓုခေါ်ပြီး' ဖိတ် ကြားချက်ကို လက်မခံလျှင် နောင်ဘုရားစင်စစ်ဖြစ်သောအခါ ရာဇဂြိုဟ်

ပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ’ဟု လျှောက်ထားသည်ကို ဝန်ခံတော်မူပြီး ထိုနေရာမှ ကြွတော်မူလေသည်။

## အာဠာရနှင့် ဥဒကရသေ့ထံ ချဉ်းကပ်

ကာလာမအမျိုးအနွယ်ဖြစ်သောအာဠာရ ရသေ့ထံသို့အလောင်းတော် ချဉ်းကပ်၍ စျာန်သမာပတ်ကို နှီးနှောအားထုတ်လေသည်။

အာဠာရ ရသေ့ထံတွင် အားထုတ်ရာ၌ လောကီစျာန်နှစ်တန်ကို အလောင်းတော်ရရှိလေသည်။

ထို့နောက် ဥဒကရသေ့ထံချဉ်းကပ်၍ အထက်စျာန်ကိုစီးဖြန်းသော် ရှစ်တန်သောသမာပတ်ကိုရလေသည်။

## ဥရုဝေလတောသို့ကြွ

အလောင်းတော်က ‘ထိုထို ဤဤ သမာပတ်တို့မှာ မြတ်သော သဗ္ဗညုတဉာဏ်၏ အကြောင်းမဟုတ်ချေ။ အကြောင်းကို ရှာဖွေဦးမှ ဖြစ်မည်’ ဟု အကြံတော်ရ၍ ထိုရသေ့တို့ထံမှဥရုဝေလတောသို့တကိုယ်တည်းကြွတော်မူခဲ့သည်။

ဥရုဝေလတောတွင် ကောဏ္ဍည,ဝပ္ပ,ဘဒ္ဒိယ,မဟာနမ်,အဿဇိ, ပဉ္စဝဂ္ဂီတို့၏အလုပ်အကျွေးဖြင့် ဝိပဿနာကမ္မဋ္ဌာန်းတရားကိုအားထုတ်လေသည်။

## မစားမသောက်ပဲ အပြင်းအထန်အားထုတ်

ဤသို့အားထုတ်ရာ၌ မည်မျှဒုက္ခခံ၍ အားထုတ်သည်တို့ကို စာဖြင့်ရေးသား၍ တင်မပြနိုင်လောက်အောင်ကြိုးစားအားထုတ်ရာတွင် တနေ့လုံးအဘွက် ဆွမ်းဘဆုပ်ဘည်းဖြင့် လည်းကောင်း၊ သစ်သီးတလုံးဖြင့် လည်းကောင်း၊ နှမ်းဘစေ့ ဆန်တစေ့ဖြင့် လည်းကောင်း သုံးဆောင်

စားသောက်၍ ကမ္မဋ္ဌာန်းတရားကိုကျင့်ပြီး နေ့ရက်တို့ကို ကုန်လွန်စေခဲ့သည်။

တခါတရံတွင်မူ မည်သည့်အစာအာဟာရကိုမျှ မသုံးဆောင်ပဲ ကမ္မဋ္ဌာန်းတရားကို ကျင့်မြဲကျင့်လျက်နေခဲ့သည်။

အလောင်းတော်၏ ရုပ်ခန္ဓာသည်ကား တနေ့တခြား ညှိုးနွမ်းတော်မူလျက်၊ လက္ခဏာတော်ကြီးငယ်တို့သည်အလုံးစုံပျောက်ကွယ်လာသည်။

အလောင်းတော်သည် ဘုရားစင်စစ် ဧကန်ဖြစ်ဖို့အတွက် အလွန်ခက်ခဲသော ဒုက္ကရစရိယာကို ကျင့်တော်မူခြင်းဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း နှမ်းတစေ့၊ ဆန်တစေ့မျှမှီဝဲရာမှ မည်သည့် အစာအာဟာ ကိုမျှ မသုံးဆောင်ပဲ ဖြတ်လိုက်သည့်အခါတွင် နတ်တို့က မွေးညင်းပေါက်များမှ နတ်သြဇာဓာတ်များကို သွင်းပေးမည်ဟု ဆိုသောကြောင့် အစာအာဟာရ လုံးဝမဖြတ်ပဲနေလေသည်။

## လက္ခဏာ ၃၂-ပါးကွယ်ပျောက်

ပကတိအားဖြင့် ရွှေအဆင်းနှင့်တူသောကိုယ်ကာယသည် မည်းညစ်၍ နေတော့သည်။ ထင်ပေါ်နေသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာများသည်လည်း ကွယ်ပျောက်ခဲ့ကြသည်။

ဤသို့အားဖြင့် ဆင်းရဲပင်ပန်းစွာ ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သည်မှာ ခြောက်နှစ်တိုင်တိုင်ကြာခဲ့လေသည်။

အစာအာဟာရကင်းမဲ့သော ကိုယ်တော်သည် ညှိုးရော်ရုံမက တခါတခါ မိန်းမော၍ လဲတော်မူလေသည်။ ထိုသို့ မိန်းမောလဲတော်မူသည်ကို အချို့နတ်တို့က ‘ သိဒ္ဓတ္ထမင်းသား သေပြီ’’ဟု ယူဆ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား အကြောင်းကြားကြသည်။

သုဒ္ဓေါဒနမင်းကြီးကမူ အကြောင်းကြားသူတို့အား‘‘သားတော်သေရသည်မှာ ဘုရားဖြစ်မှ သေလေသလား၊ ဘုရားမဖြစ်မီ သေလေသလော’’ဟု မေးမြန်းသည့်အခါ ‘‘ဘုရားဖြစ်ဖို့အားထုတ်နေဆဲ၌ သေသည်’’ဟု ပြောကြသည်။

သုဒ္ဓေါဒနမင်းကြီးကမူ သူ၏ဆရာ ဒေဝီဠရသေ့ကြီး မိန့်ကြားသောစကားနှင့် ဇမ္ဗုသပြေပင်ရိပ်တွင် ထူးခြားသော တန်ခိုးနိမိတ်များကို ယုံကြည်၍ ‘‘ဘုရားမဖြစ်ပဲ သားတော်မသေနိုင်ချေ၊ ဧကန် ဘုရားဖြစ်မည်။ ထို့ကြောင့် သင်တို့စကားကို မယုံနိုင်’’ဟု မိန့်ဆိုလိုက်သည်။

အလောင်းတော်သည် မိန်းမောနေရာမှ ကာလသောအခါ ထိုနတ်များကပင်လျှင် ''မင်းကြီး၏သား မသေပါ''ဟု သုဒ္ဓေါဒနမင်းကြီးအား ပြန်၍ပြောကြသည်။

## သစ္စာ ပညာ ဝီရိယ သမာဓိတို့ကို သတိနဲ့ထိန်းချုပ်

အလောင်းတော်သတိရ၍ ထတော်မူပြီး ခြောက်နှစ်တိုင်တိုင် ဆင်းရဲပင်ပန်းစွာကျင့်ခြင်းဖြင့် ဘုရားမဖြစ်နိုင်၊ သဒ္ဓါလွန်လျှင်ကွန့်သည်။ ပညာလွန်လျှင်ယုံ့သည်။ ဝီရိယလွန်လျှင်ပြန့်သည်။ သမာဓိလွန်လျှင်တွန့်သည်။ သတိသာလျှင် လွန်သည်မရှိ၊ လိုသည်သာရှိသည်။

ထို့ကြောင့် ယခုငါသည် အစာအာဟာရကိုမျှတစေပြီး သဒ္ဓါနှင့် ပညာ ဝီရိယနှင့် သမာဓိတို့ကို မျှစေအံ့ဟု ကြံပြီးလျှင် ထိုထိုရွာနိဂုံးများသို့ လှည့်လည်ကာ ခံအပ်သောဆွမ်းကို ဘုဉ်းပေးတော်မူလေသည်။

ဆွမ်းဘုဉ်းပေးလျှင် ဘုဉ်းပေးချင်း လက္ခဏာတော်ကြီးငယ်တို့သည် တင့်တင့်တယ်တယ်ပြန်၍ပေါ်လာလေသည်။

ပဉ္စဝဂ္ဂီတို့ကမူ အလောင်းတော် သိဒ္ဓတ္ထမင်းသား အစာအာဟာရကို ဖြတ်တောက်၍ ခြိုးခြံ့ကျင့်၍မျှ ဘုရားမဖြစ်နိုင်ပါပဲလျက် ယခုအခါ အစာအာဟာရကို ပြုဝဲသုံးဆောင်၍ကျင့်ခြင်းအားဖြင့် အဘယ်မှာလျှင် ဘုရားဖြစ်အံ့နည်း''ဟု တဦးနှင့်တဦး တိုင်ပင်နှီးနှော၍ တီးတိုးစကားဖြင့် ပြောဆိုပုတ်ခတ်လာကြသည်။

## ပဉ္စဝဂ္ဂီတို့နှင့်ခွဲခွာ၍ မိဂဒါဝုန်တောသို့

နှီးနှောပုတ်ခတ်လာရုံသာမကပဲ''ဤမင်းသားကို မှီခိုအားထား၍နေခြင်းဖြင့် တရားထူးရနိုင်ဖို့မရှိချေ၊ ထို့ကြောင့် သိဒ္ဓတ္ထနှင့်ခွဲ၍နေကြမည်''ဟု တိုင်ပင်ပြီးနောက် မိမိတို့၏သပိတ်သင်္ကန်းကိုလွယ်၍ အလောင်းတော်အား ကန်တော့ထားလျက် မိဂဒါဝုန်တောသို့ ဖယ်ရှောင်ခဲ့ကြသည်။

မိဂဒါဝုန်တောကား ပဉ္စဝဂ္ဂီတို့နေထိုင်ရာဒေသနှင့် တထယ့်ရှစ် ယူဇနာဝေးကွာသည်။

ဤသို့အားဖြင့် အလောင်းတော်သည် မဇ္ဈိမပဋိပဒါ အလယ် အလတ်လမ်းစဉ်ကိုလိုက်၍ကျင့်ဖို့ လိုအပ်သောတရားကိုရနိုင်ဖို့ ကိုယ်တော် တပါးတည်းကျင့်တော်မူလေသည်။

## ဘုရားဖြစ်ဖို့ အိပ်မက်ငါးပါးမြင်မက်

သက္ကရာဇ် ၁၀၃-ခု ကဆုန်လဆန်း ၁၄ ရက် အင်္ဂါနေ့ညဥ့်အချိန် တွင် အလောင်းတော်သည် ကြီးစွာသော အိပ်မက်ကြီး ငါးပါးကို မြင်မက်တော်မူသည်။

(၁) ဇမ္ဗူဒိပ်မြေပြင်ကို အိပ်ရာပြုလျက် မြောက်ဟိမဝန္တာတောင်မင်း ကို ခေါင်းအုံးပြုပြီးလျှင် အနောက်သမုဒ္ဒရာကို လက်ယာလက် တော်၊ အရှေ့သမုဒ္ဒရာကို လက်ဝဲလက်တော်၊ တောင်သမုဒ္ဒရာကို ခြေတော်တင်လျက် အိပ်စက်တော်မူရခြင်း။

(၂) ဝင်ရိုးပမာ သန္တာနီအဆင်းရှိသည့် တိရိယမည်သော မြက်သည် ချက်တော်ပေါ်မှပေါက်၍ ဘဝဂ်ထိအောင်တက်ခြင်း။

(၃) အဆင်းဖြူသောပိုးမျိုးတို့သည် ခြေတော်မှ ပုဆစ်ဒူးတိုင်အောင် လွှမ်း၍တက်ခြင်း။

(၄) ဖြူနီကြောင်ကျား အထူးထူးအပြားပြားအဆင်းရှိသော ငှက်တို့ သည် အရပ်လေးမျက်နှာမှလာလတ်၍ ခြေတော်ရင်းသို့ ရောက် သောအခါ အဆင်းညီတူ အလုံးစုံ အဖြူချည်းသာဖြစ်ခြင်း။

(၅) ကြီးစွာသော မစင်သင်ပုပ် တောင်သို့တက်၍ ကြွကြွသော်လည်း ကိုယ်တော်အား အနည်းငယ်မျှ မစင်လိမ်းကပ်မှုမရှိခြင်း။

အလောင်းတော်သည် ဤငါးပါးသော အိပ်မက်ကြီးကို မြင် မက်တော်မူသည့်အခါ ဆင်ခြင်တော်မူ၍ ''ငါသည် ကေန်ဘုရားဖြစ်ရ တော့မည်'' ဟု ယုံကြည်ဆုံးဖြတ်တော်မူလေသည်။

## နို့ဃနာကိုရွှေခွက်နှင့်အတူ အလှူခံယူ

အိပ်မက်မြင်မက်ပြီး မိုးသောက်ရောက်သော ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့နံက်အချိန်တွင် ဆွမ်းခံကြွဖို့အချိန်စောသေး၍ စောင့်ဆိုင်းနေစဉ် သေနနိဂုံး၏အနီး ကြီးလှသော ညောင်ပင်ရင်းတွင် ရွှေဆင်းတုအသွင် တင်ပျဉ်ခွေဖွဲ့ကာ ထိုင်နေတော်မူလေသည်။

ထိုညောင်ပင်ရင်း၌ပင် မဟာသေန သူကြွယ်သမီး သုဇာတာအပျိုးသမီးက သားဆုကိုပေးသော ညောင်ပင်စောင့်နတ် မင်းအမှတ်ဖြင့် ကပ်လှူအပ်သည့် နို့ဃနာဆွမ်းကို အဖိုးတသိန်းတန်သော ရွှေခွက်နှင့်အတူ အလှူခံတော်မူပြီး ညောင်ပင်ကို လက်ယာရစ်လှည့်၍ နေရဥ္ဇရာမြစ် ကမ်းသို့ကြွတော်မူသည်။

ရွှေခွက်နှင့်အတူ အလှူခံတော်မူသည့် အချိန်တွင် ဃဋီကာရဗြဟ္မာကြီး လှူခဲ့သော သပိတ်တော် ကွယ်ပြီးဖြစ်၍ ရွှေခွက်နှင့်တကွ အလှူခံခြင်းဖြစ်ပေသည်။

အလောင်းတော်တို့ မည်သည် ဘုရားဖြစ်သည့်နေ့တွင် အဖိုးတသိန်းထိုက်သော ရွှေခွက်ကို ရမြဲဓမ္မတာဖြစ်သည်။

## ရေချိုးသုံးသပ်နို့ဃနာဘုဉ်းပေး

အလောင်းတော်သည် နေရဥ္ဇရာ မြစ်ကမ်းသို့ ရောက်သောအခါ ရေသုံးသပ်တော်မူပြီးမှ မြစ်ကမ်းစပ်တွင် ရေမရောသော နို့ဃနာဆွမ်းကို လေးဆယ့်ကိုးလုတ် မယုတ်မလွန် ဘုဉ်းပေးတော်မူသည်။

## အဓိဋ္ဌာန်ဖြင့် ရွှေခွက်မျှော

ထို့နောက် "ငါသည်၊ ကေန်စင်စစ်ဘုရားဖြစ်မည်မှန်ပါက၊ဤရွှေခွက်သည် အထက်ရေညာသို့ဆန်၍ တက်စေသတည်း"။ ဤသို့အဓိဋ္ဌာန်ပြီးလျှင် ရွှေခွက်ကို ရေသို့ချတော်မူလိုက်သည်။

ရွှေခွက်သည် ရေစီးကို ဖီလာဖြတ်ကာ ရေလယ်သို့ဆန်တက်ပြီးမှ သိန္ဓောမြင်း နှင်သည့်အလား အတောင် ရှစ်ဆယ်ခန့် ရေညာသို့ ဆန်တက်လေသည်။

ထို့နောက် လက်ယာရစ်လျက် မြုပ်ပြီးလျှင်

(၁) ကကုသန်၊

(၂) ကောဏာဂုံ၊

(၃) ကဿပ

ဟူသော ရှေးဘုရား ရှင်သုံးဆူတို့၏ ရွှေခွက်များတည်ရှိရာ ကာလနဂါးမင်း၏ ဦးခေါင်းရင်း၌ ရွှေခွက်များထိ၍ တည်လေသည်။

ဤအခြင်းအရာတို့ကား "လူ့ပြည်တွင် ဘုရားပွင့်ပြန်" လေပြီဟု ကာလနဂါးမင်း သိသောကြောင့် ချီးမွမ်းထောမနာ ပြုခြင်းပင် ဖြစ်ပေသည်။

## ညချမ်းခါ ဗောဓိပင်သို့ကြွ

အလောင်းတော် ရွှေခွက် မျှော်ပြီးနောက် နေရဥ္စရာမြစ်အနီး အင်ကြင်းတော၌ ရေသန့်စင်တော် မူပြီးလျှင် ကာယဂတာသတိကမ္မဋ္ဌာန်းကို ရှုမှတ်ခြင်းဆင်တော်မူ၍ ညချမ်းအခါ မဟာဗောဓိပင် တည်ရှိရာသို့ ကြွတော် မူလေသည်။

မဟာဗောဓိပင်သို့ ကြွသည့်လမ်းများကို နတ်အများက ဖန်ဆင်းအပ်သောကြောင့် ထိုလမ်းသည် ရှစ်ဥသဘ ကျယ်ပြန့်သော နတ်လမ်းဖြစ်လေသည်။

အလောင်းတော် ဗောဓိပင်သို့ ကြွတော်မူသည့်အခါ သောတ္ထိယ အမည်ရှိသော မြက်ထမ်း ယောကျ်ား တယောက် မြက်ထမ်း၍ အလာ အလောင်းတော်ကို တွေ့သည်နှင့်တပြိုင်နက် အလောင်းတော်အား ရှစ်ဆုပ်သောမြက်တို့ကို ကပ်လှူလေသည်။

## အလှူခံမြက်ရှစ်ဆုပ်မှ ဗောဓိပလ္လင်ပေါ်ထွက်

အလောင်းတော်ကလည်း မြက်ရှစ်ဆုပ်ကို အလှူခံ၍ ဗောဓိပင်၏ တောင်မျက်နှာ အရပ်ဘက်သို့ကြွ၍ မြောက်အရပ်သို့ မျက်နှာမူကာ ရပ်တော်မူလေသည်။

ယင်းသို့ ရပ်တော်မူသည့်အခါ တောင်စကြဝဠာမှ ဇဝိစီထိကျွ နှစ်လျက် မြောက်စကြဝဠာမှ ဘဝဂ်အရောက်ထောင်၍ တက်မည့်အသွင် မြင်ရလေလျှင် ''ဤအရပ်ကား ဘုရားအဖြစ်သို့ ရောက်ဖို့ အရပ်ဌာန မဟုတ်သေး''ဟု မျှော်တွေးအောက်မေ့လျက် လက်ယာရစ် မဟာဗောဓိ ပင်ကိုလှည့်ကာ အနောက်အရပ်သို့ ကြွတော်မူ၍ အရှေ့ဘက်သို့မျက်နှာ မူ၍ ရပ်သောအခါတွင်လည်း ရှေးနည်းတူပင် ဖြစ်ပြန်လေသည်။

ထို့ကြောင့် မြောက်အရပ်သို့ ကြွတော်မူပြန်၍ တောင်အရပ်သို့ မျက်နှာမူရပ်တော်မူပြန်ရာ ရှေးနည်းအတူ ဖြစ်ပြန်သောကြောင့် မဟာ ဗောဓိပင်၏ အရှေ့အရပ်သို့ ကြွတော်မူပြန်လျက် အနောက် အရပ်သို့ မျက်နှာပြုကာ ရပ်တော်မူသောအခါမှ စကြဝဠာမဟာ ပထဝီ မြေကြီး ငြိမ်သက်သဖြင့် အလောင်းတော်သည် ''ဤအရပ်ကား ခပ်သိမ်းသော ဘုရားရှင်တို့အား မစွန့်သောအရပ် တုန်လှုပ်ခြင်း မရှိသောအရပ် ကိလေ သာကို ဖြိုဖျက်သော အရပ်ဘည်း''ဟု သိတော်မူ၍ သေးတ္တိယ လှူလိုက် သော မြက်ရှစ်ဆုပ်တို့ကို ကိုင်လှုပ်ပြီး ကြဲဖြန့်တော်မူလေသည်။

ယင်းခဏ၌ အလွန်လှပသော အပြန်အားဖြင့် တဆယ့်လေး တောင် ကျယ်ဝန်းသော ပလ္လင်တော်သည် မားမားမတ် ပေါ်ထွက်လာ သည်။

## ဗောဓိပလ္လင်ထက် အာနာပါန ကမ္မဋ္ဌာန်းပွားများ

အလောင်းတော်သည် ပေါ်ထွက်လာသော ပလ္လင်ဘော်မြက် အပေါ်သို့ တက်ရောက်၍ မဟာဗောဓိပင်ကို ကျောခိုင်းလျက် အရှေ့အရပ် သို့မျက်နှာမူကာ ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီးမှ ''ဘုရားမဖြစ်သမျှ ဤ နေရာက မထ''ဟု စိတ်ညွှန်ကာအာနာပါန ကမ္မဋ္ဌာန်း ဝိပဿနာတရား ကို ဆင်ခြင်အားထုတ်၍ နေတော်မူလေသည်။

ဘုရားဖြစ်ဖို့ အလောင်းတော် အားထုတ်နေသည့် အချိန်တွင် ဝသဝတ္တိမှ မာရ်နတ်သားသည် များစွာသော နတ်စစ်သည် ဗိုလ်ပါတို့နှင့် တဆယ့်နှစ်ယူဇနာစီလက်ဝဲလက်ယာထား၊ပြီးစကြဝဠာတံတိုင်းထိ၊အထက် အဖို့မှာကိုးယူဇနာ တိုင်တိုင်ရှိသော စစ်သည်ဗိုလ်ပါနှင့်တကွ ယူဇနာတရာ့ ငါးဆယ်မျှကြီးသော ဂီရိမေခလာ အမည်ပါဆင်ကြီးကို မာရ်နတ်ကြီး ကစီးလျက် လက်ရုံးပေါင်းတထောင် ဖန်ဆင်း၍ လက်နက်မျိုးစုံကိုစွဲကိုင် ပြီးလျှင် ဟစ်အော်ကြွေးလျက် ချီတက်တိုက်ခိုက် လာလေသည်။

## သိကြား၊ နဂါး၊ ဗြဟ္မာတို့ပူဇော်

မာရ်နတ်မင်း စစ်တိုက်ဖို့ မလာမီ အလောင်းတော်၏ အနီးတွင် သိကြားမင်းတို့က ဝိဇယုတ္တရ ခရုသင်းကိုမှုတ်လျက် ပူဇော်နေကြသည်။

အလားတူ မဟာကာလနဂါးမင်းသည်လည်း များစွာသောပုဒ်ပဒ တို့ဖြင့် အလောင်းတော်၏ ကျေးဇူးဂုဏ်တို့ကို ချီးမွမ်းနေသည်။

ဗြဟ္မာကြီးသည် ထီးဖြူကိုဆောင်းလျက် ပူဇော်နေကြသည်။

## မာရ်နတ်စစ်တပ်ရောက်လာ

သို့သော် ဝသဝတ္တီမှ မာရ်နတ်မင်း စစ်သည်အလုံး အရင်းနှင့်မဟာ ဗောဓိပင်ရင်းသို့ ချီလာသည့်အခါ သိကြား၊ နဂါး၊ ဗြဟ္မာတို့သည် အလောင်းတော်၏ အနီးမှ ဖယ်ရှောင်၍ ထွက်ပြေးကြလေသည်။

အလောင်းတော်မူကား ဤမျှလောက်သောစစ်သည်အပေါင်းတို့ သည် ငါတဦးတည်းကိုသာ ရည်ရွယ်၍ ကြီးစွာသောလုံ့လကို အားထုတ် လုပ်ကိုင်ကြသည်။

## အလောင်းတော်၏ပါရမီလက်နက်

'ငါ၌ကား ဆည်းပူးအပ်သောပါရမီများကိုသာ လက်နက်သဖွယ် အသုံးပြု၍ မာရ်နတ်စစ်သည်အပေါင်းတို့ကို ဖျက်ဆီးရသော်ကောင်း၏' ဟု ဖြည့်ဆည်းခဲ့သော ပါရမီဆယ်ပါးတရားတို့ကိုသာလျှင် ဆင်ခြင်လျက် မတုန်မလှုပ်နေတော်မူလေသည်။

မာရ်နတ်မင်းသည် အလောင်းတော်လွင့်စဉ်သွားအောင် ကြီးစွာ သော လေပွေကြီးတို့ဖြင့် တိုက်ခတ်လိုက်သည်။ သို့သော် အလောင်းတော့် ဝတ်ရုံထားသော သင်္ကန်းတော်စွန်းမျှ မတုန်မလှုပ်ပေ။

'ရေဖြင့်သေစေအံ့' ဟု ကြံရွယ်၍ မာရ်နတ်မင်းသည် ကြီးစွာ သော မိုးတို့ဖြင့် ရွာသွန်းစေသော်လည်း နှင်းပေါက်မျှ သင်္ကန်းတော်၌ မစိုစွတ်ပေ။

ထိုနောက် မာရ်နတ်မင်းသည် ကျောက်ခဲမိုး၊ သံလျက်, လှံ, ဓား, လေးမြား, မီးပေါက်, အမြောက် စသော လက်နက်မိုးတို့ကို တမျိုးပြီး တမျိုး ကိုင်ဆောင်တိုက်ခိုက်ကြရာတွင် အလောင်းတော်အား မုလေး, ကြက်ရုံး စသော နတ်ပန်းကုံးများသာ ဖြစ်၍နေလေသည်။

မာရ်နတ်မင်းသည် အလောင်းတော်အား လက်နက်မျိုးစုံတို့ဖြင့် တိုက်ခိုက်၍မရ၊ ဒေါသကြီးစွာထားလျက် ထပ်မံ၍ မီးကျည်မိုး၊ပြာပူမိုး၊ သဲမိုး စသည့် အမျိုးမျိုးတို့နှင့်တကွ တိုက်ခိုက်သော်လည်း အချည်းအနှီး သာဖြစ်လျက်....

မာရ်နတ်။ ။သိဒ္ဓတ္ထမင်းသား၊ ဤပလ္လင်မှထပေးလော့၊ဤပလ္လင် သည် သင့်အဖို့ဖြစ်လာသည်မဟုတ်၊ ငါ့အဖို့ဖြစ်လာ ခြင်းသာဖြစ်သည်။

အလောင်းတော်။ ။ဟယ်....မာရ်နတ်၊သင်သည် ပါရမီဆယ်ပါး အပြားသုံးဆယ်၊စွန့်ခြင်းကြီးငါးပါး၊စရိယ သုံးပါးတို့ရှိသည့်အနက် တပါးကိုမျှ ဖြည့်ကျင့်ဖူးသည်မဟုတ်၊ သင် မာရ်နတ်ယုတ်တို့အတွက် ဤပလ္လင်သည် မပေါ်ထွက်နိုင်ဟု ပြန်လည်မိန့်ဆို လိုက်သည်။

ထိုအခါမာရ်နတ်မင်းသည် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ အလွန်အလွန် ထက်မြက်လှသော နတ်စက်လက်နက်တို့ဖြင့် ဆက်လက် တိုက်ခိုက်ရာ အလောင်းတော်ထံသို့ရောက်လျှင်ပင် ထိုနတ်စက်လက်နက် များသည် နတ်ပန်းချည်း ဖြစ်ကုန်ကြတော့သည်။

ထိုနောက် အလောင်းတော်သည် မာရ်နတ်မင်းကြီးအား 'ဟယ်.... မာရ်နတ်၊ ပါရမီဖြည့်ပြီးသော ဘုရားအလောင်းတို့အား ဘုရားဖြစ်မည့် နေ့တွင် ပေါ်ပေါက်မြဲဖြစ်သော ပလ္လင်တော်ကို သင့်ပလ္လင်' ဟု သင်ဆို သည်။

'ဤပလ္လင်ကိုလို၍ သင်အလှူပေးခဲ့သည်ကို အဘယ်သူ သက်သေရှိ သနည်း' ဟု မေးသည်။

ထိုအခါ မာရ်နတ်မင်း၏ စစ်သည်အပေါင်းတို့က ' ငါသက်သေ၊ ငါသက်သေ'ဟု သက်သေခံကြသော မာရ်နတ်နောက်လိုက်များ၏ အသံ တို့မှာ ဆူညံနေလေသည်။

အခလောင်းတော်။ ။ဟယ်....မာရ်နတ်၊ သင်ကဲ့သို့ သဝိညာဏက ဖြစ်သော သက်သေတယောက်မျှမရှိ။ သို့ရာတွင် အခြားသော ဒါနပါရမီကို ထားဘိဦး။ ဝေဿန္တရာမင်းကြီး ဖြစ်သော ဘဝမှာပင် ခုနစ်ကြိမ် ခုနစ်လီ ငါအလှူပေးသောအဖြစ်၌ အဝိညာဏကဖြစ်သော ဤမြေကြီးပင် သက်သေဖြစ်တော့သည်။

ဟု သက်န်းတော်ဘွင်းမှ လက်ယာလက်တော်ကိုထုတ်၍ မြေကြီးသို့ ရှေ့ရှုလက်ညှန်လတ်သော် ပထဝီမြေကြီးသည် ဝေဿန္တရာဘဝ ပေးသမျှအလှူတို့၌ ငါ အသိ၊ ငါအသိ ဟု၊ ငါသက်သေပဲဟု ပြောဆိုဘိသကဲ့သို့ အရာအထောင်အသိန်းမက မြည်ဟည်း၍ သက်သေခံလျှင် ယူဇနာတရာ့ငါးဆယ်ရှိသော ဂီရိမေခလာဆင်သည် အလောင်းတော်ရှေ့တွင် ပုဆစ်တုပ်လျက် ဝပ်လေတော့သည်။

မာရ်နတ်မင်းနှင့် မာရ်နတ်စစ်သည်တို့သည် ကိုးကွယ်ရာမရ၊ ဝသဝတီနတ်ပြည်သို့ ပြန်ပြေးကြတော့သည်။ မာရ်နတ်၏စစ်သည်တော်တို့မှာ အထူးထူးသော ဒေရပ်တို့သို့ ဦးတည်ရာ ထွက်ပြေးကြကုန်သည်။

## နေမဝင်မီအောင်ပုတ္တမာရ်အောင်

ဤသို့အားဖြင့် အလောင်းတော်သည် ထိုနေ့ နေမဝင်မီပင် မာရ်နတ်စစ်ကို အောင်မြင်လေတော့သည်။

## ညဉ့်ဦးယံတွင် ပုဗ္ဗေနိဝါသဉာဏ်ရတော်မူ

အလောင်းတော်ကား သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့ ညဉ့်ဦးယံအချိန်တွင် ပုဗ္ဗေနိဝါသဉာဏ်တော်ကို ရတော်မူသည်။

ပုဗ္ဗေနိဝါသဉာဏ်ဆိုသည်မှာ ရှေးကာလတို့၌ နေခဲ့ဖူးသော၊ ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ် ဘဝအစဉ်များကိုလည်းကောင်း၊ သတ္တဝါအများ၏ ခန္ဓာအစဉ် ဘဝအစဉ်များကိုလည်းကောင်း ပြန်လည်၍ မြင်နိုင်၊ အောက်မေ့နိုင်သော ဉာဏ်ကိုဆိုသည်၊

သန်းခေါင်ယံအချိန်တွင် ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူသည်။

ဒိဗ္ဗစက္ခုဉာဏ်ဆိုသည်မှာ အရာခပ်သိမ်းကို မြင်နိုင်စွမ်းသော ဉာဏ်ကိုဆိုသည်။ (အရာခပ်သိမ်းဆိုသည်မှာ နတ်မျက်စိထက် သာလွန်သည် ကိုဆိုသည်)

## ပဋိစ္စသမုပ္ပါဒ်ကိုဆင်ခြင်

ဒိဗ္ဗစက္ခုဉာဏ်ရတော်မူပြီးနောက် ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ တရားတော်ကို ဆင်ခြင်တော်မူသည်။

ဆင်ခြင်ပုံမှာ....

၁။ အိုခြင်း၊ သေခြင်းဟာ ဘာကြောင့်ရှိရသလဲ။
ဘဝအသစ်ဖြစ်ခဲ့လို့ရှိရသည်။

၂။ ဘဝအသစ်က ဘာကြောင့်ဖြစ်ရသလဲ။
ဖြစ်ကြောင်းကံရှိလို့ ဖြစ်ရသည်။

၃။ ဖြစ်ကြောင်းကံ ဘာကြောင့်ဖြစ်ရသလဲ။
စွဲလမ်းမှုဥပါဒါန်ရှိလို့ဖြစ်ရသည်။

၄။ ဘာကြောင့်စွဲလမ်းရသလဲ။
တဏှာဆိုတဲ့ တပ်မက်ဆာလောင်မှုရှိ၍ စွဲလမ်းရသည်။

၅။ ဘာကြောင့်တပ်မက်ရသလဲ။
အကောင်းအဆိုးကို ခံစားရလို့ တပ်မက်ရသည်။

၆။ ဘာကြောင့်ခံစားရသလဲ။
အာရုံကို တွေ့ထိရလို့ ခံစားရသည်။

၇။ ဘာကြောင့်တွေ့ထိရသလဲ။

တွေ့ထိဖို့ရာအကြောင်းရှိနေလို့ တွေ့ထိရသည်။

(က) မျက်စိနဲ့အဆင်းရှိလို့ မြင်တွေ့ထိရသည်။

(ခ) နားနဲ့အသံရှိလို့ ကြားတွေ့ထိရသည်။

(ဂ) နှာခေါင်းနဲ့အနံ့ရှိလို့ အနံ့တွေ့ထိရသည်။

(ဃ) လျှာနဲ့အရသာရှိလို့ စားသိပြီး တွေ့ထိရသည်။

(င) ကိုယ်နဲ့အတွေ့ရုပ်ရှိလို့ ထိတွေ့ထိရသည်။

(စ) စိတ်နှလုံးနဲ့ သဘောအာရုံရှိလို့ ကြံသိပြီး တွေ့ထိရသည်။

ဂ။ မျက်စိ အဆင်းအစရှိတဲ့အကြောင်းတွေကတော့ ဘာ့ကြောင့် ဖြစ်ရသလဲ။

နာမ်နှင့်ရုပ်ရှိလို့ ဖြစ်ရသည်။

၉။ နာမ်နှင့်ရုပ် ဘာ့ကြောင့်ရှိရသလဲ၊
စိတ်နှင့်ဝိညာဏ်ရှိလို့ဖြစ်ရသည်။

၁၀။ စိတ်ဝိညာဏ်က ဘာ့ကြောင့်ဖြစ်ရသလဲ၊
နာမ်နှင့်ရုပ်ရှိလို့ဖြစ်ရသည်။

၁၁။ နာမ်နှင့်ရုပ် ဘာ့ကြောင့်ဖြစ်ရသလဲ၊
သင်္ခါရကြောင့် ဖြစ်ရသည်။

၁၂။ သင်္ခါရ ဘာ့ကြောင့် ဖြစ်ရသလဲ၊
အဝိဇ္ဇာကြောင့် ဖြစ်ရသည်။

ဤမျှဖြင့် ဖြစ်လည်းဖြစ်နိုင်သည်၊ အိုလည်းအိုနိုင်သည်၊ သေလည်းသေနိုင်သည်၊ အဆက်ဆက်လည်း ရွှေ့လျောသေပျက်နိုင်သည်။ ကပ်ရောက်ပြီးတော့လည်း ဖြစ်နိုင်သည်။

အကျိုးအကြောင်း ဆက်ပြီးဖြစ်ပုံကတော့..

၁။ စိတ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်။

၂။ နာမ်ရုပ်ကြောင့်ဖြစ်ကြောင်း အာယတန ဖြစ်ရသည်။

၃။ ဝေဒနာကြောင့် တပ်မက်ဆာလောင်မှု (တဏှာ)ဖြစ်ရသည်။

၄။ တဏှာကြောင့် စွဲသမ်းမှုဥပါဒါန် ဖြစ်ရသည်။

၅။ ဥပါဒါန်ကြောင့်ဖြစ်ကြောင်း ကံဘဝဖြစ်ရသည်။

၆။ ဖြစ်ကြောင်းကံကြောင့် ဘဝအသစ်ဖြစ်ရသည်။

၇။ ဘဝအသစ်ဖြစ်လို့ အိုရသည်၊ သေရသည်၊စိုးရိမ်ရသည်။ ပူဆွေးရသည်၊ ငိုကြွေးရသည်၊ ဆင်းရဲရသည်၊ နှလုံးမသာဖြစ်ရသည်၊ အပြင်းအထန် စိတ်ပူပန်ရသည်။

ဤပုံဤနည်းဖြင့် သက်သက်သော ဆင်းရဲအစုမျှသာဖြစ်သည်။ ဤအကြောင်းအကျိုးတရားအဆက်ဆက်၏ ဖြစ်နေခြင်းမျှသာရှိသည်။

ဟုဖြစ်ကြောင်းတရားနှင့် ဖြစ်နေပုံကို ဆင်ခြင်တော်မူသည်။

ထို့နောက်တွင်....

၁။ အကြယ်ဘရားမရှိလျှင် အိုခြင်း၊ သေခြင်းကင်းမလဲ၊

၂။ ဘဝသစ်ဖြစ်ခြင်းမရှိလျှင် အိုခြင်း၊၊ သေခြင်းမရှိနိုင်၊

၃။ အိုခြင်း သေခြင်းကင်းသည်။

စသည်ဖြင့်လည်း အကြောင်းအကျိုးအဆက်ဆက် ကင်းခြင်းချုပ်ခြင်းကို ဆင်ခြင်တော်မူပြန်သည်။

၁။ စိတ်ဝိညာဏ်မရှိလျှင် နာမ်ရုပ်မရှိနိုင်၊

၂။ နာမ်ရုပ်မရှိလျှင် အာရုံကိုတွေ့ဖို့ရာအကြောင်း အာယတနမရှိနိုင်။

၃။ အာယတနမရှိလျှင် အာရုံကို မတွေ့နိုင်။

၄။ အာရုံကို မတွေ့ရလျှင် အကောင်းအဆိုးကို မခံစားနိုင်။

၅။ မခံစားရလျှင် တပ်မက်ဆာလောင်ခြင်း မဖြစ်နိုင်၊

၆။ ဆာလောင်ခြင်းမရှိလျှင် မစွဲလမ်းနိုင်။

၇။ မစွဲလမ်းလျှင် ဖြစ်ကြောင်းအမှုကံမဖြစ်နိုင်။

၈။ ဖြစ်ကြောင်းအမှုကံမရှိလျှင် ဘဝသစ်မဖြစ်နိုင်။

၉။ ဘဝသစ်မဖြစ်လျှင် အိုခြင်း သေခြင်းမရှိနိုင်။

၁၀။ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်ပူပန်ခြင်းတို့လည်းမရှိနိုင်။

ဤပုံဤနည်းဖြင့် သက်သက်သော ဆင်းရဲအစုမျှသာဖြစ်သည်။ ဤအကြောင်းအကျိုးဆက်၏ ချုပ်ခြင်းမျှသာဖြစ်သည်။ ချုပ်ကြောင်းတရားနှဲ ချုပ်ခြင်းသဘောကိုလည်း ဆင်ခြင်တော်မူသည်။

ထို့နောက်တွင်....

အာသဝေါကုန်ကြောင်းတရား(အာသဝက္ခယ)ခေါ်သော အရဟတ္တမဂ်ဉာဏ်ကိုရဖို့ ဘုရားဖြစ်ဖို့အတွက် ဝိပဿနာဘာဝနာကို ပွားများတော်မူခြင်းဖြစ်သည်။

**ခက်ဆစ်မှတ်ဖွယ်**

(ဝိ=အထူး+ပဿနာ–ရှုသည်၊ ဘာဝနာပွားများသည်)

ဝိပဿနာဆိုသည်မှာ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်မှုပျက်မှု အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတို့ကို ရှုခြင်းပင်ဖြစ်သည်။

ငါ–ငါ့ဥစ္စာလို့ စွဲလမ်းနိုင်သောခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပုံပျက်ပုံတို့ကို ဘုရားရှင် ကိုယ်တော်တိုင် ဝိပဿနာရှု၍ မိန့်ဆိုသောစကားများဖြစ်သည်။

ဥပါဒါန်ဆိုသည်မှာ မြဲသည်၊ ချမ်းသာသည်၊ ကောင်းသည်၊ ငါပဲ၊ ငါ့ဥစ္စာပဲ စသည့် စွဲလမ်းတတ်သော သဘောဖြစ်သည်။

ဥပါဒါန်၏ အာရုံဖြစ်သည်၊ ချမ်းသာသည်၊ ကောင်းသည်၊ ငါဖြစ်သည်၊ ငါ့ဥစ္စာဖြစ်သည်၊ စွဲလမ်းနိုင်သော ရုပ်နာမ်တရားများကို ဥပါဒါနက္ခန္ဓာဟု ခေါ်သည်။

ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားသည်....

(၁) ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်မှုပျက်မှုတို့ကိုရှုယင်းရှုယင်း ဝိပဿနာဉာဏ် တဆင့်ထက်တဆင့် မြင့်တက်ရင့်ကျက်လာပြီး သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင် **သောတာပန်အဆင့်သို့** ရောက်သည်ဟု ဆိုသည်။

(၂) ထိုမှတဆင့် ဝိပဿနာကိုရှုပြီး သကဒါဂါမိ မဂ်ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကိုသိမြင်ပြီးလျှင် **သကဒါဂါမိ အဆင့်သို့** ရောက်သည်ဟု ဆိုသည်။

(၃) ဤမှတဖန် ဝိပဿနာကိုရှုပြီး အနာဂါမိ မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး **အနာဂါမ် အဆင့်သို့** ရောက်သည်ဟုဆိုသည်။

(၄) ဤသို့ ဝိပဿနာရှုပြီး အာသဝက္ခယခေါ်သော အရဟတ္တ မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး တရားအသုံးစုံကို အကုန်လုံးသိမြင်နိုင် **သော** သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်ဟု ထင်ထင် ရှားရှား ဟုတ်တိုင်းမှန်ရာ ဆိုနိုင်ပြောနိုင်သည်။

သို့ရာတွင် ဗုဒ္ဓဂေါတမ၏ တပည့်သာဝကများသည်ကား အရဟတ္တမဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်လျှင်ကိလေသာကုန်ရုံမျှသာဖြစ်သည်။ သို့သော် ကိလေသာရှိစဉ်က အထုံပါနေသည့် ဝါသနာမကင်းပဲဖြစ်နေ

တတ်သည်။ ရဟန္တာဖြစ်ရုံမျှသာဖြစ်၍ အကြားအမြင်စသော ဂုဏ်ထူးများကိုပါ မရကြပေ။ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံရုံမျှသာဖြစ်သည်။

ဝိဇ္ဇာသုံးပါးဆိုသည်မှာ–

ပု=ပုဗ္ဗေနိဝါသဉာဏ်=ရှေးဘဝဟောင်းကို မြင်နိုင်သောဉာဏ်။

ဒိ=ဒိဗ္ဗစက္ခုဉာဏ်=နတ်မျက်စိကဲ့သို့သောဉာဏ်။

အာ=အာသဝက္ခယဉာဏ်=ကိလေသာကုန်ခန်းသော အရဟတ္တမဂ်ဉာဏ်။

အချို့မှာ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသည်၊ ဆဠဘိညရဟန္တာများဖြစ်သည်။

အဘိညာဉ်ခြောက်ပါးဆိုသည်မှာ–

၁။ ဣဒ္ဓိဝိဓဉာဏ်=တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သည်။

၂။ ဒိဗ္ဗသောတဉာဏ်=နတ်နားကဲ့သို့ကြားနိုင်သည်။

၃။ စေတောပရိယဉာဏ်=သူတပါး၏အကြံကို သိနိုင်သည်။

၄။ ပုဗ္ဗေနိဝါသဉာဏ်=ရှေးဘဝအစဉ်ကို မြင်နိုင်သည်။

၅။ ဒိဗ္ဗစက္ခုဉာဏ်=နတ်မျက်စိကဲ့သို့ မြင်နိုင်သည်။

၆။ အာသဝက္ခယဉာဏ်=အာသဝေါကုန်သောဉာဏ်များ ဖြစ်ကြသည်။

သို့သော် ထိုသို့သောရဟန္တာများသည် အထုံဝါသနာ မကောင်းကြလျှင် တရားအလုံးစုံကိုလည်း မသိနိုင်ကြဟုဆိုသည်။

အရှင်ဂေါတမမြတ်ဘုရားသည်–

ကိလေသာများ ကင်းစင်သည်၊

အထုံဝါသနာများ ကင်းသည်။

တရားအားလုံးကို သိနိုင်သည်။

တရားဂုဏ်တော်အလုံးစုံနှင့် ပြည့်စုံသည်၊

ထိုထိုအဆင့်များသို့ ရောက်သောအခါတွင် ဘုရားဖြစ်တော်မူသည်၊ ထို့ကြောင့်....

## မိုးသောက်ယံ၌ ဘုရားဖြစ်တော်မူပြီ

ဘုရားဖြစ်တော်မူသောအချိန်ကား သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန် လပြည့်နေ့၊ ညဉ့်အဆုံး မိုးသောက်ယံ အရုဏ်တက်ခါနီး အချိန်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

အရုဏ်တက်ပြီး လပြည့်ကျော် တရက်နေ့သို့ ရောက်သည့်အချိန်တွင် ဘုရားအဖြစ်သို့ ရောက်ခြင်းဖြစ်သည်။

## ဗုဒ္ဓအမည်ရပုံ

ဘုရားရှင်အား ဗုဒ္ဓဟုခေါ်ဝေါ်ခြင်းသည် သစ္စာလေးပါးတရားကို သိသည်၊ သိစေသည်။

### သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ

သဗ္ဗဓမ္မေ=အလုံးစုံသောတရားတို့ကို၊
ဗုဇ္ဈတိ=သိတော်မူ၏၊
ဣတိတသ္မာ=ထို့ကြောင့်၊
ဗုဒ္ဓေါ=အလုံးစုံသောတရားတို့ကို သိသူ၊ (ဝါ) ဘုရား။

ဗုဒ္ဓဘာသာဝင်အားလုံးတို့ နားလည်ဖို့မှာ "အလုံးစုံသောတရားတို့ကို၊ သိတော်မူသောကြောင့် 'ဗုဒ္ဓ' မည်တော်မူ၏"ဟု ဆိုလိုခြင်းဖြစ်သည်။

သို့သော်....

"စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"ဟူသော ပါဠိတော်အရ–

စတုသစ္စ=သစ္စာလေးပါးမှ၊

ဝိနိမုတ္တော=လွတ်မြောက်သော၊

ဓမ္မောနာမ=တရားမည်သည်၊

နတ္ထိ=မရှိ။

သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိဟုဆိုအပ်သော ကြောင့် တရားအားလုံးသည် သစ္စာလေးပါး၌ ပါဝင်သည်ချည်းဖြစ်ပေ ရာ သစ္စာလေးပါးကို သိသည်ဆိုသဖြင့် ''တရားအားလုံးကို သိသည်'' ဟူသောအနက် အလိုလိုပြီးမြောက်သည်။

ဂေါတမဘုရားရှင်သည် သစ္စာသိသောအရဟတ္တမဂ်နှင့် အရဟတ္တ ဖိုလ်၏ အခြားမဲ့၌ပင် သဗ္ဗညုတ ဘုရားဉာဏ်တော်ကြီးကိုရပါသည်။

ဒသဗလခေါ် ဘုရားအားတော် ဉာဏ်တော် ဆယ်ပါး၌လည်း အပြီးတိုင်ပေါက်ရောက်တော်မူပါသည်။

မယ်တော် ခမည်းတော်တို့ပေးသော အမည်မဟုတ်

''ဗုဒ္ဓ''ဟူသော အမည်တော်ကို မယ်တော်နှင့် ခမည်းတော်တို့က မှည့်ခေါ်ရသည့်နာမည်မဟုတ်။ အစ်ကိုအစ်မ၊ ဆွေမျိုးဉာတိ၊ ပုဏ္ဏား၊ နတ်ဗြဟ္မာတို့က မှည့်ရသည့်နာမည်လည်း မဟုတ်ပေ။

အရဟတ္တဖိုလ်၏အဆုံး၌ ဖြစ်လာသော သဗ္ဗညုတဉာဏ်တော်ကို ဗောဓိပင်ရင်းတွင် ရသည်နှင့်တပြိုင်နက် တရားအားလုံးကို သိမြင်လာ ခြင်းကြောင့်ဖြစ်သော ပကတိအမည်ပညတ်တော်ဖြစ်ကြောင်းကို ဟောပြ ထားခဲ့ပြီးဖြစ်လေသည်။

ဤသို့အားဖြင့် ဗုဒ္ဓဂုဏ်တော်ဖြင့် တင့်တယ်စွာ ပွင့်တော်မူလာ သော ထိုရှင်တော်မြတ် ဗုဒ္ဓပန်းပွင့်တော်ကြီး၏ ရနံ့မှာ သောင်း လောကဓာတ် နတ်ဗြဟ္မာအရပ်ရပ်ကို တကောချင်းပျံ့နှံ့၍ ရှိပေတော့ရာ အားရမဆုံး ကြည်နူးမဆုံး ဖြစ်ကြရပါပေသည်။

တစတစ လူ့ပြည်နတ်ရွာ ပျံ့နှံ့လာသည်နှင့်အမျှ ကိုယ်တိုင် ကိုယ့်ကြုပ် ဖူးမြင်ရ၊ တရားပီတိဖြစ်ရသူတို့က 'ဗုတုမရှိ ဗုဒ္ဓဘုရားပန်းပွင့် တော်ကြီး' ဟု အသီးသီး ဂုဏ်တင် ကြည်ရှင်အားရ ချီးကျူးထောမနာ ပြုကြရဖို့ ဖြစ်ပေသတည်း။

## အာဠာရနှင့်ဥဒ္ဒကတို့အားကျေးဇူးဆပ်လို

ဗုဒ္ဓဂေါတမသည် ဘုရားဖြစ်ပြီးသော်'တရားဦးကို မည်သူတို့အား ဟောပြောရမည်နည်း'ဟု တရားဦးဟောရမည့်သူကို ကြည့်ရှုလေသည်။

ထိုအခါ အလောင်းတော်ဘဝဖြင့် ရှေးဦးစွာ တောတွင်း၌ လောကီသမာပတ်ကို ရသေ့ကြီးတို့ထံမှ ရရှိခဲ့သည့်အတွက် ကျေးဇူး ဆပ်ဖို့ ကျေးဇူးပေးဖို့ ကြည့်ရှုတော်မူသည့်အခါတွင် ပထမဆုံး ကျေးဇူး ပြုရမည့်ပုဂ္ဂိုလ်မှာ 'ရသေ့ကြီးအာဠာရ' ပင်ဖြစ်သည်။

သို့သော် အာဠာရ ရသေ့ကြီးသည် အလောင်းတော် ဘုရား မဖြစ်မီ ၇ ရက် ၂ ကွယ်လွန်၍ အရူပဘုံသို့ ရောက်ရှိနေပြီးဖြစ်သည်။

ထို့နောက် ဥဒကရသေ့အား တရားဟောဖို့ ကြည့်ရှုတော်မူသည့် အခါတွင်လည်း ဥဒကရသေ့ကွယ်လွန်၍ ပြဟ္မာဘုံသို့ ရောက်ရှိနေပြီး တနေ့ဘချက်မျှ ကြန့်ကြာခဲ့ကြောင်းတွေ့ရသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် သူ့အပေါ်တွင် ကျေးဇူးရှိခဲ့သူ များအား အကျိုးတရားရဖို့ တရားမဟောလိုက်ရသည်ကို နှလုံးသွင်း ဆင်ခြင်တော်မူခဲ့သည်။

## အလောင်းတော်ကိုပစ်သွားခဲ့သော ပဥ္စဝဂ္ဂီငါးဦး

ဗုဒ္ဓဂေါတမသည် ရန်သူအပေါင်းတို့ကို နှိမ်နင်းစေခဲ့သည်မှ မေတ္တာစေတနာသည် အရေးအကြီးဆုံး လက်နက်တခုဖြစ်သည်။

ဘုရားဖြစ်ဖို့အစာငတ်ခံပြီး ကျင့်ခဲ့စဉ်က အလောင်းတော်အား အစစအရာရာကူညီစောင့်ရှောက်နေသောပဥ္စဝဂ္ဂီငါးဦးရှိပေရာခြောက်နှစ် တိုင်တိုင် ကြာမြင့်ခဲ့သည်။ ဘုရားမဖြစ်နိုင်၍ ဒုက္ကရစရိယာ မသေကောင်း မပျောက်ကောင်း အကျင့်မှားကို ကျင့်ရာမှ မဇ္ဈိမပဋိပဒါ ပုံမှန်စား သောက်၍ ကျင့်သောလမ်းစဉ်ကို ကူးပြောင်းကျင့်လိုက်သည့် အတွက် ကြောင့် ပဥ္စဝဂ္ဂီငါးဦးတို့သည် အလောင်းတော်အား မကျေမနပ်ဖြစ်ကာ သပိတ်မှောက်ပြီး အလောင်းတော်ကိုပစ်ခွာ၍ထွက်ခဲ့ကြသည်။ အလောင်း တော်အား ရန်သူသဖွယ်မဆက်ဆံဖို့ ဆုံးဖြတ်ခဲ့ကြသည်။

သို့သော် အလောင်းတော် ဘုရားဖြစ်လာသည်နှင့် တပြိုင်နက် ကျေးဇူးပြုခဲ့သူများတွင် ပဉ္စဝဂ္ဂီငါးဦးတို့ ပါဝင်သည်ကို မြင်တော်မူ၍ ထိုပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောကြွတော်မူဖို့ စိစဉ်ခဲ့သည်။

## ဗောဓိမဏ္ဍိုင်မှမိဂဒါဝုန်သို့

ဗုဒ္ဓသည် ဘုရားဖြစ်ပြီး နှစ်လအကြာ ပဉ္စဝဂ္ဂီတို့နေထိုင်ရာ ဣသိပတနမိဂဒါဝုန်တောသို့ ဗောဓိမဏ္ဍိုင်မှ ခြေကျင်ကြွရောက်သည်။ အကွာအဝေးမှာ ဗောဓိမဏ္ဍိုင်မှ ၁၈ ယူဇနာ မြောက်အရပ် ဗာရာဏသီသို့ သွားရာလမ်းခရီးဖြစ်သည်။

ပဉ္စဝဂ္ဂီငါးဦးတို့သည် ဂေါတမသည် စည်းစိမ်ပေါ်များဖို့ ဂ မွေ့ဌာန်း တရားခွင်ကထွက်လျက် ခရီးလှည့်သည်လျက်ရှိပေသည်။ သူလာလျှင် မကြို ဆိုတမ်း၊ သပိတ် သင်္ကန်း လှမ်းမယူတမ်း စသည်ဖြင့် အချင်းချင်း ကတိစကားပြောဆိုထားကြသည်။ ဗုဒ္ဓဂေါတမကား ပဉ္စဝဂ္ဂီတို့ ပြောသမျှဆိုသမျှကို အားလုံး ကြိုတင်၍ သိနေပေသည်။

သို့သော် ပဉ္စဝဂ္ဂီတို့အပေါ်တွင် မေတ္တာတရား မေတ္တာစာတ ကြီးမားလျက် ကြွမြဲကြွတော်မူသည်။ ပဉ္စဝဂ္ဂီတို့အနီးသို့ ရောက်သည့်အခါတွင် အချင်းချင်းစည်းဝါးရိုက်ထားသော ကတိတို့ ပျောက်ကွယ်ပြီး ဘုရားရှင်တော်အား ပျူပျူငှာငှာ ခရီးဦးကြိုလျက် သပိတ်ကို လှမ်း၍ ယူသူကယူ၊ သင်္ကန်းကို ဆီးယူသူကယူ၊ ခြေဆေးရည်ဖြင့် ခြေဆေးပေးသူကဆေး ပဉ္စဝဂ္ဂီငါးဦးတို့မှာ ရှေ့နောက်မညီညာ ဗုဒ္ဓရှင်တော်အား ကြိုဖို့အသင့်ဖြစ်ကာ ကြည်ဖြူစွာဖြင့်ကြိုဆိုကြတော့သည်။

ဤသို့ မကြိုဆိုဖို့ အတည့်အလင်း ကတိကဝတ်ပြုထားရာမှ ကြိုဆိုဖို့ဖြစ်လာရခြင်းသည် အကြောင်းမဲ့ကားမဟုတ်ပေ။ ဘုရားရှင်၏ တန်ခိုးတို့ကြောင့်ပင် ဖြစ်ပေသည်။

## ဗုဒ္ဓဘာသာဝင်တိုင်းအတွက်မေတ္တာတရား

'တန်ခိုး' ဆိုသည်မှာ ဗုဒ္ဓတရားတော်အရ ဗုဒ္ဓဘာသာဝင်တိုင်း သိထိုက် သိအပ်သော 'မေတ္တာတရား'ပင်ဖြစ်သည်။

'မေတ္တာတရား'ဟူသည် လက်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း လုပ်၍ ရရှိသော လက်နက်ပစ္စည်းမဟုတ်ပေ။စိတ်ဖြင့်သာ လုပ်ရသော 'မေတ္တာဘာဝနာ' ဖြစ်သည်။

သူတပါး ကောင်းစားချမ်းသာဖို့ ချမ်းသာစေလိုသော စိတ်သည် 'မေတ္တာစိတ်' ဖြစ်သည်။

ဗုဒ္ဓ သက်နက်များကို မသုံးတတ် မလုပ်တတ်၍ လက်ရှိခေတ်ပေါ် အဏုမြူဗုံးမှစ၍ ကြောက်လန့်နေကြသည်။ လျှင်လျှပ်ခြင်း၊တောင်ပြိုခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း မကြာခဏဖြစ်ပေါ်လျက်ရှိသည်ကို ကာကွယ်ဖို့ ဗုဒ္ဓသက်နက်ရှိနေပါလျက် အသုံးမချတတ်သောကြောင့်ထိုအဖြစ်အပျက်တို့ကို ခေါင်းငုံ့၍ခံနေကြရသည်။

ဗုဒ္ဓဂေါတမကား ကြောက်စရာကောင်းသော အာဠဝကဘီလူး လက်နက်ကိုပင် တွန်းလှန်ဖြိုခွင်းနိုင်ခဲ့သည်။

ဒေဝဒတ်သည် နာဠာဂီရိ ဆင်ကြီးကို မူးယစ် စေ တတ်သော အရက်တို့ကိုတိုက်၍ ဗုဒ္ဓဂေါတမအား ညက်ညက်ကြေအောင် လုပ်ဖို့ အမိန့်ပေး၍ လွှတ်လိုက်ရာ ဗုဒ္ဓကိုရန်မူဖို့လာနေသည့် နာဠာဂီရိဆင်ကြီးသည် ဗုဒ္ဓ ကိုတွေ့လိုက်သည်နှင့်တပြိုင်နက် ဦးခေါင်းကိုအောက်ချ၍ ဗုဒ္ဓ၏ခြေတော်ရင်းသို့ဦးတိုက်အညံ့ခံခဲ့ရသည်။

ဗုဒ္ဓသည် ထိုသို့ ဘီလူးရိုင်း တိရစ္ဆာန်ရိုင်းတို့အား ယဉ်ကျေးအောင် အကျွတ်တရားရအောင် ဟောကြားဆုံးမတော်မူခဲ့သည်။

ဤသို့အားဖြင့်ဗုဒ္ဓသည် တရားကျင့်ဖက် ပဉ္စဝဂ္ဂီတို့အား တရားဟောရန် မေတ္တာတရားဖြင့် မိဂဒါဝုန်တောသို့ ကြွရောက်တော်မူခဲ့သည်။

## တရားဦးဓမ္မစကြာ

ပဉ္စဝဂ္ဂီ ငါးဦးတို့ကို မိဂဒါဝုန်တော၌ ဟောကြားသောတရားမှာ ဓမ္မစကြာတရားပင်ဖြစ်သည်။

ဤဓမ္မစကြာတရားကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခြင်းသည် ဗုဒ္ဓအလင်းရောင်ကို ကမ္ဘာသို့စတင်ဖြန့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားဟောတော်မူရာတွင် လူပုဂ္ဂိုလ်တို့ အနေဖြင့် ထိုပဥ္စဝဂ္ဂီငါးဦးသာ ကျွတ်တမ်းဝင် တရားကိုရရှိကြ၍ ဗြဟ္မာတို့အနေဖြင့် ၁၈ ကုဋေ၊ နတ်တို့မှာ အသင်္ချေမျှ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ခဲ့ကြသည်။

ဘုရားပွင့်သည်မှာ လူသာမန်တို့ထက် နတ်ဗြဟ္မာတို့ အကျွတ်တရားရကြသည်ကား မရေတွက်နိုင်အောင်ရှိသည်။

## ယနေ့ကမ္ဘာ

ယနေ့ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသည်။ ဘဏ်ဘိုက်ကိုစီး၊ လေယာဉ်ပြန်ပေးဆွဲ၊ လူပြန်ပေးဆွဲ၊ မိုင်းဗုံးချ၊ လေယာဉ်ပျက်ကျ၊ လေမုန်တိုင်းကျ စသည့် ကမ္ဘာ့ဘေးအန္တရာယ်များနှင့် ကပ်ဆိုး ကပ်ယုတ်တို့ထူထပ်လျက် အစာရေစာလည်း ရှားပါးပြီး အဏုမြူလက်နက် အဆိပ်ဓာတ် စစ်ပွဲကြီးတို့လည်း တိုက်ဖို့ လက်နက်စုံဖြင့်ဟန်ပြင်လျက်ရှိနေသည်။

ဗုဒ္ဓနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့အဖို့ ဓမ္မလက်နက်များကို ဗုဒ္ဓဂေါတမက ပြည့်ပြည့်စုံစုံထားခဲ့သည်။

ထိအောင်မိအောင်ပစ်တတ်ဖို့ လိုသည်။ အသုံးပြုတတ်ဖို့လိုသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်သည် ကွယ်ပျောက်ခြင်းမရှိသေးပေ။ သောတာပန်မှ ရဟန္တာတိုင်အောင် ဖြစ်နိုင် သေး သော အချိန်ကာလဖြစ်သည်။

ယနေ့တိုင် နတ်ပြည် ဗြဟ္မာ့ပြည်တို့တွင် ကျွတ်ပွဲ လွတ်ပွဲ ပွဲကြီးပွဲကောင်း မစဲရှိနေသေးသည်။ စတုမဟာရာဇ်နတ်ပြည်တွင် လူတို့၏ နှစ် အရေအတွက်အားဖြင့် အနှစ်ကိုးသန်းတိုင်တိုင် တရားဟောလျက် တရားနာလျက် ဗုဒ္ဓ သာသနာထွန်းကားပြီး မဂ်တံခါးဖိုလ်တံခါးပွင့်လျက်ရှိသည်။

အသက်အရှည်ဆုံး ဗြဟ္မာ့ပြည်၌ ဘုရားတဆူ၏ သာသနာနှင့် ဘုရားတဆူ၏သာသနာဆက်မိသဖြင့် ဒါနကိစ္စ၊ သီလကိစ္စ၊ သမထဝိပဿနာကိစ္စတို့သည် ကမ္ဘာစဉ်ဆက်ရှိကြလေသည်။

နတ်ပြည် ဗြဟ္မာ့ပြည် စသည်တို့မှာ ကျွန်ုပ်တို့ နေထိုင်ရာ လူ့ပြည်မှာကဲ့သို့ ရဟန်းခံရှင်ပြု၊ ရဟန်းသံဃာ သာသနာ မရှိသော်လည်း ဝိပဿနာတရားကိုမူ အားထုတ်ဖို့ အခါအခွင့်ရရှိသည်။ ဝိပဿနာအားထုတ်၍ သေလွန်သူတို့သည် လူ့ပြည်တွင် သောတာပန် မဖြစ်စေကာမူ နတ်ပြည်ရောက်သည်နှင့်တပြိုင်နက် ဝိပဿနာဉာဏ်ပွင့်လင်း၍ မဂ်ဖိုလ်ကို ရနိုင်သည်။

နတ်ပြည်တွင် တလလျှင် ရှစ်ကြိမ်တိုင် တရားပွဲများကျင်းပကာ သုဓမ္မာဇရပ်ကြီးတွင် တရားနာလျက်ရှိကြသည်။ ထိုတရားပွဲတွင် ကျွမ်းကျင်သောနတ်များက တရားဟောသဖြင့် နာယူကြသော နတ်ဗြဟ္မာတို့သည် သောတာပန်သို့ရောက်ရှိပြီးလျှင် လူ့ပြည်သို့ပြန်မလာပဲ ဘုံစဉ်စံကြသည့် နတ်အများလည်း ရှိကြသည်။

သို့သော် သူတော်ကောင်းတရားနှင့်ပြည့်စုံသော နတ်အမြောက်အမြားရှိသလို သူတော်ကောင်းတရားမရှိသော နတ် အမြောက်အမြားလည်း ရှိသည်။

နတ်တို့သည် စားဖို့မပူရ၊ အသင့်ရကြသည်။ ဝတ်ဖို့မပူရ၊ နေဖို့အိမ်မပူရ။ အားလုံးအသင့်။ အကောင်းဆုံးအစာ၊ နတ်သုဒ္ဓါ၊ နတ်သြဇာတို့ကို စားကြ၍ အလုပ်လည်းမရှိ၊ အေးအေးဆေးဆေးဖြင့်နတ်သားတယောက် နတ်သမီးငါးရာဖြင့် တခပျော်တပါး တရားမေ့၊ ဘုရားမေ့နတ်တို့မှာလည်း သိန်းနှင့်သန်းနှင့်ချီ၍မျှာ.နေသည်။

## ရှင်ကောဏ္ဍည ပထမဆုံးသောတာပန်

ဗုဒ္ဓသည် ဥရုဝေလ တောထံသို့ရောက်လျှင် အလယ်တွင် ထိုင်တော်မူပြီး စကြဝဠာတသောင်းမှ လာရောက်လျက်ရှိသော နတ်ဗြဟ္မာတို့ အပါအဝင် တရားဟောရာ၌ အကြီးဆုံးရှင်ကောဏ္ဍညမှာ ပထမဆုံး သောတာပတ္တိဖိုလ်တည်လေသည်။ ဗြဟ္မာ ၁၈ ကုဋေ ကျွတ်တမ်းဝင်၍ နတ်တို့အရေအတွက်မှာ သန်းပေါင်းများစွာရှိလေသည်။

ဗုဒ္ဓသည် ပထမဝါကို မိဂဒါဝုန်တွင် သီတင်းသုံး၍ ပဥ္စဝဂ္ဂီငါးယောက်နှင့်တကွ နို့ဆွမ်းလှူခဲ့သော သုဇာတာ၏သား ယသပါ ၅၅ဦးတို့ရဟန္တာဖြစ်ပြီးလျှင် စာဝါတွင်းလုံး လူသာမာန်ထဲမှ ၆၁ဦး ရဟန္တာများချည်းဖြစ်ကြလေသည်။

အလောင်းတော်သည် ဗုဒ္ဓဟူသော ဂုဏ်တော်ဉာဏ်တော်ကို ရလာသည့်အခါ အလောင်းတော်ဘဝက ကျေးဇူးပြုခဲ့သော ကျေးဇူးရှင်တို့ကို သတိရတော် မူလာသည်။ ထို့ကြောင့် ကျေးဇူးဆပ်ဖို့ မိဂဒါဝုန်တောတွင်းနေ ပဉ္စဝဂ္ဂီငါးဦးတို့ထံသို့ တပါတည်း ကြွတော်မူခြင်းဖြစ်သည်။

အခွင့်အရေးဆိုတာ ယူတတ်မှရ

ဤတွင် အခွင့်အရေးဟူသည် လူတိုင်းအလိုရှိကြသည်။ သို့သော် ယူတတ်မှ အခွင့်အရေးကို ရတတ်သည်။

ဥပကတက္ကဒွန်းသည် ဗုဒ္ဓဂေါတမကြွနေစဉ် လမ်းတွင်ပက်ပင်းတွေ့သည်။ သို့သော် တက္ကဒွန်ကား ဘဝင်မြင့်လျက် ရထိုက်သော အခွင့်အရေးကို ဗုဒ္ဓဂေါတမထံမှ မရလိုက် ဖြစ်ခဲ့သည်။

တက္ကဒွန်း။ ။"ငါ့ရှင်ကြည့်ရတာ ရုပ်ကချောလိုက်တာ ကြည်နေဖို့ပဲကောင်းတယ်။ ဘယ်သူလဲ"ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

ဗုဒ္ဓဂေါတမ။ ။"ဇိနှ"ဟု ပြန်ပြောလိုက်သည်။

တက္ကဒွန်း။ ။ဇိနဆိုတာ ဟုတ်မှာပဲ"

တက္ကဒွန်းသည် ဟုတ်မှာပဲဆိုပြီး ဗုဒ္ဓဂေါတမအား ဖယ်ရှောင်နေမိလိုက်သဖြင့် မည်သည့်အခွင့်အရေးမျှ မရလိုက်ပေ။

ပဉ္စဝဂ္ဂီတို့ ရဟန္တာတွေဖြစ်

ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ တရားတော်ကို ဟောကြားပြီးနောက် အနတ္တလက္ခဏသုတ် တရားတော်ကိုလည်း ဆက်လက်ဟောကြားရ၍ပဉ္စဝဂ္ဂီငါးဦးတို့ ကျွတ်တန်းဝင်ကြသည်။

## အနတ္တဝါဒ ကမ္ဘာသို့ လွှင့်ထုတ်ခဲ့ပြီ

အတ္တကို အတ္တဟု မမြင်ပဲ တ္တအနမြင်ဖို့ ဝါဆိုလပြည့်ကျော်(၅) ရက်နေ့တွင် လူသိ နတ်သိ ဗြဟ္မာသိ ကြွေးကြော်၍ ဗုဒ္ဓတရားကို ကမ္ဘာသို့ လွှင့်ထုတ်ခဲ့သည်။

ကိုယ့်ကိုယ်ကိုမြဲသည်၊ ငါ့ဥစ္စာငါ့ပစ္စည်း ငါပိုင်သည် ငါဆိုင်သည် ငါ့မယား၊ ငါ့လင်၊ ငါ့သား၊ ငါ့သမီး အတ္တစွဲလျက် ရှိသည်ကို မစွဲကြဖို့ ဗုဒ္ဓဟောပြခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ပြီးဖြစ်သည်။

## ဘီလူးသောင်းကျန်းတို့ကို နှိမ်နင်းရန်ကြွ

ဗုဒ္ဓဂေါတမ ပွင့်တော်မမူမီ ကမ္ဘာ့နိုင်ငံ အရပ်ရပ်တို့၌ မကောင်းဆိုးဝါး ဘေးအန္တရာယ် အမျိုးမျိုး ရင်ဆိုင်လျက် ရှိကြရာတွင် ယနေ့ သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတွင် ထိန့်လန့် ကြောက်ဖွယ်ကောင်းသော ဘီလူးအန္တရာယ်ကို သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့ လက်တွေ့ခံစားလျက် နေကြရသည်။

ထို့ကြောင့် ဘုရားဖြစ်ပြီး ကိုး လမြောက် ပြာသိုလပြည့်နေ့တွင် ဥရုဝေလတောမှ ကောင်းကင်ခရီးဖြင့် သီဟိုဠ်ကျွန်းသူ ကျွန်းသား တို့ကိုကယ်ဖို့ ဗုဒ္ဓကြွတော် မူခဲ့သည်။

သီဟိုဠ်ကျွန်း၌မဟာနာဂဝန်ဥယျာဉ်ကြီးအတွင်း၌ထောင်ပေါင်း များစွာသော ဘီလူးတို့ စုဝေးလျက်ရှိကြသည့် နေရာအပေါ် ကောင်းကင်မှ ရပ်တော်မူပြီး တန်ခိုး (ပြာဋိဟာ) အမျိုးမျိုးဖြင့် ဘီလူးသောင်းကျန်းတို့အား ထိတ်လန့်စေတော်မူသည်။

ပြင်းထန်လှသော မိုးကြီးရွာသွန်းခြင်း၊

ပြင်းထန်လှသော လေမုန်တိုင်း တိုက်ခတ်ခြင်း၊

လောကန္တရိတ် ငရဲကဲ့သို့ အမိုက်မှောင် ဖန်ဆင်းပြခြင်း။

မဟာနာဂဝန် ဥယျာဉ်ဆိုသည်မှာ သီဟိုဠ်ကျွန်း၏ ဗဟိုအလယ် အလျား သုံးယူဇနာ အနံ တယူဇနာရှိသော စိမ်းလန်း စိုပြည်နေသော ဥယျာဉ်ပင်ဖြစ်သည်။

မြတ်စွာဘုရားသည်ဘီလူးဆိုး ဘီလူးမိုက်တို့အား တန်ခိုးအမျိုးမျိုးဖြင့် ပြလိုက်သည့်အခါတွင် ထိုထိုဘီလူးဆိုး ဘီလူးမိုက်တို့မှာ အလွန်အလွန် ကြောက်လန့် တုန်လှုပ်ပြီးလျှင် ဘေးရန် ခပ်သိမ်းတို့ကို ငြိမ်းချမ်းစေဖို့ ပြုလုပ်ပေးပါမည့်အကြောင်း ဘီလူးအပေါင်းကဗုဒ္ဓအား တောင်းပန် လျှောက်ထားကြသည်။

ရှင်တော်မြတ်ဘုရားကိုလည်း ဤကျွန်း၌ပင် သီတင်းသုံး နေတော်မူဖို့ လျှောက်ထားကြသည်။ ဘုရားကိုယ်တော်မြတ်သည် အထက်ကောင်းကင်မှ သက်ဆင်းတော်မူပြီး မဟိယင်္ဂဏစေတီတည်ရာ အရပ်၌ ဓမ္မာဏ်ကို ဖြန့်လျက် ထိုင်နေတော် မူလေသည်။ ဓမ္မာဏ်သည်လည်း အလျှံပြောင်ပြောင်တောက်၍ ဘီလူးအပေါင်းတို့ ကြောက်ရွံ့၍ ဗုဒ္ဓဂေါတမအား လက်အုပ်ချီ တောင်းပန်ကြတော့သည်။

ဗုဒ္ဓသည် ဘီလူးကြမ်း ဘီလူးယုတ်တို့အား ဂိရိဒီပနယ်သို့ရောက်အောင် စေလွှတ်ပြီး သီဟိုဠ်ကျွန်း၌ ဘေးရန်ခပ်သိမ်း ကင်းရှင်းဖို့ ပရိတ်တရားတော်ကိုလည်း အရံအတား ပြုလုပ်တော်မူသည်။

ဗုဒ္ဓ ရှင်တော်ဘုရားသည် ယခင် စေတီတော်ရှိရာ အရပ်၌ပင် ဝိပဿနာတရားကို ရှုမှတ်၍ ဈာန်သမာပတ်ဝင်လျက် သီတင်းသုံးတော်မူသည်။

ထိုသို့ဗုဒ္ဓမြတ်စွာ သီဟိုဠ်ကျွန်း၌ ဘီလူးယုတ် ဘီလူးဆိုးတို့အား မောင်းနှင်၍ တရားအလင်းရောင် ပေးနေသည့် အချိန်တွင် ထောင်ပေါင်းများစွာသော နတ်ပြဟ္မာတို့ကိုလည်း တရားရေအေး တိုက်ကျွေးခြင်းအားဖြင့် ထောင်ပေါင်း များစွာသောနတ်တို့ သောတာပန်အဖြစ်သို့လည်းကောင်း၊ ပဥ္စသီငါးပါး တည်ကြခြင်းအားဖြင့်လည်းကောင်း၊ အချို့နတ်တို့မှာ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် စသည်တို့ဖြင့် ငရဲ တိရစ္ဆာန် အပါယ်ဘုံတို့ ချုပ်ငြိမ်းရာသို့ ရောက်ရှိကြသည်။

ထိုအနီးတဝိုက် နေထိုင်သော သုမနကုဋ္ဌတောင်မှ မဟာသုမနနတ်မင်းသည်လည်း ဗုဒ္ဓ၏တရားတော်ကို နာရခြင်းအားဖြင့် သောတာပတ္တိဖိုလ်၌ တည်စေ၍ သောတာပန်အဖြစ်သို့ ရောက်ရှိလေသည်။

## သီဟိုဠ်ကျွန်းမှ ဥရုဝေလသို့ ပြန်ကြွ

ထိုနတ်မင်းကပင် ဗုဒ္ဓအား လျှောက်ထားသဖြင့် မြတ်စွာဘုရား၏ ဦးခေါင်းတော်ကိုသပ်၍ ဆံတော်တဆူ ကိုးကွယ်နိုင်ဖို့ ပေးသနားတော်မူခဲ့ပြီး ဗုဒ္ဓသည် ဥရုဝေလတောသို့ ပြန်လည်ကြွတော် မူသည်။

ဗုဒ္ဓဂေါတမကား အေးအေးလူလူ အနားယူဖို့အချိန်ဟူ၍ မရှိပေ၊ ကျွတ်ထိုက်ချွတ်ထိုက်သူ ဟူသမျှကို ၎င်းတို့၏ ချမ်းသာရေးအတွက် ကူညီပေးခဲ့သည်။

ဗုဒ္ဓဂေါတမသည် ဘုရားဖြစ်သည့်နေ့ကစ၍ လူနတ် ဗြဟ္မာ သတ္တဝါတို့အား အပါယ်ငရဲသို့ မကျရောက်ရန် ခွေးဝက် တိရိစ္ဆာန်မဖြစ်ဖို့ရန် မိမိ၏ရင်ဝယ်သားကဲ့သို့ သနားမေတ္တာ စူးရှလျက်ရှိပေသည်။

ထို့ကြောင့် အားလပ်ချိန်နားချိန်မရှိခဲ့ပေ။ အချိန်ရှိသရွေ့ လူနတ်ဗြဟ္မာတို့၏ ကောင်းကျိုးကို ဆောင်ရွက်နေရသည်။

ဗုဒ္ဓ၏နေ့စဉ်လုပ်ငန်း ငါးရပ်

(၁) ပုရေဘတ္တကိစ္စ။ ။ကျိန်းစက်ရာမှ အရုဏ်မတက်မီ ဆောင်ရွက်ဖို့ကိစ္စများနှင့် ဆွမ်းမဘုဉ်းပေးမီ ဆောင်ရွက်ရမည့် ကိစ္စများကို ဆောင်ရွက်ခြင်းလုပ်ငန်း။

(၂) ပစ္ဆာဘတ္တကိစ္စ။ ။ဆွမ်းစားပြီးနောက် ဆောင်ရွက်ဖို့ကိစ္စအဝဝကို ဆောင်ရွက်ပြီးလျှင် ခေတ္တမျှ ကျိန်းစက်တော်မူသည်။ ထို့နောက် နေ့ခင်းအချိန် တရားပွဲများကို ကျင်းပ၍ တရားရေအေး တိုက်ကျွေးတော်မူသည်။ သံဃာတော်များနှင့် ပတ်သက်သော ပြဿနာကြီးငယ်များ ဖြေရှင်းပေးတော်မူသည်။

(၃) ပုရိမယာမ်ကိစ္စ။ ။ညဉ့်ဦးယံအချိန်တွင် ဆောင်ရွက်ဖို့ကိစ္စများကို ဆောင်ရွက်၍ တရားပွဲများကိုလည်း ဆက်လက်ပြီးပြုလုပ်ကာ တရားဟောတော်မူသည်။

(၄) မဇ္ဈိမယာမကိစ္စ။ ။သန်းခေါင်းယံအချိန်၌ ဆောင်ရွက်ဖွယ်ကိစ္စများကို ဆောင်ရွက်တော်မူပြီးလျှင် နတ်ဗြဟ္မာတို့အတွက် တရားများကို ဆက်လက်ဟောကြားတော်မူပြန်သည်။ တရားနာသော နတ်ဗြဟ္မာတို့မှာ ထောင်သောင်းချီ၍ များလှသည်။

(၅) ပစ္ဆိမယာမကိစ္စ။ ။ညဉ့်၏ နောက်ဆုံးပိုင်းဆောင်ရွက်ပြီး ၂နာရီမှ ၃နာရီအတွင်း အညောင်းဖြေပြီးလျှင် ကျွတ်ထိုက်သော သတ္တဝါတို့အား ချွတ်ဖို့ သတ္တလောကကြီးတခုလုံးကို ကြည့်ရှုတော်မူလေသည်။ ကျိန်းစက်တော်မူသည့်အချိန်မှာ သန်းခေါင်ကျော် ၃နာရီမှ ၄နာရီအချိန်သာဖြစ်သည်။

ဗုဒ္ဓသည် ကျွတ်ထိုက်သူတို့အား မည်သည့်နေရာမဆို ကိုယ်တော်တိုင်ကြွရောက်ဟောပြောချွတ်ပေးတော်မူလေသည်။

## ဗုဒ္ဓ၏ မေတ္တာအင်းအားလက်နက်

ဗုဒ္ဓဂေါတမ၏ မေတ္တာလက်နက်များမှာ သတ္တဝါတွေကို သေစေ၊ လူ့အညွန့်တုံးစေသော အဏုမြူလက်နက်များကို လွှမ်းမိုးဖျက်ဆီးနိုင်ပေသည်။

ဤမျှကောင်းသော ဗုဒ္ဓ၏ လက်နက်များကို မည်သို့မည်ပုံအသုံးချပြီးလုပ်ကိုင်ဖို့အတွက် လေ့လာဆည်းပူးလျက် လက်နက်ကိုင် အာဇာနည်များ ပေါ်ပေါက်သည့်အခါတွင် လူများစု အကျိုးခံစားခွင့်ရ၍ စိတ်အေးချမ်းသာ နေထိုင်ကြရဖို့ ဗုဒ္ဓ၏လက်နက်များကို အဆက်မပြတ် လေ့လာတည်ထောင်ဆောင်ရွက်ဖို့အရေးသည် လောကုတ္တရာလောကီနှစ်မျိုးစလုံးအတွက် အရေးပါလှသည်။

ဗုဒ္ဓမပွင့်မီ ရှေးရှေးက အလောင်းတော်ကြီးများ၊ ရသေ့ကြီးများ၊ သာမန် လူအာဇာနည်တို့သည် မြေလျှိုးမိုးပျံစသော လောကီချာန် တရားလက်နက်တို့ကို အထပ်ထပ်လေ့လာ၍ အသုံးပြုခဲ့ကြသည်။

ဗုဒ္ဓပွင့်လာသည့်အခါတွင်ကား ထိုထိုနည်းများထက် အဆများစွာကျယ်ပြန့်သည့် ဗုဒ္ဓ၏ အောင်မြင်ခြင်းလက်နက်တို့က သာလွန်၍ဖုံးလွှမ်းလာတော့သည်။

ဗုဒ္ဓ၏ မေတ္တာအင်အား လက်နက်ဟာခုတည်းကိုပင်လျှင် လောကီလုပ်ငန်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်သည်သာမက ဂေါ်ဖိုလ်ရောက်အောင်ပင် ပို့ဆောင်နိုင်သော လက်နက်ဖြစ်ပေသည်။

## ရဟန်း ၅၀၀နှင့် တောစောင့်နတ်များ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ရဟန်း၅၀၀သည် ဘုရားထံမှခွင့်ပန်၍ သာဝတ္ထိပြည်မှ ယူဇနာတရာဝေးသော ဟိမဝန္တာတောစပ် တောင်ခြေရင်းတွင်

ကမ္မဋ္ဌာန်းဝိပဿနာအားထုတ်ဖို့ ကြွခဲ့ကြသည်။ တောင်းခြေရင်းတွင် သစ်ပင်ဝါးပင်ကြီးများပေါက်ရောက်၍ မြေများပြန့်ပြူးပြီး သဲများမှာ ငွေရောင် ပုလဲရောင်တောက်ပနေသည်။

အနီးပတ်ဝန်းကျင်တွင် စမ်းရေအိုင်များ အသင့်ရှိပြီး မလှမ်းမဝေးတွင် ဆွမ်းခံဖို့ရွာများလည်းရှိသည်။ အနီးပတ်ဝန်းကျင် ရွာသူရွာသားတို့က ထိုသို့ရဟန်းတော်များအား တရားအားထုတ်ဖို့ ရောက်ရှိကြသည့်အခါ ဝမ်းမြောက်ဝမ်းသာရှိကြသည်။

တရားအားထုတ်ဖို့ ရွာသူရွာသားတို့က တပါးတကျောင်းစီ ကမ္မဋ္ဌာန်းကျောင်းငယ်များ ဆောက်လုပ် လှူဒါန်းကြသည်။ ရွာသူရွာသားတို့က လိုလေသေးမရှိအောင် ရဟန်းတော်များအား လှူဒါန်းဖို့ ဝမ်းပန်းတသာ ပင့်ဖိတ်ကြသည်။

သို့သော် လူများက ဝမ်းမြောက်သလို ထိုတောတောင်ဒေသ၌ နေထိုင်သော ရုက္ခစိုးနတ်များကား ကြေကွဲဝမ်းနည်းလျက် နေစရာထိုင်စရာမရအောင် ထွက်ပြေးတိမ်ရှောင်နေကြရသည့်အတွက် ရုက္ခစိုးများသည် ရဟန်းတော်များအား ခေါင်းမပါ ကိုယ်သက်သက်ဖြင့်လည်းကောင်း၊ ခေါင်းချည်းသက်သက်ဖြင့်လည်းကောင်း၊ အမျိုးမျိုးနည်းတို့ဖြင့် ညအချိန်ခြောက်လှန့်ကြရာ ရဟန်းတော်များမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်လာပြီး မစားနိုင် မအိပ်နိုင်ပဲ မကျန်းမမာဖြစ်လာကြသည်။

ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်ဖို့ မရနိုင်ကြတော့ပေ။ ထို့ကြောင့် ရဟန်းတော် ငါးရာ၏ အကြီးအကဲ သံဃမထေရ်ကြီးထံ ချဉ်းကပ်၍ အကျိုးအကြောင်းကို တင်ပြကြသည်။

သံဃမထေရ်ကြီးကား အကျိုးအကြောင်းတို့ကို စုံလင်စွာမေးမြန်းပြီးနောက် မြတ်စွာဘုရားထံသို့ ကြွရောက်၍ အခြားတနေရာရာကို ညွှန်ကြားဖို့ လျှောက်ထားကြဖို့ ပြောဆိုလိုက်သည်။

သံဃာတော်များသည် မထေရ်ကြီး၏ မိန့်ဆိုသည့်အတိုင်း သာဝတ္ထိပြည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ ဦးတည်ထွက်ခွာလာကြသည်။

ရဟန်းတော်များ ကြွလာသောအချိန်ကား ဝါဆို–ဝါကပ်–ဝါတွင်းအချိန်ဖြစ်၍ မြတ်စွာဘုရားက ဝါတွင်းသုံးလအတွင်း မိမိတို့ကျောင်းမှ ပြင်ပသို့ ဒေသစာရီခရီးမထွက်ဖို့ ပညတ်ထားပါလျက် မည်သည့်အတွက်ကြောင့် ခရီးထွက်လာရသည်ကို မေးမြန်းတော်မူ၍ ရဟန်းတော်များကလည်း အဖြစ်အပျက်မျိုးစုံ ရုက္ခစိုးနတ်တို့ ခြိမ်းခြောက်ပုံတို့ကို လျှောက်ထားကြသည်။

## နတ်ချစ်သောမေတ္တာသုတ်

မြတ်စွာဘုရားက 'ချစ်သားရဟန်းတို့၊ သင်တို့အတွက် အရဟတ္တဖိုလ် ရနိုင်မည့်ဒေသသည် အခြားမရှိ၊ ဤနေရာသည် အကောင်းဆုံးဖြစ်သည်။ တောစောင့် တောင်စောင့် ရုက္ခစိုးနတ်တို့က ဘေးအန္တရာယ်အမျိုးမျိုးပြုလုပ်ခဲ့သော် ထိုဘေးအန္တရာယ်မှကင်းလွတ်နိုင်ဖို့ 'မေတ္တာသုတ်ပရိတ်တော်' ကို သင်ယူသွားကြလော့။ ဤမေတ္တာသုတ်ပရိတ်တော်သည် သာလျှင် သင်တို့အတွက် ဘေးရန်ခပ်သိမ်းကင်းဝေး၍ ဝိပဿနာတရားကို ရနိုင်သည်' ဟု မိန့်တော်မူပြီး မေတ္တာသုတ်ပရိတ်တော်ကို ဟောကြားတော်မူလိုက်သည်။

ရဟန်းတော် ငါးရာသည် မြတ်စွာဘုရား ဟောကြားသော မေတ္တာသုတ်ပရိတ်တော်ကို အားလုံး သေချာစွာ မှတ်သားကြလေသည်။

'မေတ္တာတရား' ဟူသည် လူသတ္တဝါတို့၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါနှင့်တကွ စုန်း၊ ကဝေ၊ ပြိတ္တာ၊ အသုရကာယ် စသော သတ္တဝါအားလုံးတို့နှင့် အကျွမ်းဝင်သော စိတ်ယားဖြင့် မေတ္တာပို့သခြင်းသည် လူအများချမ်းသာ၍ မိမိလည်းချမ်းသာသောတရား ဖြစ်ပေသည်။

သားတို့အမေမိခင်သည် ဟဉ်းဟည်းသော်သားကို အသက်နှင့်လဲ၍ ချစ်ခင်သကဲ့သို့ ချစ်ခင်ဖို့ မေတ္တာသုတ်ပရိတ်တော်ကို နှုတ်တက်အာဂုံရအောင် ဆောင်စေတော်မူလေသည်။

'ချစ်သားရဟန်းတို့၊ ဤမေတ္တာသုတ်ပရိတ်တော်ကို ဇေတဝန်ကျောင်းတော်မှအလွန် သင်တို့နေရာ တောအုပ်ကျောင်းအထိ ရွတ်ဖတ်သရဇ္ဈာယ်၍ ပြန်သွားကြ' ဟု မိန့်တော်မူလိုက်သည့်အတိုင်း ရဟန်းငါးရာတို့သည် မြတ်စွာဘုရားအားကန်တော့ကြပြီး မေတ္တာသုတ်ပရိတ်တော်ကို နှုတ်ဖြင့် ရွတ်၍သော်လည်းကောင်း၊ စိတ်ဖြင့် ပွား၍သော်လည်းကောင်း မိမိနေရာကျောင်းသို့ ပြန်ကြွလာခဲ့ကြသည်။

ရဟန်းတော်များနေထိုင်ရာ ကျောင်းတိုက်ဝသို့ ရောက်ရှိသည်နှင့် တပြိုင်နက် တညီတညာရပ်တန့်ပြီး မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆိုကြလေသည်။

ပရိတ်မေတ္တာသုတ် ရွတ်ဖတ်သံကို ကြားကြရသော တောစောင့်နတ် တောင်စောင့်နတ်အပေါင်းအဝင် ရုက္ခစိုးနတ်အပေါင်းတို့သည် ယခင်ကကဲ့သို့ ရဟန်းတော်များအား ဖိလာကန့်လန့် ဘေးအန္တရာယ် မလုပ်ကြတော့သည်အပြင် ထိုရဟန်းတော်များအပေါ် မေတ္တာသက်ဝင်၍ သူ့ယက်ငါ ခရီးဦးကြိုဆိုပြီး သပိတ်သင်္ကန်းတို့ကို လှမ်း၍ယူကြတော့သည်။

အချို့အချို့သော ရက္ခစိုးနတ်များသည် ရဟန်းတော်များ နေထိုင်ရာကျောင်းများ၌ နေရာပြင်ဆင်၍ပေးသည်။ ကျောင်းပတ်လည် သန့်ရှင်းဖို့ တံမြက်လှဲခြင်း၊ ရေပူရေချမ်း ပြုလုပ်ခြင်းတို့အပြင် ကျောင်းတိုက်တခုလုံး လုံခြုံရေးတို့ကိုလည်း တာဝန်ယူကြသဖြင့် ရဟန်းတော်များ၏ ဝိပဿနာတရား အားထုတ်ရေးမှာ အလွန့်အလွန် တိုးတက်ကောင်းမွန်နေတော့သည်။

မြတ်စွာဘုရားသည် မိမိ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်မှ ယူဇနာတရာဝေးကွာသော ရဟန်းငါးရာတို့နေထိုင်ရာ ကျောင်းများသို့ ကိုယ်တိုင်ကြွရောက်သကဲ့သို့ တန်ခိုးတော်ဖြင့် ကြည့်ရှုတော်မူသည့်အခါ ရဟန်းတော် ငါးရာကလည်း ကြွကြွခိုင်ခိုင် ထိုင်တော်မူပြီး ဝမ်းသာအားရ တရားနာကြသည်။

မြတ်စွာဘုရားက 'ချစ်သားရဟန်းတို့၊ ဤခန္ဓာကိုယ်ကြီးကို အခိုင်အမာ အနှစ်သာရ မည်သို့မျှမရှိသော မြေအိုးပမာ သိမြင်၍ ဝိပဿနာစိတ်ကို ပစ္စင်ပြအိုး၊ မြို့ရိုး၊ ကျုံးတို့ဖြင့် စီမံထားသော ခိုင်ခံ့သည့် မြို့တော်ပမာ ကြံ့ကြံ့တည်၍ ဝိပဿနာ ဉာဏ်လက်နက်ဖြင့် ကိလေသာရန်ကို ကင်းကွာဖို့ ထိုးနှက်ကြကုန်လော့' ဟု မိန့်တော်မူသည်။

ရဟန်းတော် ငါးရာတို့သည် ထိုအရပ် ထိုနေရာ၌ပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူကြလေသည်။

ဘုရားရှင်အား ဂုဏ်ကျေးဇူးနှင့်ချီးကျူးကာ ပဝါရဏာပြုဖို့ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ အားလုံး ပြန်လည်ကြွတော်မူခဲ့ကြလေသည်။

ဤသည်ကား ထက်မြက်လှသည့်--ဗုဒ္ဓ၏မေတ္တာလက်နက်ပင် ဖြစ်ပေသည်။

## နဂါးသောင်းကျန်းနှင့်သိဟိုဠ်ကျွန်း

ဗုဒ္ဓဂေါတမကား--လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါတို့အကျွတ်တရားရဖို့၊ တရားဓမ္မကို ဟောနေသည်မဟုတ်၊ ဘီလူးသဘက်၊ ဂဠုန်နှင့် နဂါးတိရစ္ဆာန်တို့ပါ သောင်းကျန်းနေသည်ကိုပါ ကြွရောက်ပြီး ငြိမ်းအေးဖို့ ဟောပြောတော်မူခဲ့သည်။

သက္ကရာဇ် ၁၀၇ ခု တန်ခူးလကွယ်နေ့နံနက်စောစောအချိန် သမိဒ္ဓိသုခနရုက္ခစိုးနတ်မင်းကိုခေါ်ယူလျက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ သီဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ်ကြွရောက်တော်မူခဲ့ဘည်။

သမိဒ္ဓိသုခနရုက္ခစိုးနတ်သည် သာဝတ္ထိပြည်အနီး တခုသောတောလင်းလွန်းပင်ကြီး၌ အခြွေအရံများစွာတို့နှင့် နေထိုင်သော ရုက္ခစိုးနတ်မင်းဖြစ်သည်။

ဗုဒ္ဓသီဟိုဠ်သို့ ယခုအချိန်ကြွရောက်တော်မူခြင်းသည် စူဠောဒရနှင့် မဟောဒရတူဦးရီးတော်ကြသော နဂါးတို့ ပြင်းပြင်းထန်ထန်ရန်စစ်ပွဲဖြစ်လျက် သေသူသေကုန်ကြပြီးဖြစ်သည်။

စစ်ပွဲဖြစ်ရခြင်းအကြောင်းမှာ ရာစနမြစ်၏အလယ် နာဂဒီပကျွန်း၌ နေကြသောစူဠောဒရနဂါးသည် တောင်ခေါင်းမြေထဲတို့၌ နေသော မြေတွင်းအောင်းနဂါးမျိုးဖြစ်သည်။

မဟောဒရ၏မိခင် ဖခင်တို့တွင် သမီးဖြစ်သူကဏ္ဍာဒေဝီကို စူဠောဒရ၏အဖတောင်နေနဂါးမင်းနှင့် ထိမ်းမြားလေသည်။ ထိုထိမ်းမြားပွဲတွင် စိမ်းညိုရောင်အဆင်းရှိသော မဏိပလ္လင်ကို နှမနှင့်ယောက်ဖတို့ထံမှတောင်းခဲ့ရာမရခဲ့ပေ။ ယောက်ဖနှင့်နှမတို့ကွယ်လွယ်သည့်အခါ သားစူဠောဒရမင်းဖြစ်ပြန်၍ ဦးရီးတော်မဟောဒရက ငါ့နှမကိုငါ့မိဘတို့က ပေးထားသော ပတ္တမြားပလ္လင်ကို ပေးရမည်ဟု အတင်းအကျပ်တောင်းခံသည်။ သို့သော် စူဠောဒရကလည်း ငါ့မိဘငါ့ဘိုးဘွားအမွေကို ငါဆိုင်သည်ဟုပြောဆိုပြီး ငြင်းဆန်ခြင်းကြောင့်နှစ်ဦးနှစ်ဘက်အဓိက ရန်ဖြစ်ကာနဂါးအမြောက်အမြားသေကြေပျက်စီးလေသည်။

ဂေါတမဗုဒ္ဓသည် ဒိဗ္ဗစက္ခုဖြင့် ထိုအကြောင်းကို မြင်တော်မူ၍ ဆင်ခြင်လတ်သော် 'ငါဘုရားကြွ၍ ဤသူတို့ ဖြစ်ပျက်နေသောခိုက်ရန်ဒေါသတို့ကို ဖျန်ဖြေဆုံးမရသော် များစွာသောသတ္တဝါတို့ချမ်းသာခြင်းဖြစ်ကြကုန်လတ္တံ့။ ငါ၏သာသနာသည်လည်း ဤသီဟိုဠ်ကျွန်း၌ အခွန့်ရှည်စွာ ထွန်းတောက်လတ္တံ့' ဟု ကြံတော်မူ၍ ကြွတော်မူခြင်း ဖြစ်လေသည်။

ဗုဒ္ဓသည် နှစ်ဘက်တို့၏ စစ်ဆိုင် စစ်ထိုးကြသော ဌာန၏အလယ် မိုးကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက်ပင် မိုးကြိုးလောင်မီး မိုးကြိုးမုန်တိုင်း မှောင်တိုက်တို့ကိုဖြစ်စေလျက် ထိုမှတဖန် အမိုက်မှောင်ကို လင်းစေဖို့ နေမင်းအရောင်လက်သကဲ့သို့ ပြိုးပြိုးပြက်ပြက် တောက်သောင်သော ရောင်ခြည်ခြောက်သွယ်တို့ကို လွှတ်တော်မူကာ ကြည်ညိုဖွယ်ကောင်းလှသော ကိုယ်တော်ကိုပြတော်မူလေသည်။

ဤသို့အမျိုးမျိုးသောဘေးအန္တရာယ်တို့ကို မြင်ကြရသော နဂါး အမြောက်အမြားတို့မှာ အလွန့်အလွန် ကြောက်ရွံ့စိုးရိမ်ပြီး စွဲကိုင်ထား သောလက်နက်မျိုးစုံကိုချထားလိုက်ပြီး ဘုရားရှင်အားဝိုင်းရံကာ ရှိခိုး အသနားခံကြသည်။

ဗုဒ္ဓဂေါတမသည် နှစ်ဦးနှစ်ဘက် ပြင်းပြင်းထန်ထန် တိုက်ခိုက် နေကြသော နဂါးတို့၏စစ်ပွဲကိုငြိမ်းအေးစေပြီး နဂါးတို့ ဘေးဝင်းပန် ချက်အရ နဂါးတို့နှင့် သင့်တော်သော တရားတော်ကို ဟောကြားတော် မူသည်။

တရားနာကြရသော နဂါး အမြောက်အမြား ကုဋေမျှလောက် သောနဂါးမျိုးတို့အား သရဏဂုံပဥ္စသီကို ပေးတော်မူ၍ ကုဋေချီ၍ တရားမမွှရခဲ့ကြလေသည်။

စစ်ဖြစ်ရခြင်း ပတ္တမြားပလ္လင်ကိုလည်း မြတ်စွာဘုရားကအလှူခံ တော်မူပြီးလျှင် ကိုယ်တော်တိုင် ထိုင်၍ ပရိဘောဂစေတီတော်အဖြစ် တည်ထားကိုးကွယ်ကြဖို့ အမိန့်ပေးပြီးလျှင် ဇေတဝန် ကျောင်းတော်သို့ ပြန်လည်ကြွတော်မူခဲ့သည်။

ထိုပတ္တမြားပလ္လင်ကို ရာဇာယတန စေတီတော်အဖြစ် တည်ထား ကိုးကွယ်ကြလေသည်။

## ကုသိုလ် အကုသိုလ် သိဖို့ခဲယဉ်း

ဗုဒ္ဓဝါဒသည် လူနတ် ဗြဟ္မာ သတ္တဝါတို့သာမက တိရစ္ဆာန် များကိုပါ အကျွတ်တရားရဖို့ ပိဋကတ်တော်မှ အဆီအနှစ်များကိုထုတ် ဖော်၍ မီးမောင်းထိုးပြလျက်ရှိသည်။

ဗုဒ္ဓဝါဒသည်တဦးတယောက်သာယာအေးချမ်းဖို့ အလုပ်မဟုတ်၊ တကမ္ဘာလုံး အေးချမ်းသာယာပြီး လူသတ္တဝါတို့ ကောင်းစားလာနိုင် သောနည်းပင်ဖြစ်သည်။

ဗုဒ္ဓဂေါတမ ပွင့်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၂ ကျော် လာပြီး ဖြစ်သော်လည်း ဗုဒ္ဓဟောပြသောတရားတို့သည်ကား ယစ်လွင် လျက်ပင်ရှိသည်။

သာမန်လူပုဂ္ဂိုလ်တယောက်အနေဖြင့် ကုသိုလ်ကို ကုသိုလ်ဟုသိဖို့ ခဲယဉ်းသကဲ့သို့ အကုသိုလ်ကိုလည်း အကုသိုလ်ဟုသိဖို့ခဲယဉ်းသည်။

ဗုဒ္ဓ ဝါဒလူ့အခြေခံတရားငါးပါး

ဗုဒ္ဓချမှတ်ခဲ့သော အခြေခံတရား ငါးပါးကို လူ သာမန်တဦး အနေဖြင့် ခါးဝတ်သည်ကဲ့သို့ မြဲဖို့လိုသည်၊ ထိုတရားငါးပါးမှာ....

ပါဏာတိပါတကံ သူတပါးအသက်ကိုသတ်ခြင်းအမှုကို ကျူး လွန်လျှင် ထိုအပြစ်ကို သမ္မပ္ပဓာန် ဝီရိယ အကျင့်သီလဖြင့် မကုစားနိုင် ပါက အပါယ်ငရဲသို့ ကျရောက်နိုင်သည်။ အပါယ်ငရဲမှ အကုသိုလ်ကံ ကုန်၍ လွတ်မြောက်ပြီး ကံအားလျော်စွာ လူ့ဘဝသို့ လူ ပြန်ဖြစ်လာ ရလျှင် မိမိကျူးလွန်ခဲ့သော ပါဏာတိပါတကံ အရှိန်အဝါကြောင့်....

(၁) သူ့သက်ကိုသတ်ခြင်းနှင့်ခံစားရပုံ

(က) ကိုယ်လက်အင်္ဂါမစုံခြင်း၊
(ခ) အဆင်းရုပ်မလှခြင်း၊
(ဂ) ခွန်အားဗလချို့တဲ့ခြင်း၊
(ဃ) အလျင်အမြန်မလုပ်နိုင်၊ မကိုင်နိုင်၊ မသွားနိုင်ခြင်း၊
(င) ဘေးအန္တရာယ် များ၍ ကြောက်လန့်ထိတ်လန့်နေခြင်း၊
(စ) နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခံရခြင်း၊
(ဆ) အထိအခိုက် အနာရောဂါများခြင်း၊
(ဇ) အခြွေအရံကင်းမဲ့ခြင်း၊
(ဈ) အသက်မရှည်တိုတောင်းခြင်း၊

ဤအပြစ်များကို ထိုထိုကျူးလွန်သူတို့သည် မုချခံရတတ်သည်။ ထိုပါဏာတိပါတကံကို လုံခြုံစွာထိန်းသိမ်းခြင်းသည် အင်္ဂါစုံညီ၍ အကျိုး တရားကိုးပါးတို့ကိုလည်း ရရှိနိုင်သည်။

(၂) သူ့ဥစ္စာခိုးယူခြင်းနှင့်ခံစားရပုံ

အဒိန္နာဒါနကံ ကို ကျူးလွန်မိလျှင် ထိုကံကို မကုစားနိုင်က သူ့ဘပါးပစ္စည်းကိုခိုးယူရုံမျှဖြင့် အပါယ်သို့ကျရသည်၊ အပါယ်မှလွတ်၍ ကံကောင်းထောက်မပြီး လူ့ဘဝသို့ ပြန်ရောက်လာသည့်အခါတွင် ထို အဒိန္နာဒါနကံကြောင့်....

(က) ဆင်းရဲမွဲတေခြင်း၊
(ခ) ငတ်မွတ်ခေါင်းပါးခြင်း၊
(ဂ) မိမိလိုရာ ကိုမရခြင်း၊
(ဃ) စည်းစိမ်ဥစ္စာပျက်စီးခြင်း၊
(င) ရန်သူမျိုးငါးပါး ဖျက်ဆီးခြင်းများကို ခံရတတ်သည်။

ဤအပြစ်တို့မှမကျရောက်ဖို့ ထိုကံကို ရှောင်ရှားလာလျှင် အပြစ်တစုံတရာ မခံစားရသည်သာမက ဥစ္စာ ပေါများခြင်းစသော အကျိုးတရားခြောက်ပါးကိုရရှိနိုင်သည်။

## (၃) သူ့သားမယားကျူးလွန်ခြင်းနှင့်ခံစားရပုံ

**ကာမေသုမိစ္ဆာစာရကံ** သူတပါးသားမယားတို့အား ကျူးလွန်မိသော အမျိုးသား အမျိုးသမီးတို့သည် ကြောက်မက်ဖွယ်ကောင်းလှသော သံရည်ပူငရဲ၊ လောဟကုမ္ဘိငရဲသို့ ကျရောက်၍ ကမ္ဘာများစွာခံကြရသည်။

ကာမေသု မိစ္ဆာစာရကံကို ကျူးလွန်ခဲ့သော သဌေးသား လေးယောက်တို့သည် မိမိတို့ပြောလိုသော စကားတို့ကို တလုံးစီသာ အသံထွက်အောင် အော်နိုင်ပြီး နောက်ထပ်ပြန်၍ ငရဲရေပူအိုးသို့ နစ်ကြရသည်။

ထိုကံမကုန်မချင်း သေလည်း မသေနိုင်ပဲ ဆီပူအိုးထဲသို့ ဆက်ခါ ဆက်ခါ အပူခံနေကြရသည်။ ကံကုန်၍ လူ့ဘဝသို့ ပြန်ရောက်ရသည့်အခါ—

(က) မလိုမုန်းထားသူ ပေါများခြင်း၊
(ခ) မုန်းရုံမက ရန်သူလည်း ပေါများခြင်း၊
(ဂ) လာဘ်လာဘ ရှားပါးတိတ်ဆိတ်ခြင်း၊
(ဃ) ချမ်းသာမှုကင်းခြင်း၊
(င) မိန်းမယုတ်ဖြစ်ရခြင်း၊
(စ) မိန်းမ မဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုတ်ဖြစ်ရခြင်း၊
(ဆ) ယောကျ်ား ဖြစ်လျှင်လည်း အမျိုးယုတ်ယောကျ်ား ဖြစ်ရခြင်း၊

(ဇ) မျက်နှာပျက်၍ အရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်း၊

(ဈ) ကြောင့်ကြစိုးရိမ်အား ကြီးနေခြင်း၊

(ည) လက္ခဏာကျွန်ခြေတို့ ချို့တဲ့သေးသိမ်ခြင်း၊

(ဋ) ချစ်သူနှင့် ကွေကွင်းနေရခြင်းများကို ခံရတတ်သည်။

သူတပါး သားမယားတို့အား သော်လည်းကောင်း၊ သူတပါး လင်ယောကျ်ားတို့အားသော်လည်း မကျူးလွန် မပြစ်မှားဖို့ရှောင်ကြဉ်သူများမှာ မိတ်ကောင်း ဆွေကောင်း ချစ်ခင်သူ ပေါများခြင်း အကျိုးတရားကို ခံစားရရှိနိုင်သည်။

ရှင်အနန္ဒာအလောင်း

သူတပါး သားမယားကို ကျူးလွန်မိခြင်းကြောင့် ကမ္ဘာတသိန်းမျှ ပါရမီ ဖြည့်တင်းပြီးနောက် ကျွတ်တမ်းဝင်တော့မည့်ဆဲဆဲ ရှင်အာနန္ဒာ အလောင်းတော်၏ ဖြစ်ရပ်ကို စဉ်းစားလျှင် အလွန်အလွန် ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလှသည်။

ရှင်အာနန္ဒာ အလောင်းတော်သည် ဤကမ္ဘာ၏ ဘဝတခု၌ ရွှေပန်းထိမ်သည် သားဖြစ်၍ လူတောလူလည်တို့နှင့် ပေါင်းမိ၍ သူတပါး သားမယားကို ကျူးလွန်မိသောကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ကျခံပြီး လွတ်လာသည့် အခါတွင် ကရိတ္ထာန် မျောက်ဖြစ်၍ကိုက် ဖောက်ခံရသည်။ နောက်တဘဝတွင် နွားဖြစ်ပြန်၍ သင်းကွပ်ခံရသည်။ လူပြန်ဖြစ်သည့်အခါ ယောကျ်ား မဟုတ် မိန်းမ မဟုတ် ပဏ္ဍုတ် ဖြစ်ရပြန်သည်။

ထို့နောက်မှ ငါးဘဝမြောက်တွင် ကုသိုလ်ကံအကျိုးပေးလာ၍ နတ်ပြည်၌ နတ်ဖြစ်ရသော်လည်း နတ်သားမဖြစ်ပဲ နတ်သမီးဘဝ ငါးကြိမ်တိုင်ဖြစ်ခဲ့သည်။နတ်ပြည်မှ လူ့ပြည်သို့ ရောက်လာသည့်အခါတွင် ဘုရင့်သမီးဖြစ်ပြန်၍ ထိုဘဝမှ ကူးပြောင်းသည့်အခါတွင် ယောကျ်ား ဘဝသို့ ပြန်၍ရရှိလေသည်။

ဤသို့အားဖြင့် ပါရမီရှင်ကြီးများပင်လျှင် ရာဂတဏှာဆိုးကြီးကို မထိန်းနိုင်သဖြင့် အဖန်တလဲလဲဘဝဆိုးတို့နှင့် ရင်ဆိုင်ရသည်တို့ကို ကျမ်းဂန်များတွင် အတည့်အလင်း ဟောပြောထားလေသည်။

## (၄)လိမ်ညာပြောခြင်းနှင့် ခံစားရပုံ

မုသာဝါဒကံ သူတပါးအား မဟုတ်မမှန် အမျိုးမျိုး လိမ်ညာ ပြောဆိုခြင်းသည်လည်း အဝီစိသို့ ကျရောက်နိုင်သည်တို့ကို အဌကထာ နိပါတ်စေတိယဇာတ်မှ စေတိယဘုရင်ကဲ့သို့ အဝီစိတိုင် ကျရောက်နိုင် ပြီးနောက် ထိုကံကုန်၍ လူ့ဘဝသို့ ပြန်ရောက်သည့်အခါတွင်....

(က) စကားမပီသခြင်း၊
(ခ) သွားမညီညွတ်ခြင်း၊
(ဂ) အမြဲတမ်းပါးစပ်ပုပ်ခြင်း၊
(ဃ) ကိုယ်သားကိုယ်ရေ ပူရှိန်ရှိန်ဖြစ်ခြင်း၊
(င) မျက်စိနားစသော ဣန္ဒြေများနောက်ကျုကျုရှိခြင်း၊
(စ) ပုံပန်းမလှပဲ ဆိုးရွားချွတ်ယွင်းခြင်း၊
(ဆ) ဩဇာအာဏာမရှိခြင်း၊
(ဇ) အပြောအဆို နှုတ်လျှာထော်လော်ကြမ်းကြုတ်ခြင်း၊
(ဈ) စိတ်တည်ကြည်လျှပ်ပေါ်လော်လည်ခြင်း ခံရတတ်သည်။

မဟုတ်မမှန်ပြောဆိုသူများသည် များသောအားဖြင့် သူတပါး အယုံအကြည်ကင်းမဲ့တတ်သည်။ ဌာနဆိုင်ရာတို့၌လည်းကောင်း၊ ရပ်ရွာ ဒေသတို့၌လည်းကောင်း၊ မဟုတ်မမှန်ပြောတတ်သူများအား ယုံကြည် လေးစားခြင်းမရှိ၊ အကြီးအကဲမှ ပြုတ်ကြတတ်သည်။

## (၅) အရက်သောက်ခြင်းနှင့် ခံစားရပုံ

သူရာမေရယကံ=သေရည်သေရက် သောက်စားဝတ်ဒုတ်ကိုသူ တပါးသားမယားအား ပြစ်မှားတတ်သူတို့ကဲ့သို့ မိစ္ဆာစာရပေါင်းဖြစ် သည်ဟု ကျမ်းဂန်တို့က ဆိုသည်။ ယို့ကြောင့် သောက်စားမူးယစ်လျှင်

(က) အခွင့်အရာမသိခြင်း၊
(ခ) ပျင်းရိခြင်း၊
(ဂ) မေ့လျော့မူးခြင်း၊
(ဃ) သူ့ကျေးဇူးကို မသိခြင်း၊
(င) အရှက်အကြောက်ကင်းခြင်း၊
(ဆ)အလုံးစုံသော မကောင်းမှုကို ပြုပိလွယ်ခြင်းများ ကျူးလွန် ခံရတတ်သည်။

ဤအခြေအနေတရားငါးပါးတို့သည်ဗုဒ္ဓဘာသာတို့ အမြဲတစေ ကျင့်ဖို့တရားပင်ဖြစ်သည်။

ငါးပါးသီလကို လုံခြုံစွာ ထိန်းသိမ်းခြင်းအားဖြင့် နတ်ပြည် သုဂတိသို့ မလွဲမသွေရောက်ရှိနိုင်သည်။

## နေ့တဝက်စောင့် ဥပုသ်အကျိုး

တကြိမ်က အနာထပိဏ်သဌေး၏ စာရင်းငှားတယောက် ရုက္ခစိုး နတ်မင်းအဖြစ်ဖြင့် ရသေ့ငါးရာတို့အား ရေနှင့်အဖျော်ရမကာတို့ကို လှူဒါန်းခဲ့သည်။

ထိုရသေ့ငါးရာတို့မှာ ဘုရားသက်တော် ထင်ရှားရှိစဉ်က ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ ခြေကျင်ခရီးဖြင့် ကြွခဲ့ကြရာ လမ်းခရီး၌ ရေကလည်းငတ် မောပန်းခြင်းကလည်း ဖြစ်သောကြောင့် ညောင်ပင် ကြီးတပင်အောက်သို့ဝင်၍ အပန်းဖြေနေကြလေသည်။

အပန်းဖြေနေသော ရသေ့တို့သည် ရေနှင့်အဖျော်ရမကာတို့ကို တောင်းတကြသည့်အခါ ရုက္ခစိုးနတ်မင်းသည် သူ၏လက်ကို ဆန့်တန်း ပြီး ရသေ့ငါးရာတို့အား ရေနှင့်အဖျော်ယမကာတို့ကို သဒ္ဓါကြည်ဖြူစွာ လှူဒါန်းလေသည်။

ရသေ့တို့က ရုက္ခစိုးနတ်မင်းလှူဒါန်းပုံကို အံ့သြ၍ မည်သည့် ကောင်းမှုကြောင့် ဤသို့လှူနိုင်သည်ကို မေးမြန်းကြသည်။

ရုက္ခစိုးနတ်မင်းက တပည့်တော်သည် လူဖြစ်စဉ် အနာထပိဏ် သဌေး၏ စာရင်းအလုပ်သမားတယောက်ဖြစ်ပါသည်။ သဌေးမင်းသည် အလုပ်သမားတို့အား ဥပုသ်နေ့တွင် ဥပုသ်စောင့်ခိုင်းပြီး ပေးနေကြ ကြေးငွေများကို ပေးပါသည်။

ဥပုသ်နေ့တနေ့မှာ နေ့မွန်းလွဲအချိန် တပည့်တော်အလုပ်အပြန် အခြားအလုပ်သမားကိုမမြင်၍ မေးမြန်းရာ ဥပုသ်စောင့်နေကြသည်ဟု ပြောပါသည်။

တပည့်တော်က နေ့တဝက် ဥပုသ်စောင့်ကောင်းပါသလားဟု မေးမြန်းသည့်အခါ ကောင်းပါသည်ဟု သဌေးကဖြေကြား၍ ဥပုသ် နေ့တဝက် ဆောက်တည်ခဲ့ပါသည်။

ထိုနေ့မှပင် လေနာရောဂါကြောင့် တပည့်တော်သေဆုံး၍ ဉပုသ်သီလ၏ အကျိုးဖြင့် နတ်စည်းစိမ်ကို ရခဲ့ပါသည်ဟု ဖြေကြား လေသည်။

ထို့ကြောင့် သီလဆောက်တည်ခြင်းသည် လူတို့အတွက် မြတ် သောအကျိုးကိုပေးခြင်းကြောင့် ဘုရားရှင်ကဉပုသ်သီလ၏ မြင့်မြတ်ခြင်း ကို ချီကျူးတော် မူခဲ့ကြသည်။

## ဗုဒ္ဓဉပဒေပညတ်ကို မလိုက်နာလျှင်

ဗုဒ္ဓသည် လူနတ်ဗြဟ္မာ သတ္တဝါတို့အား အပါယ်ငရဲသို့ လည်း ကောင်း၊ ကျွန္တာ၊ တိရစ္ဆာန် ပြိတ္တာစသည့်ဘဝသို့ မကျရောက်ဖို့ လည်း ကောင်း ဗုဒ္ဓ၏တရားနည်းလမ်း ဉပဒေများကို လူနတ် ဗြဟ္မာတို့အတွက် ဟောပြောပညတ်တော် မူခဲ့သည်။

ငရဲစသည်တို့ကို ကျရောက်သည့်အခါတွင် မည်သည့်သတ္တဝါမဆို ချမ်းသာဖို့ သုခဟူ၍ကား လုံးဝမရှိပေ။

ထို့ကြောင့် မကောင်းသော အကုသိုလ် လုပ်ငန်းများကို ကြီး သည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ရှောင်ရှားဖို့သည်ကား လူတိုင်းတို့၏ တာဝန်ဖြစ်သည်။

## ငရဲကြီးရှစ်ထပ်

ငရဲဘုံသည် (၁) သိဥ္စိုး၊ (၂) ကာဠသုတ်၊ (၂)သံဃာတ၊ (၄) ရောရုဝ၊ (၅) မဟာရောရုဝ၊ (၆) တာပန၊ (၇) မဟာတာ ပန၊ (၈) အဝီစိဟု ငရဲကြီးရှစ်ထပ်ရှိသည်။

ထိုငရဲခန်းတို့ကား ဤမြေကြီးပြင်၏ အောက်၌ ယူဇနာပေါင်း တသောင်းငါးထောင် ဝေးသော အရပ်မှစ၍ တထပ်နှင့်တထပ် ယူဇနာ တသောင်း ငါးထောင် ကွာခြားပြီး အထက်အောက် တည်နေလေ သည်။

ထိုငရဲကြီး ရှစ်ထပ်တို့တွင် တထပ်တထပ်၌ အရပ်လေးမျက်နှာ တို့မှခြံရံ၍နေသော (၁) ဘင်ပုပ်ငရဲ၊ (၂) ပြာပူငရဲ (၃) လက်ပံတော ငရဲ၊ သံလျှက်ရွက်တောငရဲ၊ (၅) ကြိမ်ပိုက်ချောင်းငရဲဟု ဉဿဒငါ ငရဲငယ်ငါးထပ် တံတိုင်းခတ်သလို ဝန်းရံပတ်၍ နေပြန်ပေသည်။

ငရဲကြီးရှစ်ထပ်၏ အဆောက်အအုံ ပုံစံတည်နေဟန်မှာ

လေးထောင့်ပုံစံရှိသည်။

တံခါးပေါက် လေးပေါက်ရှိသည်။

သံတံတိုင်းဖြင့် ကာရံထားသည်။

သံပြားတို့ဖြင့် မိုးအုပ်၍ထားသည်။ သံဖြင့်ပြီးသော မြေအခင်း ရှိသည်။

ရဲရဲပြောင်တောက် လောင်နေသည်။

အခိုးအလျှံရှသည်။

အမြဲတမ်း ထက်ဝန်းကျင် ယူဇနာ ၁၀၀ တိုင်အောင် အပူချိန် ပျံ့နှံ့နေသည်။

အရှေ့နံရံမှ အနောက်နံရံအထိ မီးလျှံသည် တဆက်တည်းထိ၍ နေသည်။

မြောက်နံရံနှင့် တောင်နံရံတို့မှာလည်း မီးလျှံထိ၍ရှိသည်။

အထက်မှအောက်အရပ်ထိ တပြောင်ပြောင်သော မီးလျှံတို့မှာ ဆက်စပ်၍ ထိ၍ နေသည်။

(၁) သိဥ္စိုင်းငရဲ။ ။ဤငရဲကို ငရဲသားတို့သည်အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ငရဲအသက် ရှည်တတ်သောကြောင့် သိဥ္စိုင်းငရဲဟု ခေါ်သည်။

လူသတ္တဝါတဦး တယောက်သည် ဤလူ့ပြည်၊ လူ့ရွာ၊ ဤနိုင်ငံ တွင် တစုံတခုသော အကြောင်းကြောင့် အမျက်ဒေါသကြီး၍ ခိုက်ရန် ဖြစ်တတ်သည်။ ကောက်ကျစ် စဉ်းလဲခြင်းများ၊ ရက်စက် ကြမ်းကြုတ် ခြင်းများကြောင့် ထိုထိုလူတို့သည် သိဥ္စိုင်းငရဲကြီး၌ တကိုယ်လုံးပြောင် ပြောင်တောက်သော အထူးထူး အပြားပြားသော ငရဲသားတို့ လက်နက် တို့ဖြင့် အပိုင်းပိုင်း ဖြတ်၍ ညှဉ်းဆဲသော်လည်း လေကြမ်းခတ် အပ်ပြန် သဖြင့် တဖန်စေ့ စပ်ပြန်၍ အဖန်တလဲလဲ ကာလရှည်လျားစွာ ထိုငရဲ၌ ကျခံနေရပေသည်။

(၂) ကာဠသုတ်။ ။ငရဲကို မည်းနက်သော ဟမျဉ်းကြိုးကို ချ၍ သို့မဟုတ် မျဉ်းကြောင်းသား၍ ရှစ်မြှောင့် တဆယ့်ခြောက်မြှောင့် တို့ကို သစ်ရွေသကဲ့သို့ ရွေတတ်သောကြောင့်ကာဠသုတ်ငရဲဟုခေါ်သည်။

ငရဲသို့ ရောက်ကြရသည်မှာ လူတဦးတယောက်သည် ရဟန်း သူတော် သူမြတ်တို့ကို ပုတ်ခတ်ပြောဆိုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ဒယ ကို အမိကိုသတ်ခြင်း ပြုလုပ်ခဲ့သော် ထိုသူတို့သည် ကာဠသုတ်ငရဲ၌ ခံကြ ရသည်။

(၃) သင်္ဃာတ–သံဃာတ။ ။ငရဲကို အလျှံပြောင်ပြောင် တောက်ပြောင်သော သံတောင်ကြီးတို့သည် အဖန်တလဲလဲ ကြိတ်သတ် ကုန်သောကြောင့် သံဃာတငရဲဟု ခေါ်သည်။

ငရဲသို့ ကျရောက်သည်မှာ ငှက်၊ သားတိရစ္ဆာန်တို့အား မုဆိုး ကဲ့သို့ စစ်ထိုးကျူးသောမင်း၊ လူကိုညှဉ်းဆဲတတ်သောမင်း၊ သတ်ဖြတ် တတ်သောမင်း၊ အမတ်ကြီး၊ စစ်သူကြီး၊ မင်းဝန်ထမ်း အစရှိသော မှုထမ်း ရာထမ်းတို့ကို ဒုစရိုက် ပြုလုပ်သူတို့အတွက် ကျရောက်သော ငရဲ ဖြစ်လေသည်။

(၄) ရောရုဝ။ ။ငရဲကို သွေး အပြည့် ရှိသောကြောင့် ရောရုဝငရဲဟု ခေါ်သည်။

ငရဲမှာ မည်သည့် လူသတ္တဝါ တိရစ္ဆာန် သတ္တဝါတို့ကိုမဆို အရှင်လတ်လတ် မီးဖြင့်လည်းကောင်း၊ အိုးခင်းပူ၊ ဆီပူ၊ ရေပူတို့ဖြင့် လည်းကောင်း၊ ညှဉ်းဆဲခြင်း၊ အရက်သေစာ သောက်စား၍ မပြစ်မှား သင့်သူတို့ကို ပြစ်မှားမိသူတို့ ကျရောက်သော ငရဲဖြစ်သည်။

(၅) မဟာရောရုဝ။ ။ငရဲကို သွေးအလျှံပြည့်ရာ ဖြစ် သောကြောင့်လည်းကောင်း၊ ပြင်းစွာမြည်ဟီးသော အသံရှိသောကြောင့် မဟာရောရုဝငရဲဟု ခေါ်သည်။

ငရဲကား တူအရီးချင်း၊ သားအဖချင်း၊ ညီအစ်ကိုချင်း အမွေ ခွဲဝေရေးအတွက်သော်လည်းကောင်း၊ သတ်မှုကျူးလွန်သူတို့သည်လည်း ကောင်း၊ နှစ်ဆယ့်ငါးပါးသော ခိုးခြင်းတို့ဖြင့် တပါးပါးကိုကျူးလွန် ခိုးယူခြင်း ဘုရား-တရား-သံဃာတို့နှင့် စပ်ဆိုင်သော ပစ္စည်း ဥစ္စာတို့ကို ခိုးယူဖျက်ဆီး ကျူးလွန်သော သူတို့သည် တခဲနက်သော အခိုးအလျှံ တို့သည် ခံတွင်းစသော ကိုးပါးသော ဒွါရတို့မှ ဝင်လေ၍ ကိုယ်ပလုံးကို မှုန့်မှုန့်ညက်ညက် ကြေပျက်စေအောင် ကြီးစွာသော ဒုက္ခတို့ကို အောင် ဟစ် ညည်းတွားလျက် ခံကြရသည်။

(၆) တာပန။ ။ဤငရဲကြီးကို လှုပ်ရှားခြင်းမရှိသော သတ္တဝါတို့ကို ပူပန်စေတတ်သောကြောင့် တာပနငရဲဟုခေါ်သည်။

ဤတာပနငရဲသို့ ကျရောက်သောငရဲသားတို့သည် ထန်းလုံးခန့်မျှ ပမာဏရှိသော အလျှံပြောင်ပြောင်တောက်သော သံတံကျင်၊ သံတံစို့တို့ဖြင့် ထိုးလျှို၍ ခံကြရကုန်သည်။

အောက်၌ခံသော သံမြေသည်လည်း အလျှံပြောင်ပြောင် တောက်လောင်ရကား ထိုသံတံကျင်၊ သံတံစို့လည်း အလျှံပြောင်ပြောင် တောက်လောင်ကုန်သည်။

ဤတာပနငရဲသို့ ကျရောက်ကြရသည်မှာ များသောအားဖြင့် မင်းဆိုးမင်းညစ်၊ မင်းယုတ်များနှင့် မင်းအမြှောင်များတို့သည် နိုင်ငံသူနိုင်ငံသား လူအများတို့အား ဆင်းရဲပင်ပန်းစေအောင် ပြုလုပ်ခြင်းတို့အတွက် ကျရောက်တတ်သည်ဟု ငါးရာ့ငါးဆယ်ဇာတ်တော် သဋ္ဌိနိပါတ်ပဉ္စမတွဲ "သံကိစ္စဇာတ်"တော်တွင် ဗုဒ္ဓဂေါတမက ဟောပြထားသည်။

ယော စ ရာဇာ အဓမ္မဋ္ဌော၊ ရဋ္ဌဝိဒ္ဓံသနော စ သော။
တာပယိတွာ ဇနပဒံ၊ တာပနေ ပေစ္စ ပစ္စတိ။ ။

ယောရာဇာ=ကရုဏာကင်းမေတ္တာရှင်းသော အကြင်မင်းသည်။ အဓမ္မဋ္ဌောစ=တရားကင်းကြောင်း၊ တွင်တွင်အောင်း၍ ယွင်းစောင်းဂတိ မှားခြင်းရှိသော အဓမ္မ၌ တည်သည်လည်းကောင်း။ ရဋ္ဌဝိဒ္ဓံသနော စ=ကျေးလက်ခရိုင် နိုင်ငံအဆုံး ပြည်ဇာလုံးကို ဖျက်ဖြုန်းလေ့ရှိသည်လည်းကောင်း။ ဟောတိ=ဖြစ်ပါပေ၏။ သောရာဇာ=ထိုမတရားသွင်းတရားကင်းသော မင်းသည်။ ဇနပဒံ=ဇနပုဒ်တိုင်းသားကို၊ တာပယိတွာ=မရှုမလှ အဆမတန်ပူပန်စေသောကြောင့်။ ပေစ္စ = မညှာသေမင်းအာဏာပြင်း၍ မငြင်းလိုက်ရ နောက်ဘဝ၌။ တာပနေ=ဒုက္ခမစဲ သုခလွဲသော။တာပန္ဒ=ငရဲကြီး၌။ ပစ္စတိ=အလျှံဆူဝေ ကျက်ရလေ၏။

ဤသို့ဖြင့် မင်းနှင့်ပတ်သက်၍ ကြောက်လန့်စရာ ဟောပြထားလေသည်။ မင်းတို့တွင် တရားနှင့်လျော်ညီစွာ အုပ်ချုပ်နိုင်ပါက မင်းနှင့်တကွ နိုင်ငံသူနိုင်ငံသားတို့ပါ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရဖို့ဖြစ်လေသည်။

(၇) မဟာတာပန္ဒ။ ။ဤငရဲသို့ကျရောက်သော ငရဲသားတို့သည် အလျှံပြောင်ပြောင် တောက်လောင်သော သံတောင်ထိပ်သို့ တင်ခြင်းခံကြရသည်။ တောင်ထိပ်၌တည်သောကာလ ကံလျှင်အကြောင်းရှိသော လေတို့သည် တိုးဝှေ့တိုက်ဖျက်သဖြင့် ဦးခေါင်းစောက်ထိုးခြေကားမိုးမျှော် အောက်သို့ ကျရလေကုန်သည်။ အောက်သို့ကျသော

အခါ ဦးခေါင်းဖြင့်တိုက်မိ၍ သံတံကျင်တို့၌ ထုတ်ချင်းလျှိုပေါက်သော ကိုယ်ရှိသဖြင့် အလျှံပြောင်ပြောင်တောက်လျက် ငင် ကျက်ရခံစားကြရ ကုန်သည်။

(၈) မဟာအဝီစိငရဲ။ ။ဤငရဲကြီး၌ မီးလျှံတို့သည်လည်း ကောင်း၊ ငရဲသားတို့ခံစားနေရသော ဒုက္ခဝေဒနာသည်လည်းကောင်း အလွန်ပြင်းထန်လှသည်။

ဤမဟာအဝီစိငရဲ၏ သက်တမ်းမှာ ဝိဝဋ္ဋဋ္ဌာယီကပ် တကပ်မျှ အသက်ရှည်သည်။

ဝိဝဋ္ဋဋ္ဌာယီကပ်ဆိုသည်မှာ ကမ္ဘာတို့ဖြစ်ပြီးသောအတိုင်း တည်နေသည်ကို ဝိဝဋ္ဋဋ္ဌာယီကပ်ဟုခေါ်သည်။

ဤငရဲသို့ကျရောက်ရသည်မှာ ရဟန္တာကိုသတ်ခြင်း၊ အမိအဘကို သတ်ခြင်း၊ ဗုဒ္ဓဘုရားကို သွေးစိမ်းထွက်အောင်ပြုလုပ်ခြင်း၊ သံဃာအချင်းချင်း ဂိုဏ်းကွဲအောင်လုပ်ခြင်း၊ ဗောဓိပင်ကိုချိုးဖျက်ခြင်း၊ ဘုရားရုပ်တုတော်၊ ဆင်းတုတော်တို့ကိုဖျက်ဆီးခြင်း၊ ကျေးဇူးရှိသူတို့ကို ပြစ်မှားခြင်း၊ သူတော်ကောင်းအကျင့် ကျင့်နေသူတို့ကို စွပ်စွဲ၍ဖျက်ဆီးခြင်း၊ နိယတ မိစ္ဆာဒိဋ္ဌိအယူရှိခြင်းတို့ ဖြစ်လေသည်။

ထိုသူတို့သည်ကား ငရဲတိုက်ခန်းတို့တွင် တိုက်ခန်း ဟနန်း၏ အကျယ်အဝန်းမှာ ယူဇနာတရာ၊ လက်ဝဲ လက်ယာနံပါး အောက် အထက် သံအတိပြီးသော ကိုးယူဇနာရှိသော အထက်မီးလျှံသည် အောက်သို့၊ အောက်က မီးလျှံသည် အထက်သို့ပွတ်ကျ၍ မီးကျီးမစု အထုအတိပြီးသော ခပ်သိမ်းသော ငရဲတို့ထက် အဆပေါင်း ထောင် သောင်းသိန်းမက ပူပြင်း ကဲလွန်းသော ဟောထင်ငရဲကြီး၌ ဝိဝဋ္ဋဋ္ဌာယီကပ်ပတ်လုံး ကြီးစွာသောငရဲကို ခံစားကြရမည်။

## ဥဿဒငရဲငယ် ၁၆ ပါး

(၁) ဘင်ပုပ်ငရဲ။ ။ဤငရဲသည် အပုပ်နှင့်ဟူသော [illegible] ရှိသည်။ ပိုးတို့သည် ငရဲသား၏ အရေပါး အရေထူကို ဖြတ်ကြသည်။ အသားအကြောတို့ကိုလည်း ဖြတ်ကြသည်။ အရိုးအရေပွတို့ကိုလည်း ဖြတ်ကြသည်။ ရိုးတွင်းခြင်ဆီကို ငရဲသားတို့ စားကြသည်။ ဤငရဲမှာ ကြမ်းတမ်းနာကျင်စွာဖြင့် ဝေဒနာကို ခံစားကြရသည်။

(၂) လက်ပံ့ဘာငရဲ။ ။ဤငရဲသည် အမြင့်အားဖြင့် တစ်ယူဇနာမြင့်သည်။ ရဲရဲပြောင်တောက်သည်။ ရဲရဲပြောင် တောက်လောင်သော မီးလျှံနှင့်တကွ တဆယ့်ခြောက်လက်သစ် အတိုင်းအရှည်ရှိသော ဆူးရှိသည်။ ထိုလက်ပံပင်သို့ ငရဲသားအား တက်လည်း တက်စေသည်၊ ဆင်းလည်းဆင်းစေသည်။

(၃) သန်လျက်ဘာငရဲ။ ။ဤငရဲသည် သန်လျက်သွား အရွက်တို့သည် လေတိုက်ခတ်ကုန်သည်ဖြစ်၍ ကျကုန်သည်ရှိသော် ငရဲသား၏လက်ကိုလည်း ဖြတ်ကုန်သည်။ ခြေကိုလည်းဖြတ်ကုန်သည်။ နားနှာခေါင်းတို့ကိုလည်း ဖြတ်ကုန်သည်။ ထိုငရဲသားသည် နာကျင်သော ဝေဒနာကို ခံစားရသည်။

(၄) ကြိမ်ပိုက်ချောင်းငရဲ။ ။ ကြိမ်ပိုက်ချောင်းမည်သော ကြေးနီမြစ်ငရဲ၌ ကျခံရသောငရဲသားသည် အောက်သို့လည်း မြုပ်၏။ အထက်သို့လည်းဆန်တက်သည်။ အစုန်အဆန်လည်းမျောနေသည်။

ထိုငရဲသို့ကျရောက်သူကို ငရဲထိန်းတို့သည် သံမျှားချိတ်ဖြင့် ထုတ်ဆောင်ဆွဲတင်၍ ကုန်း၌တင်ပြီးလျှင်....

ငရဲထိန်းက 'အမောင်ယောကျ်ား၊ သင် ဘာကိုအလိုရှိသနည်း' ဟု မေးလိုက်သည်။

ငရဲသားက 'အရှင်၊ အကျွန်ုပ် ဆာလောင်မွတ်သိပ်ပါသည်' ဟု ပြောလိုက်သည်။

ထိုအခါ ငရဲထိန်းတို့သည် ရဲရဲတောက်ပြောင်သော မီးလျှံနှင့်တကွ ပူလောင်လှသောသံချွန်ဖြင့် ငရဲသားခံတွင်းသို့ဖြဲ၍ ရဲရဲပြောင်တောက်သော သံထွေခဲကို ငရဲသား၏ခံတွင်းသို့ ထည့်လိုက်ကြသည်။

ငရဲသားမှာ တွန့်လိမ်ပြီး အလွန်နာကျင်ကိုက်ခဲစွာဖြင့် ခံတွင်းနှင့် နှုတ်ခမ်းတို့မှာ မီးလောင်ကျွမ်းသည့် အပြင် လည်ချောင်းကိုလည်း မီးလောင်သည်။ ထိုနည်းတူ ရင်ကိုလည်း မီးလောင်သည်။ ခံတွင်းကိုလည်းမီးလောင်သည်။ အူမတို့ကိုလည်း မီးလောင်သည်။

ဤသို့အားဖြင့် ပြင်းပြင်းထန်ထန် ကြမ်းတမ်းသော ဝေဒနာကို ထိုငရဲ၌ကျရောက်သူတို့ ခံစားရသည်။

## ငရဲသက်နှင့်လူ့သက်နှိုင်းယှဉ်ချက်

ဤသည်တို့တွင် ငရဲသက်တမ်းတို့မှာ နှစ်ရှည်လျားလှသည်။ ၎င်းကို အနက် ငရဲကြီးရှစ်ထပ်သက်တမ်းကို ဖော်ပြလိုက်ပေသည်။

| | ငရဲအမည် | ငရဲသက် | လူတို့၏အသက်အားဖြင့် |
|---|---|---|---|
| ၁။ | သိဉ္ဇိုဝ်း | ၅၀၀ | ၉ သန်း |
| ၂။ | ကာလသုတ် | ၂၀၀၀ | ၃၆ သန်း |
| | ပကတိ | ၁၀၀၀ | |
| ၃။ | သံဃာတ | ၈၀၀၀ | ၁၄၄ သန်း |
| | ပကတိ | ၂၀၀၀ | |
| ၄။ | ရောရုဝ | ၃၂၀၀၀ | ၅၇၆ သန်း |
| | ပကတိ | ၄၀၀၀ | |
| ၅။ | မဟာရောရုဝ | ၁၂၈၀၀၀ | ၂၃၀၄ သန်း |
| | ပကတိ | ၈၀၀၀ | |
| ၆။ | တာပန | ၅၁၂၀၀၀ | ၉၂၁၆ သန်း |
| | ပကတိ | ၁၆၀၀၀ | |
| ၇။ | မဟာတာပန | အန္တရကပ်တဝက် | အန္တရကပ်တဝက် |
| ၈။ | အဝီစိ | အန္တရတကပ် | အန္တရတကပ် |

ဤသို့အားဖြင့် ငရဲကြီးရှစ်ထပ်အသက်မှာ အလွန့်အလွန် ရှည်လျားပြီး ထိုထိုငရဲသို့ မကျရောက်ဖို့ ဂရုပြုဖို့သင့်လေသည်။

ထို့ပြင် မပြစ်မှားသင့်သည်ကို ပြစ်မှားမိ၍ အရှင်လတ်လတ် မြေမျိုခံရသူများလည်းရှိသည်၊

(၁) သုပ္ပဗုဒ္ဓမင်း ဘုရားဆွမ်းခံရာလမ်း၌ မဖယ်ပေး၍ ကပိလ ဝတ်ပြည်၌ မြေမျိုခြင်း။

(၂) သုပ္ပဗုဒ္ဓမင်း၏သား ဒေဝဒတ် ဘုရားကို အမျိုးမျိုးပြစ်မှား၍ သာဝတ္ထိပြည် ဇေတဝန်အနီး၌ မြေမျိုခြင်း။

(၃) စိဋ္ဌမာဏဝိကာ ဘုရားကို ကိုယ်ဝန်ဖြင့်စွပ်စွဲ၍ ဇေတဝန်ကျောင်းတော်အနီး၌ မြေမျိုခြင်း။

(၄) နန္ဒသတို့သား ဥပ္ပလဝဏ်ရဟန္တာမကို တောကျောင်း၌ မေထုန်မှုပြုကျင့်၍ မြေမျိုခြင်း။

(၅) နန္ဒကဘီလူး ရှင်သာရိပုတ္တာမထေရ်ကို ဂိဇ္ဈကုဋ်တောင်၌ တရားထိုင်နေစဉ် ဦးခေါင်းကိုပုတ်၍ မြေမျိုခြင်း။

# ဒုတိယပိုင်း

## သုဝဏ္ဏဘုမ္မိသို့ဗုဒ္ဓကြွခဲ့စဉ်

### သုဝဏ္ဏဘုမ္မိ၌သံဃာမရှိသေး

ဗုဒ္ဓဂေါတမသည် သုဝဏ္ဏဘုမ္မိခေါ် မွန်တို့ ဒေသသို့လည်း ကြွရောက်တော်မူခဲ့သည်။*

ထိုအချိန်က သုဝဏ္ဏဘုမ္မိကိုအုပ်ချုပ်သော ဘုရင်သည် တိဿမဓမ္မသီဟရာဇာဖြစ်သည်။

ဗုဒ္ဓကြွလာစဉ် သုဝဏ္ဏဘုမ္မိမြို့၌ ကြီးကျယ်သော မင်္ဂလာမဏ္ဍပ်ကြီးကို ဆောက်လုပ်၍ ထိုမင်္ဂလာမဏ္ဍပ် မင်္ဂလာပလ္လင်ပေါ်တွင် ခုနစ်ရက်တိုင်တိုင် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူသည်။

ဗုဒ္ဓကြွလာသည့်နှစ်မှာ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ ဆောင်းဥတုရာသီတွင်ဖြစ်လေသည်။

ဗုဒ္ဓကြွလာသည့်အချိန်တွင် သုဝဏ္ဏဘုမ္မိနိုင်ငံ၌ သိမ်ဂဏ်သံဃာတော်များဟူ၍ မရှိသေးပဲ များသောအားဖြင့် ရသေ့များကိုသာ ကိုးကွယ်လျက်ရှိသည်။

ဗုဒ္ဓကြွလာသည်နှင့်တပြိုင်နက် တောင်အသီးသီးတွင် သီးဟင်းသုံးလျက်ရှိသော ရသေ့တို့သည် ဗုဒ္ဓအား ဖူးမြော်ဖို့ ရောက်လာကြသည်။

---

* မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၂) ကျ-ခွ ။

## သုဝဏ္ဏဘုမ္မိ ရသေ့များ

ရသေ့တို့မှာ....**

(၁) ဂစ္ဆဂီရိတောင်တွင်နေသော တိဿကုမာရ ရသေ့။
(၂) ဗန္ဓဝဂီရိတောင်တွင်နေသော သီဟကုမာရ ရသေ့။
(၃) ကုဿိန္နာရုံတောင်တွင်နေသော ရသေ့။
(၄) ဒိုးကမောခတုံဂလိုင်းတောင်တွင်နေသော ဗုဒ္ဓဥဘာရသေ့။
(၅) ဒိုးခလွန်တောင်တွင်နေသော ရသေ့။
(၆) မဲလံတောင်တွင်နေသော ရသေ့။

ဤရသေ့တို့သည် မြတ်စွာဘုရားထံတော်၌ တရားတော်နာပြီး ဓာတ်တော် မွေတော်များကို ချီးမြှင့်ဖို့ လျှောက်ထားကြသဖြင့် ဗုဒ္ဓ ဂေါတမက ရသေ့တဦးလျှင် ဆံတော်တဆူစီ ပေးသနားတော်မူခဲ့လေ သည်။

မှတ်ချက်။ ။ထိုသို့ ရသေ့များသည် ဗုဒ္ဓတရားတော်ကို ကြားနာရခြင်း ဖြင့် အဘိညာဉ်သမာပတ်နှင့် ရဟန္တာအဖြစ် ဖော်ဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိကြသည်ကိုမူ မှတ်တမ်းများတွင် ဖော်ပြခြင်း မရှိပေ။

## ကျွတ်တမ်းဝင်

ဗုဒ္ဓဘာရားဟောဲတိုင်း ဟောတိုင်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့ ကုဋေချီ၍ကျွတ်တမ်းဝင်ခဲ့ကြသည်သာများသည်။ သုဝဏ္ဏ ဘုမ္မိတွင်ကား မည်သူ တဦးတယောက်မျှ ကျွတ်တမ်းဝင်သည်ဟု မှတ် တမ်းများတွင် ဖော်ပြနိုင်စွမ်းမရှိခဲ့ပေ။

'ကျွတ်ဘမ်းဝင်သည်' ဆိုရာ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူ ရကာယ်ဟူသော အပါယ်လေးဘုံ တံခါးပိတ်ဖို့ အတွက် အနည်းဆုံး သောတာပန်အဖြစ်သို့ရောက်ဖို့လိုပေသည်။ သောတာပန်ဖြစ်လျှင် နတ် ပြည်တွင်လည်းကောင်း၊ လူ့ပြည်တွင်လည်းကောင်း၊ ခုနစ်ဘဝနေထိုင် ပြီးနောက် ကျွတ်ဘမ်းသို့ နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်ရမည်သာဖြစ်သည်။

** ဒွံကပင်ဘုရားသမိုင်းသစ် (ဦးဇာဂရ)

## အခြားရုပ်ပွားများ

ဖော်ပြပါရသေ့များအပြင်....

(၁) မွတ်လအိတောင် ကပ္ပရသေ့။

(၂) မွတ်လအပ်တောင် နာရဒရသေ့။

(၃) ဝါဂဝုနယ် လမိုင်းကေလာသတောင်ရသေ့။

(၄) ကျိုက္ခမီတောင်ရသေ့။

(၅) ယောယက္ခဇုပ်သွပ်ကျွန်းနတ်ဘီလူးညီနောင်။

(၆) ဒိုးယွန်းတောင်ရသေ့။

(၇) ဆောင်ခဲတောင်ရသေ့အလ္လကပ္ပရသေ့။

ထိုသို့ရသေ့များအားလည်းအထက်ပါရသေ့များကဲ့သို့ဆံတော်တဆူစီ မြတ်စွာဘုရားက ချီးမြှင့်တော်မူခဲ့သည်။ တိဿဓမ္မသိဟရာဇာမင်းအားလည်း ဆံတော်နှစ်ဆူ ချီးမြှင့်တော်မူခဲ့သည်။

## ဇွဲကပင်ဘုရား

ထို့ပြင် ကရင်ပြည်နယ် ဘားအံမြို့နယ်တွင်ရှိသော ဇွဲကပင်စေတီတော်ကြီး၌လည်း ဗုဒ္ဓဓာတ်တော်မြတ်ကိုဌာပနာထားရှိသည်ဟု ဇွဲကပင်ဘုရားသမိုင်းသစ်တွင်ဖော်ပြထားသည်။

ယင်းစာအုပ်၏ ဖော်ပြချက်အရ မဟာသက္ကရာဇ် ၁၁၃ ခုနှစ်ကပင် ဗုဒ္ဓ၏ဆံတော်ဓာတ်ကို ဌာပနာတော်မူခဲ့သည်ဟု အဆိုရှိလေသည်။

ဒိုးကမော့ခတ္တဂလိုင်းတောင်တွင် နေသော ဗုဒ္ဓဉာဏရသေ့၊ ဒိုးခလွန်တောင်တွင်နေသော ရသေ့နှင့် ကုသိန္ဒြာရုံတောင် ရသေ့တို့သည် ၎င်းတို့ရရှိသော ဆံတော်ဓာတ်များကို ဌာပနာခြင်း မပြုကြပဲ သိမ်းထားခဲ့ကြသည်။ ကာလကြာမြင့်သော် ဒိုးခလွန်ရသေ့နှင့် ကုသိန္ဒြာရုံရသေ့တို့သည် အိုမင်းမစွမ်းရှိသည်ကတကြောင်း၊ အနာရောဂါစွဲကပ်လာသည်ကတကြောင်းတို့ကြောင့် မိမိတို့ရရှိထားသော ဆံတော်များကို ဗုဒ္ဓဉာဏရသေ့အားပေးအပ်ကြသည်။

## ဗုဒ္ဓဉာဏရသေ့နှင့် ကျိုက်ထီးရိုးဘုရား

ဗုဒ္ဓဉာဏရသေ့သည် ထိုဆံတော်များကိုမပျောက်ရအောင် မိမိ၏ ဆံကျစ်အတွင်း၌ ခိုင်မာစွာစည်းနှောင်ထားရှိရကား ကာလကြာလာ သည့်အခါ မည်သို့မည်ပုံထားခဲ့ရမည်တို့ကို ဗုဒ္ဓဉာဏရသေ့သည် ပူပင် သောကရောက်လျက်ရှိနေသည်။

ထိုအကြောင်းကို သိကြားမင်းသိသည့်အတွက်ကြောင့် လူ့ပြည် ကို ဆင်းလာပြီး ရသေ့ကြီးဆန္ဒအတိုင်း ရသေ့ဦးခေါင်းနှင့်တူသော ကျောက်လုံးကြီးကို ရှာ၍ ထိုကျောက်လုံးကြီးထံသို့ ဆံတော်များကို ဌာပနာဖို့အတွက် သန်လျက်နှင့်တူးပြီးလျှင်ဌာပနာခဲ့လေသည်။

ထိုသို့ဌာပနာသောစေတီကို မွန်တို့ဘာသာဖြင့် 'ကျိုက်အိသိရိုး' မြန်မာဘာသာအားဖြင့် 'ရသေ့ရွက်သော ဘုရား' ဟု ခေါ်ကြသည်။ ကာလကြာမြင့်လာသောအခါ မွန်ဘာသာဖြင့်ကျိုက်အိသိရိုးကို 'ကျိုက် ထီးရိုး' ဟု ခေါ်တွင်သည်။

ရသေ့တို့ထံမှရရှိသော ဆံတော်သုံးဆူအနက် ဆံတော်နှစ်ဆူကို ဒိုးခလွန်တောင်နှင့် ကုသိန္နာရုံတောင်များတွင် သိကြားမင်း ကိုယ်တိုင် ဌာပနာပြုလုပ်ကြောင်း သမိုင်းစာများတွင်ရှိသည်။

ထိုစေတီများကို ကေလာသနှင့်ကုသိန္နာရုံတို့တွင် ထင်ထင်ရှားရှား လူအများဖူးမြင်နိုင်ကြသည်။

ကျိုက်ထီးရိုးစေတီတော်သည်ကား မြန်မာ တနိုင်ငံလုံးမှ ဗုဒ္ဓ ဘာသာဝင်တို့ဖူးမြော်ဖို့ နှစ်စဉ် ပွဲလမ်းသဘင်များဖြင့် စည်စည်ကား ကား သွားရောက်ဖူးမြော်ကြသည်။

ကျိုက်ထီးရိုး စေတီတော်သို့ ဖူးမြော်ဖို့အတွက် လမ်းနှစ်လမ်း ရှိသည်။

(၁) စစ်တောင်းဘက်မှတက်ရသောလမ်းတလမ်း၊

(၂) ကျိုက်ထိုမြို့မှ မော်တော်ကားဖြင့် ကင်မွန်းစခန်း၊ ၎င်းမှ ကျိုက်ထီးရိုး ကုန်းပေါ်သို့ တက်ရောက်ရသော လမ်း တလမ်း။

ကျိုက်ထိုမှ မော်တော်ကားဖြင့် ကင်မွန်းစခန်းသို့ (၉) မိုင်ခရီး ရှိသည်။ ကင်မွန်းစခန်းမှ ကျိုက်ထီးရိုး ရင်ပြင်တော်ထိ (၇)မိုင်ခွဲရှိပြီး စခန်းပေါင်း (၂၇) စခန်းကို ဖြတ်ကျော်ရသည်။

## ကျိုက်ထီးရိုးဘုရားပွဲတော်

ကျိုက်ထီးရိုးပွဲတော်မှာ တပို့တွဲလဆန်းမှ တန်ခူးလအထိမပြတ်မစဲ သွားရောက်ဖူးမြော်ကြရာ၌ တရုတ်အမျိုးသားတို့သည် ထိုကျိုက်ထီးရိုးကို ဖူးမြော်ခြင်းအားဖြင့် သူချမ်းသာဖြစ်လာသည်ဟု ယုံကြည်ကြသည်။

လမ်းတလျှောက်တွင် ဘိုးဘိုးကြီးနှင့်တကွ နတ်စင်အမြောက်အများရှိသည်။ ကျိုက်ထီးရိုးဘုရားမှတဆင့် မုဆိုးဘုရား၊ ဖားဘုရား၊ နဂါးဘုရားတို့ကိုဖြတ်၍ လေးမိုင်ခန့်ဝေးသော ကျောက်ထပ်ကြီးဘုရားသို့လည်း သွားကြသည်။

ကျီးကန်းပါးစပ်ခေါ် ကျောက်ဂူနေရာတို့မှာ ဘုရားဖူးများက အမွှေးနံ့သာပက်ဖြန်းပြီး ဆုတောင်းမိဋ္ဌာန်ပြုကြသည်။

ဤကျိုက်ထီးရိုးစေတီတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၌ တန်းခိုးကြီးသော စေတီတော်တဆူဖြစ်သည်။ ကျိုက်ထီးရိုးစေတီတည်ရှိရာတောင်သည် ပင်လယ်ပြင်မှပေ (၃၆၀၀)ခန့်မြင့်သည်။

ကျိုက်ထီးရိုးစေတီတည်နေပုံမှာ မြင်ကြရသည့်အတိုင်း အံ့သြဖွယ်ရာကောင်းလှသည်။ ကြီးမား၍ မတ်စောက်သော ကျောက်ပေါင်တခု၏ အစွန်းတွင် လုံးပတ်ပေ(၅၀)ခန့်ရှိသော ဦးခေါင်းပုံစံ ကျောက်လုံးကြီးတခုက ပြုတ်လုဘည်းကာတင်၍နေသည်။

ထိုကျောက်လုံးကြီး ပေါ်တွင်မှ ဉာဏ်တော်(၁၅)ပေမြင့်သော စေတီတော်ကို တည်ထားသည်။ စေတီတည်ရှိရာ ကျောက်ဆောင်နှင့် ရင်ပြင်တော်ကို ချောက်တခုခြားနေသောကြောင့် သံတံတားငယ်ဖြင့် ဆက်သွယ်ထားရသည်။

စေတီတည်ထားရာ ကျောက်လုံးကြီးသည် လူတယောက် တွန်းလိုက်ရုံမျှဖြင့် လှုပ်ရမ်းသည်။ ထိုကျောက်လုံးကိုတွန်း၍ အောက်ခံအကြားသို့ အပ်ချည်ကြိုးကို သွင်းပြီးလျှင် ဆွဲယူနိုင်သည်။

ကျိုက်ထီးရိုးဘုရားသမိုင်းနှင့်ပတ်သက်၍ စစ်ကဲကြီး ဦးရွှေနော်ရေး မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းချုပ်အရ မြတ်စွာဘုရားကြွလာပုံတို့ကို ဖော်ပြထားသည်။

ဤသုဝဏ္ဏဘုမ္မိ သထုံပြည်သို့ သာသနာရောက်ပုံနှင့်ပတ်သက်၍ သာသနာပြုမထေရ်များမှာ အရှင်သောမထေရ် မထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ဖြစ်ကြသည်။

## ကလေးများဖမ်းစားသည့် ဘီလူးများကို ရှင်သောဏ ရှင်ဥတ္တရတို့ဆုံးမပုံ

ဖော်ပြခဲ့သော သုဝဏ္ဏဘူမိအရပ်သို့ သမုဒ္ဒရာမှ ရက္ခိုသ်ဘီလူးမဘယောက် မင်းအိမ်မှာ ကလေးမွေးတိုင်း လာရောက်စားသောက်နေသဖြင့် တနိုင်ငံလုံး ဘီလူးကို ကြောက်ရွံ့လျက်ရှိကြစဉ် အရှင်သောမဏ မထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ သုဝဏ္ဏဘူမိသို့ ကြွလာသည်နှင့်တပြိုင်နက် ရပ်သူရွာသားများက လက်နက်ဆွဲကိုင်၍ ထိုရဟန်းများထံသို့ သတ်ပုတ်ရိုက်နှက်ဖို့ ပြေးပြေးလွှားလွှားလိုက်ကြသည်။

ရဟန်းများက....

'ဒကာတို့ ဘာကြောင့် လက်နက်ဆွဲကိုင်ပြီးလာကြသလဲ'ဟု မေးလိုက်သည့်အခါ....

'ကျုပ်တို့မြို့မှာ မင်းအိမ်က ကလေးမွေးတိုင်းမွေးတိုင်း ရက္ခိုသ်ဘီလူးတွေက လာစားနေကြသောကြောင့် ဘီလူးထင်သဖြင့် ဤသို့လက်နက်ကိုင်လိုက်လာကြသည်'ဟု ပြောပြသည်။

အရှင်သောမဏမထေရ်က....

'ငါတို့ဟာ ရက္ခိုသ်ဘီလူးတွေရဲ့ အပေါင်းအသင်းမဟုတ်ဘူး ငါတို့ဟာကိလေသာငြိမ်းတဲ့ သာမဏေရဟန်းတွေဖြစ်တယ်။ သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ဘယ်။ သူတပါးဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တယ်။ လိမ်သည်ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်၊ သေရည်အရက်သောက်စားခြင်းမှ ရှောင်ကြဉ်တယ်၊ ကောင်းသော အကျင့်ကိုကျင့်သော ပုဂ္ဂိုလ်တွေဖြစ်တယ်'

လို့ ပြောနေသည့်အချိန်တွင် သမုဒ္ဒရာမှ ရက္ခိုသ်ဘီလူးမသည် မွေးစကလေးကို စားဖို့အခြွေအရံဘီလူးများနှင့်တကွ ရောက်လာသည်။

ထိုအခါ လူများက ကြောက်ကြောက်လန့်လန့်ဖြင့် အော်ကြဟစ်ကြသည်။

အရှင်သောမဏမထေရ်က ရက္ခိုသ်ဘီလူးမတွေထက် နှစ်ဆကြီးမားသော ကိုယ်ကြီး တွဖန်ဆင်းပြီး ဘီလူးမတွေကို မြင်အောင်ပြလိုက်သည်နှင့်တပြိုင်နက် ဘီလူးများသည် ကြောက်ကြောက်လန့်လန့်ဖြင့် ငါတို့ထက်တန်ခိုးကြီးတဲ့ လူဟုအော်ပြီး ပင်လယ်ဘက်သို့ လှည့်ပြေးကြသည်။

မထေရ်များကလည်း ဘီလူးများကို ပင်လယ်သို့မောင်းထုတ်ပြီး နောက်ထပ်မလာနိုင်အောင် အရံအတား အစောင့်အရှောက်များကို ဖြင့် တားမြစ်ထားခဲ့သည်။

ဤသို့အားဖြင့်တချိန်က ဘီလူးအစားခံရသော သုဝဏ္ဏဘူမိ တွင် ရဟန္တာအရှင်မြတ်များ သာသနာပြုခဲ့ကြလေသည်။ ထိုရဟန္တာ များသည် သတ္တဝါတို့အား ဘေးရန်ကင်းဖို့၊ ချမ်းသာကြဖို့ ဗုဒ္ဓ၏ တရားများဖြင့် ကယ်တင်ခြင်းဖြစ်လေသည်။

# တတိယပိုင်း

## ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်

### စန္ဒသူရိယမင်းအကြောင်း

ခရစ်သက္ကရာဇ်မပေါ်မီ (ဘီစီ ၅၈၂-၅၅၄)တွင် သားတော် အဇာတသတ် မာဂဓတိုင်းပြည် ဗိမ္ဗိသာရမင်းနှင့် ခရစ်သက္ကရာဇ်မပေါ်မီ (ဘီစီ ၅၅၄-၅၂၇)တို့သည်[၁] ရက္ခပူရ၊ ဓညဝတီပြည် စန္ဒသူရိယမင်းတို့ မင်းပြိုင်ဖြစ်ကြသည်။

စန္ဒသူရိယမင်းသည် ခမည်းတော် သီရိရာဇာမင်း ကွယ်လွန်တော်မူလျှင် သားတော် စန္ဒသူရိယမင်းက ဖခမည်းတော်၏ နေရာကိုရရှိပြီး မင်းဖြစ်တော်မူလေသည်။

၎င်းတွင် နေနှင့်လ နှစ်ပါးတို့၏အမည်ပါ စန္ဒသူရိယဟု အမည် ပေးခြင်းသည် စန္ဒသူရိယမင်းသားအား ဝိမလဒေဝီမိဖုရားကြီး ပဋိသန္ဓေစွဲကပ်စဉ် ခမည်းတော် သီရိရာဇာမင်းကြီးသည် နေလနှစ်ပါးကို အိပ်မက် မြင်ခြင်းကြောင့် ထိုနေလကို အစွဲပြု၍ "စန္ဒသူရိယ" ဟု နာမတံဆိပ် ခတ်နှိပ်ခြင်းဖြစ်လေသည်။

စန္ဒသူရိယမင်းကား သက္ကရာဇ် ၇၂ ခု ပြာသို လပြည့်နေ့တွင် ဖွားမြင်၍ သက်တော် နှစ်ဆယ့်ငါးနှစ်မြောက် သက္ကရာဇ် ၉၇ ခုတွင် ကာလသေနအမည်ရှိသော ဘုမ္မစိုးနတ်မင်းကြီး၏သမီး စန္ဒိမာလာနှင့် ရွှေထီးရွှေနန်းကိုသိမ်းမြန်း၍ စိုးမိုးအုပ်ချုပ်တော်မူလေသည်။

---

၁။ Smith, Vincent A., – The Early History of India. 4. Edition 1962. p. 51.

စန္ဒသူရိယမင်း၏တန်ခိုးအာနုဘော်တို့မှာ ရာဇဝင်အစောင်စောင် ဖော်ပြချက်များအရ ဘုန်းတန်ခိုးကြီးမားလှသည်။

နဂါးတို့သည်လည်း ဝပ်တွား ဆည်းကပ်၍ ဆင်ဖြူရတနာ နှစ်ဆယ့်ခြောက်စီးတို့သည်လည်း မင်းထံသို့ ရောက်ရှိလာသည်။ မှူးမတ် အပေါင်းတို့မှာ တသိန်းခန့်အရေအတွက်များသည်။

ပြည်ဦးကင်း၊ ပြည်တံခွန်၊ ပြည်မျက်စိ၊ ပြည်နား၊ ပြည်စွယ်၊ ပြည်မျက်နှာ၊ ပြည်ဝမ်း၊ ပြည်ခြေ၊ ပြည်လက်စသည့်တို့၌လည်း ပြည့်စုံ သည်။

မင်းအတွက် လိုအပ်သော စစ်အင်္ဂါလေးပါးတို့၌လည်း ပြည့်စုံ လျက် ဇမ္ဗူဒီပါတကျွန်းလုံးမှ အခွန်ဘဏ္ဍာတို့ကို စံစားစေတော်မူလျက် ဒါနမှု၊ သီလမှုစသော ကုသိုလ်ကောင်းမှုတို့၌ အလွန်မွေ့လျော်သော မင်းတပါးဖြစ်သည်။

## ဓညဝတီရခိုင်ပြည်

စန္ဒသူရိယဘုရင် ထီးနန်း အုပ်ချုပ်နေသည့်အခါတွင် မဇ္ဈိမ ဒေသ၌ ဖော်ပြခဲ့သည့်အတိုင်း လောကာဓိပတိ မုနိအတုလ္လ သဗ္ဗညုတ မြတ်စွာဘုရား ထွန်းလင်းတော်မူကြောင်းကို နန်းတွင်းသို့ သတင်းများ ရောက်ရှိလာသည့်အတွက် ဗုဒ္ဓမြတ်စွာဘုရားအား ပင့်ဖိတ်၍ ပူဇော်လို သောဆန္ဒပြင်းပြလျက်ရှိသည်။

အချိန်ကား ထီးနန်းအုပ်ချုပ်သည့် နှစ်ဆယ့်ခြောက်နှစ်မြောက် သက္ကရာဇ် ၁၂၃ ခုနှစ်တွင်ဖြစ်သည်။

ထိုအချိန်အခါတွင် ဓညဝတီ ရခိုင်ပြည်သည် အလွန့်အလွန် စည်ကားလျက်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် ဗုဒ္ဓ ဂေါတမပွင့်တော်မူလာစဉ် ဗာရာဏသီနှင့် သာဝတ္ထိပြည်တို့တွင် အလွန် စည်ကားလျက် သာဝတ္ထိနေပြည်တော်၏ လူဦးရေပင်လျှင် ခုနစ်ကုဋေ ကျော်ရှိသည်။

ယနေ့အိန္ဒိယနိုင်ငံ သာဝတ္ထိနှင့် ဗာရာဏသီမြို့တို့မှာ ပဲ့ဦးတိုင်း နုတ္တလင်းမြို့နှင့် ကျောက်တံခါးမြို့(သို့မဟုတ်)ရနိုင်ပြည်နယ်၊ မြောက်ဦး

မြို့နှင့် ရမ်းပြဲမြို့ပမာခန့်သာသာရှိသည်။ ထိုထိုမြို့ကြီးများသည် နှစ်ပေါင်း ၂၅၀၀ ကျော်အတွင်း အလွန့်အလွန် ပြောင်းလဲလျက်ရှိသည်။

## မြတ်စွာဘုရားအားပင့်ဖိတ်ပြီ

စန္ဒသူရိယမင်းသည် မှူးမတ် ပညာရှိတို့အား မြတ်စွာဘုရား မည်ကဲ့သို့ ကြွရောက်ဖူးမြင်ရမည်ကို တိုင်ပင်မေးမြန်းလေသည်။

ပညာအကျော် မှူးမတ်တော်များက ''အရှင်မင်းကြီး၊ မြတ်စွာ ဘုရားအား ရည်စူး၍ ပန်းနံ့သာစသည့် အမျိုးမျိုးဖြင့် ပူဇော်လျက် ပင့်ဖိတ်မှသော် ကြွရောက်တော်မူမည်''ဟု ဘုရင်သို့လျှောက်ထားကြလေ သည်။

စန္ဒသူရိယဘုရင်ကလည်း အမတ်ပညာကျော်တို့ လျှောက်ထား ချက်အတိုင်း ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် ''ကျေးဇူးတော်အရှင် ဂေါတမမြတ်စွာဘုရား၊ တပည့်တော်များ ဓညဝတီပြည်သို့ကြွရောက်၍ သတ္တဝါအများကို ကယ်တင်တော်မူပါဘုရား၊' ဟု အစဉ်သဖြင့် ရှိခိုး လျှောက်ထားနေလေသည်။

ဂေါတမဗုဒ္ဓသည် ထိုအချိန်အခါတွင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှ သီတင်းသုံးနေတော်မူခြင်းဖြစ်ပေရာ ကျွတ်ထိုက်သော သတ္တဝါတို့အား ကရုဏာရှေ့ထား၍ ကြည့်ရှုတော်မူသည့်အခိုက် စန္ဒ သူရိယမင်းကြီး လက်အုပ်ချီ ပင့်ဖိတ်နေသည်နှင့် ကြုံကြိုက်တော်မူလေ သည်။

ထို့ကြောင့်' 'ငါဘုရားကြွတော်မူပါက စန္ဒသူရိယမင်းနှင့်တကွ မောင်းမမိဿံ အခြွေအရံတို့နှင့် ဓညဝတီပြည်သူပြည်သားတို့သည်လည်း သောတာပတ္တိဖိုလ်၌ တည်အံ့သော အကြောင်းကို မြင်သောကြောင့် လည်းကောင်း၊ ငါ၏ကိုယ်စား ရုပ်ပွားတော် မဟာမုနိကိုခွင့်ပြုသွန်းလုပ် တည်ထားကိုးကွယ်စေခြင်းဖြင့် ငါ၏သာသနာတော် ငါးထောင်ပတ်လုံး လူ နတ် ဗြဟ္မာ သတ္တဝါတို့ တိုးပွားအံ့သော အကျိုးစီးပွားကို ဆင်ခြင် တော်မူ၍ ကြွတော်မူအံ့''ဟု ကြံတော်မူလေသည်။

ထိုအကြောင်းကို သိကြားမင်းသိရှိ၍ ဝိသကြုံ နတ်သားအား ပြာသာဒ်များဖန်ဆင်းပြီး အသင့်ထားဖို့စီစဉ်လေသည်။

## ဘုရားနှင့် ရဟန္တာငါးရာကြွလာ

ဂေါတမဗုဒ္ဓသည် တပည့်ရဟန္တာ ငါးရာနှင့် ဝိသကြုံနတ်သား ဖန်ဆင်းထားသောပြာသာဒ် ငါးရာတွင် အသီးသီးကိန်းဝပ်စံပါယ်တော် မူလျက် ကောင်းကင်ခရီးဖြင့် ဓညဝတီပြည်သို့ ရာဇဂြိုဟ်မှ ကြွတော်မူလာ သည်။

ဓညဝတီနှင့် မဇ္ဈိမဒေသ ရာဇဂြိုဟ်တို့သည် ခရီးများစွာ မဝေး လှပေ။ မိုင်ပေါင်း နှစ်ရာကျော်သာရှိ၍ ယူဇနာအားဖြင့် သုံးဆယ့်သုံး ယူဇနာခန့်သာဝေးသည်။ ထိုအချိန်အခါက ရခိုင်နှင့် မဇ္ဈိမဒေသတို့ သည် ကုန်းကြောင်း ရေကြောင်း အသွားအလာရှိကြသည်။

မဟာသက္ကရာဇ် ၁၁၃ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ နံနက် ၁ ချက်တီးအချိန် သာဝတ္ထိပြည် အနာထပိဏ် သဋ္ဌေးလှူအပ်သော ဆွမ်း ကို တပည့် ရဟန္တာများနှင့်အတူ ဘုဉ်းပေးတော် မူပြီးနောက် ဗုဒ္ဓဂေါ တမသည် ဓညဝတီနေပြည်တော်သို့ အထက် ကောင်းကင်မှ ကြွတော်မူ လာလေသည်။

ထိုနေ့ ၂ ချက်တီးအချိန် စန္ဒသူရိယမင်း အုပ်ချုပ်သည့် ဓညဝတီ ပြည် ကဿပနဒီ ကုလားတန်မြစ် အရှေ့ဘက်ကမ်း သေလာဂိရိအမည် ရှိသော ကျောက်တော် တောင်ထိပ်သို့ ရောက်တော်မူသည်။

**မှတ်ချက်။** ။အချို့မှတ်တမ်းများတွင် ဗုဒ္ဓဂေါတမ ကြွလာသောနှစ် သည်မဟာသက္ကရာဇ် ၁၂၃ ခုနှစ်ဟု ပါရှိပေရာ ထိုပါရှိချက်သည်ပင်လျှင် ဗုဒ္ဓဂေါတမသည် ဝါတော် ၂၀ ရှိမှ ဓညဝတီပြည်သို့ ကြွရောက်ခြင်းဖြစ် သည်မှာ ထိုမဟာသက္ကရာဇ် ၁၂၃ ခုနှစ်သည် အမှန်ဖြစ်သည်ဟု ယူဆရ ပေသည်။

ဗုဒ္ဓဂေါတမ ဓညဝတီသို့ ကြွရောက်လာမည်ကို ကြိုကြို တင်တင် အားဖြင့် မည်သူတဦးတယောက်မျှ သတင်းမပေးပေ။ သို့သော်ဓညဝတီ ပြည်သူ ပြည်သားတို့သည် "ဘုရားကြွလာမည်။ ကြွလာမည်"ဟု နေ့စဉ် လိုလို မျှော်လင့် တောင့်တနေကြသည်။

## သေလာဂိရိတောင်၌ သီတင်းသုံး

ဗုဒ္ဓဂေါတမသည် ဒေသစာရီဖြင့် အထက်ကောင်းကင်မှကြွရောက် လာခဲ့ရာ ဓညဝတီမြို့၏ အနောက်ဘက်မျက်နှာ ကဿပနဒီအမည်တွင်သော

ကုလားတန်မြစ်၊ အရှေ့ဘက်ကမ်းထိပ်တွင် သေလာဂိရိ အမည်ရှိသော ကျောက်တော့် တောင်ထိပ်၌ သက်ဆင်းတော် မူလေသည်။

**မှတ်ချက်။** ။ဤတွင် မြတ်စွာဘုရား ကြွတော် မူလာသည်နှင့် အချို့ရာဇဝင် သမိုင်းများ၌ သာဝတ္ထိ ပြည်ဟု လည်းကောင်း၊ ရာဇဂြိုဟ် ပြည်ဟု လည်းကောင်း၊ ကွဲလွဲချက်အမျိုးမျိုး ဖော်ပြလေ့ ရှိကြသည်။ သို့သော် ဤစာအုပ်တွင် ရာဇဂြိုလ်ပြည်*ဟု ရေးသား ဖော်ပြလိုက်ပေသည်။

ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍ သေလာဂိရိ တောင်ထိပ်သို့ ရောက်လျှင် ရောက်ချင်း ဆင်းသက်တော်မူပြီး မြတ်စွာဘုရား ပြုံးတော်မူလေလျှင် စွယ်တော် လေးချောင်း အကြားမှ ထန်းလုံးခန့်မျှရှိသော ရောင်ခြည်တော်တို့သည် အရပ်ဆယ်မျက်နှာသို့ ထွက်တော် မူလေသည်။

ထိုအခါ အတူလိုက်ပါလာသော ညီတော်အာနန္ဒာ မြင်လေလျှင် ရှိသေစွာ ရှိခိုး၍ အကြောင်းမျိုးစုံကို လျှောက်ထားလေသည်။

မြတ်စွာဘုရားက ညီတော်အာနန္ဒာ လျှောက်ထားချက်ကို ဤသို့ မိန့်ဆိုတော် မူလေသည်။

## ဗုဒ္ဓဗျာဒိတ်တော်များ

"ချစ်သားအာနန္ဒာ မဇ္ဈိမဒေသ သောဠသနဂိုရ်ပြည်ကြီးတို့၏ အနီးအစပ် အရှေ့တောင်အရပ်ဖြစ်သော ဤစေတတိပြည်သည် အလွန်ထင်ရှား မြင့်မြတ်သော တိုင်းပြည် ဖြစ်ပေ၏။

"အဘယ်သို့ ထင်ရှားမြင့်မြတ်လေသနည်းဟူကား"

"ငါးရာငါးစင်း(၅၀၅)တွင်အကျုံးဝင်သောကစ္ဆပနဒီ ကုလားတန်မြစ် အရှေ့ဘက်၌(၉၉)မြို့၊ အနောက်ဘက်၌(၉၉)မြို့တို့သည်ခင်းတို့၊ စိုးစံစီမံ တည်ထောင်သော မြို့ပြင်ရွာတို့ဖြင့် ပြည့်နှက်ထင်ရှား မြင့်မြတ်သော တိုင်းပြည် ဖြစ်လတ္တံ့သော ကြောင့်လည်းကောင်း၊

---

* တောင်ကျောင်း ဆရာတော်ရေး ရခိုင်ရာဇဝင်သစ်ကျမ်း၊ စတုတ္ထတွဲ။

"ထိုသို့သော မြို့တို့၌ အထိုက်အလျောက် စိုးစံတော်မူလတ္တံ့သော မင်းတို့သည်လည်း အသမ္ဘိန္န၊ ခတ္တိယမင်းမျိုးအမျိုးအစည် မရှားထီးနန်းဖွားသော မင်းများတို့ ရှိသောကြောင့်လည်းကောင်း

ထို(၉၉)မြို့ အမည်များကို နောက်အပိုင်းများတွင် ဖော်ပြထားသည်။

"ငါတို့ သာကီဝင်မင်း၏ အဆက်အနွယ် ကပိလအင်္ဂုနရှင်ရသေ့က ဆင်းသက်လာသောကြောင့် လည်းကောင်း ဤဓညဝတီပြည်ကို အလွန်ထင်ရှား မြင့်မြတ်သော ပြည်ဟူ၍ ဆိုအပ်သည်"ဟု မိန့်တော်မူလေသည်။

"ချစ်သားအာနန္ဒာ ငါဘုရားအလောင်းသည် ရှေးရှေးသောဘဝ၌ ၃ဝ သော ပါရမီကို ဖြည့်ကျင့်တော် မူသောအခါ ဤဓညဝတီပြည်၌ အကြိမ်များစွာ ဖြစ်ဖူးလေသည်။

အဘယ်သို့ အကြိမ်များစွာ ဖြစ်တော် မူသနည်းဟူကား

– ဤဓညဝတီပြည်၌ (၆ဝဝဝ) သော တပည့်တို့၏ အကြီးအမှူး ပုရောဟိတ်ပုဏ္ဏားဖြစ်တော်မူလေသည်။ ယင်းသို့ဖြစ်တော်မူသောကြောင့် ငါ၏ကိုယ်စား သဏ္ဌာန် သွန်းလုပ်တော် မူလတ္တံ့သော မဟာမုနိရုပ်ရှင်တော်သည် သုံးဖော်သော လောက၌ တောက်ပထွန်းလင်းစွာ ငါထားတော်မူလတ္တံ့သောသာသနာ (၅ဝဝဝ) ပတ်လုံး ကိန်းဝပ်တော်မူရာ ဖြစ်လတ္တံ့။

ထို့နောက်ဂေါတမ မြတ်စွာဘုရားသည်

– သေလာဂိရိ ကျောက်အတိပြီးသော ဤမောရပဗ္ဗတတောင်ထက်၌ ငါဘုရား ပန်းပွတ်သမား ဖြစ်ခဲ့ဖူးသောကြောင့် ငါဘုရား ပရိနိဗ္ဗာန် လွန်တော်မူလေလျှင်ငါ၏ ကျောက်ရိုးတော် ဓာတ်ကို စေတီဘည်၍ "ကျောက်တော် စေတီ"ဟု ခေါ်တွင်ကြလတ္တံ့။

ဗုဒ္ဓသည် သေလာဂိရိကျောက်တော်တောင်မှ ကဣုပနဒီမြစ်၏ အရှေ့ဘက်တောင်သို့ အစဉ်အတိုင်း ကြည့်ရှုတော်မူ၍ မကုပဗ္ဗတတောင်ကို မြင်လေလျှင်....

– ချစ်သားအာနန္ဒာ၊ ဤမကုပဗ္ဗတတောင်သည်လည်း ငါ မြွေဟောက်ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်လေသော် ငါ၏ချက်တော်ကို ကည့်လိုက်၍ 'ချက်တော်စေတီ' ဟု တွင်လတ္တံ့။

B 12

- ထိုမဥ္ဇူပဗ္ဗတတောင်မှ တောင်ဘက်မျက်နှာအရပ်ဝယ် ဂန္ဓနဒီမည်သော ရန်းချောင်းလက်ယာဘက်ကမ်း သေလာနဒီမည်သော ချောင်းဖျား၌ မိဂပဗ္ဗတတောင်ကြီးထိပ်ထက်ဝယ် သမင်ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် နဖူးသင်းကျစ်တော်ဓာတ်ကို စေတီတည်၍ 'သင်းကျစ်တော်စေတီ' ဟု တွင်လတ္တံ့။
- ထိုမိဂပဗ္ဗတတောင်၏ အနီးဝယ် နန္ဒပဗ္ဗတတောင်၌ ရွှေကြက်မင်းဖြစ်ခဲ့ဖူး၍ ငါလွန်တော်မူလျှင် ပါးမွေးတော်ဓာတ်ကို စေတီတည်၍ 'ပါးမွေးတော်စေတီ' ဟု တွင်လတ္တံ့။
- ပါးမွေးတော်စေတီမှလည်း တဂါဝုတ်မျှလောက်သော အရပ်၌ ဝေဠုပဗ္ဗတတောင်ထိပ်ဝယ် ယုန်မင်းဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် နားရင်းဓာတ်တော်ကို စေတီတည်၍ 'နားထိပ်တော်စေတီ' ဟု တွင်လတ္တံ့။
- နားထိပ်တော်စေတီမှလည်း တယူဇနာမျှလောက်သောအရပ်ဝယ် မဥ္ဇူပဗ္ဗတတောင်ကြီး၌ ပုဏ္ဏား ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် လက်ယာပါးရိုးတော်ကို စေတီတည်လတ်၍ 'ပြိုင်တိုင်တောင်စေတီ' ဟု တွင်လတ္တံ့။
- ထိုမဥ္ဇူပဗ္ဗတတောင်၏ တောင်မျက်နှာအနီးဝယ် ကာလာဂိရိတောင်ကြီးထက်၌ ကျီးမင်းဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် ငါ၏လျှာရင်းတော်ဓာတ်ကို စေတီတည်၍ 'ဇိဝှါဓာတ်တော်စေတီ' ဟု တွင်လတ္တံ့။
- ဤကာလာဂိရိတောင်၏ အနီးဝယ် ကပေါတဂိရိတောင်ထိပ်၌ ခိုမင်းဖြစ်ခဲ့ဖူးသောကြောင့် ငါ၏လည်တော်ဓာတ်ကို စေတီတည်လတ်၍ 'ဂိဝါဓာတ်တော်စေတီ' ဟု တွင်လတ္တံ့။
- ထိုကပေါတတောင်မှ အဥ္ဇနနဒီမည်သော လေးမြို့ချောင်း၏ အနောက်ဘက်ကမ်းဝယ် စုဋ္ဌပဗ္ဗတတောင်၌ သမင်ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် ငါ၏ပေါင်ရိုးတော်ဓာတ်ကို စေတီတည်လတ်၍ 'ပေါင်တော်စေတီ' ဟူ၍ တွင်လတ္တံ့။
- ယင်း စုဋ္ဌပဗ္ဗတတောင်မှ ယူဇနာခွဲရှိသော တောင်ဘက်အရပ်တွင် ဂန္ဓပဗ္ဗတတောင်၌ တံစဉ်သည်သား ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် ငါ၏ဦးခွံတော်ဓာတ်ကို စေတီတည်၍ 'ဦးခွံတော်စေတီ' ဟု တွင်လတ္တံ့။

- စူဠပဗ္ဗတတောင်၏ အနီးဝယ် ရေနုသာရမည်သော တောင်၌ မြင်းမင်းဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် လက်ဝဲပါးရိုး တော်ဓာတ်ကို စေတီတည်၍ 'ပါးရိုးတော်စေတီ' ဟု တွင်လတ္တံ့။
- ရေနုသာရတောင်၏ အနောက်တောင်ထောင့် ကဂါပုတ် ကျွဲ ဝေးသော အရပ်ဝယ် ဝါယုပဏ္ဏရတောင်တွင် လက်ပန်းသည် ဖြစ်ခဲ့ဖူးသောကြောင့် နောင်လာလတ္တံ့သောအခါ ငါ၏လက် မောင်းတော်ဓာတ်ကို စေတီတည်၍ 'မောင်းဆွဲစေတီ' ဟု တွင် လတ္တံ့။
- ဝါယုပဏ္ဏရတောင်မှ တယူဇနာရှိသော တောင်အရပ် ပင်လယ် ကမ်းနား ဇာလပဗ္ဗတတောင်၌ ဏေမည်သော သားဖြစ်ခဲ့ဖူးသော ကြောင့် နောင်လာလတ္တံ့သောအခါ ငါ၏ ရင်ရိုးတော်ဓာတ်ကို စေတီတည်၍ 'ရင်ရိုးတော်စေတီ' ဟု တွင်လတ္တံ့။
- ထိုဇာလပဗ္ဗတတောင်မှ တယူဇနာခွဲရှိသော အနောက်မျက်နှာ အဖို့ဝယ် ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ဖြစ်သော သမုဒ္ဒရာကမ်းနား သေလာပဗ္ဗတတောင်၌ တံငါသား ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလျှင် ငါ၏ မေးငူတော်ဓာတ်ကို စေတီတည်လတ်၍ 'မေးငူစေတီ' ဟု တွင်လတ္တံ့။

(ဤမေးငူဓာတ်တော်ရှိသည်ကိုအကြောင်းပြု၍ မေးငူကျွန်း ခေါ်သည်ကို ကာလကြာ၍ မြေငူကျွန်းဟု ခေါ်လာကြသည်)

- သေလပဗ္ဗတတောင်၏အနီး နေသာဒပဗ္ဗတတောင်၌လည်း တံငါ သားဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် ငါ၏သလုံး တော်ဓာတ်ကို စေတီတော်တည်၍ 'သလုံးတော်စေတီ'ဟု ခေါ် တွင်လတ္တံ့။

**မှတ်ချက်**။ ။ဤသလုံးတော်ဓာတ် အကြောင်းကို အချို့ ရာဇဝင်တို့၌ မဆိုကြပေ။ မင်းဖလောင်းဓာတ် တည်ခန်း 'နှ' ချပ်တွင်သာနေသာဒပဗ္ဗတတောင်ထိပ် သလုံးတော် ဓာတ်ကို ဌာပနာပြု၍ စေတီတည်ကြောင်း ဆိုကြသည်။ တံငါသားဖြစ်ဖူး ကြောင်းလည်းမပါချေ။ သို့သော် နေသာဒတောင်ဟူ၍ ဆိုသောကြောင့် နေသာဒ-သဒ္ဒါကို ထောက်၍ တံငါသားဖြစ်ဖူးကြောင်း ရေးသား ကြောင်း တွေ့ရှိရသည်။

ထို့ပြင် သလုံးတော်ဓာတ်၊ မေးငူတော်ဓာတ် ဟူလတ္တံ့သော ဆံတော်ရှင်ဓာတ်၊ ခြေရာတော်စေကီအားဖြင့် ဓာတ်တော်ကိုးဆူ၊ ခြေရာ

တော်တဆူသာ မြေငူကျွန်းပေါ်၌ရှိကြောင်း ရာဇဝင်ခေတ်တည်ခန်းတို့၌ ဆိုကြသည်။

— ထိုသေလပဗ္ဗတ ခေါင်၏ လက်ယာနံပါး သမုဒ္ဒရာအနီးဝယ် နီလပဗ္ဗတမည်သော တောင်ထိပ်သို့ ငါဘုရား ရောက်တော်မူသော အခါ နဂါးကြောင်၊ နဂါးပတ်၊ နဂါးရွှေ၊ နဂါးနီ၊ နဂါးဖြူ၊ နဂါးပြောက်၊ နဂါးမွဲ၊ နဂါးမည်း ဤရှစ်ဦးသော နဂါးတို့သည် တောင်းပန်သောကြောင့် ဗျာဒိတ်ရွှေနူတ် မိန့်တော်မူခဲ့သည့် အတိုင်း ငါရပ်တော်မူခဲ့လေသော မြေရာတော်၌ ဆံတော်ရှင် ဘုရား တည်လတ်၍ 'ဆံတော်ရှင်စေတီ' ဟု တွင်လတ္တံ့။

ဤသို့အားဖြင့် ဗျာဒိတ် နူတ်တံဆိပ်ဖြင့် ခတ်နှိပ် တော်မူပြီးမှ ကစ္ဆပနဒီမြစ်၏ အနောက်ဘက်သို့ကြည့်တော်မူလျက် ညီတော်အာနန္ဒာကို ခေါ်ပြီး ဤသို့မိန့်တော်မူသည်။

— ချစ်သား အာနန္ဒာ၊ ဤကစ္ဆပနဒီမြစ်၏ အနောက်ဘက်တွင် ငါ ကျင်လည်တော်မူဖူးသောအရပ်တို့သည်ကား များစွာပင်ရှိပေ၏။ ယခု ငါဘုရား သက်ဆင်းရပ်ကန့်နေတော်မူသော သေလာဂိရိ ကျောက်တော်တောင်မှ အနောက်တောင်ထောင့် တယူဇနာ အလွန်ရှိသော မလ္လပဗ္ဗတတောင်၌ ဟိန္ဒူအမျိုးသားအစစ်ဖြစ်ခဲ့ ဖူးသောကြောင့် ငါ၏ ဦးစွန်းတော်ဓာတ်ကို စေတီတည်၍ 'ဦးစွန်းတော်စေတီ' ဟု ခေါ်တွင်လတ္တံ့။

— ထို့ပြင် မလ္လပဗ္ဗတတောင်အနီးတွင် ဝေဠုဝနမည်သော တောင် ၌လည်း စပါးကြီးအစစ်ဖြစ်ခဲ့ဖူးသောကြောင့် နောင်အခါတွင် ငါ၏နှာရိုးတော်ဓာတ်ကို စေတီတည်၍ 'နှာသဓာတ်စေတီ'ဟု ခေါ်လတ္တံ့။

— ထိုဝေဠုဝနတောင်၏ အနီးဝယ် သန္တာဂိရိ တောင်တွင်လည်း ကြံ့ဆင် ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် လက်ဝဲ နား တော်ဓာတ်ကိုစေတီတည်၍ 'ကဏ္ဏဓာတုစေတီ'ဟုတွင်လတ္တံ့။

— ထိုသန္တာဂိရိတောင်မှသည် တောင်မျက်နှာ တယူဇနာမက ကွာ ဝေးသော အရပ်ဝယ် သာလမယ မည်သောတောင်၌ ဥယျာဉ် သည်သားဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် စမြုံတော် ဓာတ်ကို စေတီတည်၍ 'စမြုံတော်စေတီ'ဟု ခေါ်တွင်လတ္တံ့။

- သာလမယတောင်အနီး ချောင်း၏ ဘောင်ဘက်ကမ်းအရပ်တွင် ကစ္ဆပနဒီမြစ်၏ အနောက်ဘက်ကမ်းအနီး သီလပဗ္ဗတ တောင်မည်သော ကျောက်ရဲတောင်၌ အမျိုးမြတ်သော ဗေဒင်သုံးပုံ တတ်ကျွမ်းသော ပုဏ္ဏားသားဖြစ်ခဲ့ဖူးသောကြောင့် ငါပရိနိဗ္ဗာန် လွန်တော်မူလျှင် လုံးပတ်နှစ်ညှိုမျှရှိသော ဦးခေါင်းခွံ ဓာတ်တော်ကို စေတီတည်၍ 'ဦးရစ်တောင်စေတီ'ဟု တွင်လတ္တံ့။
- ထိုသီလပဗ္ဗတတောင် အနောက်မျက်နှာ အဖွိဝယ် သုံးဂါဝုတ်မျှ လောက်သော အရပ်၌ မလ္လာဟူသော မယူမြစ်ကြီး အရှေ့ကမ်း ထိပ်ပြင်ထက် စာရပဗ္ဗတ တောင်ကြီး၌ ဆဒ္ဒန်ဆင်မင်းဖြစ်ခဲ့ဖူး သောကြောင့် ငါလွန်တော်မူလျှင် ငါ၏ ဦးကင်းတော်ဓာတ် ကို စေတီ ဘည်၍ 'ဦးကင်းစေတီ'တွင်လတ္တံ့။
- စာရပဗ္ဗတတောင်၌ ဆဒ္ဒန်ဆင်မင်းဖြစ်ခဲ့ဖူးသော အခါ ကဆုန် နွေလ မိုးသည်းထန်စွာရွာလတ်၍ ချမ်းအေးလှသောကြောင့် တဂါဝုတ်မျှလောက်ဝေးသော မြောက်အရပ် တောမြိုင်ရိပ်တွင် ခိုအောင်း၍နေလျှင် မိုးစဲသောကြောင့် နောင်အခါ ထိုအရပ်ကို 'မိုးစဲအရပ်' ဟု ခေါ်တွင်လတ္တံ့။
- ထိုမလ္လာယူမြစ်ကြီး၏ အနောက်ဘက်ကမ်းပြင်တွင် သမုဒ္ဒရာအနီး ကာသီရမည်သော တောကြီး၌လည်း ရွှေဥဒေါင်းမင်း ဖြစ်ခဲ့ဖူး သောကြောင့် ငါလွန်တော်မူလျှင် ငါ၏လည်ရိုးတော်ဂ.ဓာတ် ကို စေတီတည်၍ 'လည်ရိုးတော်စေတီ' ဟု ခေါ်တွင်လတ္တံ့။

ဤသို့အားဖြင့် ဗုဒ္ဓရှင်တော်ဘုရားသည် ရခိုင်ပြည်ဓညဝတီတွင် ဘဝအမျိုးမျိုး ဖြစ်ခဲ့သည်တို့ကို ညီတော် အာနန္ဒာအား နှုတ်တော်မှ ကိုယ်တိုင် ဗျာဒိတ် ခတ်နှိပ်ပိုင်းခြား၍ ဟောတော်မူသည့် အဆုံးတွင် မြင်းမိုရ်၊ သတ္တရဘန် ခုနစ်တန် သီတာ စကြဝဠာတိုင်းအလုံးတို့သည် လှုပ်လှုပ်ရွရွ ရှန့်ရင်းခတ်မျှ သမုဒ္ဒရာလှိုင်းသည် ဆူပွက်လေသောအခါ အနီးအပါးတွင် ဗျာဒိတ်တော်ကိုနားထောင်တော်မူလျက်ရှိသော လူနတ် ဗြဟ္မာသတ္တဝါတို့သည် သောင်းသောင်းဖြဖြ သာဓုအနုမောဒနာပြုကြ သည်မှာ တမောတပန်းဖြစ်ပေသည်။

စန္ဒသူရိယမင်းကြီးသည်ဗုဒ္ဓမြတ်စွာနှင့်ရဟန်း၅၀၀တို့အပါအဝင် ကောင်းကင်ခရီးဖြင့် ကျောက်တော်မြို့ အရှေ့ဘက် ကစ္ဆပနဒီကုလားတန် မြစ်တဘက်ကမ်း သေလာဂိရိ တောင်တော်သို့ သက်ဆင်းတော်မူ လာသည်ကို မသိသေးပေ။

သမုဒ္ဒရာအနီး ကာသိမ်ရမည်သောတောင်ကြီး၌ ရွှေဥဒေါင်းမင်းဖြစ်ခဲ့ဖူးကြောင်း ဗုဒ္ဓ၏ရွှေနှုတ်ခတော်ဗျာဒိတ် ခတ်နိုင်ပ်ဟောပြောအဆုံးတွင် စကြဝဠာတိုက်နှင့်တကွ သမုဒ္ဒရာလှိုင်းဂယက်တို့တုန်လှုပ်ကြသည်ကို စန္ဒသူရိယခင်းကြီးကား အလွန်အလွန်ထိတ်လန့်နေသည်။

ဤအချင်းအရာတို့ကို မင်းနှင့်တကွ ဓညဝတီ ပြည်သူပြည်သားသန်းခေါင်းများစွာလည်း တုန်လှုပ်ကြောက်ရွံ့ကြသည်။

ထို့ကြောင့် စန္ဒသူရိယဘုရင်သည် မှူးမတ် အပေါင်းတို့အားအကျိုးအကြောင်း အဖြစ်အပျက်တို့ကို လျှောက်ထားတင်ပြဖို့ အမိန့်ပေးလေသည်။

ပညာကျော်အမတ်တို့ကမူ ထိန်ညီးပြိုးပြက်တခဲနက်သောအရောင်အဝါတို့သည် သေလာဂီရိကျောက်တော်တောင်မှစ၍ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထို့နောက် ထိုအဖြစ်အပျက်တို့သည် နိုင်ငံတဝန်းလုံးသို့ ထိဟ်နိမိတ်တို့ဆက်လက်ပြီး ထင်ရှားစွာဖြစ်ပေါ်လာပါသည်။

ဤဖြစ်ပေါ်ထွန်းလင်းအကြောင်းရင်းကို ရှာသော် 'အရှင်မင်းကြီး ပင့်ဖိတ်တောင်းပန်အပ်သည်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ကြွရောက်ဘော်မူသည်'ဟု ထင်မြင်ပါသည်ကြောင်း လျှောက်ထားရာ ဘုရင်မင်းကြီး ကြားသည်နှင့်တပြိုင်နက် ဗုဒ္ဓမြတ်စွာထံသို့ အမြန်ဆုံးဖူးမြော်ဖို့ အမတ်များကို အမိန့်ပေးလေသည်။

## ဘုရားကြွရာသို့ သွားပုံ

မင်းကြီးသည် ဓညဝတီခနပြည်တော်မှ သေလာဂီရိကျောက်တော်တောင်ဘက်သို့ လျင်မြန်စွာ ထွက်တော်မူခဲ့ရာ လမ်းခရီးတွင် အသွန်ပင်ပန်းလေသည်။ ဆာလောင်ခြင်းဖြစ်ပြီး စားတော်ခေါ်ဖို့ရာ ခေတ္တချပ်နား၍ စားတော်ခေါ်ရာတွင် ဟင်းလျာများကိုပင် ဘုရင်မစားမိသောကြောင့် ထိုအရပ်ကို 'ဟင်းမစားအရပ်'ဟု ယနေ့တိုင် ခေါ်တွင်လျက်ရှိသည်။

မင်းကြီးသည် နေ့လယ်စာစားသုံးပြီး ခရီးဆန့်ခဲ့ရာ စစ်အင်္ဂါလေးပါးတို့၏ အသံသည် အုတ်အုတ်ကျက်ကျက်ဖြစ်ကြသောကြောင့် ထိုအရပ်ကို 'ရုတ်ပြင်'ဟူ၍ပင် ယနေ့တိုင်ခေါ်လေသည်။

ထိုအချပ်မှ ဆက်၍လာခဲ့ရာ မိုးချုပ်လာသည်နှင့် မှောင်အတိ ဖြစ်လာရကား ရှေ့သို့ဆက်သွားဖို့ မဖြစ်နိုင်တော့သဖြင့် ဘုရင်မင်းကြီး နှင့်တကွ ပါသမျှ မှူးကြီးမတ်ရာတို့သည် ဗုဒ္ဓဘုရားအား ညှက်ကွား ရိုကျိုးကိုးကွယ်ခြင်းကို ပြုကြလေသည်။

## ဘုရားရောင်ခြည်တော်လွှတ်

ဗုဒ္ဓဂေါတမသည် ထိုထိုဘုရင်နှင့်တကွ မှူးမတ်တို့၏ ကိုးကွယ် ခြင်းပြုကြသည်ကို မြင်သိတော်မူသည့်အခါတွင် ရောင်ခြည်တော်အလင်း ကို လွှတ်တော်မူလေသည်။ ထိုအခါ ဘုရင်နှင့်တကွ နောက်လိုက် နောက်ပါ သင်းပေါင်းများစွာတို့ အလင်းရောင်ကို မြင်ကြရပြီး အစဉ် အတိုင်းလာခဲ့ကြရာ ရောင်ခြည်တော် အစဉ်လွှတ်ခဲ့သည့်နေရာကို ယနေ့ တိုင်အောင်'မြုံပြင်'ဟု ခေါ်တွင်လေသည်။

ဓညဝတီနေပြည်တော်နှင့် ကျောက်တော်တောင်သို့ သွားရေး လာရေး မည်မျှဝေးကွာသည်တို့ကို မှန်းဆဖို့ပင်ဖြစ်သည်။

ယခုမဟာမြတ်မုနိဘုရားတည်ရှိရာဒေသနှင့် ကျောက်တော်မြို့ တဘက်ကမ်း ကျောက်တော်မြို့တို့မှာ မြေဖို့လမ်း ကုန်းကြောင်းခရီးဖြင့် ရှစ်မိုင်သာရှိသည်။ ကျောက်တော်တောင်မှာ ကျောက်တော်မြို့၏ အရှေ့ ဘက်တွင်ရှိသည်။

ဘုရင်နှင့်တကွ မှူးမတ်တို့သည် ရှေ့သို့ဆက်၍ ခရီးတွက်ခဲ့ကြ ရာ သေလာဂိရိတောင်၌ သတင်းသုံးနေတော်မူသော မြတ်စွာဘုရား ခြေတော်ရင်းကို ရောက်ကြသည်။

ဘုရင်နှင့်တကွ မင်းမိဖုရား နန်းတွင်းသူ၊ နန်းတွင်းသားတို့ အပါအဝင် လူအားလုံးတို့က မြတ်ဘုရား၏ ခြေတော်ရင်းကို ဦးတိုက်၍ ကရမက်၊ နံ့သာ၊ ပန်း၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ အလံ များတို့ ဖြင့် ပူဇော်ကန်တော့ကြလေသည်။

ဗုဒ္ဓ၏ မင်းကျင့်တရားဆယ်ပါး

မြတ်စွာဘုရားသည် မင်းနှင့်တကွ မှူးမတ်ဗိုလ်ပါ ပရိသတ်တို့အား....

၁။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို ကျင့်ရသော အကျိုးတို့ကို လည်းကောင်း။

၂။ ဒါနလှူရသော အကျိုးကို လည်းကောင်း။

၃။ သီလဆောက်တည်ခြင်းတို့ကိုလည်းကောင်း။

၄။ ဖြောင့်မတ်စွာ ကျင့်ခြင်းဆိုအပ်သောအဇ္ဇဝ။

၅။ နူးညံ့သိမ်မွေ့စွာ ပြုကျင့်ပြောဆိုရခြင်းဟု ဆိုအပ်သောမဒ္ဒဝ။

၆။ ဥပုသ်သီတင်း ကျင့်သုံးခြင်းဟု ဆိုအပ်သော တပ။

၇။ အမျက်မထွက်ခြင်းဟု ဆိုအပ်သော အကောဓ။

၈။ မညှဥ်းဆဲခြင်းဟု ဆိုအပ်သော အဝိဟိံသ။

၉။ သည်းခံခြင်းဟု ဆိုအပ်သော ခန္တီ။

၁၀။ တိုင်းသားပြည်သူတို့နှင့်မဆန့်ကျင်ခြင်းဟုဆိုအပ်သောအဝိရောဓ။

ဟူသော မင်းတို့ကျင့်အပ်သော တရားဆယ်ပါးတို့ကို ပြောဟော၍ ဆုံးမတော်မူလေသည်။

စန္ဒသူရိယမင်း သောတာပန်တည်

ထိုအခါ စန္ဒသူရိယမင်းနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့သည် တရားတော်၏ အဆုံး၌ သောတာပတ္တိဖိုလ်အဆင့်သို့ ရောက်ရှိခဲ့ကြသည်။

စန္ဒသူရိယ မင်းကြီးသည် မြတ်စွာဘုရားအား ဖူးမြင်ရသည့်အတွက်ကြောင့် အလွန်နှစ်သက်ဝမ်းမြောက်စိတ်ဖြင့်....

''ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသေးတရားမင်းဘုရား၊ အကျွန်ုပ်နှင့်တကွမောင်းမမိဿံ့ တိုင်းနိုင်ငံသူအပေါင်

တို့အား သနားတော်မူသည်ကို အကြောင်းပြု၍ ဓညဝတီမြို့တော်ကြီးသို့ ကြွတော်မူပါဘုရား''ဟု လျှောက်ထား ပင့်ဖိတ်တော်မူလေသည်။

## ဘုရားရှင် နန်းတော်သို့ကြွတော်မူ

မြတ်စွာဘုရားသည်လည်း သနားသဖြင့် ပဋိညာဉ်ပေးတော်မူ၍ ရဘနာအတိဖြင့် ဆန်းကျယ်သော စုလစ်မွန်းချွန် အလျှံပြိုးပြက်လက်နေသော နေလဗိမာန်ကဲ့သို့ ရောင်ရှိန်ထိန်လက် တခဲနက်သောပြာသာဒ်ကြီး ၅၀၀ နှင့် ရဟန္တာ အရိယာအပေါင်းတို့ ခြံရံ၍ ဘုရား၏တင့်တယ်စမ္ပာယ်ခြင်းဖြင့် မြန်းကြွတော်မူလာ၍ ဓညဝတီ မင်းကြီး၏နန်းတော်သို့ ဝင်ရောက်သက်ဆင်း သီတင်းသုံးတော်မူခဲ့လေသည်။

ထိုအခါ စန္ဒသူရိယ မင်းကြီးသည် ဘုရားသဗ္ဗညု အမှူးရှိသော တပည့်အရိယာ ရဟန္တာအပေါင်းတို့အား ကောင်းမြတ်လှသော နို့ဃနာချက်အပ်သော သလင်းဆွမ်းနှင့်တကွ အထူးထူးသော ဘောဇဉ်၊ ချိုချဉ်အရသာတို့ဖြင့် လှူဒါန်းလေသည်။

ဗုဒ္ဓမြတ်စွာသည် ဓညဝတီပြည့်ရှင် ဘုရင်စန္ဒသူရိယမင်း၏ နန်းဆောင် တရားဓာတ မဏ္ဍပ်တော်အတွင်း မိဖုရား မောင်းမမိဿံတို့အပေါ် အဝင် ဓညဝတီနိုင်ငံသူ နိုင်ငံသားတို့အား တရားဓမ္မကို ပြောဟော၍ သတ္တဝါအပေါင်းတို့အား အေးချမ်းရာ အေးချမ်းကြောင်း ရစေလေသည်။

## နန်းတွင်းသူအားလုံး သောတာပန်တည်

ဗုဒ္ဓသည် ဓညဝတီပြည်တွင် ရက်သတ္တတပတ်ခန့် တရားမဟုဟော ပြောရာ၌ နိုင်ငံသူ နိုင်ငံသားများအပေါင်းဝင် နန်းတွင်းသူ နန်းတွင်းသား သောင်းသိန်းတို့ သောတာပတ္တိဖိုလ်၌ တည်ကြ၍ လူခပ်သိမ်းတို့မှာ ပညာသိ တရား တည်ကြခြင်းအားဖြင့် မမှာမိုးကြီး သည်းယန်စွာ ရွာချပေးခဲ့တော့သည်။

## ကိုယ်စားရုပ်တု ထားတော်မူရန် လျှောက်ထား

ထို့နောက် စန္ဒသူရိယ ဘုရင်က မြတ်စွာဘုရား ကြွတော်မူသဖြင့် ကွဲကွာရမည်ကို အလိုမရှိဖြစ်၍ နားသို့ လျှောက်လေသည်။

''သုံးပါးသော ဘုံသူတို့၏ မကိုင္ငံတန်ဆောင် ဦးသျှောင်မွန်ကင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပါး သောအရပ်သို့ ဒေသစာရီ ကြွချီတော် မူခဲ့သည်ရှိသော် အကျွန်ုပ်သည် ကိုးကွယ်ရာမဲ့ဖြစ်ပေမည်။ ယင်းသို့ ကိုးကွယ်ရာမဲ့ဖြစ်သော တိုင်းသူပြည် သားများအား သနားတော်မူသောအားဖြင့် ကိုယ်စား ထားတော်မူခဲ့ ပါဘုရား'' ဟု လျှောက်ထား တောင်းပန်လေသည်။

## ဗုဒ္ဓပဋိညာဉ်

သဗ္ဗညု မြတ်စွာဘုရားလည်း ဉာဏ်တော် စက္ခုဖြင့် ကြည့်ရှုဆင် ခြင်တော် မူလေသော်....

''ထုလုပ် ကိုးကွယ် စေအပ်သော စန္ဒနသာရမည်သော ငါ၏ရုပ်တုတော်ကို နောင်သောအခါ မိစ္ဆာဒိဋ္ဌိမင်းတို့၏ တိုင်း နိုင်ငံ၌ဖြစ်၍ ဖျက်ဆီးအံ့သည်ကိုမြင်၍ သိကြားမင်းသည် ရွှေ ပလ္လင်နှင့်တကွ ဝှက်သို၍ ထားသည်ဖြစ်၍ မင်း များစွာတို့ကို ဆည်းကပ်မရသောအကြောင်း ရှိချေသည်။

ငါဘုရားအလောင်းသည် ဘဝအဆက်ဆက် ကျင်လည် ခဲ့ဖူးသော ဤဓညဝတီပြည်သည် ဇမ္ဗုဒီပါကျွန်း၌ မြို့ကြီးပေါင်း ၈၄၀၀၀ တို့တွင် အလွန်မြင့်မြတ်သော တိုင်းပြည်မြို့ကြီး ဖြစ် ပေသည်။

ဤဓညဝတီပြည်၌ ငါ၏ကိုယ်စား ရုပ်တုထားခဲ့သည် ရှိ သော်ကား ငါဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက်တွင် ထား လတ္တံ့သော သာသနာ ၅၀၀၀ ပတ်လုံးတည်လတ်၍ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွားဖြစ်လတ္တံ့....

သည်ကိုမြင်တော်မူ၍ စန္ဒသူရိယ တကာတော် လျှောက်ထား အသနားခံသည်ကို ဝန်ခံ၍ ပဋိညာဉ် ပေးတော်မူလေသည်။

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ဘုရင်ကြားရသည့်အခါ ဝမ်းမြောက်ဝမ်းသာ စကြဝဠာအပေါင်း တိုက်တသောင်းမှ သောင်းသောင်းဖြဖြ ရောက်ရှိလာကြသော နတ်ဗြဟ္မာတို့သည်နတ်စည်းစောင်းတို့ဖြင့်တီးမှုတ်၍ သင်းပင်းညီညာ ဝင်ရောက်ကူညီ ကြလေသည်။

## မဟာမုနိရုပ်တုတော်

အဋ္ဌနမင်း ဖွဲ့ကြွင်းသက္ကရာဇ် (၁၂၃) ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေအချိန်မှစ၍ စန္ဒသူရိယ မင်းနှင့်တကွသိကြား သိကြားအပေါင်းတို့ဖြင့် ခြံရံ၍ ရုပ်တုတော် မဟာမုနိကိုသွန်းလုပ် ဖန်ဆင်းတော်မူ၍ မိုးသောက်နံနက်အခါ မြတ်စွာဘုရားအား ပင့်ဖိတ် လျှောက်ထားတော် မူလေလျှင် မြတ်စွာဘုရားကိုယ်တိုင် ထပ်မံစိရင် ဖန်ဆင်းပေးတော် မူအပ်သောရုပ်တုတော်သည် တဆံခြည်မျှမချွတ် ယခင်သက္ကရာဇ် (၁၂၃) ခုကဆုန်လပြည့်ကျော် (၁) ရက် ကြာသပတေးနေ့ နံနက်အချိန်တွင် အောင်မြင် ပြီးမြောက်တော် မူလေသည်။

ဤသို့ အောင်မြင်ပြီးမြောက်တော်မူသည်ကို စန္ဒသူရိယမင်းနှင့်တကွ မှူးမတ်အများ ပြည်သူပြည်သား၊ ဗြဟ္မာ သိကြားတို့ကပါ သောင်းသောင်းချီ၍ သာဓုခေါ်ကြသည်။

ဤရုပ်တုတော်သည် မဟာဗောဓိမဏ္ဍိုင်၌ လေးခိုင်သစ္စာ၊ ငါးဖြာဥေ ယျ၊ ဓမ္မခပင်းကို ထိုးထွင်းသိမြင်၍ သုံးခွင်ထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါကဲ့သို့ အလွန် ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ အမျိုးမျိုးသောလူဒါန်းခြင်းဖြင့် လှူဒါန်းကြကုန်ရာ ဗြဟ္မာမင်းတို့သည်လည်း လက်ပန်းပေါက်ခပ်ကုန်သဖြင့် တသောင်းသော စကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက်ဖူးမြင်ကြသည်မှာ သိန်းသန်းများစွာလှ၍ စကြဝဠာ တောတောင်အားလုံ တို့သည်လည်း ဖြန်းဖြန်းပါမျှ တုန်လှုပ်ကြကုန်သည်။

ထိုထို အတိတ်၊ နိမိတ်၊ ပြာဋိဟာတို့ကို စန္ဒသူရိယမင်းကြီးနှင့်တကွ နန်းတော်သူ နန်းတော်သားတို့ အံ့အားတသင့် ချီးကျူးမကုန်နိုင်အောင် အရေဟံ၏ဂုဏ်တော်ကို ချီးကျူးလျက်ရှိကြသည်။

ဗုဒ္ဓသည် ခုနဝတီပြည်တွင် ရက်သတ္တတပတ် သီတင်းသုံးနေတော်မူသည့်အတွင်း နာရီမျှမအားချေ။ ဆွမ်းဘုဉ်းပေးပြီးလျှင်ပြီးချင်း မင်္ဂလာရွစ်ပါးတရားတော်ခမ္မစက်ကို ဟောလျက် တည်းခိုသည့်ကျောင်းသို့ ပြန်ကြွရာတွင်လည်း ထိုတည်းခိုကျောင်း၌ နတ်ဗြဟ္မာအပေါင်းတို့အပြင် လူသတ္တဝါတို့အား တရားဟောတော်မူရာ သောတာပန်၊ သကဒါဂါမိစသည်ဖြင့် အပါယ်တံခါးပိတ်ခဲ့သူတို့မှာ မနည်းလှပေ၊

တနေ့ မိုးလင်းသည့်အခါ မြတ်စွာဘုရားကြွတော်မူစဉ် မြင့်မိုသော တောင်ပို့တခုထက် ရပ်တန့်တော်မူလျက် ရပ်တုတော်ကို ကြည့်တော်မူလေသည်။ ထိုအရပ်ကို 'မြင့်မို' ဟုခေါ်လေသည်။

ဗုဒ္ဓမြတ်စွာသည် တင့်တယ်သော ရုပ်တုတော်ကို မြင်လေလျှင် ကြည်လင်သောစိတ် ရှိတော်မူ၍ တန်ဆာဆင်အပ်သောခရီးဖြင့် မဏ္ဍပ်အတွင်းသို့ ကြွတော်မူလာသည့်အခါ ရုပ်တုတော်သည်လည်း အသက်ဝိညာဉ်ရှိသကဲ့သို့ နှောင်တော်မြတ်စွာဘုရားအား ခရီးဦးကြို ပြုလုပ်အံ့ဟု ထအံ့သောအမူအရာကို ပြုတော်မူလေသည်။

## မြတ်စွာဘုရားနှင့်ရုပ်တုဘုရား

ထိုအမူအရာကို အနီးတဝိုက်ရှိ ရဟန်းပရိသတ်၊ မင်းပရိသတ်နှင့် ဘုရားကိုယ်တော်တိုင် မြင်တော်မူသည့်အခါ ဗုဒ္ဓက ရေဝဏ်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ယာလက်တော်ကို ဆန့်၍ လက်ဝါးကာတော်မူလျက် 'ငါ၏ညီတော်၊ မထလင့်' ဟု တားမြစ်တော်မူလေသည်။

> 'ငါ့ညီတော်၊ ငါတမူကား မကြာမြင့်ခင်ပင်လျှင် ပရိနိဗ္ဗာန် ပြုရလိမ့်မည်။ ငါ့ညီတော်သည်သာလျှင် ငါဘုရား ဖန်ဆင်းပေးသကဲ့သို့ အထူးထူးအပြားပြား တန်ခိုးပြာဋိဟာတို့ကို ဖြစ်စေလျက် ငါထားတော်မူလတ္တံ့သော သာသနာငါးထောင် မကုန်သရွေ့ အမျှတည်ရစ်သဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့၏ မှီခိုအားထားရာ ဖြစ်စေသော်'

ဟု ဗျာဒိတ်ပေးတော်မူခဲ့လေသည်။

ဗုဒ္ဓသည် ဖွင့်လာသောခံတွင်းမှ လျှာတော်ကို မြင်စေလျက် ပြုံးတော်မူရာတွင် ရာခပေါင်း၊ ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်း

ပေါင်းမှ အသခေါ်ယျ-အပ္ပမေယျ ရောင်ခြည်တော်တို့သည် လျှာတော်မှ ကွန့်မြူးပျံ့ထွက်ကြကုန်သည်မှာ ကြည်ညိုမဆုံးနိုင်အောင် ရှိကြပေသည်။

ထို့နောက်မှ စန္ဒသူရိယမင်းကြီးသည် ငါးရာသော ရဟန္တာတို့နှင့်တကွ ဗုဒ္ဓမြတ်စွာဘုရားအား ချိုချဥ်အရသာပြည့်စုံသော ဆွမ်းတို့ဖြင့် လှူဒါန်းကျွေးမွေးတော်မူလေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် စန္ဒသူရိယမင်းနှင့်တကွ လာရောက်ကြသော သောင်းပေါင်းများစွာသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို သရက္ခန်စစ်ဖြစ်သော စန္ဒနသာရ ရုပ်တုတော်၏ အကျိုးနှင့်တကွ တရားဟောတော်မူလေသည်။

**မှတ်ချက်** ။ ဤရုပ်တုတော် သွန်းလုပ်ခြင်းအတွက် ထိုအချိန်က ကုန်ကျခဲ့သည့် ငွေပမာဏမှာ ခုနစ်လက်ခုပ် တကုဋေမျှလောက်သော ရတနာ ရွှေ ငွေမှကြွင်းသော ရှစ်ကုဋေသော ဥစ္စာရတနာတို့ကို ဆောင်ယူပြီးလျှင် ရဟန္တာအရိယာတို့ကို လှူတော်မူလေသည်။ သို့သော် လက်ခံတော်မူခြင်းမပြုပေ။ ထို့ကြောင့် လှူဒါန်းဖို့ရည်မှတ်ပြီး ဥစ္စာကို ပြန်ယူခြင်းငှာ မအပ်သောကြောင့် ရုပ်တုတော်ပလ္လင်အောက်တွင် မြှုပ်ထားတော်မူခဲ့လေသည်။

ရုပ်တုတော်သွန်းလုပ်ပြီး သိမ်တော်၊ ကျောင်းတော်တို့ကို ဆောက်လုပ်လေသည်။ ထို့နောက် ဆွမ်းကျွေးရေစက်ချ၍ ဒါနကုသိုလ်တို့ကို လိုလေသေးမရှိအောင် လှူဒါန်းလေသည်။

သီရိဂုတ်တောင်ထိပ်တွင် မဏ္ဍပ်ကြီးငယ်တို့မှာလည်း အမြောက်အမြားပင်ရှိ၍ ထိုမှ တပါး ပွဲသဘင်မဏ္ဍပ်တို့မှာလည်း မရေမတွက်နိုင်အောင် ရဟန်းပရိသတ် လူပရိသတ်တို့မှာလည်း သောင်းသိန်းများစွာ စည်ကားလှလေသည်။

မဟာမုနိဘုရား ရာဇဝင် လင်္ကာ

ထိုအကြောင်းများကို ရာဇဝင် လင်္ကာများကိုလည်း စပ်ဆိုထားကြရှိပေရာ....

တုံးဆယ့်နှစ်ပါး၊ ထင်ရှားအရာ၊ လက္ခဏာကြီး၊ နေမီးသဖွယ်၊ ရှစ်ဆယ် လက္ခဏာ၊ ရောင်ခြောက်ဖြာနှင့်၊ မဟာမုနိ၊ မည်ရှိ ဆင်ခေါ်၊ ရုပ်တုတော်ကို၊ နတ်ကျော်သိကြား၊ သွန်ပြုံးသော ခါ၊ ပြီးရုံသ၁လျှင်၊ မြတ်စွာဘုရား၊ တပည့်သားနှင့်၊ တန့်နား တုံလျှင်း၊ သီဘင်းသုံးဖို၊ ဗိမာန် ကျောင်းကြီး၊ ဆောက်ပြီး ကပ်လှူ၊ တောင်းဆုသူ၏၊ ပြည်သူရတနာ၊ များစွာ မှူးမတ်၊ ခြံရံပတ်လျက်၊ မိုယ်းနတ်သိကြား၊ နတ်သားဝိသုကြို၊ ဆောင်တုံ မက္ခာ၊ ရဘနာရွှေငွေ၊ တကုဋေကို၊ ရွေ၁န်းတောင်းမှာ၊ ထည့် ပြီးခါလျှင်၊ ရတနာဆင်ဖြူ၊ တင်တော်မူ၍၊ ထီးဖြူမိုးမှ၊ ခည ဝတီ၊ သိင်္ဂီရွှေရောင်၊ တပြောင်ပြောင်မှ၊ ရွှေ့ဘောင်ရပ်ခွင်၊ ဆောင်ယူကျင်၍၊ မြသွင်မှိုင်းအိ၊ တန်ခိုးရှိသည်၊ သိရိဂုတ်တောင်၊ ဇွဲဆိပ်ခေါင်ကို၊ ညီအောင်ပျက်ဆင်၊ မဏ္ဍပ်ခွင်နှင့်၊ သဘင်ထူး ပြား၊ အခြားခြားလျှင်၊ နတ်များတန်းဆာ၊ ဆင်ယင်ကာတည်း၊ သုခမွေ့ရပ်၊ ပြာ ယာဒ်ဝင်းဝင်း၊ မတူလျှင်းပဲ၊ ထူးကဲသာယာ၊ များစွာပဥ္စင်၊ သဘင်ခြိမ့်ခြိမ့်၊ တသိမ့်သိမ့်လျှင်၊ ပျော်ရွှင်မှတ်တီး၊ နာမည်းသည်။ ။ပွဲကြီးသဘင်ထူးဆန်းတည်း။

မိုးနတ်ပြဟ္မာ၊ များစွာစည်းဝေး၊ ချီးကြွေးညုံညုံ၊ ကောင်း ကြီးသံဖြင့် မိုယ်းယံဘဝဂ်၊ ဝှန်တက်ကြော်ငြာ၊ ဇမ္ဗူချာထက်၊ တရာထီးဆောင်း၊ မင်းပေါင်းခြံရံ၊ ညီသာခံလျက်၊ စံစံပပ၊ သူရိယစန္ဒာ၊ ဗြဟ္မာသိကြား၊ နတ်များညီညတ်၊ မှတ်ခတ်ကျူးလွင်၊ ပဥ္စင်ပြီးစီး၊ မဏ္ဍပ်ကြီးတွင်၊ ရှင်တော့်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောခါ၊ နှစ်ကောဇာမူ၊ တရာနှစ်ဆယ်၊ စွန်းဝယ်သုံးခု၊ ရတုဂိမှ၊ နွေသကဆုန်၊ ပူဟုန်ပြင်းစွာ၊ ဝိသာခါနှင့်၊ မက္ကာယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဦးကလျှင်၊ စ၍ သွန်းရာ၊ ထိုအခါတွင်၊ တေဇာ တန်ခိုး ဟက်တိုးဝှန်ဝှေ၊ ဖြစ်စေခြင်းငှာ၊ အမိဋ္ဌာဖြင့်၊ မဟာပုရိသ၊ သောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက် တော်ပွေ့လျက်၊ ထည့်၍ကြည့်ရှု၊ သဗ္ဗညုတ၊ ကြပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး၊ ထိန်သီးလျှံပြေး၊ ကြာသပတေးနေ့တွင်၊ ပြီး အောင်မြင်၏။ သုံးခွင်ဘုံသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါတို့၊ ရှုကာ တိဘိ၊ မျက်စိဋ္ဌတွင်၊ ရှင်တော်ဘုရား၊ နှစ်ပါးရည်တူ၊ နှင်ဆူ မပျက်၊ တပြိုင်နက်လျှင်၊ ပွင့်သည်ထင်၏။ ပြည့်ရှင် မင်းဖျား၊ နတ်အများနှင့်၊ သိကြားပြဟ္မာ၊ ဝမ်းမြောက်ကာလျှင်၊ များစွာ ပူဇော်၊ ရွှင်ပျော်စိတ်နှ၊ သာခုံသာခု၊ ခေါ်ပြုအသံ၊ ပွဲတင်လျှံရှင်။

မိုးယံဘဝဂ်၊ ကျော် ဝှန် တက် သည်။ ။ အုတ်ကျောက်နတ်လူ သောင်းသောင်းတည်း။

ဤဘွင် ရုပ်တုတော်သွန်းသော သက္ကရာဇ်ကို ရာဇဝင်တို့တွင် အမျိုးမျိုးကွဲလွဲချက်ပြလျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ စန္ဒသူရိယမင်း နန်းစံ (၅၁)နှစ် သက္ကရာဇ် ၁၂၃ခုနှစ်တွင် မြတ်စွာဘုရားကိုယ်တော်တိုင် ဓညဝတီနေပြည်တော်သို့ ကြွရောက်ကြောင်း ရာဇဝင် အများတို့၌ ဖော်ပြသဖြင့် ထိုဖော်ပြချက် သည်ပင်လျှင် မှန် ကန်သည်ဟုယူဆကြပေသည်။

## ကျောက်တော်မြို့သိရိဂုတ်တောင်အမည်များ

ကျောက်တော်မြို့ တဘက်ကမ်း သိရိဂုတ်တောင်ပေါ်တွင် မဟာ မုနိ မြတ်ဘုရားကို သွန်းလုပ်ဖို့ ရွေးချယ်ရခြင်းသည် ထိုသိရိဂုတ်တောင် တော်သည်....

၁။ ဖြူစင်သောငွေအဆင်းကဲ့သို့ လက်ယာရစ်ခရုသင်းသဏ္ဍာန် နှင့်တူသောကြောင့်လည်းကောင်း။

၂။ မြတ်သော ကျေးဇူးရှိသောတောင်ဖြစ်၍ 'ဒေဂုဏ္ဍတောင်' ဟု ခေါ်သောကြောင့်လည်းကောင်း။

၃။ ဘီလူးသုံးကောင်တို့သည် ရင်ဆိုင်ပူး၍ နေကြဟန်ရှိသော ကြောင့် 'တြိကုမ္ဘာတောင်' ဟူ၍လည်းကောင်း၊

၄။ ခြင်္သေ့သည် တိရစ္ဆာန်တို့ကို ဟောက်၍ဖမ်းဟန် ပုံသဏ္ဍာန် ရှိသောကြောင့် 'သီဟရာဇာတောင်' ဟူ၍လည်းကောင်း။

၅။ ဝက်ခရင်အောက်တွင် ဝက်ငယ်စု၍နေဟန် သဏ္ဍာန်ရှိသော ကြောင့် 'ဝက်သစို့တောင်'ဟူလည်းကောင်း။

၆။ ဒေဝဒတ်အလောင်း ကျားက စားမည်ပြုသည်ကို ဘုရား အလောင်းဝက်မင်း အရှင်ပါးရာနှင့် ဥမင်တူး၍ ပြေးဖော မှ သသက်ချမ်း သာသောကြောင့် 'ဝက်သတိုးတောင်'ဟူလည်းကောင်း။

ဤတောင်နှင့် ပတ်သက်၍ ဗုဒ္ဓသည် ညီတော် အာနန္ဒာအား အမည်(၆)မျိုးကို ထုတ်ဖော် မြွက်ဆိုခဲ့ပေသည်။

ဤမင်းလက်ထက်တွင် ဗုဒ္ဓသာသနာသည် ဓညဝတီ ရခိုင်တပြည်လုံးသို့ ကျယ်ပြန့်စွာ ဗုဒ္ဓအလင်းရောင်ထွန်းတောက်ခဲ့သည်။

ဗုဒ္ဓဂေါတမမြတ်စွာဘုရား သည် ဤစန္ဒသူရိယမင်း လက်ထက် ရခိုင်ဓညဝတီပြည်သို့ ကြွရောက်တော်မူခဲ့သည်ကို ဖြဟ္မီအက္ခရာ၊ ပါဠိဘာသာစကားဖြင့် ရေးသားထားသော ကျောက်စာတချပ်ကိုဓညဝတီမြို့တော်ဟောင်းနေရာ 'ဘောင်ပေါက်ကြီး *' မှ တွေ့ရသည်။

## ရာဇဝင်လင်္ကာတမျိုး

ထိုတွေ့ရှိသော ရာဇဝင်လင်္ကာမှာ....

မိုးနတ်ဖြဟ္မာ၊ များစွာစည်းဝေး၊ ချီးကြွေးညီညီ၊ ကောင်းချီးသံဖြင့်၊ မိုးယံဘဝင်၊ ဝှန်တက်ကြွေငြာ၊ ဇမ္ဗူချာထက်၊ တရာတီးဆောင်း၊ မင်းပေါင်းခြံရံ၊ ညီလာခံလျက်၊ စံစံပပ၊ သူရိယစန္ဒာ၊ ဖြဟ္မာသိကြား၊ နတ်များညီညွတ်၊ မှတ်ခတ်ကျူးလွင်၊ ပြင်ဆင်ပြီးစီး၊ မဏ္ဍပ်ကြီးတွင်၊ ကိုယ်တော်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောခါ၊ နှစ်ဂေါစာမူ၊ တရာနှစ်ဆယ်၊ စွန်းကယ်သုံးခု၊ ရာတုဂိမ္မေ၊ ဒွေလကဆုန်၊ ပုဟုန်ပြင်းစွာ၊ ဝိသာခါနှင့်၊ မက္ခာယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဦးကလျှင်၊စ၍သွန်းရာ၊ထိုအခါတွင်၊ တေဇာတန်ခိုး၊ တက်တိုးဝှန်ဝေ၊ ဖြစ်စေခြင်းငှာ၊ အဓိဋ္ဌာဖြင့်၊ မဟာပုရိသာ၊ လောကကြွေးမုံ၊သုံးဘုံမျက်ဖျော်၊ ရှေ့ကိုယ်တော်ငွေ့၊ လက်တော်ပွေ့လျက်၊ ထည့်၍ကြည့်ရှု၊ သဗ္ဗညုတ၊ ကြပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး၊ ထိန်ညီးလျှံပြေး၊ ကြာသပတေးတွင်၊ ပြီးအောင်မြင်၏။ သုံးခွင် ဘုံသူ၊ နတ်လူ ဖြဟ္မာ၊ သတ္တဝါတို့၊ ရှုကာတိတိ၊ မျက်စိနှိုက်တွင်၊ သျှင်တော် ဘုရား၊ နှစ်ပါးရည်ဘူ၊ နှစ်ဆူမပျက်၊ တပြိုင်နက်လျှင်၊ ပွင့်သည်သင်၏။ ပြည့်သျှင်မင်းတြား၊ နတ်အများနှင့်၊ သိကြားဖြဟ္မာ၊ ဝမ်းမြောက်ကာလျှင်၊ သဒ္ဒါရှင်ပျော်၊ ပူဇော်သမှု၊ သာဓုသာဓု၊ ခေါ်ပြုအသံ၊ ပဲ့တင်လျှံမျှ၊ မိုးယံဘဝင်၊ ကျော်ဝှန်တက်သည်၊ အုတ်ကျက်နတ်လူ သောင်းသောင်းတည်း။ ။

* ရာဇဝင်လင်္ကာ ရမ်းဗြဲမြို့ဝန် ကျော်ထင်ရာဇာ၏အမှုထမ်း ဦးစံတင်ပေမူ ဂေါစာ ၁၂၁၂ခု။

ဤသို့အားဖြင့် ရာဇဝင်လင်္ကာ ရတုအရ အဘူနမင်းကြီး မြို့ကြွင်း သက္ကရာဇ် ၁၂၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဦးအချိန်မှစ၍ သွန်းလုပ်တော်မူခဲ့ရာ လပြည့်ကျော် ၁ ရက် ကြာသပတေးနေ့တွင် မဟာမြတ်မုနိရုပ်ပွားတော်ကို ပြီးစီးအောင်မြင်ခဲ့လေသည်။

စောရွှေကြာ ချောင်း

ယင်းအကြောင်းနှင့်လည်း ပတ်သက်၍လည်း ဘစောဖြူမင်း၏ သမီးတော် စောရွှေကြာ ချောင်း * အပိုဒ်(၈)၌လည်းဖော်ပြထားသည်။

ဧး....ဧးကာရင့်ရှု၊ ပျော်သည်မှုလျက် လူလူခေါ်ကာ မေတ္တာ
လည်းရှေး၊ ပျံ့မွေးသာကြည်၊ ရွှေနားတည်လော့၊ ကူးလည်မြတ်စစ်
ကျော်ရာဇ်တံခွန် ဆဒ္ဒန်ဖြူဆွ လွှရရှနှင့် မညဝတီ သိင်္ဂါရွှေပြည်
ဘုန်းထွန်းစည်သား အမည့်မှုရိယ စန္ဒရာဇာ မင်းသဒ္ဓါလျှင်
ထိုခါစိုးခိုက် သျှင်တော်ကြိုက်၍ ရိုက်ရိုက်လဖိန့် အူသံပွဲတက်
ဝှန်း ပီတိမွှန်လျက် တောင်းပန်သော့ခါ၊ မဟာမုနိ ဟိသည်
ယခု ဆင်းရုပ်ဟုကို ဝိသုကြမ္မ သိကြားမ၍ ပဥ္စလောဟာ၊
ရတနာဖြင့် သွန်းကာမဖြစ်၊ ခုနစ်လက်ခွဲ့ ရင်ကော်ငွေ့ပူ၊
ထည့်တော်မူမှ ဘုန်းဘုန်းရှည် ညီနက်ဘုရား ကိုယ်တော်စားဟု
ထားခဲ့သောအား သုံးပါးနတ်လူ ကိုးရာမူသည်။ အယူရှိညွှတ်
နူးတည့်လေ။

နူးတည့်မွေ့ာက်ခတော်ဟုတ်တည့် ဩော် သျှင်တော်ကိုယ်စား
သျှင်တော်ကိုယ်စား ကိုးရာထားလျက် သုံးပါးလူနတ် အားလုံး
ညွှတ်သည်၊ အဘွဋ္ဌတည့်မှန်သေး နိုင်းမဲ့ဝေး။ ဧးလဲ့ယင်ယင်ဧး။

ဤစန္ဒသူရိယမင်း လက်ထက်တွင် ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် ရဟန္တာ ၅၀၀ နှင့် ဓညဝတီရခိုင်ပြည်သို့ ကြွတော်မူကြောင်းကို ရာဇဝင်၊ အလင်္ကာ၊ ချောင်း၊ ရာဇကုမာသမိုင်းကျမ်း၊ ကျောက်စာနှင့် ကျောက်ရုပ်များဖြင့် ထင်ရှားစွာ အထောက်အထားကို ပြလျက်ရှိသည်။

* ဖဒ္ဒူမင်းညို၊ ဘစောဖြူမင်း၏သမီးတော် စောရွှေကြာချောင်း

# စတုတ္ထပိုင်း

## ဓညဝတီမှ ဒွါရဝတီသို့

### ဓညဝတီမည်ပုံဗျာဒိတ်တော်

ဗုဒ္ဓဂေါတမသည် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းနှင့်တကွ နိုင်ငံသူနိုင်ငံသားတို့၏ အလှူဒါန သီလစသော ပါရမီတို့ကို ဖြည့်ကျင့်စေတော်မူပြီးနောက်....

"ချစ်သော ရဟန်းတို့၊ဤဇမ္ဗုဒိပ်ကျွန်းအပြင်ဝယ် မဇ္ဈိမဒေသသောဌသခရိုင် တိုင်းနိုင်ငံအသီးသီးတို့၌ မှီတင်း နေထိုင်ကြလျက် ဆွမ်းခံအပ်သည့်ရှိသော်ပဲ ပြောင်း၊ လူး၊ ဆတ်၊ ရောယှက်အပ်သော ဆွမ်းတို့ကိုသာ ရရှိသုံးဆောင်ကြရလေသည်။

"ထိုပြည်တို့ထက်အလွန်ဝပြောသာယာသောဤပြည်၌ ဆွမ်းခံအပ်သည်ရှိသော် ကောင်းမြတ်သော အဆင်းအနံ့အရသာတို့နှင့် ပြည့်စုံသော ကောက်ကြီးသလေးဆန်တို့ဖြင့် ချက်ပြုတ်အပ်သော ဆွမ်းတို့ကိုသာလျှင် ဘုဉ်းပေးသုံးဆောင်ရလေသည်။

"ရှေးလွန်တော်မူကြလေကုန်ပြီးသော ကကုသန်၊ ကောဏဂုံ၊ ကဿပ စသော ဘုရားရှင် သုံးဆူတို့သည်လည်း ဤပြည်ကို ဓညဝတီဟု အမည်ပေးတော်မူခဲ့လေပြီ။ ယခုလည်း ဤပြည်သူအပေါင်းတို့သည် စိုးစဉ်းမျှ ငတ်မွတ်ရှားပါးမှု မရှိကြလေသော ကြောင့် ဤပြည်ကို ဓညဝတီဟုပင် ခေါ်တွင်စေသတည်း"

ဟုဗျာဒိတ်မိန့်တော်မူပြီးလျှင် အရိယာ သံဃာငါးရာခြံရံလျက် ပြာသာဒ်ပျံရထားထက်၌ တက်စီးတော်မူ၍ တောင်စဉ် ခုနစ်ခရိုင်နှင့်

တကွ မြို့ကြီးဒွါရာဝတီဘက်သို့ တိမ်ဆီကောင်းကင်မှ ကြွလှမ်းတော်မူလေသည်။

## ဘုရားသမိုင်းအလင်္ကာ

ယင်းအကြောင်း ဘုရားသမိုင်းအလင်္ကာတွင်....

"စန္ဒသူရိယ၊ နာမထင်လင်း၊ ပြည်ရှင်မင်း၏ ညွတ်ဆင်းကော်ရော်၊ တောင်းပန်သော်ကြောင့် သုံးတော်မျက်ရှ သဗ္ဗညုလည်း ဝိသုကြုံဖန် ဘုံဗိမာန်ဖြင့် တိမ်ယံကောင်းကင် ဝေဟာခွင်မှ မျှားဖျင်သံဃာ ထေရ်ငါးရာနှင့် မဟာသက္ကရာဇ် တွက်ရေစစ်သော် တရာ့နှစ်ဆယ် စွန်းကယ်သုံးခု ဥတုဂိမ္ဘ နွေလကဆုန် ပူဟုန်ပြင်းစွာ ဝိသာခါနှင့် မက္ခာယှဉ်ထ ထိုသည့်လ၌ ဓညဝတီမြို့ဌာနသို့ ကြွချီပြီးကာ ပြည်ဓညာကို ဝါစာပြွက်ပြွက် နှုတ်တော်ထွက်လျှင် မိန့်မြွက်ဗျာဒိတ် ပန်းတံဆိပ်ကို ခတ်နှိပ်ပြီးကာ မဟာမုနိ တုမရှိသည့် နှံသည့်ထင်ပေါ် ရုပ်ရှင်တော်ကို နှုတ်ကျော်သိကြား သွန်းငြားပြီးကာ စန္ဒသူရိယ ဘဝသခင် ရွှေနန်းရှင်၏ မျှားဖျင်ပေါ်ယာယ် ဆွမ်းခဲဖွယ်ကို လက်ဝယ်သီးသီးခံယူပြီးမှ မျှားလှုသံဃာ အရိယာလျှင် ခြံကာဝန်းရံ ရထားပုံဖြင့် တိမ်ယံမို့မို့ ကောင်းကင်သို့လျှင် တက်ပြီးကျင်မှာ စက်ရှင်ဖြန့်မြန်း ဒွါရာနန်းကို ကြွလှမ်းသောခါ အဥ္စနာနဒီ သညီစင်စစ် လေးမြို့မြစ်ကို ကျော်ပစ်ပြီးကာ ကြွမြန်းလာသော်....'

ဤသို့အားဖြင့်ဗုဒ္ဓဂေါတမသည် ဓညဝတီမြို့တော်မှဒွါရာဝတီသို့ ကြွချီလာရာတွင် အမြို့မြို့ အနယ်နယ်တို့မှ ဖူးမြော်ကြည်ညိုစေခြင်းအလို့ငှာ မြို့အသီးသီးပေါ်မှာဝဲပျံ၍ ကြွချီလာခြင်းဖြစ်ပေရာကား အဥ္စန နဒီမည်သောလေးမြို့မြစ်ကိုလွန်၍ မိုးဘွဲ့နတ်တောင်သို့ ရောက်တော်မူလာသည်။

## ဒွါရဝတီမြို့အကြောင်း

'ဒွါရဝတီ'ဆိုသည်မှာ ဝါသုဒေဝစသော မင်းညီအစ်ကိုဆယ်ယောက်တို့စိုးစံခဲ့သောမြို့ပင်ဖြစ်လေသည်။ မြန်မာရာဇဝင်တွင် ဒွါရာဝတီကို 'ကမ်ယံပြည်'ဟုခေါ်သည်။

ထိုမြို့၏တမျက်မှာ-သမုဒ္ဒရာပင်လယ်ပြင်၊ တမျက်နှာမှာ တောတောင်တို့ဖြစ်သည်။ တကြိမ်က ဘီးလူးခေါင်း၊ ဘီးလူးတို့အာနုတော်ကြောင့် ရန်သူကိုမြင်လျှင် -တမြို့လုံးကို ကောင်းကင်သို့ပျံလျက်တက်စေပြီး မဟာသမုဒ္ဒရာ ကျွန်းဆွယ်တနေရာတွင် မြို့ပကတိတည်ထား၍ ရန်သူကင်းဘည့်အခါမှသာလျှင် တမြို့လုံးကိုပြန်တက်စေပြီး ယခင်မြို့နေရာသို့ပြန်လည်ချထားလေသည်။

ထိုမြို့ကြီးတမြို့ကို ဝါသုဒေဝညီနောင်တို့သည် ရသေ့တပါး၏အကူအညီဖြင့်ရခဲ့ကြသည်ဖြစ်ရာကားထိုညီအစ်ကိုတို့စိုးစံခဲ့ကြသည်ကာလအချိန်အခါကား ဤအန္တရကပ်၏အဆုတ် လူတို့သက်တမ်း နှစ်သောင်းတန်းအချိန်ဖြစ်လေသည်။

## ဗုဒ္ဓဗျာဒိတ်တော်

ထို့နောက် တောင်ထိပ်ကောင်းကင်ပြင်၌ ရပ်တော်မူပြီးလျှင် 'ချစ်သား ညီတော်အာနန္ဒာ ငါလွန်လေပြီး နောက်သာသနာသက္ကရာဇ် ၂၅၀၀ကျော်သောအခါ ဤတောင်ထိပ်၌ တိုင်းသားပြည်သူရှင်တော်ရဟန်းတို့သည် ငါဘုရား၏ရုပ်တုတော်ကို၊ တည်ထားကိုးကွယ်ကြကုန်လတ္တံ့ဟု ဗျာဒိတ်ပေးလေသည်။

## ဘုရားသမိုင်းလင်္ကာ

မြတ်စွာဘုန်းကြီး၊ စောလွင့်ထီးလည်း၊ မိုးသီးနတ်တောင်၊
ထိပ်လည်ခေါင်၌၊ တည့်အောင်မချွတ်၊ မတ်တတ်ရပ်လျက်၊
နေလတ်ပြီးခါ၊ လကျ်ာတော်ရံ၊ ဩရသံဟု၊ ထေရ်မွန်သာရီ၊
မည်ရှိသညာ၊ အာနန္ဒာကို၊ မိန့်မှာစကား၊ ဗျာဒိတ်ထားရှင့်၊
ဘုရားသာသနာ၊ နှစ်ထောင်မှာဝယ်၊ စွန်ကယ်ငါးရာ၊ လွန်သော
ခါလျှင်၊ဝေဇာမောက်ကြီး၊ ဝေဟင်နီးသား၊မိုးသီးနတ်တောင်၊
ဗွီထိပ်ခေါင်တွင်၊ မြင့်ခေါင်ဘုရား၊ငါ့ရုပ်ပွားကို၊အမျှားပြည်သူ၊
ဘောင်းဆုယူလျက်၊ ရှင်လူရဟန်း၊ ဝမ်းပန်းတသာ၊တည်ထား
လာအံ့....

ယင်းသို့ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် အစဉ်အတိုင်းကြွတော်မူလေသော် ဒါးလက်နဒီငယ်သို့ ရောက်တော်မူလေသည်။

မဲ့ဓတောင်ထိပ်၌ရပ်တော်မူလျက် 'ချစ်သားရှင်အာနန္ဒာဤဒါးလက်နဒီငယ်၏ဝဲ-ယာနှစ်ဘက်တို့၌ ငါဘုရားသာသနာတော်ကို ကောင်းစွာစောင့်ရှောက်ကိုးကွယ်ကြကုန်သော လူ့လေးမျိုးတို့နေထိုင်ကြ၍ ထင်ရှားသောငါ၏ ကိုယ်စားရုပ်ပွားတော်များကို ငါးထောင်သာသနာရှည်မြင့်ကြာအောင် ပူဇော်ကိုးကွယ်စောင့်ရှောက်ကုန်လတ္တံ့'ဟု၊ ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

## မဲ့တောင်ဘုရားသမိုင်းလင်္ကာ

ဤသို့မြွက်စွာ၊ မိန့်မှာစကား၊ ဗျာဒိတ်ထားလျက်၊ ဆက်၍ကဖန်၊ ချီကြွပြန်သော်၊ သောင်ယံကမ်းစွယ်၊ အသွယ်သွယ်ဖြင့်၊ မြစ်ငယ်ဒါးလက်မဲ့တောင်ထက်၌၊ ရပ်လျှက်ပြီးခါ၊ မိန့်သည့်မှာကား၊ ဝဲ ယာ အောက်ထက်၊ မြစ်ဒါးလက်တွင်၊ နေလျက်များစွာ၊ လူလေးဖြာတို့၊ သဒ္ဓါပြည့်ဝ၊ မြ မြ မြရှင်၊ ငါ့ရုပ်သွင်ကို၊ များဖျံ့င်သာသနာ၊ ငါးထောင်ကြာအောင်၊ မကွာနေ့ည၊ ပူဇော်ကြအံ့။''

ဗုဒ္ဓဂေါတမသည် ဧည့ဝတီမှ ပြည်သူပြည်သားတို့အား ဗုဒ္ဓတရားရေးကို တိုက်ကျွေးလျက် တရား အလင်းရောင် ဖွင့်ပေးလာခဲ့ရာဝယ် အန္ဒနဒီမည်သော အမ်းချောင်းဘက်သို့ ရောက်ရှိတော်မူရာ အောက်ပါအတိုင်း ဗျာဒိတ် ပေးတော်မူလေသည်။

တဖန်ဆက်လက်၍ ကြွတော်မူရာ အန္ဒနဒီမည်သော အမ်းချောင်းသို့ရောက်တော်မူလေ၏။ မဲ့ဓတောင်ထိပ်၌ ရပ်တော်မူ၍''ချစ်သားအာနန္ဒာငါလွန်တော်မူပြီးနောက် သာသနာသက္ကရာဇ် ၂၀၀ ကျော်သောအခါအသောကမည်သော မင်းသည် ဇမ္ဗူဒိပ်ကျွန်း အလုံး၌ သာသနာ ပြန့်ပွားစိမ့်သောငှာ ငါဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးပေါင်း (၈၄၀၀၀) တည်ထားရာတွင် ငါဘုရားကြိုးကြာမင်း ဖြစ်ခဲ့ဖူးသော ဤအမ်းချောင်း လက်ယာကမ်း တန့်တော်ပြင်အရပ်၌ ငါ၏ကြောရိုးဆစ်မှဖြစ်သော ဓာတ်တော်တို့ကို စေတီတည်ထား လာကြကုန်အံ့။ ထိုအရပ်ကိုလည်း ''တန့်တင်အရပ်''ဟု ခေါ်တွင်လတ္တံ့''ဟု မိန့်တော်မူလေသည်။

## တန့်တင်ဘုရားသမိုင်းလင်္ကာ

"လောကမျက်ရှု၊ မိန့်တော်ပြုလျက်၊ ဆက်၍တဖန်၊ ကြွလှမ်းပြန်သော်၊ မြလျှံနဒီ၊ အမ်းချောင်းဆီသို့၊ ရောက်လီသောခါ၊ မဲတောင်ချာ၌၊ ရပ်ခါတန့်တန့်၊ လက်တော်ဆန့်လျက်၊ မိန့်ခွန့်သံသာ၊ မြွက်သည်မှာကား၊ ချစ်သားလိမ်မာ၊ ရှင်အာနန္ဒာ၊ နောင်ခါကာလ၊ ငါလွန်ကသော်၊ နှစ်ရာကျော်လစ်၊ သက္ကရာဇ်သာသနာ၊ ထိုအခါဝယ်၊ ဓမ္မာသောက၊ နာမထင်လင်း၊ တရားမင်းလည်း၊ ရှင်ရင်မြွက်စွာ၊ သာသနာကို၊ ရှည်ကြာသောအား၊ တည်ထားတုံဘိ၊ ဇမ္ဗူဒိပမြေ၊ နှံ့ပါစေဟု၊ အာရုံပြုလျက်၊ ကောင်းမှုလီလီ၊ ဓာတ်ဘာတီပေါင်း၊ ရှစ်သောင်းထင်ပေါ်၊ လေးထောင်ကျော်ကို၊ ပူဇော်ညွတ်ပျောင်း၊ တည်တုံရှောင်းမှု၊ အမ်းချောင်းယာခွင့်၊ တန့်တော်ပြင်၌၊ ငါလျှင်စင်စစ်၊ ကြိုးကြာဖြစ်ဖူး။ ယင်းကျေးဇူးကြောင့်လူမှုးထွဋ်သား၊ မြွက်စွာဘုရား၏၊ ကျောသားတော်မြတ်၊ ရိုးဆစ်ဓာတ်ကို တည်လတ်ပြီးခါ၊ ကိုးကွယ်ရာကို၊ တန့်တင်ဆိုအံ့။

ချစ်သားအာနန္ဒာ၊ ဤအမ်းချောင်း လက်ဝဲဘက်ကမ်း၌လည်း ငါဘုရား၏ လက်ဝဲလက်လှုပ်တော်မှဖြစ်သော ဓာတ်တော်ကိုစေတီတည်၍ ကိုးကွယ်ကုန်ကြအံ့၊ ထိုအရပ်ကိုလည်း နောင်ရှေသောအခါ "လှုတ်အရပ်" ဟု ခေါ်တွင်လတ္တံ့။"

လက်လှုတ်ဓာတ်ကို အစွဲပြု၍ လှုတ်အရပ်တွင်သည်ကို နောင်သောအခါ "လှုတ်" ဟု ခေါ်လာကြဟန်ရှိသည်။

## လှုတ်ရပ်ဘုရားသမိုင်းလင်္ကာ

"တဖြာထိုအမ်း လက်ဝဲကမ်းခွင်း၊ လှုတ်ရပ်တွင်လည်း၊ ညွန့်ရှင်ဘုန်းလူ၊ သဗ္ဗညူ၏၊ ဝှန်ဆူပေါ်ထွက်၊ ဝဲဘက်တော်မြတ်၊ လက်လှုတ်ဓာတ်ကို၊ တည်လတ်ပြီးခါ၊ ကိုးကွယ်ရှာလျှင်၊ လှုတ်ဟူတွင်သည်၊ သုံးခွင်ဘုံနန်း၊ ထွန်းလင်းတည်း။"

## ပြင်မတိန်တောင်သို့ ကြွတော်မူ

ဗုဒ္ဓဂေါမသည် တပည့် အရိယာ ရဟန္တာ ၅၀၀ တို့နှင့်အတူ အမ်းချောင်းဘက်မှ ဆက်၍ ကြွတော်မူခဲ့ရာတွင် အလွန်မြင့်မောက်သော တောင်ထွဋ်တခုသို့ ရောက်ရှိတော်မူလေသည်။

ထိုနေရာ၌ ဗုဒ္ဓဂေါတမ ပ်တန်တော်မူလျက် တောင်မျက်နှာသို့ ကြည့်တော်မူပြီးလျှင် ပြုံးရွှင်တော်မူလေသည်။ ထိုအခါ ဗုဒ္ဓကိုယ်တော် မြတ်မှ သွားတော် (၄၀) စွယ်တော်လေးဆူတို့မှ ထန်းလုံးခန့်မျှဖြူသော ရောင်ခြည်တော်တို့သည် အရပ်လေးမျက်နှာတို့သို့ ထွက်ကြွက္ခန့်မြူးတော် မူလေသည်။

ညီတော်အာနန္ဒာသည် ဂေါတမဗုဒ္ဓအား ရိုသေစွာ ရှိခိုးလျက် အကြောင်းအကျိုးကို တောင်းပန် လျှောက်ထားတော် မူလေသည်။

"ချစ်သားအာနန္ဒာ၊ ငါရပ်တန့်တော်မူသော ဤတောင်ကို မြင့်စောက်တောင်ဟူ၍ လည်းကောင်း၊ မြင်းမိုရ်တောင်ဟူ၍ လည်းကောင်း၊ တြိနဒီဟူ၍ လည်းကောင်း ရှေးလူအပေါင်းတို့ ခေါ်ဝေါ်ကြကုန်သည်။ (ယခုမြင်မတိန်တောင်) ဤတောင်၏ ခြေရင်း၌ မဟီမြစ်ကမ်းဝယ် နောင်သောအခါ မဟီမြို့ဟု မြို့ယံ တမြို့အဖြစ် တွင်လတ္တံ့။ ထိုအရပ်၌ ငါဘုရား အလောင်းသည် ဆင်မင်းအဖြစ်တကြိမ်၊ ရေနတ်နဂါးအဖြစ်တကြိမ် ဖြစ်တော်မူခဲ့ပြီး ဖြစ်လေသည်။ ဆင်မင်းဖြစ်ရာမဟီမြို့ယံဒေသတွင် ငါလက်ဝဲ အောက် အံတော်ကို ဓညဝတီ မင်းကေရာဇ်က စေတီတည်၍ ကိုးကွယ်ခြင်း ပြုလတ္တံ့။"

မဟီဘုရားသမိုင်းလင်္ကာ

"ထွန်းလင်းဘုန်းမော်၊ ဗျာဒိတ်တော်ကို၊ မိန့်ဖော်မြွက်ဟ၊ ဟောပြီးမှလျှင်၊ ယင်းကတဖန်၊ နတ်ဗိမာန်ဖြင့်၊ ဝေယံတိမ်ကြား၊ ကြွဗျာလားသော်၊ မြင့်မားထင်ရှားခေါ်t မြင့်စောက်တောင်ထက်၊ ရပ်လျက်ကောင်းကင်၊ နေပြီးလျှင်မှ၊ ဘုန်းရှင်သကျ၊ မြတ်ဇိန လည်း၊ မြွက်ဟသံသာ၊ နှုတ်ရွှေကြာဖြင့်၊ ရှင်အာနန္ဒာ၊ ထေရ် မဟာကို၊ မိန့်မှာစကား၊ ဗျာဒိတ်ထားရှင့်၊ သုံးပါးနဒီ၊ မဟီ, အမ်း, မန်း၊၊ ပေါ်ထွန်းဖြစ်လာ၊ မြစ်သုံးဖြာကို၊ စွဲကာခေါ်ဘိ၊ တြိနဒီ၊ တောင်ထွတ်မည်၏၊ ယင်းသည်တောင်မင်း၊ တောင်ခြေ ရင်း၌၊ မယွင်းနောင်ခါ၊ မဟီရာဟု၊ မြို့ယံတခု၊ တည်ထား ပြုအံ့၊ သုံးလူထွင်ထား၊ ငါဘုရား၏၊ ဘဝများစွာ၊ စုစဉ်ခါဝယ်၊ ကုန်းမှာကားဆင်၊ ရေလျှင်နဂါး၊ ဖြစ်ဘူးငြား၍၊ ဆင်ကား

ဖြစ်ရာ၊ ယင်းမြို့ရွာ၌၊ မြတ်စွာဗုဒ္ဓ၊ နုတ္တရ၏၊ တေဇရောင်လျှံ၊ ဝဲအောက်အုံ့ကို၊ ဘုန်းဝှန်တောက်ထ၊ သူရိယာမုခါ၊ မင်းရဇာ လျှင်၊ ဒေဝါသိကြား နတ်အများနှင့် ညွတ်တွားဦးလည်၊ စေတီတည်၍၊ ကိုးကွယ်ဆည်းခ၊ ပူဇော်ကြအံ့။

''ချစ်သားအာနန္ဒာ၊ ဤမဟီမြစ်၏ လက်ဝဲကမ်းမုဆိုးတို့၏ နေရာ အညာတောင်ရွာ၏ မြောက်ဘက်တွင် ဆင်မင်း၏ နွေလ အခါ လေသန့်ခံရာ ဆင်ကျုံးတောင်ငယ်၌ ငါဘုရား၏သရီရ ဓာတ်တော်ကို မင်းဖလောင်းသည် မြေမြှုပ်စေတီတည်လျက် ကိုးကွယ်ပူဇော်လတ္တံ့။

## ဘဝဟောင်းက ညီမုဆိုး

ဗုဒ္ဓဂေါတမသည် ကောင်းကင်ခရီးဖြင့် ကြွမြန်းလာခဲ့ရာတွင် ဆီးချောင်းသို့ ရောက်တော်မူသည့်အခါ မုဆိုးတဦးအား ကယ်တင်ဖို့ ဆန္ဒတော်ရှိခဲ့လေသည်။

သိကြားမင်းသည်လည်း ဗုဒ္ဓဆန္ဒအတိုင်း တောလမ်းခရီးတွင် ဆတ်အသွင် ဖန်ဆင်းပြီး ကွယ်ပျောက်သွားလေရာ ထိုအချိန်တွင် အလွန် ကြောက်မက်ဖွယ်ကောင်းသော မှောင်တိုက်ကြီးအတိ ဖြစ်လျက်ရှိတော့ သည်။

ဤသို့မဖြစ်ဖူးသော အခြေအနေတို့နှင့် နောက်ပါ ခွေးလိမ္မာ တို့နှင့်အတူ မုဆိုးကြီးမှာ အလွန်အလွန် ထိတ်လန့် ပူဆွေးလျက်ရှိသည်။

မြတ်စွာဘုရားသည် ဓမိုက်မှောင်အတိဖြင့် ကြောက်ရွံ့တုန်လှုပ် နေသော မုဆိုးကိုမြင်လျှင် သနားကြင်နာမိသောကြောင့် နေအထောင်၊ လအထောင်၊ ကြယ့်တာရာအရောင်တို့ဖြင့် ထွန်းလင်း တောက်ပနေသကဲ့ သို့ ဗုဒ္ဓ၏ထူးဆန်းသော အလင်းရောင်တို့သည် ထွက်ပေါ်လျက် ထိတ် လန့် ပူပန်မှုတို့ကို ပျောက်စေလေတော့သည်။

မုဆိုးသည် ဗုဒ္ဓနှင့်ရဟန္တာ ငါးရာတို့၏ အရောင်ဖြင့် ကျောက် ဆောင်ပေါ်တွင် တပြောင်ပြောင် ထွန်းလင်းတောက်ပလျက် တင့်တင့် တယ်တယ် သပ္ပာယ်စွာသီတင်းနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်ကို ဒိဋ္ဌ တွေ့မြင်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာဖူးရလေသည်။

မုဆိုးသည်ကား ဗုဒ္ဓဂေါတမနှင့် ရဟန္တာတို့ကို တွေ့မြင်ရသည့်အခါ "ဤသည်ကားဘုရား၊ ဤသည်ကား ရဟန်း" ဟူ၍ မသိ။ သိကြားမင်းလား၊ နတ်မင်းလား၊ ဗြဟ္မာမင်းလား၊ နဂါးမင်းလားတွေးတောပြီး ဗုဒ္ဓဂေါတမသည် မကြာမီက မဇ္ဈိမဒေသတွင် ပွင့်တော်မူပြီးနောက် ရခိုင်သို့ကြွရောက်နေသလား၊ ဤသို့ အမျိုးမျိုးတွေးတောနေလေသည်။

## အတိတ်ဇာတ်ကြောင်း

ဗုဒ္ဓသည် မုဆိုး၏တွေးတောနေစဉ် ချိုသာသောအသံတော်ဖြင့် ယခင်ဘဝက ညီတော်ဖြစ်ဖူးကြောင်း မုဆိုးအား အတိတ်ကို ဆောင်တော်မူလိုသည်ဖြစ်၍ မုဆိုးအား....

"ငါဘုရားသည် ဘဝများစွာ သံသရာတွင် ကျင်လည်ကျက်စားတော်မူသောအခါ ဤမဟီရာနဒီအရပ်၌ မဟာဝိဟိက ဆင်မင်းလည်း တကြိမ်၊ မဏိဓသလမည်သော ရေနတ်နဂါးမင်းလည်းတကြိမ် စသည်အားဖြင့် အကြိမ်များစွာ ဖြစ်တော်မူခဲ့ဖူးသည်။

ငါဘုရား မဟာဝိဟိက ဆင်မင်းဖြစ်တော်မူသောအခါ သင်မုဆိုးသည် ဆင်မင်း၏ ချစ်ခင်သော စူဠဝိဟိကမည်သော ညီဆင်ငယ်ဖြစ်ဖူးလေည်" ဟု မိန့်တော်မူပြီးလျှင် အရဟတ္တဖလ်ပိုလ်ချမ်းသာသို့ ခံစားလျက် ဆိတ်ဆိတ်နေတော်မူသည်။

ထိုအခါ ရှင်အာနန္ဒာက အတိတ်ကို ဆောင်တော်မူပါမည့် အကြောင်း လျှောက်ထားတော်မူလေသည်။

မြတ်စွာဘုရားလည်း မုဆိုးကိုအကြောင်းပြု၍ ရောက်လာကြသော လူနတ် ဗြဟ္မာအပေါင်းတို့အား မဟာဝိဟိကဆင်မင်း ဇာတ်တော်နှင့် မဏိဓသလနဂါးမင်းဇာတ်တော်ကို ဟောကြားတော်မူသည်။

ထိုဇာတ်တော်တရားများကို နောလာဂိရိတောင်ထိပ် ကြိုသေ မည်သော ဆင့်တင်ကျောက်ဆောင်ပေါ်၌ ဟောဟော်မူလေသည်။

ဗုဒ္ဓက....

"ချစ်သား ညီတော်အာနန္ဒာ၊ မဟာဝိဟိက တိုင်း မလယ်ဟု တည်ရှိသော ဤမဟီရာနဒီ မြစ်ကြီးသည်ကား များစွာသော ကျောက်ကွေးခြင်းရှိ၍ ကြမ်းတမ်းသောရေအလျဉ်လည်းရှိသည်။ ကျောက်ဆောင်

ကျောက်ကမ်းပါးများလည်းရှိသည်။ ထိုမဟီမြစ်ကြီး၏ ထက်အောက် ဝဲယာ အရပ်တို့၌ အလွန်ကြီးမားမြင့်မောက်သော မတ်စောက်ချွန်ထွက် နေကြကုန်သော နတ်ရေကန်တောင်နှင့်တကွ စိမ့်စမ်းခရတံခွန်ကြီးများ စီးဆင်းတည်ရှိရာ ဤအရပ်ဒေသတွင်—

ရှေးလွန်လေပြီးသော ဘဝများစွာ နှစ်ဥ်ခါက ငါဘုရား အလောင်းတော်သည် သမ္ဘာတော်ညီ ခိုက် ကြုံကြိုက်၍ ဆင်မျိုး၌ ဖြစ် တော်မူခဲ့သည်။

အမည်များမှာ မဟာဝိဟိကဆင်မင်းဖြစ်သည်။

ညီတော်မှုဆိုးကား စူဠဝိဟိကဖြစ်သည်။

ထိုစဉ်က အိုမင်းမစွမ်းမိဘနှစ်ပါးတွင် မျက်စိအလင်းရောင်မရ၊ ဇရာ ဗျာဓိဖိစီးနှိပ်စက်လျက် ဒုက္ခဖြစ်နေသော မိအိုဖအိုတို့ကို ကျွေးမွေး ပြုစုလာခဲ့သည့်အပြင် အခြားအခြားသော ဆင်းရဲနွမ်းပါး အိုမင်းမစွမ်း ဆင်များကိုလည်း အကူအညီပေးခဲ့သည်''

ဤသို့ ဇာတ်ကြောင်းပြန်၍ ဗုဒ္ဓကဟောကြားလိုက်သဖြင့် လာ ရောက် နားထောင်သော လူနတ်အပေါင်းတို့မှာ နှစ်ထောင်းအားရလျက် ရှိကြသည်။

ထိုနည်းတူစွာ ဗုဒ္ဓဂေါတမ အလောင်းတော်ဘဝဖြင့် အနှစ် နှစ်သောင်းကျော် ရေနတ်နဂါးမျိုး၌ ဖြစ်ခဲ့သည်တို့ကိုလည်း ဆက်လက်၍ ပြောဟောလေသည်။

'ချစ်သားညီတော်အာနန္ဒာ၊ ထိုအခါက မဟာဝိဟိကဆင်မင်း၊ မဏိသေလနဂါးမင်းတို့သည် ယခုအခါ ငါဘုရားဖြစ်တော်မူလေပြီ၊ ထိုအခါက စူဠဝိဟိကမည်သော ညီတော်ငယ်သည် ယခုအခါ မုဆိုးဖြစ် လေသည်။ ယခု လာရောက်နားထောင်သော လူ့နတ်ဗြဟ္မာ့သတ္တဝါ အပေါင်းတို့သည်သည်း ယခု မုဆိုးကဲ့သို့ ဖြစ်ခဲ့ကြသည်' ဟု အကျိုး အကြောင်းတို့ကို ထုတ်ဖော်၍ မိန့်တော်မူသည်။

ညီတော်ဖြစ်ခဲ့ဖူးသောမုဆိုးက ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်ဖို့ ကိုးကွယ်အားထားဖို့ဗုဒ္ဓ အလင်းရောင်တခုခုကို ချီးမြှင့်ထောက်ပံ့ ပေးခဲ့ဖို့ လျှောက်ထားတောင်းပန်လေသည်။

## ပါဒခြေတော်ရာနှစ်ဆူ

ဗုဒ္ဓဂေါတမသည် မုဆိုး တောင်းပန်သည်ကို အကြောင်းပြုလျက် ဓညဝတီပြည်၌ ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် မျော်ကိုးပြီးလျှင် မုဆိုးအားတရားပြ၍ ဆုံးမတော်မူရာ....

(၁) နာဠာဂီရိတောင်ထက်၌ တြိဒသလမည်သော ဆင့်တင်ကျောက်တော်ပေါ်တွင် လက်ဝဲပါဒခြေတော်ရာ။

(၂) မဏိဒသလနဂါးမင်း ဖြစ်တော်မူခဲ့သော မဏိသေလရေအိုင်ကြီးအတွင်း မဏိသေလကျောက်ဆောင်ပေါ်၌ လက်ယာပါဒ ခြေတော်ရာ နှစ်ဆူကို ချပေးတော်မူခဲ့သည်ဟု အဆိုရှိလေသည်။

ဗုဒ္ဓဂေါတမက ဤသို့အားဖြင့် ဓညဝတီမှခိုင်ပြည်တွင် လက်ဝဲ လက်ယာပါဒခြေတော်ရာတို့ကို ချမှတ်လိုက်သည်နှင့်တပြိုင်နက် ထိုအချိန် ထိုအခါက လူ, နတ်, ဗြဟ္မာ, သတ္တဝါ သိန်းသောင်းတို့သည် အိုးထိန်းစက်ကဲ့သို့ ရှေ့နောက်၊ တောင်မြောက်၊ ထက်အောက်ဒိသာ သွက်သွက်ခါမျှ သာဓုံအနုမောဒနာ ထောမနာပြုခဲ့ကြသည်။

(ဤစက်တော်ရာတို့သည်ကား လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က ဗုဒ္ဓကိုယ်တိုင် ချမှတ်ခဲ့ကြောင်းဖြင့်* ၁၉၇၁၊ ဖေဖော်ဝါရီလ ၃ ရက် နေ့စွဲပါ ထုတ်ဝေလျက်ရှိရာ ရခိုင်ပြည်နယ်မှ ဗုဒ္ဓဘာသာဝင် အမျိုးသားတို့သည် ဘုရားရှင်နှင့်တကွ တရားရှစ်ကွက် စက်လက္ခဏာ ပြည့်စုံစွာဖြင့် အလွန်တင့်တယ် သပ္ပာယ်တော်မူသော ပါဒစေတီနှစ်ဆူကို နောင်လာနောက်သားတို့ ဖူးမြော်ကြစေဖို့ မွမ်းမံပြုပြင်ဖို့ လိုအပ်ပေသည်)

ဗုဒ္ဓသည် ဤပါဒခြေတော်ရာချပြီးနောက် ရောက်ရှိလာသော လူ, နတ်, ဗြဟ္မာ, သတ္တဝါ ထောင်သောင်းတို့အား တရားရေအေးတိုက်ကျွေးပြီးလျှင် အထက်ကောင်းကင်မှ သံတွဲဒွါရဝတီမြို့သို့ ကြွချီတော်မူလေသည်။

---

* ကျောက်မြောင်း အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဆရာတော် ဦးအရိယဝံသရေး၊ မဟာစက်တော်ရာ သမိုင်း။

ဗုဒ္ဓနုစဉ်ဘာဝဒေသများ

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် မဟီရာနဒီ၌ နှင်ဆူသော ခြေတော်ရာတို့ကို ချပေးတော်မူပြီး တရားရေအေးတိုက်ကျွေးတော်မူလျက် ဆက်၍ တဖန် ကြွတော်မူပြန်လေရာ လမ္ဗုနဒီ (လမုချောင်း)သို့ ရောက်တော်မူ၍ ရန်းတောင်ထိပ်၌ ရပ်တန့်တော်မူလျက်....

ရစ်ငှက်မင်းဘာဝ

— 'ညီတော်အာနန္ဒာ၊ ငါဘုရားနုစဉ်အခါ ဤတောင်ငယ်၌ ရစ်ငှက်မင်းဖြစ်ဖူးသည်။ နောင်သောအခါ ဧည့ဝတီမင်းတို့သည် ငါ၏ ဦးဆက်ဓာတ်ကို စေတီတည်လျက် 'ရန္တေစေတီ' ဟု ခေါ်တွင်လတ္တံ့။

ဘုရားသမိုင်းလင်္ကာ

ပါဒစက်တော်၊ ဒွေးနှစ်ဖော်ကို၊ချသော်ပြီးမှ၊ ယင်းကတဖန်၊ လှမ်းကြွပြန်လျှင်၊ ဝါလမ္ဗုတ၊ နာမတွင်ချောင်း၊ ထိုသည့်ချောင်းသို့၊ အပေါင်းသံဃာ၊ ထေရီငါးရာနှင့်၊ ကြွလာသောအခါ၊ ရန်ဘောင်သာတွင်၊ မြတ်စွာမတ်မတ်၊ ရပ်ဘုံလတ်၍၊ မိန့်မြွတ်စကား၊ ဗျာဒိတ်ထားရှင့်၊ ချစ်သားလိမ္မာ၊ အာနန္ဒာ၊ ဤသည့်နေရာ၊ ဤတောင်မှာဝယ်၊ ရှေးခါကာလ၊ ဘဝများစွာ၊ သံသရာတွင်၊ ငါလျှင်စင်စစ်၊ ရစ်မင်းဖြစ်၏။ ထွန်းသစ်နောင်ခါ၊ ဤနေရာတွင်၊ ဧည့ာပူရ၊ ရက္ခသေနင်း၊ ပြည့်ရှင်မင်းလျှင်၊ ရှင်ရင်းတော်မြတ်၊ ဦးဆက်ဓာတ်ကို၊ လေးမြတ်ရိုကျိုး၊ ဂူပုထိုးဖြင့် မြတ်နိုးကြည်သာ ကိုးကွယ်ရာ၏။

**သာလိကာငှက်မင်းဘဝ**

– ညီတော်အာနန္ဒာ၊ ထိုမှတပါး ဤလမ္ဗုမြစ်ငယ်၏ လက်ဝဲကမ်း ဘောင်ကုန်းပေါ်၌ သာလိကာငှက်မင်း ဖြစ်တော်မူခဲ့ဖူးသော ကြောင့် နောင်သောအခါ ငါ၏ ရင်သားတော်ခေတ်ကို စေတီ တည်၍ ကိုးကွယ်ကြကုန်အံ့။ ၎င်းခေတ်ကိုလည်း 'ရင်ငူခေတ်' (ငှက်ပျောတောခေတ်)ဟု ခေါ်တွင်လတ္တံ့။

**ဘုရားသမိုင်းလင်္ကာ**

တဖြာမှတ်ကြောင်း၊ လမ္ဗုချောင်း၏၊ ကမ်းထောင့်ဝဲလက်၊ ဘောင်ကုန်းထက်၌၊ ငှက်မင်းရာဇာ၊ သာလိကာလျှင်၊ ရှေးခါ စင်စစ်၊ ငါပင်ဖြစ်၏၊ ပွင့်သစ်ထင်ရှား၊ မြတ်ဘုရား၏၊ ရင်သား တော်ခေတ်၊ စေတီမြတ်ကို၊ တည်လတ်ပြီးခါ၊ ကိုးကွယ်ရာလျှင်၊ ရင်ငူတွင်အံ့။

**တောကြက်ဖဘဝ**

ထို့နောက် ဗုဒ္ဓဂေါတမသည် ဤမဉ္ဇဝတီ ရခိုင်ပြည်ဒေသတွင် နစဉ်ဘဝတို့က ဖြစ်ခဲ့သမျှတို့ကို ညီတော်အာနန္ဒာအား အကြောင်းပြု၍ မိန့်ခြွေတော်မူသည်မှာ....

– ညီတော်အာနန္ဒာ၊ ဤလမုချောင်း၏ တောင်းကုန်းတခု၌ တော ကြက်ဖ ဖြစ်ခဲ့ဖူးသောကြောင့် နောင်သောအခါ ထိုနေရာတွင် ငါ့ကျောသားခေတ်ကို မဉ္ဇဝတီမင်းများက စေတီတည်၍ နောင် သောအခါ 'အိုးထိန်းခေတ်'ဟု ခေါ်တွင်စေလတ္တံ့။

**ချေမင်းဘဝ**

– ညီတော်အာနန္ဒာ၊ ယင်းမှတဖန် အထက်အညာသို့ ဆန်တက်ပြန် သော်၊ လက်ယာဘက်တောကမ်း တောင်ကုန်းငယ်တခု၌ ငါဘုရား ချေမင်း ဖြစ်တော်မူခဲ့ဖူးသောကြောင့် နောင်အခါ ထိုနေရာ၌ ငါ၏ ပေါင်းတော်ခေတ်ကို စေတီတည်၍ 'မြှမ်းခေတ်' ဟု ခေါ် တွင်လတ္တံ့။

မင်းဖလောင်း

– 'ချစ်သောအာနန္ဒာ၊ ဤလမ္ဗုမြစ်ငယ်များ၌ နေခဲ့သောအခါ မြို့ငယ်တခုတည်လတ်၍ လမ္ဗုမြို့ဟုခေါ်တွင်အံ့၊ ထိုမြို့ငယ်၌ ဓည ဝတီမင်းဆက်ဖြစ်သော မင်းရာဇာ၏မြေး၊ မင်းပါကြီး၏သား မင်းဖလောင်းသည် ငါ၏ရုပ်တုတော်၌ ဓာတ်တော်ကို ဌာပနာ၍ ပူဇော်ကိုးကွယ်လတ္တံ့။ ထိုရုပ်တုကိုလည်း 'ကြက်ကိုင်းဘုရား'ဟု ခေါ်လတ္တံ့။'

ဤသို့မိန့်ကြားတော်မူပြီး ဆက်လက်၍ ခရီးကြမ်းကြွတော်မူပြန် လေသော်မဟူရာနဒီမည်သောတန်းလွဲချောင်းသို့ရောက်တော်မူလေလည်း။

တောကြက်မင်းဘဝ

တန့်မြို့ တောင်ထိပ်၌ ရပ်တန့်တော်မူလျက်....

= 'ချစ်သားအာနန္ဒာ၊ ဤမြစ်၏လက်ယာကမ်း တောင်ကုန်းငယ်၌ ဘောကြက်မင်း ဖြစ်ခဲ့ဖူးသောကြောင့် နေခဲ့သောအခါ ထို နေရာ၌ ငါ၏သရီရဓာတ်တော်ကို စေတီတည်လျက် ကိုးကွယ်ကြ ကုန်လတ္တံ့။'

ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၍ တောင်ဦးနဒီသို့ ဆက် လက်ကြွမြန်းတော်မူပြန်သည်။

ဝက်မင်းဘဝ

ဗုဒ္ဓသည် ဘောင်ဦးနဒီသို့ ရောက်ပြန်သောအခါ ပန်းမြို့တောင် ထိပ်၌ ရပ်တန့်တော်မူ၍....

= 'ချစ်သားအာနန္ဒာ၊ ဤတောင်ဦးနဒီမြို့တော်၏ အောက်နား၌ ငါဘုရား ဝက်မင်း ဖြစ်တော်မူခဲ့ဖူးသည်။ ငါ လွန်တော်မူ၍ သာသနာသက္ကရာဇ် ၁၆၀၀ကျော်သောအခါ ဒသရာဇာ မည် သော ဓညဝတီမင်းသည် ငါ၏ဆီးရိုးတော်ဓာတ်ကို စေတီ တည်၍ 'ဆီးကိုင်းဘောင်စေတီ'ဟု ခေါ်လတ္တံ့။'

= ထိုဆီးကိုင်းတောင်စေတီတော်၏ အောက်နားခွင်၌လည်း ပေါင် ရိုးတော်ဓာတ် ဒိုးစိတော်ဓာတ်တို့ကို အသီးသီး ဌာပနာလျက် စေတီတည်ကြကုန်လတ္တံ့။'

= ထိုမှတပါးလည်း စာမရီတဇာစ်ဖြစ်တော်မူခဲ့သော ဂဲကြီးကောင့် တောင်စွယ်၌ ငါ၏သရီရ ဓာတ်တော် သုံးဆူကို စေတီတည်၍ ကိုးကွယ်ကြကုန်လတ္တံ့။

## သိန်းငှက်မင်းဘဝ

= ထိုဖောင်တော်ဦး စေတီမှ အရှေ့ဘက် တောင်ကုန်းငယ်၌ သိန်းငှက်မင်းဖြစ်ခဲ့ဖူး၏။ ထိုတောင်ကို ဥမင်တူး၍ ဒသရာဇာမင်းသည် ငါဘုရား၏ သရီရဓာတ်တော်ကို ခန့်ညားစွာ စေတီတည်လတ္တံ့။ ထိုစေတီကိုလည်း 'ဥမင်စေတီ'ဟု တွင်လတ္တံ့။ ဤအရပ်ကိုလည်း 'တောင်ကုတ်' ခေါ်တွင်လတ္တံ့။

ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ဒွါရဝတီ သံတွဲမြို့သို့ ကြွတော်မူလေသည်။

ထိုသို့ကြွတော်မူရာတွင်သံတွဲမြစ်ကို ဦးတည်၍ဝင်လေလျှင် အရှေ့ဘက် နှစ်ဂါဝုတ်ခန့်အကွာတခုသောတောင်ကုန်းမြင့်ပေါ်၌ရပ်တန့်တော်မူလေသည်။ ထိုအရပ်ကို 'တန့်တော်မူ'ဟု ခေါ်တွင်ကြသည်။

ဒွါရဝတီမြို့တော်နှင့်တကွ အနောက်မျက်နှာအရပ်သို့ လှည့်၍ကြည့်ရှုတော်မူပြီးလျှင် ပြုံးတော်မူလေသည်။

ထိုအခါ ကိုယ်တော်မြတ် သွားတော်လေးဆယ်တို့မှ ဖြူသောရောင်ခြည်တော်သည် ဒွါရဝတီမြို့တော်နှင့်တကွ ထက်ဝန်းကျင်အရပ်မျက်နှာတို့ကို တပြိုင်နက်ပျံ့နှံ့လွှမ်းခြုံနေလေသည်။

ထိုအကြောင်းကို ညီတော်အာနန္ဒာမြင်လျှင် ရိုသေစွာ ရှိခိုး၍ အကြောင်းကို ဖွင့်ဟမိန့်ဆိုဖို့ တောင်းပန်လေသည်။

## မြွေငန်းမင်းဘဝ

'ချစ်သား အာနန္ဒာ၊ ငါဘုရားနေ့စဉ်အခါက ဒွါရဝတီမြို့ကြီးတွင် လူမင်းအဖြစ်၌လည်းကောင်း၊ တိရစ္ဆာန် သတ္တဝါမျိုး၌လည်းကောင်း အကြိမ်များစွာ ဖြစ်ခဲ့ဖူးလေသည်။ ငါဘုရ

ရပ်တော်မူသော ဤတောင်ကုန်းမှ အနောက်ဘက် နှစ်ဥသဘ စာခန့်အကွာ ဝါသုရတောင်တွင် မြွေနန်းမင်းဖြစ်ခဲ့ဖူးလေသည်။ နောင်သောအခါ ထိုတောင်၌ ငါ၏ အံတော်ဓာတ်ကို စေတီ တည်၍ 'အံတော်စေတီ' ဟု ခေါ်တွင်လတ္တံ့။

ခါမင်းဘဝ

— ချစ်သားအာနန္ဒာ၊ ဝါသုရတောင်မှ နှစ်ဂါဝုတ်မျှအကွာတွင် ရောဟကူဋတောင်၌လည်း ငါဘုရား ခါမင်းဖြစ်တော်မူခဲ့လေ သည်။ နောင်သောအခါထိုတောင်၌ ငါ၏နံရိုးတော်ဓာတ်ကို စေတီတည်၍ 'နံတော်စေတီ'ဟု ခေါ်လတ္တံ့။

စာမရီဘဝ

ထို့နောက် ဗုဒ္ဓသည် ညီတော်အာနန္ဒာအား မိန့်ဆိုပြန်သည်မှာ....

— ချစ်သား အာနန္ဒာ၊ ထိုရောဟကူဋတောင် အရှေ့တောင်မှ တဂါ ဝုတ်သာသာတွင် မဏိကေသတောင်၌ ငါဘုရား စာမရီဖြစ်ခဲ့ဖူး သည်။နောင်သောအခါ ထိုတောင်၌ ငါ၏ ဆံတော်ဓာတ်ကို စေတီတည်၍ 'ဆံတော်စေတီ'ဟု တွင်လတ္တံ့။

ဗုဒ္ဓသည် သတ္တဝါအများတို့၏ ကောင်းမှုတရားကို ရရှိစေသော ငှာ ဓညဝတီသို့ လည်း ကောင်း၊ မြန်မာ ဒွါရဝတီကို လည်း ကောင်း၊ အထက်ပိုင်းသို့လည်းကောင်း၊ သုဝဏ္ဏ ဘူမိသို့လည်းကောင်း ပင်ပင် ပန်းပန်းခံလျက်ကြွရောက်၍ ဗုဒ္ဓ၏အလင်းရောင်ခြည်ကို ပေးခဲ့သည်မှာ ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်အကျိုးများလှသည်။

အဆူဆူသောခြေတော်ရာများ

ဗုဒ္ဓသည် သတ္တဝါတို့၏အကျိုးကို ရှေးရှု၍ မဟာမြတ်မုနိရုပ် ရှင်တော်ကို ကိုယ်တော်တိုင်သွန်းလုပ်ပေးသည်အပြင် ခြေတော်ရာများ ကိုလည်း ချခဲ့သည်။

ထိုခြေတော်ရာများတွင်....

(၁) ရခိုင်ပြည် မဟီမြစ်အထက်အောက် ဝဲယာခြေတော်ရာနှစ်ဆူ။

(၂) ဓညဝတီရခိုင်ပြည်မြောက်ပိုင်းမယူကမ်းးမုန်စည်းရွှန်းးသာစည်ထောင့်ရွာအနီး၌ခြေတော်ရာတဆူချတော်မူခဲ့သည်။

(၃) ရခိုင်ပြည် စစ်တွေမြို့ ကုလားတန်မြစ်ဝ ဖရုံကာကျွန်းစု မြေငူးကျွန်းတွင် ဆံတော်ရှင်ဓာတ်တော်အနီး၌ ခြေတော်ရာတဆူ။

(၄) မြန်မာနိုင်ငံ မင်းဘူးမြို့ မန်းချောင်း အထက်အောက်ခြေတော်ရာနှစ်ဆူ။

(၅) မြန်မာပြည်မြောက်ပိုင်း ဝနယ်လှိုင်မူတောင်၏ အရှေ့မြောက်ဘက် တောင်စောင်းတွင် ခြေတော်တဆူ။

ဤခြေတော်ရာကိုဝတိုင်းရင်းသားတို့က အခြားလူမျိုးများမသွားရောက်စေဖို့ နည်းမျိုးစုံ ကာကွယ်လျက် ရှိကြောင်းဖြင့် ၁၃၃၁ ခုနှစ်သီတင်းကျွတ်လပြည့် တနင်္ဂနွေနေ့ထုတ် အတွဲ (၈) အမှတ် (၆) ဓမ္မဗျူဟာ စာစောင်တွင် ဆရာဝန်တဦးက ဖော်ပြထားလေသည်။

(၆) အိန္ဒိယနိုင်ငံ ဘုံဘိုင်ပြည်နယ် မြောက်ပိုင်း နဗ္ဗဒါ မြစ်ထဲတွင်ခြေတော်ရာတဆူ။

(၇) ၎င်းအထက် သစ္စာပန်တောင်ပေါ်၌ ခြေတော်ရာတဆူ။

(၈) အိန္ဒိယပြည်မြောက်ပိုင်း ဥဒယာနပြည်နယ်၌ ခြေတော်ရာတဆူ။

(၉) ပါတလိပုတ်မြို့တော်၏ တောင်ဘက်တွင် ခြေတော်ရာတဆူ။

(၁၀) သီရိလင်္ကာ(သီဟိုဠ်ကျွန်း) သုမနေကုဋ္ဌတောင်ထိပ်၌ ခြေတော်ရာတဆူ။

အထက်ပါ ခြေတော်ရာ(၁၀)ဆူတို့ကို ဗုဒ္ဓကိုယ်တိုင် သာသနာ၏အဓွန့်ရှည်ဖို့အတွက် ချမှတ်ခဲ့ရာ ထိုခြေတော်ရာများကို ဗုဒ္ဓဘာသာဝင်မြန်မာ, ရခိုင်, မွန်, ကရင်စသော တိုင်းရင်းသားတို့က ကိုးကွယ်ဆည်းကပ် စောင့်ရှောက်ဖို့ တာဝန်ယူ၍ စောင့်ရှောက်ခြင်းဖြင့်လည်း အကျိုးများလှပေသည်။

ဖော်ပြပါ ခြေတော်ရာများအနက် မဟီမြစ်အတွင်းရှိသော ခြေတော်ရာ နှစ်ဆူတို့၏ အောက်ခြေရာမှာ လက်ယာခြေတော်ဖြစ်၍ အထက်မခြေတော်ရာသည် လက်ဝဲခြေတော်ရာ ဖြစ်ပေသည်။

ခြေတော်ရာ အတိုင်းအတာ

| | | | |
|---|---|---|---|
| ၁။ | အလျား | ၃ ပေ | ၄ လက်မ |
| ၂။ | အနံ | ၁ ပေ | ၄ လက်မ |
| ၃။ | ထုအနက် | | ၃ လက်မ |

အထက်ခြေတော်ရာများအနက် တဆယ့်တဆူသော ခြေတော်ရာတို့မှ ''လက်ဝဲခြေတော်ရာများ'' ဖြစ်ကြသည်။

မဟီမြစ်အတွင်း မဏိသေလ ကျောက်ဆောင်ပေါ်ရှိ ခြေတော်ရာမှာမူ ''လက်ယာခြေတော်ရာ'' ဖြစ်ပေသည်။

ထို့ကြောင့်ပင် ဇမ္ဗူဒိပ်တကျွန်းလုံး၌ လက်ယာခြေတော်ရာဟူသည် ဤမဟီမြစ်အတွင်း မဏိသေလ ကျောက်ဆောင်ပေါ်ရှိ တဆူသာ ရှိကြောင်းကို မှတ်တမ်းတင်လျက် ရှိကြပေသည်။

မှတ်ချက်။ ။ဤခြေရာတော်နှင့်ပတ်သက်၍စကုမြို့အငြိမ်းစားကျောင်းဆရာကြီး ဦးတင်ရှိန် အမည်ဖြင့် မန်းစက်တော်ရာနှင့် စေတီလေးဆူသမိုင်းမူခေါ် မန်းစက်တော်ရာ သမိုင်းပေါင်းစုံ စာအုပ်ကို ၁၉၇၀ ခုနှစ်က (၇) ကြိမ်မြောက် အဖြစ်လည်းကောင်း။ ၎င်းကျောင်းဆရာကြီးကပင် တြိပါဒစေတီယ ရွှေစက်တော် သမိုင်းကြီးကို ၁၉၇၁ ခုနှစ် မတ်လအတွင်းက (၁၂) ကြိမ်မြောက် အဖြစ်လည်းကောင်း ပုံနှိပ်ပြီးလျှင် မိမိဒေသအတွင်းရှိ ဗုဒ္ဓခြေတော်ရာများကို အများပြည်သူတို့ သိရှိဖို့ ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

ထို့အပြင် ၁၉၆၄ ခုနှစ် မတ်လအတွင်းက ဆရာတော် ဦးဒိပအမည်ဖြင့် ကျောင်းတော်ရာနှင့် ရွှေစက်တော် သမိုင်းစာအုပ်ကို ဗုဒ္ဓဘာသာဝင် အပေါင်းတို့ ဖတ်ရှုဖို့ ဒုတိယအကြိမ်ဖြင့် ထုတ်ဝေလျက်ရှိကြပေသည်။ ဆရာတော် ဦးဒိပရေးသော ကျောင်းတော်ရာနှင့် ရွှေစက်တော်သမိုင်းတွင် ဝိဝါဒကွဲပြားချက်တို့ကို ဖော်ပြထားပေသည်။

**စဉ်းစားစရာများ**

ဗုဒ္ဓဘာသာ လူအများတို့ ကိုးစားမှီခိုရာ လူ့ရွာ နတ်ထံ နိဗ္ဗာန်ရောက်ကြောင်း ပိုင်းခြားထားတော် မူအပ်သော ခြေတော်ရာ စေကီမြတ်တို့သည်—

(၁) သီရိလက်ခါ လက်ဘဒီပမည်သော သီဟိုဠ်ကျွန်း၌တဆူ။
(၂) ဇမ္ဗူဒီပ မြန်မာ ဌာနယောနကတိုင်း၌နှစ်ဆူ။
(မင်းဘူး-မန်းစက်တော်ရာကို ဆိုလိုသည်။)

ဤခြေတော်ရာ သုံးဆူရှိတော်မူကြောင်းဖြင့် သာရတ္ထသင်္ဂဟကျမ်းစသည်တို့ကို ရည်ညွှန်းလျက် ဖော်ပြထားသည် တို့မှာလည်း စဉ်းစားစရာပင်ဖြစ်ပေသည်။

ထို့ကြောင့် ပရိယတ္တိကျွမ်းကျင်သော သံဃာတော် အရှင်မြတ်များက ဤဝိဝါဒကွဲပြားနေခြင်းတို့ကို အမျာ:ဗုဒ္ဓဘာသာတို့ ယုံကြည်စိတ်ချလာအောင် ထုတ်ဖော်ပေးသင့်သည်ဟု တင်ပြလျှောက်ထားလိုပါသည်။

## သရေခေတ္တရာမှ ရဟန္တာ ၃၀၀၀

ဗုဒ္ဓသည် မိုက်မှောင်လျက်ရှိ ဓညဝတီ ဒွါရဝတီ နိုင်ငံများသို့ ဗုဒ္ဓအလင်းရောင်ပေးဖို့ ကြွရောက်လာသည့်အတိုင်း ဗုဒ္ဓ၏ သာသနာအလင်းရောင်ခြည်ကို ပေးခဲ့၍ ထိုမှတဖန် သရေခေတ္တရာသို့ လည်းကောင်း သုနာပရန္တတိုင်းသို့ လည်းကောင်း ဆက်လက် ကြွတော်မူသည်ဟု အချို့ရာဇဝင်တို့ကဆိုသည်။

## သုနာပရန္တတိုင်းဟူသည်

"သုနာပရန္တတိုင်း" ဆိုသည်မှာ ဧရာဝတီမြစ်အနောက်ဘက် ရိုးမတောင်စဉ် တောင်တန်းတို့၏ အရှေ့လယ်ကိုင်းမြို့နှင့်တကွ စကု, စလင်း, ကျမင်း လယ်ကိုင်းစသော မြို့များတည်ရာ သာယာညီညွတ်သော မြေရှိရာ အရပ်ကို ကကုသန်မြတ်စွာ ဘုရားလက်ထက်က 'အဇ္ဇပုဏ္ဏတိုင်း' ဟုလည်းကောင်း ကောဏာဂုံ မြတ်စွာဘုရားလက်ထက် 'ဟတ္ထလုင်္ဂတိုင်း'ဟုလည်းကောင်း၊ ကျွန်ုပ်တို့ မြတ်စွာဘုရားလက်ထက် 'သုနာပရန္တတိုင်း'ဟုလည်းကောင်း တွင်ကြောင်း ရာဇဝင်တို့က ဆိုလေသည်။

## သရေခေတ္တရာပြည်

သရေခေတ္တရာပြည်ကား ဒွတ္တပေါင်မင်းကြီးက တည်ထောင်သော ပြည်ဖြစ်သည်။

စူဠဝါသမ္ဘဝဘုရင် နတ်ရွာစံပြီးနောက် ဗုဒ္ဓမြတ်စွာ ဒေသစာရီ လာစဉ် ဖိုးဦးတောင်ထိပ်မှ ဗျာဒိတ်စကား ထားတော်မူခဲ့သည်နှင့်အညီ တလီသာယာဘုမ္မိ၊ နတ်သံရှိဝယ်၊ တင့်တယ်လျှောက်ပတ်၊ ပြာသာဒ် ရွှေနန်း၊ ထူးဆန်းမွှေ့လျော်၊ မြို့တော်ကျုံးမြေ၊ မြောင်းတန်ဆောင် ပြအိုးနှင့်တကွ သာသနာတော်သက္ကရာဇ် ၁၀၁ ခု တန်ခူးလဆန်းတရက် တနင်္ဂနွေနေ့တွင် ဂဝံပတေ့, ရသေ့, သိကြား, နဂါး, ဂဠုန်စသော သူမြတ်ခုနစ်ဦးတို့ ကြပ်မတ်၍ ရသေ့မြို့တွင်သော သရေခေတ္တရာပြည်ကို တည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။

ဒွတ္တပေါင်ဘုရင်အား သိကြားမင်းက ဆောင်နှင်းအပ်သော စည်တော်ခေါင်းလောင်း အခွံတောင်း၊ အခွံခံ၊ ဆဒ္ဒန်ဆင်ပျံ၊ ခါးလှံ့ ကြိမ်လုံးနှင့်တကွ ဒေဝနတ်စစ် တဆယ့်ခုနစ်ခုသော သူရဲအပေါင်းတို့နှင့် တသောင်းယူဇနာ ကျယ်ပြန့်စွာသော ဇမ္ဗူဒီပါကျွန်းမှစ၍ အသူရာပြည် နဂါးပြည်တိုင်အောင် လက်နက်နိုင်ငံ ဖြစ်ခဲ့ကြောင်းများကို သမိုင်း၌ ဖော်ပြထားသည်။

ထိုမင်းလက်ထက်တွင် သရေခေတ္တရာပြည်၌ သာသနာတော် ပြန့်ပွားစည်ပင်လျှက်အနောက်နိုင်ငံအိန္ဒိယပြည်မဇ္ဈိမဒေသမှရဟန္တာပေါင်း သုံးထောင်ကျော်ကြွရောက်၍ သာသနာပြုခဲ့သည်။*

သရေခေတ္တရာပြည်တလျှောက်တွင် ရဟန္တာအရှင်တို့ အိန္ဒိယမှ ပင့်လာသော ဗုဒ္ဓ၏လက်ရုံးတော် ဓာတ်များကိုလည်း ရွှေတောင်မြို့နယ် တွင် ဌာပနာ၍ ကိုးကွယ်ကြသည်။

## ဒွတ္တပေါင်မင်းကြီး

ဒွတ္တပေါင်မင်းကြီးကား ရဘနာသုံးပါးကို ကြည်ညိုလေးစား သော ဘုရင်ဘပါးဖြစ်သည်သာမက ဘုန်းလက်ရုံးနှင့်ပြည့်စုံသော မင်း

* သခင့်အေးရေး-ရွှေတောင်မြို့၊ ရွှေနတ်တောင်စေတီတော်သမိုင်း။

ကြီးဖြစ်သည်။ မုန့်သည်မတယောက်၏ လှူဒါန်းထားသော ဝတ္ထုကို ကျောင်းမြေကို အနိုင်အထက် သိမ်းယူတော်မူမိသဖြင့် ဘုရင်တွင်ရှိပြီးသော ဘုန်းကျက်သရေတို့ဆုတ်ယုတ်၍ စည်းစိမ်ခုနစ်ဆယ်၊ ဆက်တော်တရာ့ငါးနှစ်၊ သာသနာတော်သက္ကရာဇ် တရာ့ခုနစ်ဆယ့်တစ်ခုတွင် ခုနစ်ရက်ပတ်လုံး တော်လဲခြင်းနိမိတ်ကြီးတို့ဖြင့် ပုသိမ်မြို့အနီး ပင်လယ်ရေပြင် နဂါးရစ်ဝဲ၌ နစ်မြုပ်၍ ကွယ်လွန်ခဲ့သည်ဟု အထက်သမိုင်းက ဆက်လက်ဖော်ပြထားသည်။

# ပဥ္စမပိုင်း

## ဘာသာအယူဝါဒအမျိုးမျိုး

ဗြာဟ္မဏဝါဒ

ဓညဝတီရခိုင်ပြည်တွင် ဗုဒ္ဓသာသနာစ၍ ပြန့်ခဲ့သည်မှာ စန္ဒသူရိယမင်းလက်ထက်ကဖြစ်သည်။

ဗုဒ္ဓမကြွမီ ရခိုင်ပြည်တွင် နတ်ကိုးကွယ်ခြင်းမှအစ ဗြာဟ္မဏအယူဝါဒသည်လည်း အိန္ဒိယနိုင်ငံမှ တစတစရောက်ရှိလာသည်။

ဂင်္ဂါ ဗြဟ္မပုတြမြစ်တို့ကိုကျော်ဖြတ်၍ မဏိပူရမှတဆင့် အနောက်ဘက် ဓညဝတီရခိုင်ပြည်သို့ ဗြာဟ္မဏဝါဒသည် စိမ့်၍ဝင်ခဲ့သည်။

ဗြာဟ္မဏဝါဒသည် ဗုဒ္ဓမပွင့်မီ ရာစုနှစ်ပေါင်း များစွာကပင် ပေါ်ထွန်းခဲ့သော ဘာသာတရပ်ဖြစ်သည်။

ပဋိသန္ဓေဝိညာဉ်အပေါ် အတ္တစွဲကဲလွန်းလှသည်။
သို့သော် ယုတ္တိဗေဒနည်းဖြင့်ကြည့်သော်....
ယင်းဗြာဟ္မဏဝါဒသည်—

— ဘဝဟူသော အကျိုးတရားရှိသည်။
— ယင်းအကျိုးတရား၏ အကြောင်းကံလည်းရှိသည်။
— ကောင်းသော အကြောင်းကံကြောင့် ကောင်းသောဘဝတွင် ပဋိသန္ဓေဝိညာဉ်ဖြစ်လာရသည်။
— မကောင်းသော အကြောင်းကံကြောင့် မကောင်းသောဘဝတွင် ပဋိသန္ဓေဝိညာဉ်ဖြစ်လာရသည်။

ဤသို့အားဖြင့် ဗြာဟ္မဏဝါဒသည် အကြောင်းနှင့်အကျိုး ဆက်စပ်၍ တွေးခေါ်မြော်မြင်နိုင်သည်။

## လူ့ယဉ်ကျေးမှုအစဗြာဟ္မဏဝါဒ

ထိုထိုခေတ်က တွေးခေါ်နိုင်ကြသည်တို့မှာ ထိုခေတ် လူ့ယဉ်ကျေးမှုလည်းဖြစ်သည်။ တိုးတက်သောအဆင့်သို့ ရောက်လာသည်ဟုလည်း ဆိုနိုင်သည်။

ဤသည်ကိုပင်လျှင် လူ့ယဉ်ကျေးမှုအစမှာ အိန္ဒိယက ဗြာဟ္မဏဝါဒပင် ဖြစ်သည်ဟု ဆိုကြသည်။

အချို့က ပဋိသန္ဓေဝိညာဉ်ကို 'ဝိညာဉ်တော်' ဟုခေါ်သည်။

ဝိညာဉ်တော်သည်ကား ပျက်စီးပြိုကွဲခြင်းမရှိ။ ထာဝရ တည်နေသည်။

သေသောအခါ ကောင်းကင်ဘုံစံ ထာဝရဘုရားသခင်ထံသို့ တထောက်နားသည်။

ထာဝရဘုရားသခင်၏ တန်ခိုးတော်ကြောင့် သက်ဆိုင်ရာဘဝများသို့ လာရောက်၍ ပဋိသန္ဓေနေရသည်ဟု ပဋိသန္ဓေဝိညာဉ်ကိုပင် အကြောင်းပြု၍ ဘာသာအယူဝါဒတမျိုး ဖြစ်လာသည်။

ထိုအယူဝါဒကို 'ခရစ်ယာန်ဘာသာ' ဟု ခေါ်တွင်ကြသည်။

## ဗုဒ္ဓဝါဒနှင့်ဗြာဟ္မဏဝါဒ ခြားနားပုံ

ဗုဒ္ဓအသိအမြင်နှင့် ဗြာဟ္မဏအတွေးအခေါ်တို့သည်ကား အခြေခံအားဖြင့် မကွာခြားလှပေ။

သို့ရာတွင်-

- 'ဗြာဟ္မဏအတွေးအခေါ်' သည် လောကအမြင်အားဖြင့် တွေးခေါ်ခြင်းဖြစ်သည်။
- 'ဗုဒ္ဓအသိအမြင်'သည် သဘာဝအမြင်ဖြင့် သိမြင်ခြင်းဖြစ်သည်။
- 'လောကအမြင်' ဆိုသည်မှာ သဏ္ဌာန်သဘောကို အခြေခံသည့် သမ္မုတိသစ္စာအမြင်ဖြစ်သည်။
- 'သဘာဝအမြင်' ဆိုသည်မှာ ပရမတ်သဘောကို အခြေခံသည့် ပရမတ္ထသစ္စာအမြင်ဖြစ်သည်။
- ဗြာဟ္မဏအတွေးအခေါ်ကား သမ္မုတိသစ္စာကိုအခြေခံသည်။
- ဗုဒ္ဓအသိအမြင်ကား ပရမတ္ထသစ္စာကို အခြေခံသည်။

ဤမျှသာခြားနားသည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် ဗြာဟ္မဏအတွေးအခေါ်သည် အမြဲတစေ မမှန်နိုင်ပေ။

ဗုဒ္ဓအသိအမြင်မှာမူကား ယထာဘူတကျသော အသိအမြင်ဖြစ်၍ အမှန်ချည်းသာ ကေဝစန် ဖြစ်ပေသည်။

ဗုဒ္ဓ၏အနတ္တဝါဒ

အတ္တကိုစွဲလမ်းနေသော ထိုခေတ်ထိုအခါက ပဋိသန္ဓေဝိညာဉ်အပေါ် ဗုဒ္ဓက....

'ပဋိသန္ဓေဝိညာဉ်သည် ဗြာဟ္မဏဝါဒီများ တွေးခေါ်ယူဆသကဲ့သို့ ခိုင်မြဲသော ကိုယ်ပိုင်အတ္တ မဟုတ်ပေ။ ဖြစ်လာလျှင် ပျက်တတ်သောသဘောရှိသည်။ ထို့ကြောင့် ပဋိသန္ဓေဝိညာဉ်သည် အနတ္တ အစစ်ကေန်ဖြစ်တော့သည်'

ဟု စကြဝဠာအားလုံးသော လူ, နတ်, ဗြဟ္မာတို့သိဖို့ ကြေငြာလိုက်ခြင်းဖြစ်သည်။

ကံနှင့်ဘဝ သဘာဝတရား

တနည်းဆိုရသော်မိမိပြုလုပ်ခဲ့သော အကြောင်းကံအားလျော်စွာ ဘဝသစ်ဖြစ်လာသည်။

ကောင်းသောအကြောင်းကံဖြစ်လျှင် ကောင်းသော ဘဝသစ်။ မကောင်းသော အကြောင်းကံဖြစ်လျှင် မကောင်းသော ဘဝသစ်တို့ အသစ်အသစ် ဖြစ်လာရသည်မှာ သဘာဝတရားပင်ဖြစ်သည်။

ဘဝသစ်တခုဖြစ်လျှင် ထိုဘဝကို ရှင်သန်စေဖို့ ဝိညာဉ်သည် ဖြစ်လိုက်, ပျက်လိုက်, နောက်ထပ်ဖြစ်လိုက်, ပျက်လိုက်နှင့် နာရီစက္ကန့်ကဲ့သို့ ဘဝအစမှ ဘဝအဆုံးအထိ နှလုံးသားကိုမှီတွယ်၍ အချိန်မှန်မှန်ဖြစ်ပျက်နေသည်။

ဘဝသစ်တွင်ဖြစ်လာသောဝိညာဉ်ကို စပ်ပေးတတ်သော သဘော ရှိသော 'ပဋိသန္ဓေဝိညာဉ်'။

ဘဝအဆုံးတွင် ဖြစ်လာသော ဝိညာဉ်ကို ချုပ်စေတတ်သော သဘောရှိသော 'စုတိ'။

ပဋိသန္ဓေနှင့် စုတိတို့အလယ်တွင် ဖြစ်ပျက်အစဉ်ဖြင့် နှလုံးသားကို မှီတွယ်၍ ဖြစ်နေသည့်ဝိညာဉ်ကို ဘဝမပြတ်ဖို့ အကြောင်းခံပေးသော သဘောရှိသော 'ဘဝင်'။

ဤသည်တို့မှာ ဗုဒ္ဓ၏ အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဆန်းစစ်သော နည်းဖြစ်သည်။

ကောင်းသောအလုပ်ကို လုပ်သောသူသည် ကောင်းသောဘဝ ၌ပင် ဖြစ်ရသည်။

မကောင်းသောအလုပ်ကို လုပ်သောသူသည် မကောင်းသော ဘဝ၌ပင် ဖြစ်ရသည်။

ဤသည်မှာ ဗုဒ္ဓဝါဒပင်ဖြစ်သည်။

## ဗုဒ္ဓဝါဒဆန့်ကျင်သူများ

ဗုဒ္ဓဘာသာတွင် ဗုဒ္ဓနှင့်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးသူတို့သည် ပျက်စီးခြင်းသို့ ကျေန်မလွဲရောက်ရသည်။

သာသနာသက္ကရာဇ် ၆၂၅ တွင်* သရေခေတ္တရာပြည်၌ သုပညာ နဂရဆိန္နဘုရင်လက်ထက်တွင် ဒွါရဝတီခေါ် ကမ်းယံပြည်ကို တပ်သား အလုံးအရင်းနှင့် တိုက်ခိုက်ခဲ့ရာတွင် ဒွါရဝတီနိုင်ငံကို အောင်မြင်ခဲ့လေ သည်။

သရေခေတ္တရာနိုင်ငံမှ ပါလာသော မှူးမတ်ဗိုလ်ပါအပေါင်းတို့ သည် ဒွါရဝတီမြို့၌ရှိသော နိုင်ငံတော်ပစ္စည်း၊ အများပြည်သူပိုင် ပစ္စည်း များသာမက ဖော်ပြခဲ့သော ရွှေဆင်းတုတော်ရုပ်ပွားတော်ကို ဖျက်ဆီးပြီး ၎င်းတို့၏ အိမ်အသုံးအဆောင်ဖြင့် ဘုရားရွှေများကို သုံးစွဲကြရာ

* ဦးကုလား-မဟာရာဇဝင်ပထမအုပ်၊ မြန်မာသုတေသနအသင်း၊ ပုံနှိပ် ထုတ်ဝေသောကျမ်းစဉ်(၅)၊ တည်းဖြတ်အုပ်ချုပ်သူ ဦးခင်စိုးနောင်ဘင်၊ ၁၂၉၆ ခု၊ တော်သလင်းလ (စာမျက်နှာ ၁၃၉-၁၄၀)

သရေခေတ္တရာနိုင်ငံသူ နိုင်ငံသားတို့သည် မကြုံစဖူးအောင် အမျိုးမျိုးသော ဘေးအန္တရာယ်ဖြင့် လေပွေလာ၍ စကောလှင့်ရာတွင် ပြည်သူတို့လည်း င-စကော၏တပ် ဝင်ချေပြီဟု ထိမ့်ကျ၍မှ လန့်၍ထွက်ပြေးကြရာ မြို့လူထု သုံးစုကွဲ၍ သရေခေတ္တရာ ပျက်ပြုန်းခဲ့ရသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ မုံရွေးဇေတဝန်ဆရာတော် ရေးသားသည့် ရာဇဝေါဒကျမ်း စာမျက်နှာ ၄၆၁-၄၆၂ တွင်....

"မိတေယျအတု၊ ရွှေရုပ်တုပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ်စွင့်စွင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင်ထိုး၍၊ ရသေ့မြို့အားလုံး၊ ယူကြသုံးသဖြင့်၊ ဆုံးဖူးသည်တဝ" ဟူ၍တွေ့ရသည်။

ရုပ်ပွားတော်ကို အတောင်ရှစ်ဆယ်ဟူ၍လည်းကောင်း၊ ရှစ်ဆယ်ရှစ်တောင်ဟူ၍လည်းကောင်း ကွဲပြားလျက်ရှိကြသည်။

## သိုဟန်ဘွား၏ရက်စက်မှု

ဗုဒ္ဓ၏ အယူဝါဒမှာ ရခိုင်ဒေသ၊ မြန်မာဒေသနှင့် သုဝဏ္ဏဘုမ္မိမွန်ဒေသတို့တွင် တိုးတက်ထွန်းကားလျက် ရှိသော်လည်း အချို့အချို့သော ဒေသနိုင်ငံများမှ မင်းနှင့်တကွ တိုင်းသူပြည်သားတို့က ဗုဒ္ဓတရားကို လေးစားခြင်းမရှိခြင်းသာမက ရုပ်တု ဆင်းတုတော်များကို ရိုက်နှက်ချိုးဖဲ့ခြင်းပြုခဲ့ကြသည်။

တကြိမ်က အင်းဝနေပြည်တော်တွင် ဘုရင်ဖြစ်ခဲ့သော သိုဟန်ဘွားကား * ရတနာသုံးပါးကို မလေးစား စေတီပုထိုးတို့ကို ဖျက်ဆီးပြီးလျှင် အတွင်းရှိ ရွှေငွေစသည်တို့ကို သုံးစွဲခြင်းပြုသည်။ ပိဋကတ်များကိုလည်း မီးရှို့ပစ်သည်။

ဤသို့ သိုဟန်ဘွားပြုလုပ်ခဲ့သည်မှာ သက္ကရာဇ် ၉၀၁ ခုနှစ်တွင် ဖြစ်သည်။

## မင်းကြီးရန်နောင်တုံ့ပြန်

ဗုဒ္ဓဘာသာဝင်တို့သည် သိုဟန်ဘွား ရက်စက်ကြမ်းကြုတ်ခြင်းကို တုံ့ပြန်တိုက်ခိုက်ဖို့ စောင့်ဆိုင်းလျက်ရှိကြသည်။ ထို့ကြောင့် သက်ဆိုင်ရာ

* ဦးကုလားမဟာရာဇဝင်၊ ဒုတိယအုပ်၊ စာမျက်နှာ ၁၃၅။

မှူးမတ်တို့နှင့် နိုင်ငံသူနိုင်ငံသားတို့က မင်းကြီးရန်နောင်ကို သိဟန်ဘွားအား တိုက်ခိုက်ဖို့ တိုက်တွန်းကြသည်။

မင်းကြီးရန်နောင်သည် သိဟန်ဘွားလက်တွင် ရွှေနန်းရှင်နရပတိစွဲကိုင်ခဲ့သော ပတ္တမြားဓားကိုကြည့်ပါရစေဟု မင်းကြီးရန်နောင်က တောင်းဆိုသည့်အခါတွင် သိဟန်ဘွားက ထိုပတ္တမြားဓားကို သူရယားကြောင်းဖြင့် မင်းကြီးရန်နောင်သို့ ထုတ်၍ပြလိုက်သည်။

မင်းကြီးရန်နောင်လက်သို့ ပတ္တမြားဓားရောက်သည်နှင့် တပြိုင်နက် မင်းကြီးရန်နောင်က သိဟန်ဘွားကို ထိုဓားဖြင့် လှမ်း၍ခုတ်လိုက်သည့်အခါ သိဟန်ဘွားမှီ၍ ထိုင်နေသော ဝါးပိုးတိုင်နှင့်တကွ သိဟန်ဘွားပါ ပြတ်၍သေဆုံးလေတော့သည်။

ထိုအခါ သိဟန်ဘွားတပည့် ရှမ်းတို့က မင်းကြီးရန်နောင်ကို တိုက်ခိုက်ဖို့ပြုလုပ်ရာတွင် မြန်မာမှူးမတ်နှင့်တကွ အရပ်သူအရပ်သားတို့ပါ သိဟန်ဘွားတပည့်များကို ဝိုင်း၍တိုက်ထုတ်သဖြင့် အမြောက်အမြား ရှမ်းတို့သေကြေပျက်စီးပြီး အချို့မှာ ထွက်၍ပြေးကြသည်။

သိဟန်ဘွား လုပ်ကြံခံရသောခုနှစ်ကား သက္ကရာဇ် ၉၀၄ ခုနှစ် ကဆုန်လအတွင်းဖြစ်သည်။

ဤနိုင်ငံသည် ဗုဒ္ဓတရားကို လေးစားသောနိုင်ငံဖြစ်၍ ဗုဒ္ဓပုထိုးစေတီအပါအဝင် ဗုဒ္ဓနှင့်ပတ်သက်၍ မလေးမစားပြုလုပ်သူ မည်သူ့ကိုမဆို တုံ့ပြန်သတ်ပုတ်ဖို့ကား လက်မနှေးကြပေ။

## ဖိလစ်ဒီဗရစ်တိုခေါ် ငဇင်ကာ

ဗြိတိသျှတို့ ရခိုင် မြန်မာနယ်ကို ပိုင်စိုးပိုင်နင်းမရှိမီ စောစောပိုင်းက ပေါ်တူဂီလူမျိုးတို့သည် ရခိုင်ဘုရင်ထံသို့ ဝင်ရောက်ခစားလေ့ရှိသည်။ ၎င်းတို့အနက် ဖိလစ်ဒီဗရစ်တို * ဆိုသူပါဝင်၍ ရခိုင်ဘုရင်မင်းရာဇာကြီးက ၎င်းအား ၎င်းနှင့် ပေါ်တူဂီများကို ရောင်းဝယ်ဖောက်ကားဖို့ ခွင့်ပြုထားခဲ့သည်။

သက္ကရာဇ် ၉၆၅ ခုနှစ်တွင် ရခိုင်ဘုရင်က တောင်ငူဘုရင်ထံ အခွင့်တောင်း၍ သန်လျင်၌ ကိုယ်စားလှယ်တဦးထားဖို့ စီမံခဲ့လေသည်။ ထိုကိုယ်စားလှယ်မှာ ဖိလစ်ဒီဗရစ်တိုပင် ဖြစ်သည်။ ဖိလစ်ဒီဗရစ်တိုကို ''ငဇင်ကာ''ဟုလည်းခေါ်သည်။

* Philip de Brito.

ဖိလစ်ဒီဘရစ်တို့သည် ရခိုင်အမျိုးသားတို့နှင့်အတူ သန်လျင်တွင် တပ်ငယ်တတပ်ဖွင့်၍ နေထိုင်ရာ မကြာမီ ရခိုင်မှပါလာသော ရခိုင်တပ်သားတို့ကိုနှင်ထုတ်လိုက်ပြီး ပေါ်တူဂီတပ်သားတို့နှင့် သန်လျင်ကို အုပ်ချုပ်နေသည့်အပြင် ဂိုဝါမြို့ရှိ ပေါ်တူဂီဘုရင်ခံချုပ်ထံမှ အကူအညီတောင်း၍ သန်လျင်မြို့၌ အကြီးအကျယ် ခံတပ်ပြုလုပ်နေသည်။ အနီးပတ်ဝန်းကျင် ဗုဒ္ဓဘာသာစေတီပုထိုးတို့ကို ဖျက်ဆီး၍ ထိုစေတီပုထိုးမှ အဖိုးတန် ပစ္စည်းများကို ယူကြသည့်အပြင် သန်လျင်နယ်တလျှောက် နေသူတို့အား ခရစ်ယာန်ဘာသာသို့ အတင်းအဓမ္မသွတ်သွင်းခြင်းကြောင့် မွန်-မြန်မာတို့ ခရစ်ယာန်ဖြစ်သူဖြစ်၍ နေကြရသည်။

သက္ကရာဇ် ၉၇၄ ခုနှစ်တွင် အနောက်ဘက်သာလွန်မင်းတရားကြီးသည် ရေကြောင်းဖြင့် သန်လျင်သို့ချီတက်လာပြီး သုံးလခန့် သန်လျင်မြို့ကို ဝိုင်း၍ပိတ်ဆို့တိုက်ခိုက်ရာ ဒီဘရစ်တို့နှင့်တကွ အားလုံး လက်ရ ဖမ်းဆီးမိလေသည်။

ဖမ်းဆီးရမိသည်နှင့်တပြိုင်နက် ဘုရားပုထိုးကို ဖျက်ဆီးသူတို့အား ကွပ်မျက်လိုက်ပြီး တချို့ကိုမူ အသနားခံသည့်အတွက် ရွှေဘိုနယ်သို့ ပို့ပြီး ရွာငယ်တရွာ သီးသန့်တူထောင်ပေးပြီးလျှင် ချမ်းသာခွင့်ပြုထားသည်။ ထိုရွာကို ဗရင်ဂျီရွာဟုခေါ်သည်။

ဤသည်မှာ ဗုဒ္ဓ၏ပစ္စည်းများကို ဖျက်ဆီးသူတို့ ဘေးအန္တရာယ် အမျိုးမျိုးတွေ့ရသည့် သင်ခန်းစာဖြစ်သည်။

## ကိုယ်တိုင်သာသနာပြုဗုဒ္ဓပေါင်မင်းကြီး

ဗုဒ္ဓသည် ဒွါရဝတီသံတွဲမှတဆင့် မည်သည့်ဒေသသို့ ဆက်လက်ကြွသည်ဟု ပေစာမှတ်တမ်းစသည်တို့ ထင်ထင်ရှားရှားမတွေ့ရတော့ပေ။

သို့သော် မည်သို့ပင်ဖြစ်စေ၊ သရေခေတ္တရာ ပြူတို့ နိုင်ငံသည် တချိန်က စီးပွားရေး၊ လူမှုရေးအဆောက်အအုံတို့သည်တိုးတက်ကြီးပွားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

သာသနာသက္ကရာဇ် ၁၀၁ ခုနှစ်တွင် ရသေ့၊ သိကြား၊ နဂါး ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီစသည်တို့ဝိုင်း၍ တည်ထောင်ခဲ့သည် ဟု * ဖော်ပြထားသည်။

---

* အခြေပြမြန်မာနိုင်ငံသမိုင်း စာ ၁၆၆။

သရေခေတ္တရာနိုင်ငံကိုအုပ်ချုပ်သောဘုရင်မှာ ဒွတ္တပေါင်မင်းကြီး ဖြစ်၍ ထိုမင်းလက်ထက် အနီးပတ်ဝန်းကျင်နိုင်ငံများက အခွန်ဘဏ္ဍာ ဆက်သကြရသည်။

ဘုရင်ကိုယ်တိုင် သာသနာရေးကို အလွန်လိုက်စားသည်။ ဗုဒ္ဓ သာသနာသည် သရေခေတ္တရာတွင်ရဟန်းအမြောက်အမြားနှင့်၍ ရဟန္တာ အရေအတွက်အားဖြင့် ၃၀၀၀ မျှရှိသည်ဟု မှတ်တမ်းများကဖော်ပြသည်။ ထို့ကြောင့် သရေခေတ္တရာ နိုင်ငံသည် သာသနာရေး၊ ဘာသာရေး တိုးတက်လျက်ရှိသည်။

ထိုမင်းလက်ထက်တွင် ရတနာမိုး ၄ါးကြိမ်တိုင် ရွာချခဲ့သည်ဟု ရာဇဝင်သမိုင်းကဖော်ပြသည်။

## စန္ဒသူရိယဘုရင်နတ်ရွာစံ

ဓညဝတီပြည့်ရှင် စန္ဒသူရိယဘုရင်ကား မိမိနိုင်ငံအတွင်းသို့ ဗုဒ္ဓ သာသနာအရောင် ဗုဒ္ဓဝါဒ ရောက်ရှိလာသည်နှင့် ဗုဒ္ဓဘာသာရေးကို အလွန့်အလွန်အားပေးသည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာ သုံးရပ်နှင့် ရဟန်းသံဃာတော်များကို ကြည်ညိုလေးစား သည်။ တောရွာ ကျေးလက်မကျန် ဗုဒ္ဓအလင်းရောင်ကို ထိုအချိန်က၌ ရခိုင်တွင် ဖြန့်ခဲ့သော ဘုရင်တပါးဖြစ်သည်။

သို့ရာတွင် ဘုရင်စန္ဒသူရိယကား မရဏတည်းဟူသောသေမင်း၏ ဖိတ်ခေါ်ရာသို့ မနေသာ မလှုပ်သာ လိုက်ပါခဲ့ရသည်မှာ လူတိုင်းဓမ္မတာ ဖြစ်ရကား သက်တော်အားဖြင့် ၇၇ နှစ်၊ အိမ်နိမ့် ၂၅နှစ်၊ နန်းစံ ၅၂နှစ် သက္ကရာဇ် ၁၄၉ ခုနှစ်တွင် နတ်ပြည်စံတော်မူသဖြင့် ဓညဝတီတနိုင်ငံ လုံး ယူကျုံးမရ ဖြစ်ခဲ့ကြသည်။

## ဖအေတူသား သူရိယာဝိပတိမင်း

စန္ဒသူရိယမင်းကြီးနတ်ရွာစံပြီးနောက် စန္ဒိမာလာတွင် ဖွားမြင် သော သူရိယာဓိပတိမင်းသားအား နှမတော် သူရိယရံသီမင်းသမီးနှင့်

အတိုသက္ကရာဇ် ၂ ခုနှစ်တွင် အဘိသိက်ခံ၍ ထီးနန်းစည်းစိမ်ကိုအုပ်ချုပ်တော်မူလေသည်။

သူရိယာဓိပတိမင်းသည် ၎င်း၏ဖခမည်းတော်စန္ဒသူရိယမင်းကဲ့သို့ အကျင့်သီလနှင့်ပြည့်စုံ၍ နိုင်ငံသူနိုင်ငံသားတို့ကလည်း ကြည်ညို လေးစားကြသည်။ နိုင်ငံငြိမ်းချမ်းသာယာသည်။ စည်ပင်သာယာဝပြိုးသည်။

ထိုမင်းသည် ဘုန်းတန်ခိုး ကြီးမြင့်သောမင်းဖြစ်သဖြင့် ဆင်ဖြူတော်ငါးစီး ဘုရင့်အသုံးခံဖို့ရောက်ရှိလာသည်။

မူးမတ်သေနာပတိနှင့်တကွ ဘုရင့်ဝန်ထမ်းပေါင်းတသိန်းကျော်မျှရှိသည်။ ပတ်ဝန်းကျင် ပြည်သောင်အချင်းချင်း မင်းများက အခွန်အတုတ် ဆက်သကြသည်။

ဗုဒ္ဓ၏ကိုယ်စား မဟာမုနိရုပ်ရှင်တော်ကို ကြည်ညိုလေးစားလျက် သာသနာရေးတိုးတက်ဖို့ လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်၊

ဤမင်းကား အိမ်နိမ့် ၂၉ နှစ်၊ နန်းစံ ၄၇ နှစ်၊ သက်တော် ၇၆ နှစ်တွင် နတ်ရွာစံခဲ့သည်။

ထိုမင်း နတ်ရွာစံပြီးနောက် သားတော်တပါးဖြစ်သောသူရိယပတိပါတိမင်းသားသည် မျောက်သားတော်သုဝဏ္ဏကလျာနှင့် သက္ကရာဇ် ၄၉တွင် ပြည်စည်းစိမ်ကို စိုးမိုးအုပ်ချုပ်ခဲ့သည်။

ထိုမင်းသည်ကား အိမ်နိမ့် ၃၁နှစ်၊ နန်းစံ ၅၆နှစ်၊ သက်တော် ၈၇ နှစ် သက္ကရာဇ် ၁၀၅ တွင် နတ်ရွာစံလေသည်။

ဤမင်းသည်လည်း ရှေးမင်းများကဲ့သို့ ဗုဒ္ဓဘုရားကို ရိုသေလေးစားခဲ့သည်။ နိုင်ငံသူ နိုင်ငံသားတို့ စီးပွားတိုးတက်သာယာခဲ့သည်။

## ကောင်းမှု ကုသိုလ်မဲ့သူ သူရိယရူပမင်း

ယင်းမင်းတို့သွန်ပြီးနောက် သက္ကရာဇ် ၁၀၅ ခုနှစ်တွင် သူရိယရူပ မည်သော မင်းသားသည် သုပဘာဟူသောမျောက်သားတော်နှင့် ပြည်စည်းစိမ်ကို စိုးမိုးအုပ်ချုပ်သည်။

ဤသူရိယရူပမင်းသည်ကား ကောင်းမှုကုသိုလ်တရားတို့၌ မိမိကိုယ်တိုင်လည်း မပြုလုပ်၊ နိုင်ငံသူ နိုင်ငံသားတို့ ပြုလုပ်လည်း အားမပေး။ မှူးကြီးမတ်ကြီးတို့၏ တင်ပြချက်တို့ကိုလည်း ဖီလာဆန့်ကျင်၍ နောက်လိုက်နောက်ပါမုဆိုးများနှင့် တောထွက် တောလိုက် အမဲလိုက် အမဲသတ်လုပ်ငန်းတို့ဖြင့်လည်းကောင်း၊ ဥယျာဉ်တော်အတွင်း နန်းတွင်း

သူ နန်းပြင်သူအမျိုးသမီးများနှင့် ကခုန်မြူးထူးလျက် သူတပါး သားမယားတို့ကို ကျူးလွန်ခြင်းဖြင့်လည်းကောင်း မကောင်းမှု၌မွေ့လျော်သောမင်းတပါးဖြစ်ခဲ့သည်။

နိုင်ငံတော်သည် ထိုအချိန်အခါက ဝန်ထမ်း ကြီးငယ်များပါ အကျင့်ပျက်လျက် စီးပွားရေးလုပ်ငန်းတို့သည်လည်း ဆုတ်ယုတ်ခဲ့သည်။

ဒုစရိုက်တရားဆယ်ပါးကို မစောင့်ထိန်းသော အရပ်သားတို့သည် လူမိုက်ဓလေ့၊ ဆိုးသွမ်းနိုင်ထက်၊ ရက်ရောကြမ်းတမ်း၊ ယုတ်နွမ်းသော အမှုနှင့်သာ အသက်ထက်ဆုံး ကြင့်ကြံနေလေရသည်။

သူတော်ကောင်းတို့ရှိသော အရပ်၌ အကျင့်မရှိ အမျိုးမစောင့်သော မင်းယုတ်သည် အကယ်၍ စိုမိုးအုံ၊ ထိုမင်းအား အမှုထမ်းကောင်းတို့သည် မမွှားမယှဉ်းစေရန် အသက်မငဲ့ လျှောက်တင် ရမြဲဖြစ်သည်။

မင်းနှင့်အမတ်တို့ စုဝေးလျက် ဆိုးသွမ်းလတ်သော် သံဃာတော်တို့က ကျိုးကြောင်းပြသ ဟောပြောဆုံးမ ရမြဲဖြစ်သည်။

## ရှေးပညာရှိစကား

ကျမ်းဂန်အလာ . ရှေးပညာရှိတို့ စကားအမှာတွင်လည်း–

ရေမြေဦးခိုင်၊ နိုင်ငံပိုင်မှု၊ တိမ်းယိုင်ရှေ့လမ်း၊ အကျင့်သွမ်းသော၊ မင်းကျွမ်းဝင်ဘိ၊ မတ်ကဝိတို့၊ နှိုင်းညှိကုန်ငြား၊ မင်းပါးလျှောက်တင့်၊ ကြီးမြင့်ဂုဏ်ရှင်၊ နားမဝင်၍၊ မင်းပင်ကျင့်ရာ၊ တူစွာစရိုက်၊ မင်းလိုလိုက်၍၊ မတ်မိုက်နှင့်မင်း၊ သင်းပင်းညီစွ၊ ပြုပြန်ကြမူ၊ မွေသဘင်၊ မဂ္ဂင်အကျော်၊ သံဃာတော်တို့၊ အဟောဝတ၊ ရှေးကမင်းပေါင်း၊ မှူးမတ် ကောင်းတို့၊ မစောင်းတည့်မတ်၊ ကျင့်ဝတ်ကျမ်းဂန်၊ မလွန်မယုတ်၊ ဖော်ထုတ်ပြသ၊ ဆုံးမထုံးစံ၊ လှူခံသူမြတ်၊ ရဟန်းဝတ်နှင့်၊ လျှောက်ပတ်သင့်စွာ၊ ပြောဆိုရာသည်၊ စဉ်လာနိဂုံး ရှေးကျင့်ထုံး။

## မင်းတရား ရွှေထီးထံ မဟာကျော် လျှောက်ထုံး

ရခိုင်တွင် မဟာပညာကျော်ဟု ထင်ရှားခဲ့သော အမတ်ပညာကျော်၏ လျှောက်ထုံး တရပ်သည်ကား။

အရှင်မင်းမြတ်၊ လောကသုံးပါး၏၊ အထွတ်အထိပ်ဖြစ်မူသော မြတ်စွာဘုရား ဆုံးမတော်မူသည့် တရားကိုမတည်သော သူတို့သည် သံသရာဝဋ္ဋ ဒုက္ခဆင်းရဲ ရှည်ပါသည်။ ရေးသူတော်ကောင်းတို့စကား၌သည်း သဘော်ာစီးလျက် ရေရိုးရေကြောင်းကို မသိတတ်သောမာလိန်၊ တောဝင်လေလျက်တောစဉ်ကို မသိတတ်သောမုဆိုး၊ ပြည့်ရှင်ဖြစ်လျက်၊ မှူးမတ်အရည်အနိမ့်အမြင့်ကို မသိတတ်သောမင်၊ အမတ်ဖြစ်လျက် မင်းရိပ်မင်းခြည် အရည်အသွား စကားသင့်မတင့်ကို မသိတတ်သောအမတ်၊ စတုဟီ အနိဋ္ဌဥမ္မကော ဤ လေးဦးသော သူယုတ်၊ အလိုမရှိအပ်သော သူရှူးတို့သည် အလိမ္မာမရှိသည်ဖြစ်၍ သေခြင်းမလှရကြောင်း ထုံးဟောင်းရှိပါသည်။ တရားအလိမ္မာ သံသရာအပြစ်ကို သိသော မင်းကောင်း မင်းမြတ်သည် အနီးအဝေး သူ့သား ကိုယ့်သား မရွေး ဆုံးမပေးတော်မူကြောင်း။

ရှေးသူဟောင်းတို့ အဆိုလာပြန်သည်မှာ--

''ကျင့်ချော်ဓမ္မ၊ သဇီဝအား၊ ပြစ်မှားပြင်းရှိန်၊ ဇီဝိတိန်ကို၊ ညှိုးပိန်မသွေ၊ ခြွေသော်လည်းကောင်း၊ တကြောင်းမိုက်မည်း၊ သူ့ပစ္စည်းကို၊ ချပ်တည်းမဲ့ငြား၊ ပြစ်မှားသဖြင့်၊ မသင့်ပချေ၊ သူ့ဆွေဇနီး။ ချစ်သမီးနှင့်၊ ရောနှီးဆက်ဆံ၊ သုံးပါးကံမူ၊ စိမ်လောဘ၊ နသစ္စဟု၊ ယှင်းခွစကား၊ သူနှစ်ပါးကို၊ ခိုက်ပွားရန်စစ်၊ ဒေါသဖြစ်အောင်၊ ချောပစ်တတန်၊ မျက်မာန်ကြမ်းကြုတ်၊ ဖရုဿမျိုး၊ အကျိုးမဲ့လျှင်၊ ပိန်ဖျင်းဝါစာ၊ မိန့်မှာစတု၊ ဒေါသခု၍၊ခြားသူရိပ်ငြိမ်၊ ဇည်းစိမ်ခြွေရုံ၊ သူကောင်းကံကို၊ ဖိတ်လျှံနှသ္သိ၊ ငါ့ဟာတီဟု၊ ဖြစ်ဘိစေလို၊ တဆိုအရေး၊ မကြံတွေးလိမ့်၊မိုက်အမှုတကြောင်း၊ စောင်းမြောင်းငြူစူ၊ ယူမှောက်လှန်၊ မိစ္ဆာဉာဏ်နှင့်၊ သုံးတန်ကာယ၊ စသည်အားထုတ်၊ တိုယ်နှုတ် နှလုံး၊ ဆောက်တည်သုံးက၊ ပိတ်ဖုံးလေးပါး၊ 'ပါယ်တံခါး'ဟူ၍ စပ်ဆို ဆုံးမတော်မူထားလေသည်။

## လက်ရုံးရည်နှင့် နှလုံးရည် ခြားနားပုံ

ကျမ်းဂန်များ၌ ပညာရှိများ ဖော်ပြရာတွင်—

ရက္ခသတသဟဿာနိ ပုပ္ဖရက္ခောဝ သောဘတိ။

နရသတသဟဿာနိ ရူပဝန္တောဝ သောဘတိ။

ရူပသတသဟဿာနိ ပည်ာဝန္တောဝ သောဘတိ။

ရက္ခသတသဿာနိ၊ သစ်ပင်တသိန်းတို့တွင်။ ပုပ္ဖမုကြော ပွင့်ရှိသော သစ်ပင်သည်သာလျှင်။ သောဘတိ၊ တင့်တယ်၏။ နရသတသဟဿာနိ၊ လူနှစ်ပါင်းတသိန်းတို့တွင်။ ရူပဝန္တော အရုပ်အဆင်းလှပခြင်းရှိသော သူတည်းသာလျှင်၊ သောဘတိ။ တင့်တယ်၏။ ရူပသတသဟဿာနိ၊ အဆင်းလှသော လူဘသိန်းတို့တွင်။ ပညဝန္တော၊ ပညာရှိသော သူသည်သာလျှင်။ သောဘတိ၊ တင့်တယ်၏။

ပညာ အရည်အချင်းနှင့် သီလသမာဓိတို့ သည်သာလျှင် အရေးကြီးသည်ဖြစ်ရကား ပညာဖြင့် တိုင်းပြည်ကို စောင့်ထိန်းသော မင်းတို့ကိုသာလျှင် မည်သည့်နိုင်ငံသူ နိုင်ငံသားတို့မဆို၊ ထိုမင်းအလက်ရှည်ဖို့ ဆုပန်တောင်း မေတ္တာပို့ကြသည်။

မင်းတို့သည် သမ္မာအာဇီဝ ကောင်းသော အသက်မွေးခြင်းရှိကုန်သည်ဖြစ် ကြေးမောင်းခတ်ဆော် စည်တော်ရိုက်တီး၍ တနေ့သုံးကြိမ် ပြည်သူတို့ကို ဆုံးမတော်မူပါသည်။

လက်ရုံးရည် အားကိုးသောမင်းသည် ရန်ပို၍ ထိုပြည်သူတို့သည်လည်း လက်ရုံးမာန ကြီးခြင်းကြောင့် စည်းစိမ်မရှည်ပဲ ရန်သူပါးပါးမျိုး ဒဏ်ခံရလေသည်။

နှလုံးရည် အားကိုးသောမင်းနှင့် ပြည်သူတို့သည် အပူသောကကင်းဝေး၍ မိဘသားမြေး အစဉ်အလာ သပြာတောင်းတင်းပြည့်စုံခံစားရလျက် မပျက်အစဉ် ထွန်းလင်း၍ ဘုရားစသော သူတော်ကောင်းတို့အချီးအမွမ်းကို ခံရကြောင်း ပညာရှိများ မှာကြားထားလေသည်။

# ဆ၁၄ မပိုင်း

## ရေးခေတ်ရခိုင်ပြည်

### မင်းဆိုးအောက်မှလွတ်မြောက်လို

နိုင်ငံသူ နိုင်ငံသားတို့ကား မင်းဆိုးအောက်မှ လွတ်မြောက်ပြီး မင်းကောင်းအောက်သို့ရောက်ရှိဖို့ ဆုတောင်းလျက် အချိန်ကို စောင့်မျှော်ခဲ့ကြသည်။ မိုးခေါင်ရေရှား၊ စီးပွားရေးလည်းကျပ်တည်း၍ အငတ်ငတ် အပြတ်ပြတ်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့ပင် နိုင်ငံသူနိုင်ငံသားတိုင်းက မိမိတို့အပေါ် အုပ်ချုပ်သည့် မင်းကောင်းများကို မျှော်လင့်တမ်းတနေခြင်းဖြစ်လေသည်။

ဤမင်းကား အိမ်နိမ့် ၁၈ နှစ်၊ နန်းစံ ၄၅ နှစ်ကြာခဲ့၍ သက္ကရာဇ် ၁၅၀ ခုနှစ်၊ အသက် ၆၃ နှစ်တွင် ကွယ်လွန်ခဲ့သည်။

ထိုမင်းကွယ်လွန်ခြင်းကို မှူးမတ်များနှင့်တကွ နိုင်ငံသူ နိုင်ငံသားတို့က ကြေကွဲဝမ်းနည်းခြင်း တစုံတရာမရှိကြပေ။ မင်းကိုအကြောင်းပြု၍ ကျန်ရစ်သော ဆွေမျိုး မိသားစုတို့ကိုလည်း ပြည်သူ ပြည်သားတို့က အပေါင်းအသင်း တရေးတယူမရှိကြတော့ပေ။

### အရိန္ဒမာလုံပျံရမင်း

သက္ကရာဇ် ၂၄၉ နှစ်တွင် ထိုမင်း၏သားတော် မဟာစန္ဒရားမင်းသားသည် သုပဘာဒေဝီနှင့် နန်းစည်းစိမ်ကို သိမ်းပိုက်သည်။

ဤမင်းသည် ဘုန်းတန်ခိုးကြီးမြင့်သောကြောင့် အရိန္ဒမာလုံပျံကို သိကြားမင်းကိုယ်တိုင် ဆက်သလာသည်။ ထိုအရိန္ဒမာလုံပျံ၏ အရိုးမှာ ရွှေဖြင့်လုပ်ကိုင်ပြီး အရှည်သုံးတောင်မျှရှည်သည်။ အသွားစိန်ဖြင့်ပြုလုပ်ထားသည်။ အလျားသုံးမိုက်ရှည်သည်။ မိုးကြိုးလက်ကောက် ငါးခြည် ဝတ်လျက်ရှိသည်။ အခွေးလည်း ပိုးကြိုးဖြင့်ပြုလုပ်ထားသည်ဟု ရာဇဝင်က ဖော်ပြထားသည်။

ဤသို့အံ့ဖွယ်ကောင်းသော အရိန္ဒမာလုံပျံကို ရှေးရှေးက ဘုန်းတန်ခိုးကြီးမားသောမင်းတို့သာ ရရှိကြသည်။ ဤမင်းသည် အရိန္ဒမာလုံပျံကို ရရှိရုံသာမက သူအုပ်ချုပ်သောနိုင်ငံတွင် ရတနာမိုးလည်း ခုနစ်ကြိမ်မျှရွာလေသည်။ ဆင်ဖြူရတနာလည်း တဆယ့်နှစ်စီးမျှ ထိုမင်းလက်သို့ ရောက်ရှိလာသည်။ အရိန္ဒမာရတနာလုံပျံကို မဟာစန္ဒရားမင်း အလိုရှိသလို စေလွှတ်အသုံးပြုနိုင်သည်။

## ဓညဝတီမှကန်သုံးဆင့်မြို့

ထို့ကြောင့် ဤမင်းသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသော်လည်း သူအုပ်ချုပ်သော ဓညဝတီနေပြည်တော်မှာ ကိန်းခန်းကုန်လာပြီ ဖြစ်ကြောင်း ဗေဒင်အကျော်၊ ဟူးရားအကျော်တို့၏ ဟောကြားချက်အရ ဓညဝတီမှ ကန်သုံးဆင့်မြို့ဟု အမည်ဖြင့် မြို့သစ်တည်ထောင်ခဲ့လေရာ ခုနစ်လအကြာတွင် မှူးမတ်အပေါင်းအဝင် သုံးသိန်းမကသောလူတို့ သေကြေပျက်စီးခြင်းကို ခံရလေသည်။

ယင်းအဖြစ်အပျက်တို့ကို ပညာရှိမှူးမတ်တို့နှင့်တိုင်ပင်၍ နန်းတော်အဆောက်အအုံတို့ကို တူးဖော်ကြည့်ကြရာတွင် မြေ၏အောက်၌ နဂါးရုပ်သဏ္ဌာန် အထက်ကောင်းကင်သို့ မျှော်လျက်နေဟန်ကို တွေ့မြင်သောကြောင့် 'အံ့ဖွယ်ကြီး' ဟု ဆိုကြသည်။ ယိုဒေသကိုလည်း ယနေ့တိုင် 'အံ့ကြီး' ဟု ခေါ်ကြသည်။

## ဝေသာလီကျောက်လှေကားမြို့

ဘုရင်သည် ကြီးစွာသော ပူပင်မှုဖြင့် စိုးရိမ်လျက်ရှိပေရာ သိကြားမင်းနေ ပဏ္ဍုကမ္ဗလာ တင်းမာပူလောင်သောအခြင်းအရာဟူ၍ဖြင့် အိပ်မက်

ဖြင့်ပြသလေရာ ကစ္ဆပနဒီမြစ်ကို စုန်ဆင်း၍ ရန္ဒနဒီမည်သော ရန်းချောင်း၏အညာ သေလနဒီချောင်းနားဝယ် မြို့တော်ရာကို သိကြားမင်းသည် မြည်းဟန်ဖန်ဆင်း၍ စက်ဝန်းလှည့်လျက်ပြခဲ့သော် ထိုနေရာ၌ပင် 'ဝေသာလီ ကျောက်လှေကား' မြို့ တည်တော်မူလေသည်။

ထိုနေရာ၌နန်းတည်၍ အုပ်ချုပ်မှုသာလျှင် ပြည်သူခပ်သိမ်းတို့သည်လည်း ချမ်းမြေ့သာယာ၍ ဗုဒ္ဓသာသနာတော်သည်လည်း နေမင်းအရောင်ကဲ့သို့ တောက်ပထွန်းလင်းလျက် အလွန်အလွန်စည်ကားသော နိုင်ငံတနိုင်ငံဖြစ်လာလေသည်၊

ဤမဟာစန္ဒရား မင်းသည် ဝေသာလီ ကျောက်လှေကားမြို့ကို ပြုစုတည်ထောင်ခဲ့ရာတွင် လူပျိုအဖြစ် ၉ နှစ်၊ အိမ်ရှေ့မင်းအဖြစ် ၂၃နှစ်၊ အိမ်နိမ့် ၃၂ နှစ်၊ နန်းစံ ၅၇ နှစ်၊ သက်တော် ၈၉ နှစ်၊ သက္ကရာဇ် ၃၀၆ ခုနှစ်တွင် နတ်ရွာစံလေသည်။

မဟာစန္ဒရားမင်း လက်ထက်တွင် ရခိုင်၌ သီလဝန်, ဂုဏဝန်, မထေရ်မွန် စသည့် ရဟန်းတော်အရှေအတွက်မှာ တသောင်းမျှရှိ၍ ရဟန်းသံဃာ သာမဏေအပေါင်းတို့သည်ကား သောင်း သိန်းမက ဗုဒ္ဓ၏ သာသနာလင်းရောင်ခြည် တောက်ပလျက်ရှိခဲ့သည်။

## ရတနာမိုးခုနစ်ကြိမ်ရွာ

ဤမင်းကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူ၍ နှစ်မလည်ခင် ဓညဝတီနေပြည်တော်မှ ပြောင်းပြီး ကန်သုံးဆင့်မြို့ကို တည်ရာဝယ် အကြောင်းမသင့်သောကြောင့် ဝေသာလီမည်သော ကျောက်လှေကား မြို့ကိုထပ်မံတည်ထောင်ပြီးသောနေ့ ညဥ့်တွင်လွန်၍ နံနက်မိုးလင်းတနင်္ဂနွေနေ့ နံနက်ကသည် ညမိုးချုပ်သည်တိုင်အောင် ရတနာမိုး ခုနစ်ကြိမ်ရွာလေသည်။

ရွာချသောရတနာမိုးကို လူခုနစ်ယောက် ထမ်းရွက်စေပြီး မဟာမုနိအား လျှူဒါန်းပူဇော်ပြီးမှ တိုက်ခုနစ်ဆယ်ဆောက်၍ ပြည့်စေပြီး ကြွင်းကျန်သောရတနာများကို နိုင်ငံသူ နိုင်ငံသားတို့အား ကောက်ယူအသုံးပြုစေခြင်းအားဖြင့် မရေမတွက်နိုင်သော ဥစ္စာရတနာတို့ကို ရရှိကြလေ၏။

ဤရတနာမိုးရွာခြင်းနှင့်ပတ်သက်၍ ထိုအချိန်အခါက ပြည်ထောင် အချင်းချင်း ကျော်ကြားသောသတင်းများကိုကြားရသည့်အတွက် ရာနှင့် ချီ၍လာသော သင်္ဘောကြီး ငယ်တို့ဖြင့် လာရောက်၍ ကုန်ကူးကြသည် တို့မှာ ဝေသာလီကျောက်လှေကားမြို့တော် သင်္ဘောဆိပ်နေရာတို့တွင် သင်္ဘောတို့မှာ ပြည့်လျှံလျက် အချို့သင်္ဘောများ သင်္ဘောတကားလှော် ကပ်စရာနေရာမရှိ ဖြစ်နေလေသည်။

လာရောက်သော ပြည်ထောင်အချင်းချင်း မင်းများကလည်း ရတနာလှံပျံ၊ ဆင်ဖြူတော်တို့ကို ပြဖို့ မေတ္တာရပ်ခံကြသည်။ ထိုသို့ မေတ္တာ ရပ်ခံသည့်အတိုင်း ရတနာနှင့် လှံပျံတို့ကို ပြသလေသည်။

## ဗုဒ္ဓသာသနာတိုးတက်ထွန်းလင်းခဲ့

ဤသို့ဖြင့် ဓညဝတီနှင့် ဒွါရဝတီ စသော ရခိုင်ပြည်တွင် ဘုရား, တရား, သံဃာကို ယုံကြည်လေးစား၍ နိုင်ငံသူ နိုင်ငံသားတို့၏ အေးချမ်း သာယာမှုကို စောင့်ရှောက်သည့် မင်းတို့လက်ထက်တွင် နိုင်ငံတော် သာယာခဲ့ကြသည်။

ဗုဒ္ဓသာသနာပြန့်ပွားရေးသည် အဓိကအားဖြင့် သံဃာတော်များ ဖြစ်သော်လည်း နိုင်ငံတော်ကို အုပ်ချုပ်သောမင်းများက နိုင်ငံတော်၏ အာဏာဖြင့် သာသနာရေးလုပ်ငန်းများကို အားပေးခြင်းရှိမှသာလျှင် သာသနာတိုးတက်ခိုင်မြဲလေသည်။

သာသနာတော်သည် ဆက်၍ ဆက်၍ တိုးတက်လာခဲ့ရာ ရဟန်း သံဃာတော်အရေအတွက်မှာ အလွန်တိုးတက်ပြီး ကျေးရွာဒေသများ ၌ပင်လျှင် ပရိယတ္တိ ပဋိပတ္တိတရားတို့ကို မပြတ်မစဲ သင်ကြားပို့ချခြင်း၊ ဝိပဿနာတရား ကျင့်ကြံခြင်းတို့ဖြင့် ရခိုင်ပြည်တွင် သာသနာထွန်းလင်း ခဲ့သည်။

ခရစ်သက္ကရာဇ်မပေါ်မီ ဘီစီ ၃ ရာစုနှစ်ပိုင်း ရခိုင်ပြည်အတွင်း ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပခဲ့သည်။

ခရစ်သက္ကရာဇ် အေဒီ ၂ ရာစု-၃ ရာစု၌ * ရေးထိုးခဲ့သော နာဂါဂျုနိတွင် ကျောက်စာ၌ ဗင်ဂါ (ရခိုင်ပြည်၏ နယ်၁၂ နယ်အပါအဝင်)နယ်သည် ဗုဒ္ဓဘာသာ ထွန်းလင်းရာ ဗဟိုဌာနတခု ဖြစ်သည်။ ထိုနယ်သို့ သီဟိုဠ်ကျွန်းမှ သံဃာတော် အရှင်မြတ်တို့သည် သာသနာပြုကြွရောက်တော်မူခဲ့ကြသည်။

ဤသို့ ခြားဖြင့် ဗုဒ္ဓသာသနာတော်သည် ဘီစီခေတ်မှ အေဒီခေတ်သို့ အဆက်မပြတ်ထွန်းလင်းလာခဲ့သည်။

## လောကီလောကုတ္တရာစာပေများ ရောက်လာ

မဟာစန္ဒရားမင်း တည်ထောင်ခဲ့သော ဝေသာလီ ကျောက်လှေကားခေတ် (အေဒီ ၃၂၇-၀၁၀) သည် မဂဓတိုင်းပြည် ဂုပ္ပတခေတ် (အေဒီ ၃၂၀-၇၂၀)နှင့် ခေတ်ပြိုင်ဖြစ်သည်။ ရခိုင်ပြည်သို့ ဗုဒ္ဓ လင်းရောင်ခြည်သည် ဘီစီ ခေတ်ကပင် ရောက်ရှိလာသည်ဟု ဆိုစေကာမူ ပိဋကတ်သုံးပုံကို အက္ခရာတင်၍ ရေးမှတ်ထားခြင်း ရှိသေးဟန်မတူပေ။

သက်ဆိုင်ရာတို့မှ မှတ်တမ်းများအရ တရုတ်ခရီးသည် ဖာဘီယန် (Fa-Hien) ဆိုသူသည် ခရစ်သက္ကရာဇ် အေဒီ ၅ရာစုအစပိုင်း၌ ဂင်္ဂါမြစ်ဝှမ်းဒေသဖြစ်သော ဂါယာ, ဗာရာဏသီနှင့် အခြားဒေသများသို့ ဘုရားဖူး လှည့်လည်ပြီးနောက် ပါဋလိပုတ္တချမြို့သို့ ပြန်ရောက်လာပြီး ထိုမြို့၌ပင် သုံးနှစ်တိုင်နေထိုင်၍ သက္ကဋဘာသာကို သင်ကြားနေစဉ် ပိဋကတ်တော်နှင့် အခြားစာပေများကိုလည်း ရေးကူးရာတွင် အခက်အခဲများစွာ၌ တွေ့ခဲ့ရသည်။

ထိုသို့တွေ့ရခြင်းမှာ ပိဋကတ်ကျမ်းဂန်များကို ကျမ်းကျင်လိမ္မာကြသော သံဃာတော်မြတ်တို့သည် စာပေတို့ဖြင့် စနစ်တကျ ရေးမှတ်

---

* A Pakistane Buddhist-Buddhism in Pakistan: Pakistan Publications, Karachi, Nov. 1960. p. 40.

Havell, E.B. – The History of Arakan Rule in India. George and Harrap & Co., Ltd., London. p. 16.

ထားခြင်း မရှိကြပေ။ တခေတ်မှတခေတ်သို့ တလက်မှတလက်သို့ နှုတ်တက် အာဂုံဆောင်ခြင်းအားဖြင့် ပိဋကတ်တော်များကို မှတ်သားလာကြသည်ဟု ဖော်ပြထားသည်။

ဤသည်တို့ကိုထောက်ခြင်းအားဖြင့် ရခိုင်ပြည်၌လည်း ဝေသာလီကျောက်လှေကားခေတ်သို့မရောက်မီ ပိဋကတ်သုံးပုံကျမ်းအစုံကို အက္ခရာတင် ရေးမှတ်ထားခြင်းမရှိသေးဟု ယူဆဖို့ရှိလေသည်။

သို့သော် အေဒီ ၄ ရာစုပထမပိုင်းသို့ ရောက်သည့်အခါတွင် ရခိုင်နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မဂဓတိုင်းပြည်၌ကား သက္ကဋဘာသာ စာပေအရေးအသားများ ထွန်းကားလာပြီး လောကီ လောကုတ္တရာ စာပေများလည်း အဆက်မပြတ် ရခိုင်သို့ ဝင်ရောက်လာပြီဖြစ်လေသည်။

မဟာယာနဂိုဏ်းနှင့် ဟိနယာနဂိုဏ်း

ဤ၌ အေဒီ ၂ ရာစုအစပိုင်းတွင် ဗုဒ္ဓသာသနာတော် အခြေအနေကို ပြန်၍လေ့လာလျှင် အိန္ဒိယပြည် အနောက်မြောက်ပိုင်း ကဿမိယာနယ် ကန္ဒိသျှကာမင်းလက်ထက်တွင် ကြေးပုရပိုက်၌ရေးထိုးကာ သင်္ဂါယနာတင်ခဲ့ကြသည်။

ယင်းသို့တင်ခဲ့ခြင်းမှာ ဗုဒ္ဓဝါဒကို ဗြာဟ္မဏဝါဒနှင့် ရောယှက်ထားခြင်းကြောင့်ဖြစ်သည်ဟု အချို့သုတေသီများက ဆိုကြသည်။ ထိုဝါဒကိုလက်ခံသောဂိုဏ်းကို "မဟာယာနဂိုဏ်း" ဟုခေါ်သည်။

ထိုအချိန်တဝိုက်မှာပင် အိန္ဒိယတောင်ပိုင်း သိဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် ရဟန္တာအရှင်မြတ်တို့သည် ဗုဒ္ဓဝါဒကို ဘုရားဟောတရားတော်အတိုင်း အက္ခရာမရေးထိုး၍ သင်္ဂါယနာတင်ခဲ့ကြလေသည်။ ထိုဝါဒကိုလက်ခံသောဂိုဏ်းကို "ဟိနယာနဂိုဏ်း" ဟု ခေါ်တွင်ခဲ့သည်။

ဤဂိုဏ်းနှစ်ဂိုဏ်းသည် ဗုဒ္ဓဝါဒကို လက်ခံကျင့်သုံးသော နိုင်ငံအသီးသီးသို့ တစတစပျံ့နှံ့လာခဲ့ပြန်ရာ နယ်နိမိတ်ချင်း ကူးလူးဆက်ဆံမှုရှိနေသော မဂဓတိုင်းပြည်နှင့် သီရိလင်္ကာ သိဟိုဠ်ကျွန်းတို့မှ ရခိုင်ပြည်သို့ ဝင်ရောက်လာခဲ့သည်မှာ သေချာလှပေသည်။

(ဗြာဟ္မဏဝါဒ အခြေအနေကို မျှး၌ဖော်ပြခဲ့ပြီးဖြစ်လေသည်။)

## ကြေးပြား၅၀၀၀ဖြင့်သင်္ဂါယနာတင်ခဲ့

အေဒီ ၆၂၂--၆၅၇လက်ထက်သို့ ရောက်သောအခါ သီရိစန္ဒြ၊ (သီရိဓမ္မဝိဇယ) မင်းလက်ထက် သီဟိုဠ်ကျွန်းမှ သံဃာတော်တထောင်နှင့် ရခိုင်ပြည်မှ သံဃာတော်တထောင်တို့သည် စည်းဝေးတိုင်ပင်၍ ဝေသာလီကျောက်လှေကားမြို့တော် သရက်ချိုတောင်ကုန်းပေါ်၌သုံးနှစ်တိုင်တိုင်ပိဋကတ်သုံးပုံကျမ်းအစုံကို ကြေးဝါချပ်ရေ၂၀၀၀၊ အဋ္ဌကထာကျမ်းအစုံကိုကြေးနီချပ်ရေ ၃၀၀၀၊နှစ်ရပ်ပေါင်းကြေးဝါကြေးနီ ချပ်ရေ၅၀၀၀၌ပါဠိဘာသာဖြင့်ရေးထိုးပြီးသင်္ဂါယနာတင်တော်မူခဲ့ကြသည်မှာ မှတ်ဘွယ်များအရသိရသည်မှာ အလွန့်အလွန် ဝမ်းမြောက်ဖို့ကောင်းလှသည်။

(မေဓပညာ ကျော်မော်ကွန်းလင်္ကာ -မဟိံသက ရာဇဝင်နှင့် ဝေသာလီရာဇဝင်ပေမူမှ)

ကြေးချပ်များ၏အရွယ်အစား-အလျား၂၇လက်မ၊အနံ၁၅ လက်မ၊ထု–တမူးဖြစ်၍ စာကြောင်းရေအားဖြင့် တမျက်နှာ၌ ၂၇ကြောင်းပါရှိသည်။

ယင်းသို့ရေးထိုးပြီးစီးသောအခါ ထိုမူအတိုင်း ရေးကူးစေပွားစေလေသည်။ ယင်းသို့ပွားပြီးနောက်မူရင်း ကြေးပုရပိုက်များကို ဝေသာလီမြို့တော် တနေရာရှိ စေတီတဆူ၌ ဌာပနာတော်ပြုလုပ်ခဲ့သည်ဟု သိရပေသည်။

ဤသို့သင်္ဂါယနာတင်ပြီးနောက် ရခိုင်ပြည်အနှံ့လက်ခံသောမူသည် ဟိနာယန သီဟဠမူဖြစ်လာတော့သည်။

သို့သော်လည်း မဟာယာနမူကို လက်ခံသူများ လုံးလုံးပျောက်ကွယ်ခဲ့ကြသည်ဟူ၍ကား ယူဆနိုင်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ရခိုင်ပြည်သည် အစဉ်အလာအားဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော နိုင်ငံတနိုင်ငံဖြစ်သောကြောင့်ဖြစ်ပေသည်။

ယင်းသို့ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသောအားဖြင့် ရခိုင်ပြည်သို့ ဗုဒ္ဓဘာသာ မရောက်မီအချိန်ကပင် ရခိုင်ပြည်ရှိအမျိုးသားအမျိုးသမီးတို့သည် ဗြာဟ္မဏကိုသော်လည်းကောင်းနတ်ကိုသော်လည်းကောင်း ကိုးကွယ်ခဲ့ကြောင်း အထင်အရှားရှိခဲ့ကြသည်။

အာနန္ဒစန္ဒြမင်းလက်ထက်ဥ္ဇပင်လျှင်ရွှေမင်းဟိုထည်ထောင်ခဲ့သည့်နတ်ကွန်းဟောင်းများကို အသစ်ပြန်လည်ဆောက်ပေးခြင်းအားဖြင့် ဘုရင်တို့ကိုယ်တိုင် ထိုထိုနတ်–စုန်း–ကိုးကွယ်ခြင်းကို လျစ်လျူမရှုကြောင်းတွေ့ရသည်။

## အများအကျိုးမျှော်ကိုး၍

အာနန္ဒစန္ဒြကျောက်စာ ဂါထာအပုဒ်(၅၅)၌ ဗြာဟ္မဏဝါဒယူသူပုဏ္ဏား၅၀ နေထိုင်ဖို့အတွက် မြေယာအစေအပါး ကျေးကျွန်များနှင့်တကွ အက အခုန် တူရိယာ တီးမှုတ်သမားများပါဝင်သော ပညာသင်ဖို့ ကျောင်း လေးကျောင်းကို ဆောက်လုပ်ပေးခဲ့သည်။

အာနန္ဒစန္ဒြမင်းသည် ဗုဒ္ဓဘာသာဝင် ဥပါသကာတဦးဖြစ်သောလည်း အများပြည်သူတို့ အကျိုးကိုမျှော်ကိုး၍ လောကီပညာတို့ကို ထူးချွန်သော ဗြာဟ္မဏပုဏ္ဏား၅၀ကို နေရာထိုင်ခင်းပေး၍ ပညာသင်ကျောင်းများနှင့်တကွ ဆရာများပါ ခန့်ထားပေးခြင်းသည် နိုင်ငံ၏လုပ်ရိုးလုပ်စဉ်အတွက်သာဖြစ်သည်။

မေဓပညာမော်ကွန်းလက်ဘ၌ ပြထားသည့်အတိုင်း သီရိဓမ္မဝိဇယသီရိစန္ဒြမင်းလက်ထက်သီဟိုဠ် သံဃာတထောင် ရခိုင်သံဃာတထောင် စည်းဝေး၍ သင်္ဂါယနာတင်ခဲ့သောမှုသည် သီဟဠမှုသို့မဟုတ်ထေရဝါဒမှုဖြစ်ပေသည်။

ထို့ကြောင့် ရခိုင်ပြည် ဝေသာလီကျောက်လှေကားခေတ်သည် ဟိနယာနဗုဒ္ဓဘာသာကို လိုက်နာကျင့်သုံးသောနိုင်ငံတနိုင်ငံဖြစ်ကြောင်း ထင်ရှားလေသည်။

## လေးမြို့ခေတ်ရောက်သောအခါ

ဝေသာလီ ခေတ်ကုန်၍ လေးမြို့ခေတ်သို့ ရောက်သောအခါ ရခိုင်တွင်ဗုဒ္ဓဘာသာကိုးကွယ်ခြင်းကား ပြောင်းလဲမှုမရှိပေ။

အေဒီ၈၄၃-၈၇၃ပဥ္စာမြို့ တတိယမင်းဖြစ်သော မင်းရင်ဖြူနန်းစံလေးနှစ်မြောက်တွင် ရဟန္တာအရှင်မြတ်၈၀၀တို့သည် တညီတညွတ်တည်းစည်းဝေးကား ပဥ္စာမြို့၌ပင် ရှေးမူမပျက်စေပဲ ပိဋကတ်သုံးပုံကျမ်းအစုံကို ရွှေပုရပိုက်ပေါ်၌ရေထိုး၍ သင်္ဂါယနာတင်ခဲ့ကြသည်။

မင်းရင်ဖြူသည်လည်းသင်္ဂါယနာတင်လျှင်အပြီးမှာနှစ်ကျိပ်ရှစ်ဆူသောဗုဒ္ဓရုပ်ပွားတော်များကို သွန်းလုပ်ပူဇော်ခဲ့သည်ဟု ရခိုင်ရာဇဝင်ဟောင်း၌ ဖော်ပြထားသည်။ ယင်းရုပ်ပွားတော်များကို 'မဟာကျိန်' ဘုရားဟူ၍လည်းခေါ်ကြသည်။

ဗုဒ္ဓဘုရားတော်သည် ဗုဒ္ဓဂေါတမ ကိုယ်တိုင်ကြွရောက် ချီးမြှင့်သည်နေ့မှစ၍ ရခိုင်တွင် ဗုဒ္ဓသာသနာတိုးတက်ခဲ့သည်။

သီရိလင်္ကာ သီဟိုဠ်ကျွန်းနှင့် ရခိုင်တို့သည်ကား ကူးလူးဆက်ဆံမှုများစွာရှိခဲ့သည်။ လေးမြို့ခေတ်တခေတ်လုံးမှာပင်လျှင် သီဟိုဠ်ကျွန်းနှင့် ရခိုင်တို့အဆက်မပြတ်ဖြစ်ခဲ့သည်။

အေဒီ၁၂၅၀-၁၂၅၆တွင် လောင်းကြက်မြို့ကိုတည်ထောင်သော အလောမာဖြူမင်းကိုယ်တိုင် သီဟိုဠ်ကျွန်းသို့ မဟာမိတ်ပြုလုပ်ဖို့ သွားရောက်ခဲ့ကြောင်း ရေးထိုးထားသည့် ကျောက်စာတချပ်ကိုလည်း သက်ဆိုင်ရာတို့ကတွေ့ရှိခဲ့သည်။

ယခင်အချိန်တ ဗုဒ္ဓဂေါတမသည် ရခိုင်တွင် အလွန့်အလွန် ထွန်းကားခဲ့ပြီးဘုရင်ကခွင့်ပြုထားသော နိုင်ငံခြားသားဘာသာဝင်မှအပ ရခိုင်မြေပေါ်တွင် အားလုံးဗုဒ္ဓဘာသာဝင်များသာ နေထိုင်ခဲ့ကြသည်။

## ရခိုင်သံဃာများ သီဟိုဠ်သို့သာသနာပြုခဲ့ရ

တကြိမ်က သာသနာထွန်းပြောင်ခဲ့သော လင်္ကာဒီပသီဟိုဠ်တွင် ဗုဒ္ဓသာသနာရေး အလွန့်အလွန် ညှိုးနွမ်းပျက်စီးလျက်ရှိခဲ့သောကြောင့် သီဟိုဠ်ဘုရင်သည် ရခိုင်မှ ရဟန်းတော်များအား သာသနာပြုဖို့ ရခိုင်ဘုရင်ထံသို့အကြောင်းကြား၍ပင့်ဖိတ်ခဲ့သည်။

သက္ကရာဇ် ၁၀၅၈ ခုနှစ်အတွင်း မာရုမ္ပိယမင်း လက်ထက်တွင် သီဟိုဠ်ဘုရင်သည် ရခိုင်သို့သင်္ဘောနှစ်စင်းစေလွှတ်ပြီး သာသနာပြုဆရာတော်များ ပင့်ဆောင်ဖို့ သီဟိုဠ်ဘုရင်၏ကိုယ်စားလှယ်များ ရောက်လာလေသည်။

သီဟိုဠ်သို့ကြွခဲ့သည့် ရခိုင်သံဃာတော်များကိုမူ သီဟိုဠ်ဘုရင်နှင့်တကွ နိုင်ငံသူ နိုင်ငံသားများက ရဟန္တာများဟုသမုတ်လျက် ကြည်ညိုလေးစားခဲ့ကြပေသည်။

ထို့ကြောင့် သက္ကရာဇ် ၁၀၅၈ ခု၊ ပြာသိုလဆန်း ၆ ရက် တနင်္ဂနွေနေ့တွင် ထိုအချိန်က ရခိုင်တွင် ပရိယတ္တိ ပဋိပတ္တိတို့နှင့်ပြည့်စုံသော သတ္တဋ္ဌာနဆရာတော် ဦးဣန္ဒမဥ္ဇူနှင့် လောင်းကြက်ဆရာတော်ဂိုဏ်းတို့မှ သံဃာတော်အပါးလေးဆယ်ကိုရွေးချယ်ပြီး သီဟိုဠ်ကျွန်းသို့သာသနာပြုစေလွှတ်တော်မူခဲ့သည်။

ထိုဆရာတော်များသီဟိုဠ်သို့ရောက်ရှိပြီး သီဟိုဠ်ရဟန်းတော်များအား ဝိနည်းသိက္ခာနှင့် ကျင့်ဝတ်တို့ကို ကောင်းမွန်စွာ ကျင့်စေပြီး သာသနာတော်ကို သုတ်သင်ရှင်းလင်း၍ ရဟန်းပြုလိုသူတို့အား ရဟန်းအဖြစ်သို့ခံယူခြင်း၊ သာသနာနှင့် သက်ဆိုင်သမျှ ဝိနည်းတော်အရဆောင်ရွက်ခဲ့ကြသည်။

## သတ္တဋ္ဌာနစက်ခလုတ်ဖွင့်ဂါထာစွမ်း

ရခိုင်မှ ကြွရောက်သော ဆရာတော်များသည်ကား ဗုဒ္ဓ၏စွယ်တော်မြတ်ရှိရာ အနုရာဓမြို့သို့ကြွရောက်၍ စွယ်တော်ကိုဖူးဖို့ သက်ဆိုင်ရာတို့အား မေတ္တာရပ်ခံရာတွင် စွယ်တော်စောင့်တို့သည် ပိတ်ထားသောအခန်းကို ဖွင့်မပေးပဲ ငြင်းဆိုနေလေသည်။

ထို့ကြောင့် သတ္တဋ္ဌာနဆရာတော်သည် ပိတ်ထားသော ခလုက်မျောက်လက်ကို ပွင့်စေခြင်းငှာ....

"ရဇနတလအာကာသံနက္ခတ္တာရပရိက္ခိတ္တံ" အစရှိသော တဆယ့်လေးဂါထာတို့ဖြင့် ရွတ်ဆိုတော်မူလျက် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကိုချီးကျူးထောမနာပြုတော်မူလေလျှင် ပိတ်ထားသော ခလုတ်မျောက်လက်တို့သည် အလိုလိုပွင့်လာလေသည်။ ထိုသို့ပွင့်လာသည်ကို သီဟိုဠ်အစောင့်သားတို့က မြင်ကြရသည့်အခါ အလွန်အလွန် အံ့သြခြင်းဖြစ်ကြသည်။

ထိုရဇနတလအာကာသံအစရှိသော တဆယ့်လေးဂါထာတို့သည် 'သတ္တဋ္ဌာန ခလုတ်ဖွင့်ဂါထာ' ဟူ၍ သီဟိုဠ်ကျွန်းတွင် သတင်းကျော်ခဲ့လေသည်။

## သီဟိုဠ်ရှိ ဗုဒ္ဓစွယ်တော်

ဗုဒ္ဓ၏စွယ်တော် ခေတ်တော်များနှင့် ပတ်သက်၍ သီဟိုဠ်ကျမ်းတွင် ရှိသော စွယ်တော် ခေတ်တော်တို့မှာ အထက် လက်ဝဲစွယ်တော် ဖြစ်ကြောင်း * ဖြင့် အဆိုပြုပြီး သာသနာလင်္ကာရကျမ်းနှင့် စွယ်စုံကျော်ထင် ကျမ်းတို့တွင်မူ အထက် အောက်ဟူ၍ သီးခြားဖော်ပြခြင်း မရှိပေ။

သာသနာသက္ကရာဇ် ၈၃၀ တွင် ဇမ္ဗူဒိပ်ကျွန်း ကလိင်္ဂရစ်ပြည်မှ ကုမာရသိဝဇင်း၏သမီးတော် ဟေမမာလာ၊ သမက်တော်ဒန္တကုမာရတို့ သဘောဖြင့် သီဟိုဠ်သို့ကူးရာ စွယ်တော်ကိုပင့်ဆောင်လေ၍ သီဟိုဠ်မင်း ၆၂ဆက်မြောက် ကိတ္တိသိရိမေဃမင်း နန်းစံ၉နှစ်တွင် ရောက်ရှိကြောင်း ဖြင့် ဆိုထားလေသည်။

## စွယ်တော် လေးဆူ

ဤသည်တွင်....

၁။ အထက် လက်ယာစွယ်တော်ကို ဒေါနပုဏ္ဏားဦးသျှောင်ကြား၌ ထားသည်ကို သိကြားမင်းသိ၍ယူပြီးလျှင် တာဝတိံသာ စူဠာမုနိစေတီတော်၌ဌာပနာထားလေသည်။

၂။ အောက် လက်ယာ စွယ်တော်ကို ဒေါဏပုဏ္ဏားခြေဖျားကြား၌ ထားသည်ကို ဇယသေန နဂါးယူ၍ နဂါးပြည်ဝယ် ရတနာစေတီဌာပနာလေသည်။

၃။ အထက် လက်ဝဲ စွယ်တော်ကို ဒေါဏပုဏ္ဏားပုဆိုးကြား၌ ထားသည်ကို ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ယခု ပန်ဂျဗ်ပြည် အနောက်မြောက်ထောင့် ပက်သျှဝါမြို့နယ်သားမထေရ်တဦးမြင်၍တန်ခိုးဖြင့်ဆောင်ယူပြီးသော် ဂန္ဓာရတိုင်းတွင် စေတီတည်၍ ကိုးကွယ်လေသည်။

---

* ဆရာမေညာ်းရာဇဝင် ၂၂၉ နှင့် မှန်နန်းရာဇဝင် ၅၆။

၄။ အောက်လက်ဝဲစွယ်တော်ကို အရှင်သာရိပုတ္တရာတပည့်အရှင်ခေမထေရ်သည် ရဲရဲမီးလျှံတောက်သောထင်းပုံမှ ယူဆောင်၍ ကလိင်္ဂတိုင်း ဒန္တပူရပြည် ဗြဟ္မဒတ်မင်းကြီးအား သင်မင်းကြီးမှစ၍ ကုမာသီဝမင်းတိုင်အောင် ကို ကွယ်ကြဖို့ပေးအပ်လေသည်။

မင်းအဆက်ဆက် ကိုးကွယ်လျက် သာသနာ္တရာဇ် ၈၃၀ပြည့်မြောက်သောအခါ ကုမာသီဝမင်းလက်ထက် ဟေမမာလာမင်းသမီးနှင့် သခက်တော်ဒန္တကုမာရတို့ပုဏ္ဏားယောင်ဆောင်၍ စွယ်တော်ကိုယူပြီးလျှင် ကုန်သည်တို့နှင့် သင်္ဘောစီး၍ သီဟိုဠ်ကျွန်းသို့ ရောက်ကြလေသည်။

သီဟိုဠ်သို့ရောက်သည့်အခါ သံဃမထေရ်ကို လျှောက်ထား၍ သံဃာ့ထေရ်သည် ကိတ္တိသိရိမေဃမင်းကြီးအားသိစေပြီး မင်းကြီးကိုယ်တိုင် ဖူးမြော် ပူဇော်ခြင်းအားဖြင့် သီဟိုဠ်ကျွန်းတွင်ထားရှိကြောင်းဖြင့် အဆိုရှိလေသည်။

ယခုအခါ အနုရာဓမြို့မှ ၉၅မိုင်အကွာ အရှေ့တောင်ထောင့်အချပ် သေခန္ဓမြို့အုတ်တံတိုင်းအတွင်း ကျောက်တိုင်ဖြင့် ဆောက်လုပ်ထားသော နှစ်ဆင့်ကျောင်းပလ္လင်ခုံဝယ် ရွှေကြုတ် ခုနစ်ထပ်အတွင်း သိဘင်းသုံးလျက်ရှိလေသည်။

## သီရိပါဒပူဇနိယကထာ

ရခိုင်ပြည်မှကြွရောက်တော်မူသော သတ္တဌာနဆရာတော် ဦးဇူန္ဒမဥ္ဇူနှင့် လောင်းကြက်ဆရာတော်စသော သံဃာတော်လေးကျိပ်တို့သည် ထက်ဝန်းကျင် အသွတ်ရှိသော သုမနကုဋ အမည်ရှိသော သီရိပါဒတောင်သို့ ကြွတော်မူပြီး ဗုဒ္ဓ၏ခြေတော်ရာကို ဖူးမြော် ကန်တော့၍ ထိုတောင်၏ထက်ဝန်းကျင်ကိုကြည့်ရှုတော်မူလျက်လက်ာနှစ်ပိုဒ်ကိုရွတ်ဆိုပူဇော်တော်မူလေသည်။

(၁) မကြွားဖူးအောင်၊ လူ့အောင်လွန်ပြီး၊ အံ့ဝံ့းချီးသား၊ လျံညီးရောင်ဝစ်း၊ သုံးလူ့မင်းလျှင်၊ ကြွနင်းအမှတ်၊ ထိုတောင်ထွတ်၌၊ အတတ်ဝိဇ္ဇာ၊ အောင်ရာဇော်ဂျီ၊ တပသီတို့၊ အပိုက်ကဲ၊ ပရနေမြဲသား၊ ရဲရဲရောင်ဝါ၊ သူရိယာစန္ဒ၊ နေလကွက်ဝင်၊ ကြည့်မမြင်တည့်၊ သင်ပင်သစ်ရွက်၊ ရွှန်းရွှန်းတက်မျှ၊ ခက်လက်လက်ကောင်း၊

အယောင်းမရှိ၊ ဒိဋ္ဌိမိစ္ဆာ၊ လူတကာတို့၊ ထက်မှာမရောက်၊ သံကောက်သံသွင်၊ ထက်ဝန်းကျင်လည်း၊ မစင်အပုပ်၊ စက်ဆုတ်အကောင်၊ လေမရောင်တည်း၊ အခေါင်မိုဃ်းထိ၊ သိရီပါဒင်၊ လှံ့ဝှမ်းထင်သည်။ ။မဂ္ဂင်ရှစ်တန်။ ။နိဗ္ဗာန်အလယ်ချက်မ သော၀်။ ။

(၂) အထူးထူး၊ ကြားသော်မူးမျှ၊ ကျေးဇူးငါးပါး၊ ထိုတောင်ဖျားဝယ်၊ လေကားပြင်းထွေ၊ မသေဆီမီး၊ မိုဃ်းကြီးထန်ပြင်း၊ ရနံ့ရှင်းသား၊ သလင်းအသွင်၊ တလင်းပြင်လည်း၊ ကျယ်တွင်မဟုတ်၊ ငါးတောင်မုဋ္ဌတာ၊ မြေမျက်နှာထက်၊ အရာသောင်းထောင်၊ မြားမြောင်ကုဋေ၊ သန်းတက်လေလည်း၊ မျှာထွေရောင်ယှက်၊ မြကျောက်စွက်ကား၊ ဖက်သော်နိုင်လောက်၊ အစောက်မနက်၊ လက်ရှစ်သစ်ရှည်၊ တည်သည်ရေလည်း၊ သောက်သည်မခန်း၊ အံ့ဘနန်းတည့်၊ စောင်းတန်းမီးတား၊ သံတံခါးအောက်၊ နတ်သို့မှောက်သား၊ ရောင်တောက်မညှိုး၊ မိုဃ်းလည်းမထောင်၊ ချမ်းရိပ်ကောင်းတွင်၊ ကျိန်းလှည့်ဝင်သည်။ ။ဥမင်လိုဏ်နန်းမဝယ် သော၀်။ ။

ဤရခိုင်ဆရာတော်များသည် ထိုလင်္ကာနှစ်ပိုဒ်ဖြင့် သိရီပါဒတောင်ကို ချီးမွမ်းပြီးမှ သိရီပါဒတောင်မှ ဆင်းကြွတော်မူခဲ့၍ သီဟိုဠ်ကျွန်းတွင် ပျက်စီးယိုယွင်းလျက်ရှိသော သာသနာတော်ကို သုတ်သင်ပြုစုချီးမြှင့်တော်မူပြီးလျှင် သီဟိုဠ်မှ သင်္ဘောဖြင့် ရခိုင်ပြည်သို့ ပြန်လည်ကြွရောက်တော်မူလာခဲ့ကြသည်။

ဤသို့အားဖြင့် ရခိုင်ပြည်သည် စန္ဒသူရိယမင်းနှင့်တကွ စန္ဒကောလိယ၊ ဒသရာဇာ စသည် မင်းတို့လက်ထက်တိုင်အောင် ပြည့်တွင်း စည်ပင်တိုးတက်ခဲ့သည့်အပြင် နိုင်ငံတကာတို့ ရှိသေလေးစားခြင်း၊ ခယကျိုးနွံခြင်းကို ခံခဲ့ကြရသည်။

**နှစ်ဦးနှစ်ဝ အေးချမ်း**

ဓမ္မရာဇ်ရာဇာမင်းလက်ထက် ထိုမင်း၏သားတော် လက်ဝဲမြန်ကုလားဖြူဆိုသူသည် သမ္မတရာဇာမင်းတရားကို မခစားလိုသောကြောင့်

မြို့တော်မှထွက်၍ ပိန္နဲချောင်းအရပ်တွင် သောင်းကျန်းလျှက်ရှိသော ပေါင်း၍ ရပ်ရွာတို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့လေသည်။

ထိုသို့ပင် အချို့သောမင်းတို့လက်ထက်၌ မင်းညီမင်းသားမှအစ မှူးကြီးမတ်ရာတို့ အကျင့်ပျက်ခြင်းကြောင့် နိုင်ငံသူ နိုင်ငံသားတို့မှာ များစွာ နစ်နာခြင်းခံရခဲ့သည်။

သို့သော် အချို့အချို့မင်းများသည်ကား နိုင်ငံသူ နိုင်ငံသားတို့ အကျိုးကို မိမိသားသမီးများအကျိုးကဲ့သို့ သက်သက်ညှာညှာစဉ်းစား၍ အုပ်ချုပ်ခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားတို့၏ မေတ္တာတရားသည်လည်း ထိုထိုမင်းများအပေါ် သက်ရောက်ပြီး နှစ်ဦးနှစ်ဝ အေးချမ်းခဲ့ကြသည်။

## သံဃိကကျောင်းကျွန်

သက္ကရာဇ် ၁၀၀၀ ပြည့်တွင် စန္ဒဝိဇယရာဇာမင်းသည် နိုင်ငံတော် အား တိုးတက်အောင်လုပ်ခဲ့ရာတွင် ပြည်တွင်း၌ ကျောင်းကန် သိမ်တို့ ဆောက်လုပ်ရာ၌ သိမ်ပေါင်း ၇ဂျစ်ရာ၊ ကျောင်းပေါင်း ၇ဂျစ်ရာ၊ ကန်ပေါင်း ရှစ်ရာ စသည် ဆောက်လုပ်၍ ထိုကျောင်းကန်အနီးအပါးတို့တွင် စာပေ ပရိယတ္တိရေးသားဖို့အတွက် ပေပင်ပေါင်း ရှစ်ရာကိုလည်း စနစ်တကျ စိုက်ပျိုးသည်။

ရဟန်း, သံဃာ, မထေရ်တို့ကို များစွာဂရုစိုက်လျက် ပစ္စည်း ဝတ္ထု မလစ်ဟင်းရအောင် ဘုရင့်နန်းတော်မှ လှူဒါန်းပြီး နိုင်ငံသူ နိုင်ငံ သားတို့ကိုလည်း ရဟန်း သံဃာတော်တို့အား ကြည်ညိုလေးစားဖို့ အစဉ် သဖြင့် နှိုးဆော်ပေးသည်။

စာပေပို့ချဖို့ ပရိယတ္တိကျောင်းများနှင့် ဝိပဿနာတရားအားထုတ် ဖို့ ဝိပဿနာရဟန်းကျောင်းများ၊ လူပုဂ္ဂိုလ်များ တရားအားထုတ်နိုင်ဖို့ အဆောက်အအုံယော်များကို ရိပ်သာနှင့်တူအောင် ဆောက်လုပ်ပေးထား သည်။

ထို့အပြင် ဤဘုရင်သည် ရဟန်းတော်များကျောင်း၌ ဝိုင်းဖို့စေဖို့ လူပေါင်းငါးယောက် သို့မဟုတ် လေးယောက်စီ တာဝန်ပေးထားသည်။ ထိုတာဝန်ပေးထားခံရသူများကို 'သံဃိကကျောင်းကျွန်' ဟုခေါ်ကြ သည်။

ထိုကျောင်းကျွန်းများသည်ကား နိမ့်ကျသောလူမျိုးများမဟုတ်။ သာမန်ရခိုင်အမျိုးသားတို့မှ မင်းပြစ်မင်းဒဏ်ကြောင့် မင်းကလှူထားသော လူများသာဖြစ်သည်။

မဟာမြတ်မုနိဘုရား

မဟာသမ္မတရာဇာနှင့် ဘိုးတော်မင်းတရား

ရခိုင်ဘုရင်တို့အနက် မဟာသမ္မတရာဇာမင်း လက်ထက်တွင် အချင်းချင်း မင်းဆွေမင်းမျိုးတို့ မညီမညွတ်ဖြစ်လျက် နိုင်ငံသည် နေရာတကာ ထကြွသောင်းကျန်းလျက်ရှိခဲ့သည်။

ထိုသောင်းကျန်းခြင်းကို အမရပူရမြို့မှ "သိရီပဝရဝိဇယာ နန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာ"ဘွဲ့ခံ ဘိုးတော်မင်း သိလျှင် ရခိုင်သို့ စုံစမ်းဖို့ သူလျှိုအမျိုးမျိုးစေလွှတ်ခဲ့သည်။

ထိုသူလျှိုများသည် သမ္မတမင်းထံသို့လည်းသွားရောက်၍ ဘိုးတော်၏ အကြောင်းကို အမျိုးမျိုးတင်ဆက်ကြသည်။ ထို့နောက် သူလျှိုများသည် မဟာမြတ်မုနိဘုရားသို့လည်း သွားရောက်ကြသည်။

သက္ကရာဇ် ၁၁၄၆ ခုနယုန်လပြည့်ကျော် ၇ ရက် သောကြာနေ့ကစ၍ နောက်ခုနစ်ရက်မြောက် ကြာသပတေးနေ့တိုင်အောင် ဇာစ္ဆပနဒီမြစ်ညာက ရေလှိုင်းကြီးလာ၍ ပြည်သူပြည်သားများစွာတို့သည် ရေဘေးဒဏ်ကို အမျိုးမျိုးခံကြရသည်။ ရေဘေးဒဏ်သင့်သူတို့သည် မဟာမုနိသိမ်တော်နှင့် ပတ်ဝန်းကျင်တို့၌ ခိုလှုံကြရသည်။

ထိုအကြောင်းကို မဟာမုနိသိမ်တော်အနီးတွင် သီတင်းသုံးနေတော်မူသော သက်တော်ရှစ်ဆယ်၊ ဝါတော်ခြောက်ဆယ်ရှိ မထေရ်ကြီးအား မေးမြန်းလျှောက်ထားရာတွင် ထိုမထေရ်ကြီးက ပစ္စန္တရစ်ကလာ၍ မင်းပြုကြသည်ဖြစ်သောကြောင့် ရခိုင်ပြည်သည် ပျက်စီးခြင်းသို့ရောက်ရမည်ဆိုပြီး မျက်နှာလွှဲ၍ ပြန်လည်ကြွသွားသည်။

ထိုအချိန်၌ ရခိုင်ပြည်ကို အုပ်ချုပ်နေသောမင်းမှာ မဟာသမ္မတရာဇာမင်းတရားဖြစ်၍ ၎င်း၏ညီတော် အိမ်ရှေ့မင်းချစ်လှရွှေ၊ ယောက်ဖတော် ဒါးပိုင်ကြီးကျော်ပုံ၊ လက်ဝဲမြန်တုံဖောင်းတို့သည် နိုင်ငံတော်အတွင်း အစစအရာရာ မင်းမှုဗိုလ်ကျလျက်ရှိကြသည်။

ဘိုးတော်မင်းသည် ရခိုင်ပြည်၏ သတင်းများကို အစုံအလင်ရရှိသည့်အခါ ရခိုင်ဘုရင့်နန်းတော်သည် အလွန်အင်အားလျော့မှုန်း သိရှိသည်နှင့် သားတော် အိမ်ရှေ့မင်းမောင်ပေါ်၊ စကုမြို့စား၊ ကနေမြို့စား၊ သုံးယောက်တို့ကို ခေါ်ယူ၍ ဓညဝတီရခိုင်ပြည်ကို စည်းစည်းလုံးလုံး ဖြစ်စေရန် သွားရောက်စည်းရုံးခိုင်းသည်။

## မဟာမုနိဘုရား ရောင်ခြည်တော်ကွန့်မြူး

သက္ကရာဇ် ၁၁၄၆ ခု ပြာသိုလပြည့်ကျော် ခုနစ်ရက်၊ စနေနေ့တွင် ဘိုးတော်မင်း၏သားတော် အိမ်ရှေ့မင်းမောင်ပေါ်သည် ရခိုင်ပြည် မြောက်ဦးမြို့နန်းတော်ကို ရောက်ရှိသည်။

ဤမြောက်ဦးမြို့သည်ကား သက္ကရာဇ် ၇၉၂ ခုနှစ်တွင် မင်းစောမွန် နံတော် ကြာသပတေးတည်တော်မူသောအခါတွင် ဟောင်ညိုတောင်နှင့် ကုပ်ကားတောင်ကို ညှိ၍တူးဖို့ရာ မျောက်နှင့် ဥဒေါင်းမ စပ်ယှက်ကြလျက် ဒေါင်းမဥကို မျောက်စောင့်နေကြောင်း တွေ့မြင်သည်ကို အကြောင်းပြု၍ ဤမြို့ကို "မျောက်ဥမြို့"ခေါ်ကြောင်း စာပေများအရ 'မျောက်'မှာ ယာယီ၊ 'ဒေါင်း'မှာမူလ ကြာသပတေးသား အနေပြုလေသည်။ စနေသားမင်းပါ လက်ထက်ရောက်မှ မြို့တန်ခိုးပေါ်လာသည့် အကြောင်းကို အမတ်မြို့သစ်စားကလည်း လျှောက်ထားခဲ့သည်။

## မဟာမုနိရုပ်ပွားတော် ပင့်ရန်ကြိုးစား

အိမ်ရှေ့မင်းမောင်ပေါ်သည် မဟာမုနိဘုရားကို ကိုးကွယ်လို၍ မဟာမုနိဘုရားရုပ်ပွားတော်ကို ပင့်ဖို့အတွက် ဗိုလ်မင်းသီရိကျော်ထင်ကို တာဝန်ပေးလေသည်။

စေတော်မူသည့်အတိုင်း သီရိကျော်ထင်နှင့် နောက်ပါကိုယ်သည် မဟာမုနိဘုရားသို့ ရောက်ရှိလျှင် အထူးထူးသော ပူဇော်ဝတ္ထုများဖြင့် ရှိခိုးပူဇော်လှူဒါန်းကြလေသ

နေဝင်၍ မိုးချုပ်လာလျှင် ဗိုလ်မင်း သီရိကျော်ထင်သည် ရပ်လေးမျက်နှာတို့မှ လက်နက်ကိုင်တပ်သားတို့ဖြင့် ကြပ်မတ်စွာ အစောင့်ချထားလေသည်။

ထိုနေ့ညဥ့်အခါတွင် မဟာမုနိဘုရားမှ ရောင်ခြည်တော် ခြောက်ပါးလွှတ်၍ အထက်သို့ အလုံးလုံး အရောင်အဝါများသည် နေမင်း၏ အရောင်ကဲ့သို့ ပြောင်ပြောင်ထိန်လင်း တောက်ပလျက်ရှိသည်။

## မန္တလေးမဟာမြတ်မုနိသည် ရခိုင်မဟာမြတ်မုနိလော

''မဟာမြတ်မုနိ မြတ်စွာဘုရား ရုပ်ရှင်တော်နှင့် ပတ်သက်၍ ဘိုးတော်ဘုရင်၏ တပ်သားများက အမရပူရမြို့တော်သို့ ပင့်ဆောင်ကြသည်၊ မရကြ''ဟူသော ပြဿနာမှာ ရာဇဝင်သမိုင်း သုတေသီများက တမျိုးစီရေးသားကြသည်။

အချို့ရာဇဝင်များကမူ ''ယခုမန္တလေးမြို့တွင် ရှိနေသော မဟာမြတ်မုနိ မြတ်စွာဘုရားပုံတော်သည်ပင်လျှင် ရခိုင်ပြည်ရှိ မဟာမြတ်မုနိ ရုပ်ရှင်ပုံတော် အမှန်ဖြစ်သည်''ဟု ယူဆသင့်ကြောင်း ဖော်ပြထားခြင်းလည်း ရှိသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မှ ဆရာတော်အရှင် ဦးစက္ကိန္ဒက ၁၉၇၀ပြည့်နှစ် ဒီဇင်ဘာလထုတ် တက္ကသိုလ်ရခိုင်တန်ဆောင် မဂ္ဂဇင်းတွင် ပေစာမူရေးကူး၍ အများပြည်သူတို့ ဖတ်ရှုကြဖို့ အောက်ပါအတိုင်း ဖော်ပြလိုက်သည်။

## သမိုင်းနောက်ခံများ

ရခိုင်ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းလက်ထက် ပင့်ဖိတ်ချက်အရ ဗုဒ္ဓကိုယ်တိုင် ကြွရောက်ရာ ကိုယ်စားတော် မဟာမုနိ ရုပ်ရှင်တော်ကို သွန်းလုပ်ခဲ့သဖြင့် ရခိုင်မင်းအဆက်ဆက် ကိုးကွယ် ပူဇော်ခဲ့ကြောင်း သမိုင်းအဆိုရှိသည်။

သမ္ဘဒါနမဏိရတနာကျမ်း၌ ရုပ်ရှင်တော် မဟာမုနိကို လှူဒါန်း ပူဇော်အပ်သော ဒါနဝတ္ထုများနှင့် လှူဒါန်းပူဇော်ရခြင်း၏ အကျိုးကို အကျယ်အားဖြင့် ပါဠိဂါထာအနက်တို့ဖြင့် ပြဆိုထားသည်။

ထို့ပြင် သာဝတ္ထိပြည် ဇေတဝန်ခကျောင်း၌ ဗုဒ္ဓ သက်တော် ထင်ရှားရှိစဉ် သွန်းထုခဲ့သော သရက္ခန်စစ်စန္ဒကူးနှစ် ရုပ်ပွားတော် စန္ဒ သာရရုပ်တုနှင့်အတူ ပူဇော်ကိုးကွယ်ရကြောင်းကိုလည်း စန္ဒသူရိယမင်း အား ဗုဒ္ဓကိုယ်တိုင် ဟောကြားခဲ့သည်ဆိုသော "သတ္တုဗိမ္ဗပူဇနိယာနိ သံသကထာသုတ္တန်" တရားတော်၌ ဟောကြားချက် တွေ့ရှိရလေသည်။ ဂါထာပါဠိကား သုံးဆယ့်ကိုးပိုဒ်ပါရှိသည်။

အခြားသောသမိုင်း ရာဇဝင် လက်ာစသည်တို့၌လည်း များစွာ လာရှိပေသည်။ သွန်းစက်တော်အား မဟာမုနိသမိုင်းလင်္ကာ၊ ဘုရား ရှိခိုး စသည်များလည်းရှိခဲ့ရာ မဟာမုနိရှင်ပင်နှင့်ဆိုင်ရာ သမိုင်းနောက်ခံ တို့ ဖြစ်ကြပေသည်။

## မဟာမုနိအများရှိ

မဟာမုနိရှင်ပင်ကို ရခိုင်မင်းနှင့် ပြည်သူတို့သည် ဂုဏ်ယူခဲ့ကြ သည်။ အလားတူ မဟာမုနိရုပ်ရှင်တော်ပွားများဆိုလျှင်လည်း အနောက် ပြည် မဟာမုနိ၊ ရှမ်းပြည်တောင်တန်းနယ်တို့၌ ပလောင်ရှင် မဟာမုနိ စသည့် မဟာမုနိအတုပွားများကို တွေ့ရသည်။

## အမင်းမင်းတို့ပင့်ခဲ့သော်လည်း

ထိုသို့မဟာမုနိ၏ ဂုဏ်သတင်း လွှမ်းခြုံမှုကြောင့် လက်ယာမင်း နန်ကို ပုဂံပြည့်ရှင် အလောင်းစည်သူငယ်မင်းသည် နန်းတင်လွှတ်ခြင်းပြု စဉ်က လိုက်ပါခဲ့ကြသောပျူတို့ ပုဂံသို့ပင့်ဖို့ ကြိုးစားခဲ့သည်။

မရနိုင်သဖြင့် ဖိုကျင်ထိုးကြဲမည်ကြံရာ မှောင်အတိမိုက်၍ ကွယ် ပျောက်ခဲ့လေပြီး ဟစ်ချောင်းဖျားတွင် ရောက်သွားခဲ့ရကြောင်း၊ ယိုဟုန်

မိုးကောင်းနတ်ကြီးအဖြင့် တောင်တန်းသားချင်းမြို့များ ပူဇော်ခံလျက် ရှိလေကြောင်း အစဉ်စကားတရပ်ဖြစ် ရှိနေပေသည်။

အလောင်းစည်သူငယ်မတိုင်မီ ရခိုင်ပဲဖြူမင်းလက်ထက်ကလည်း ရှမ်းသိုဟန်ဘွားတို့ တိုက်လာစဉ် မဟာမုနိသိမ်မှ ပစ္စည်းများကို ယူဆောင်ခဲ့ကြသည်ဟု ဆိုကြသည်။

ပုဂံပြည့်ရှင်အနော်ရထာမင်းသည်လည်း မဟာမုနိကို ပင့်လာရာ အိပ်မက်ပေးသဖြင့် ပင့်မရ၍ သိမ်တန်ဆောင်း ဆောက်လုပ်လှူခဲ့သည်ဟု ဆိုလေသည်။ မဟာမုနိအစား သင်းချပ်တော်ပွားတဆူသာပင့်ဆောင် ယူသွားခဲ့သည်။

ပုဏ္ဏကမင်းလက်ထက် မဟာမုနိသိမ်ကို ဆောက်စေသည် ဆိုသည်၊ မဟာမုနိယတြာသိမ်ဆောက်ပုံနှင့်ဆိုင်ရာ သီးခြားပေမူ မှတ်တမ်းရှိသေးသည်။

## ကွယ်ပျောက်နေခြင်း

ယင်းသို့ အနော်ရထာမင်း၊ အလောင်းစည်သူမင်းတို့တိုင်အောင် သိုလားပင့်ဖိတ်ခံခဲ့ရသော မဟာမုနိရှင်ပင်မှာ လက်ယာမင်းနန်ကိုနန်းတင် လာသူများ လက်ချက်ကြောင့် ပျောက်ရှေ့သွားခဲ့ရသည်။ အချို့က မြေတွင်နစ်၍မြုပ်ရှိခဲ့လေရာ ရခိုင်ဒေသရာဇာမင်းလက်ထက်အရောက်တွင် ပြန်လည်ရှာဖွေပင့်တင်ကိုးကွယ်နိုင်ခဲ့သည်ဟု ဆိုသည်။

ရခိုင်ရာဇဝင်ဟှင်လည်း ဒသရာဇာမင်း ပင့်ဆောင်ဖို့ အမတ်ကြီး လက်ယာကို စေလွှတ်ခဲ့ရာ မရခဲ့၍ ပြနိုင်သူများကိုရှာ၍ရမှ မြေဖုံး၍ ရှိနေသော ရုပ်ရှင်တော်ကို ပင့်လျက် ကတညုတတောင်၌တည်ထား ကိုးကွယ်လေသည်ဟု ပြဆိုထားပေသည်။

## မဟာမုနိရှာပုံတော်

ဖော်ပြပါ မဟာမုနိ ကွယ်ပျောက်နေခြင်းကို ဒသရာဇာမင်း လက်ထက် ပြန်ပင့်၍ရ-မရဆိုသည့် အချက်နှင့်ပတ်သက်၍ မဟာမုနိ

လမ်းညွှန် မဟာမုနိရှာပုံတော်တို့နှင့် တွဲစပ်လေ့လာနိုင်ကြစေဖို့ တင်ပြလို ပေသည်။

၆-၁၂-၇၅ ခုနေ့က ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့မှ ရေးကူးရရှိထားသော ပေစာမူတွင် သာဇေမြို့ရွှေနန်းရှင် ဒသရာဇာမင်း မေးသောကြောင့် သိုက်တတ်လေက်ရုံးလျှောက်ထားချက်တို့ဖြစ်သည်။

မဟာမုနိမြတ်ဘုရားရှိရာကို လမ်းညွှန်ပြထားခြင်းမျှသာဖြစ်၍ မင်းဒသရာဇာသည် ပင့်ဖိတ်ရရှိ-မရရှိသည်ကိုကား မပါရှိပေ။ ထူးခြားသည်မှာကား မြေပုံကြမ်းဖြင့် ဖော်ပြထားရှိသည်ကိုပါ တွေ့ရရာ ပေစာရေးကူးသူများ ရေးဆွဲထားခြင်းဖြစ်မည်လားဟု ယူဆရသည်။ သို့သော်လည်း ယခုခေတ်မြေပုံမျိုးကဲ့သို့မဟုတ်သည်မှာ မှန်သော်လည်းရှေးခေတ်ခရီးလမ်းညွှန်မြေပုံစနစ်ဖြစ်ကြောင်း သမိုင်းသက်သေဟုဟု မှတ်ယူဖို့ ဖြစ်ပေသည်။

## အဆိုအမျိုးမျိုးရှိနေ

ဒသရာဇာမင်းလက်ထက် မဟာမုနိကို ပင့်ဖိတ်ရရှိကြောင်းကိုကား သမိုင်းအဆိုရှိပေသည်။

ကောဇာ ၁၂၆၉ ခုနှစ်အရှေ့ပြင် သာယာဝတီနယ် ကြို့ပင်ကောက်မှ ဘုန်းကြီးလည်း ခရီးစဉ်အရ ကြွရောက်၍ မဟာမုနိကို ဖူးခဲ့သည့်သမ်းစဉ် ရွှေပေလွှာတခုရှိပေရာ ၎င်းဘုန်းကြီးသည် အထက်ခရီးညွှန်လမ်းစဉ်ကို အားကိုးမရပဲ မည်သို့မျှ မသွားရောက် မဖူးမြင်နိုင်ပေရာ ယင်းကြောင့် အမရပူရ ဘိုးတော်မင်း၏သား အိမ်ရှေ့ဥပရာဇာသည် မဟာမုနိကို ပင့်ဆောင်သည်။ ယခုမန္တလေးရှိ မဟာမုနိကို ကိုးကွယ်ရှိသေသည်ဆိုချက်နှင့်လည်း ရှေ့နောက် စပ်ဟပ်သင့်သည်။

မန္တလေးမဟာမြတ်မုနိသည်လည်း ရုပ်ရှင်တော်မဟာမုနိအစစ်မဟုတ်သေးဆိုက ရခိုင်တွင် ရုပ်ရှင်တော်စစ်မဟာမုနိကား မြေကြယ်ပင်ရှိနေသေးရမည်။ အများကလည်း ထိုသို့ရှိသေးသည်ဟု ယူဆပြောဆိုနေကြသည်။

**ရွှေစေတီဆရာတော် နှစ်ကြိမ်ဖူးမြော်ပြီး**

သမထအားကောင်းသော ပုဂ္ဂိုလ်များကိုလည်း မဟာမုနိရုပ်ရှင်တော်စစ်ကို ဖူးမြင်ခွင့်ပေးသည်ဟု ဆိုကြသည်။

ဖူးမြင်ခွင့် ကြုံကြိုက်ခဲ့ရသော ပုဂ္ဂိုလ်တပါးဖြစ်သည့် စစ်တွေမြို့၊ ရွှေစေတီဆရာတော် ဦးတေဇရာမကလည်း မဟာမုနိကို နှစ်ကြိမ်ထိ ရှာဖွေ ဖူးမြော်ပြီးဖြစ်လေသည်။

သရေကုန်းမြို့ အနောက်ဘက်၌ သမင်ချောင်းဟူ၍ရှိသည်။ သမင်ချောင်း၀ တောင်ဘက်၌ ပန်းထိမ်းတော်ကုန်းဟူ၍ ရှိသည်။ ပန်းထိမ်တော်ကုန်း အရှေ့ခပ်စောင်းစောင်းတွင် စေတီတခုရှိသည်။ စေတီအရှေ့ဘက်၌ ရေကန်ရှိသည်။ ရေကန်မြောက်ဘက်၌ သိမ်တော်ရာနှင့် ကျောက်စာတိုင်ရှိသည်။ ပန်းထိမ်တော်ကုန်းနှင့် သာစည်မြို့တာပေါင်း ငါးတိုင်ကွာသည်။

သရေကုန်းမြို့ မြောက်ဘက်၌ သမင်ဇာတောညော၀တီဆရာတော်၏ ကျောင်းရာရှိသည်။ ၎င်းမြို့တွင် ကံရာဇာငယ် နန်းစံဖူးလေသည်။ ကျောင်းရာနှင့် သရေကုန်းမြို့တာပေါင်း နှစ်တိုင်ကွာသည်၊ ၀က်သတိုးတောင်မြောက်ဘက်က သီရိပဗ္ဗတတောင်ရှိသည်။ တာပေါင်း သုံးတိုင်ကွာလေသည်။

သီရိပဗ္ဗတတောင်နှင့် သိဂုတ္တရတောင်သည် တောင်သုံးဆင့်ရှိသည်။ခြသေ့်ခေါင်းပါးစပ်နှင့်တူသောကြောင့် သီဟရာဇာတောင်ဟူ၍လည်း ခေါ်သည်။ ကြေးဟင်းရာအနားကား ကလပ်ပုံဆောင်မယွင်း တူသောကြောင့် ကျောက်နန်းတောင်းတောင်ဟူ၍လည်း ခေါ်သည်။

နာမည်ရင်းကား 'ညော၀တီတောင်'ဟူ၍ ဘုံရားသခင် ဗျာဒိတ်ရှိသည်။ ကန်သုံးဆင့်မြို့ကို 'ညော၀တီမြို့'ဟု ခေါ်သည်။ ၎င်းမြို့၌ စန္ဒသူရိယမင်း နန်းစံဖူးလေသည်။

စန္ဒသူရိယမင်း နန်းတော်မြောက်ဘက်၌ ရွှေဥဒေါင်းတောင်ဟူ၍ရှိသည်။ ရွှေဥဒေါင်းတောင်နှင့်နန်းတော်တောင်ရှိသည်။ တာပေါင်း နှစ်တိုင်ကွာသည်။

ရွှေဥဒေါင်းတွင် စန္ဒသူရိယမင်းသည် မဟာမုနိဘုရားကို သွန်းပြီးလျှင် ၀က်သတိုးတောင်၌ ပူဇော်ထားလေသည်။

ကန်သုံးဆင့်မြို့နှင့် လက်သုံးဆယ်မြို့နှစ်မြို့သည် တာပေါင်းငါးတိုင်ကွာလေသည်။ လက်သုံးဆယ်မြို့တွင် ကျေးမင်း နေဖူးသည်။ ကံရာဇာ

ကြီးလည်း သုံးလနေဖူးသည်။ ဥဿမင်းမြို့နှင့် လက်သုံးဆယ်မြို့တို့သည် တာပေါင်း ငါးတိုင်ကွာသည်။

ကဥ္စနဒေဝီ မိဖုရားကြီးလည်း နေဖူးသည်။ လက်သုံးဆယ်မြို့ မြောက်ဘက်က ဗားကရာဆရာတိုက်အောင်းတွင်းရှိသည်။

ကန်သုံးဆယ်မြို့ အရှေ့ဘက် နှစ်တိုင်ကွာတွင် ဗားမင်းဆရာတိုက် အောင်းတွင်း ရှိသည်။ ၎င်းအနားတွင် ရွှေဟင်းရာတခုရှိသည်။ ၎င်းဟင်းရာကိုတီးလျှင် မည်သည့်အခါမဆို မိုးရွာသည်။ ဟင်းရာအနားတွင် စာရေး၍ ထားရှိသည်။ ၎င်းဟင်းရာကို ဗားကရာဆရာနှင့် ဗားမင်းဆရာတို့ ထားခြင်းဖြစ်သည်။

ထိုဟင်းရာအနီးတွင် ယတြာရုပ်ရှိသည်။ ကန်သုံးဆင့်မြို့မြောက် ဘက်၌ မျက်လုံးတော်ခေတ်စေတီရှိသည်။ ထိုစေတီတည်သော တောင် အမည်မှာ နန်းတော်ဦးတောင်ဟု ခေါ်သည်။ စေတီပုံသဏ္ဌာန်ကား ချရားပွင့်နှင့် တူသည်။

နန်းတော်ဦးတောင်နားတွင် လူတရာ့တပါးအရုပ်များရှိသည်။ ရေကန်လည်းရှိသည်။ ရေကန်ထောင့်မှာ နတ်ရုပ်တရုပ်ဂျစီရှိသည်။ နတ်ရုပ်နားတွင် ကျောက်ထီးတဆောင်ရှိသည်။ ကျောက်ထီးခရိုင်တွင် ကမ္ပည်းစာရှိသည်။ ကျောက်ထီးနားတွင် အလျားသုံးထောင်ထွာ၊ အနံ နှစ်တောင်ထွာရှိသော ကျောက်မျက်မှန်တခုရှိသည်။ ကျောက်မျက်မှန် အပေါ်တွင် စာရေး၍ ရှိသည်။

နန်းတော်ဦးတောင်နှင့် စန္ဒသူရိယမင်းနန်းတော် တာပေါင်း နှစ်တိုင်ကွာသည်။ သာဇေမြို့နှင့် သရေကုန်းမြို့သည် တာပေါင်းရှစ်တိုင် ကွာသည်။ သာဇေမြို့နှင့် မဟာမြတ်မုနိဘုရားသည် တာပေါင်းကိုးတိုင် ကွာသည်။ ဝက်သတိုးတောင်နှင့် သရေကုန်းမြို့ တာပေါင်းသုံးတိုင် ကွာသည်၊ ဝက်သတိုးတောင်အရှေ့ဘက်က ညောင်ဖြူပင်သည် တာပေါင်း နှစ်တိုင်ကွာသည်။

ညောင်ဖြူပင် အရှေ့တောင်ထောင့်က ဘုရားစေတီတော်သည် တာပေါင်းသုံးတိုင်ကွာသည်။ နန်းတော်ဦးတောင်အရှေ့ဘက်က ဆင်ဖြူ ရေကန်တကန်ရှိသည်။ အလျား ၂၅လံ ပြိုင်လောင်းလှည့်သာသည်။ ထိုရေကန်တွင် ဆင်ဖြူအခြွေအရံနှင့်နေဖူးသည်။ ရေကန်အနောက်ဘက်၌ ကျုံးမြောင်းရှိသည်။

ကျုံးမြောင်းတောင်ဘက်၌ ဘုရင်စန္ဒသူရိယ ဥယျာဉ်ဟင်း ဝင်းတော်ရှိသည်။ ၎င်းဥယျာဉ်နား၌ မင်းကလဏာဟူ၍ရှိသည်။ ဥယျာဉ်

ထဲတွင် ကျောက်ရေကန်လည်း ရှိသည်။ နန်းတော်ဦးတောင်ဘက်က ခြေတော်ရာဘုရားရုပ်တုတော်နှင့်တကွ ဂူကြီးဆက်၍ရှိသည်။ စံကားချုံဘုရား၊ ပုန်းညက်ပန်းပင်ဓာတ်တော်များရှိသည်။

တရွေ့ချောင်းဖျားအဆုံးတွင် လင်းကဲ့ကြိမ်ချွေဝတ်လူမျိုးဟူ၍ ရှိသည်။ ၎င်းက လာလျှင် လေးမြို့မြစ်ကကွေ့တက်ပါက လူးချောင်း အဖျားဆုံး၌ ခူးရွာရှိသည်။ ထိုရွာကလေးအနောက်ဘက်ကို တရက်မျှ ဓညဝတီမြို့အနားကပ်လျက် ဒိုင်းရွာဟူရွာရှိသည်။

ထိုရွာသို့ဆက်လာလျှင် နေဝင်အချိန်မှာ ရောက်နိုင်သည်။ ၎င်းမှ အရှေ့မြောက်ဘက်သို့ နှစ်ရက်မျှသွားခဲ့သော် တောင်ကြီးတတောင်သို့ ရောက်ရှိသည်။ ၎င်းတောင်းစင်စိုင်းကိုကျော်လျှင် ပြင်ကြိုသို့ ကျသည်။ ထိုပြင်ကြို၌ ရှုမောသာယာဖွယ်ရှိသော တောင်တလုံးရှိသည်။ ဝက်ပါသို့ ပတ်လျက်ဘုံဆင့်ကရင့်၊ ၎င်းဘုံးဆင့်ထက်က သွားသူတို့သည် ဘုရားကို ဖူးနိုင်သည်။ လေးဆင့်မြောက်တွင် ဘုရားရှိသည်။ လေးဆင့်သို့တက်လျှင် မိုးကြိုးပစ်တတ်သည်။ လူတို့မတက်နိုင်။

အထက်ဆိုခဲ့သော ဒိုင်းနက်ရွာက ဆင်းလာခဲ့သော် ကုလားတန် မြစ်သို့ တရက်နှင့် ရောက်နိုင်သည်။ ဒိုင်းနက်ရွာသည် ကျောက်ပန်း တောင်းကလွန်၍ မြောက်ဘက်သို့ ကျသည်။

ကကုသံ၊ ကောဏာဂုံ၊ ကဿပနောင်တော်ဘုရားတို့၏ တခုခုသော ဓာတ်တော် မွေတော်တို့ကို တည်ထားကိုးကွယ်သော နေရာ၌ပင် ကျွန်ုပ်တို့ ဂေါတမကိုယ်စားတော်တည်ထားခဲ့သည့် ထိုတောင်၏ အမည်ရင်းကား သီရိဂုတ္တ၊ တြိဂုံမ္ဘ၊ သတ္တဘုမ္မိ၊ ဓညဝတီ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ သူရိယဂဗ္ဗတဟူ၍ပင် အမည် ၇ ပါးတွင်သည်။

ရှင်တော်ဘုရား သီတင်းသုံးနေသောတောင်ကား ဟေမဝန္တာ တောင်နှင့်တူသောကြောင့် အညွန့်သုံးခုရှိသည်ဖြစ်၍ ထိုတောင်ကြီးကို 'တြိဂုမ္ဘ'တွင်သည်။ အနှောင့်အယှက်ကင်းသောကြောင့် 'သတ္တဘုမ္မိ' လည်း ခေါ်တွင်သည်။

စပါးဆန်ရေပြည့်စုံပေါများခြင်းကြောင့် 'ဓညဝတီ' ဟုလည်း ခေါ်တွင်သည်။

ခြင်္သေ့လက္ခဏာနှင့်တူသောကြောင့် 'သီဟရာဇာ'ဟုလည်း ခေါ် တွင်သည်။

ကြာ ၉၉ ပွင့်နှင့်တူသောကြောင့် 'ပေါက္ခရဝတီ'ဟုလည်း ခေါ် တွင်သည်။

ဤတောင်မြတ်သို့ရောက်လျှင် ရန်မျိုးကင်းသောကြောင့် 'သူရိယ ပဗ္ဗတ'ဟုလည်း တွင်သည်။

## နိမိတ်ကျောက်တိုင်

သိကြား ဝိသကြုံနတ်တို့သည် ရှင်ပင်ဘုရားကိန်းအောင်းနေတော် မူသောအရပ် ဓညဝတီ ဆိုခြားနားကို အတိုင်းအတာ ညီညာတင့်တယ် အောင် စက်ဝန်းတို့ဖြင့် ခြားနားချမှတ်လျက် သတ်မှတ်ထားသော နိမိတ် ကျောက်တိုင်ကား....

စောစောကလျှာ၊ ပြုဗ္ဗေမှာ၊ မည်သာကျောင်းမြတ်။
အဥ္စနနဒီ၊ ဒက္ခိဏဒိသာမည်သာ ကိုကျောင်းမြတ်။
အဘိအဥ္စနနဒီ၊ ပစ္ဆိမနီ၊ ဟိသည် ထိုကျောင်းမြတ်။
သုဝဏ္ဏနဒီ၊ ဥတ္တရရေဆီ၊ ဟိသည် ထိုကျောင်းမြတ်။
ရန္တဝတီ မြို့ဆီ၊ အရှေ့တောင်ထောင့်မှတ်။
ဓညဝတီမြို့ဆီတောင့်ကမှတ်။
အတ္တိဝစရ မြို့လှသာဝယ်၊
မှတ်ဘထွေ ထိုမြို့မှတ်။
ဥက္ကလာပါ မြို့ကျော်သာလှ အတွင်းမှတ်။

## လူယုံမိ၍ တပ်လုံးပြုတ်ခဲ့ရ
## စာရိတ္တကင်းပဲ့လာသောအခါ

ရခိုင်ပြည်တွင် ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက် ၍ ဗုဒ္ဓလင်းရောင်ခြည်၊ ဗုဒ္ဓဘာရားပေးခဲ့သဖြင့် ဗုဒ္ဓတရား ယုံကြည်ချက် ကြောင့် မိမိအတွက်သော်လည်းကောင်း၊ သူတပါးအတွက်သော်လည်း ကောင်း ကုသိုလ်ရနိုင်ဖို့ အလုပ်ကိုသာလျှင် လုပ်ကိုင်ဖို့ဖြစ်ပေသည်။

ဗုဒ္ဓချမှတ်ပေးခဲ့သော ဗုဒ္ဓလမ်းစဉ်ကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကပင် စ၍ ရခိုင်အမျိုးသားများနှင့် မြန်မာ၊ မွန် စသော တိုင်းရင်းသားများ ရရှိပြီးဖြစ်သည်။

သို့သော် ရခိုင်ပြည်တွင်အုပ်ချုပ်ခဲ့သော အချို့ဘုရင်မင်းများနှင့် မင်းဆွေမင်းမျိုး မှူးကြီးမတ်ကြီးတို့ အကျင့်စာရိတ္တ ဖောက်ဖျက်မှု၊ နိုင်ငံသူ နိုင်ငံသားတို့အား ချစ်ခင်လေးစားမှု ကင်းမဲ့သောမင်းများ အုပ်ချုပ်သည့်အခါတွင် နိုင်ငံသူနိုင်ငံသားတို့ နေရေး၊ ထိုင်ရေး၊ စားရေး၊ ဝတ်ရေးတို့မှာ အလူးအလဲပင် ခံခဲ့ကြရသည်။

အချို့အချို့သောမင်းတို့ကို မျက်နှာလိုမျက်နှာရ မိမိတဦးတည်း ကောင်းစားလို၍ ဘုရင်အား ကြံဖန်လျှောက်ထားချက်ကြောင့် အချို့ ဘုရင်တို့ ထိုထိုမသမာသူတို့ လျှောက်ထားချက်ကို ယုံကြည်မိ၍ မိမိနိုင်ငံ ဖြစ်စေ၊ တပါးသောနိုင်ငံဖြစ်စေ ပျက်စီးခဲ့ကြသည်မှာ မျက်မြင်ပင်ဖြစ် သည်။

## မျက်နှာလိုမျက်နှာရတစုသတိပြုရန်

နရပတိမင်းအနွယ် ဝိဇယမင်းနောက် ၆၀ မြောက်တွင် မဒ္ဒရာဇ် ရာဇာမင်းလက်ထက်၌ ထိုမင်းအား မျက်နှာလိုမျက်နှာရ ပြုလုပ်သူတစုက အင်းဝမြို့ကိုတိုက်ဖို့ ဘုရင်ကိုတွန်းကြသည်။

သက္ကရာဇ် ၁၁၀၄ ခုနှစ်တွင် အရှေ့မြန်မာနိုင်ငံမှ ဝင်ရောက် လာသော စံဦး ခေါင်းဆောင်၍ ယောကျ်ား မိန်းမ အပါအဝင် တထောင်ခန့်တို့သည် မဒ္ဒရာဇ်ရာဇာမင်းကို လျှောက်ထားသည်မှာ....

'အရှင်မင်းမြတ်၊ အင်းဝမြို့မင်းသည် အကျင့်ပျက်၍ မှူးကောင်း မတ်ကောင်းတို့၏စကားကို မနာမယူ သွမ်းသွပ်သော အလေ့အလာကိုသာ ကြိုက်လေ၍ တိုင်းပြည်မသာ အလိုလိုသောင်းကျန်းလျက် ပြည်သူတို့ ညှိုးငယ်လျက်ရှိပါသည်။ ထိုနိုင်ငံကို စစ်ချီသိမ်းတော်မူလျှင် လွယ်ကူစွာ နှင့်ရပါမည်'

ဤသို့ လက်ဆောင် မြင်းကောင်းငါးစီး၊ ပိုးထုပ် ငါးဆယ်ကို ဘုရင်သို့ဆက်လေ၍ လျှောက်လေ၏။

## ပညာရှိအမတ်ကြီးလျှောက်ထုံး

ယင်းအခါ ပညာရှိအမတ် ကိုယ်ရံကြီးက ဤသို့လျှောက်ထားဖူး လေသည်။

'အရှင်မင်းမြတ်၊ ငစံဦးတို့လူစု လျှောက်သောစကားအတိုင်း အကယ်၍ မှန်စေကာမူ ဥပမာသုံးသော်ကား....

ပျားတို့သည် အအုံဖွဲ့၍ အပေါင်းအသင်းနှင့်နေကြရာ ဘေးရန်ရှိက မိမိအလျောက် ရောက်တတ်ရာ ပျံသွားသင့်သော အကြောင်းရှိလျက် လူတို့တွေ့၍ ဖွပ်ယူလတ်မူ မိမိတို့သားမြေးစုလျက်ရှိလေသည်ကို အကြောင်းပြု၍ မခွဲမသွား တတ်နိုင်သမျှ ကိုက်ခဲထိုးကုတ်ကြပါသည်။

ထိုထိုစာနာမှု လူတို့မှာသော်ကား ဆိုဖွယ်ရာမရှိ။ မိမိတို့နိုင်ငံသားချင်း နိုင်နင်းကလူ ပြုလျက်ရှိစေကာမူ တိုင်းတပါးက တိုက်ခိုက်ဖျက်ဆီးမည် ရောက်လတ်လျှင် ကိုယ်စီအရေး သားမယား, မိဘဆွေမျိုး, ဥစ္စာအိမ်ထောင်နှင့်ချည်းဖြစ်၍ အသီးသီး စည်းကျပ်ပေါင်းဖက် ခုခံမည်အမှန်ဖြစ်ပါသည်။

သတ္တဝါတို့မလေ့ မနိုင်သောအခါမှ လွတ်ရာတောတောင်သို့ တိမ်းရှောင်ထွက်ပြေး ပုန်းအောင်းနေပါသည်။ယင်းသို့ခုခံချေက ကိုယ့်လူအများ သေဆုံးပျက်စီးမှ သူ့လူကိုရပါမည်။ သူ့လူလည်း အများပျက်စီးခြင်းသို့ ရောက်ရာသည်။

ရှေးသူတော်ကောင်းတို့ စကားအလာ၌လည်း....

'တယောက်ချမ်းသာ၊ ကိုယ်ဖို့ရှာ၍၊ သတ္တဝါပေါင်း၊ ဆုံးကြောင်းပျက်ရ၊ အဓမ္မမှု၊ သူပြုသူ့ဝန်၊ သူ့ကံခေတ္တ၊ ရေပွက်ပမာ၊ နိစ္စထင်မှား၊ တောသားမုဆိုး၊ အားကြိုးမာန်တက်၊ လက်နက်စွဲကိုင်၊ ထိုမြိုင်ထိုတောင်၊ ကုန်အောင်လှည့်ပတ်၊ သားငါးသတ်ဖို့၊ မတတ်စရာ၊ ပမာထိုတူ၊ အယူမှောက်လှန်၊ ကျေးကျွန်ကိုယ်သား၊ သူတပါးကို၊ မုန်းထားရန်စစ်၊ လောဘမြစ်ကို၊ နှုတ်ပစ်လေပြီး၊ မင်းထီးစောထွတ်၊ နှယ်တော်မြတ်တို့'

ဤသို့အားဖြင့် ထိုအချိန်က ပညာရှိအမတ် ကိုယ်ရံကြီး လျှောက်ထားလိုက်သည့်အခါ ဘုရင်မဒ္ဒရာဇ်ရာဇာမင်းသည် သဘောကျ၍ တိုက်ဖို့ပျောက်ကွယ်ခဲ့သဖြင့် နှစ်ဦးစလုံး အကျိုးရှိခဲ့ကြသည်။

## စည်းလုံးညီညွတ်ခဲ့လျှင်

တနိုင်ငံနှင့်တနိုင်ငံ၊ လူတမျိုးနှင့်လူတမျိုး ပေါင်းသင်းဆက်ဆံမှုသည်ကား တဦးနှင့်တဦး အပေးအယူညီညွတ်မှုရှိဖို့ လိုပေသည်။

မွန်၊မြန်မာ၊ ရခိုင်စသော တိုင်းရင်းသားတို့သည်ကား အစားတူ အဝတ်တူ၊ဘာသာတူ၊ လူမျိုးများဖြစ်၍ စည်းစည်းလုံးလုံးဖြင့် ညီညီညွတ်ညွတ်ရှိခဲ့လျှင် ပြင်ပနိုင်ငံ ပြင်ပရန်သူတို့ ဝင်ရောက်ဖို့မတတ်နိုင်ပေ။

အထက်ကဖော်ပြသည့်အတိုင်း မြန်မာနှင့်ရခိုင် ဘုရင်အချို့သည် တဦးနှင့်တဦး ရန်စောင်၍ နန်းလုတိုက်ခိုက်ယူခဲ့ကြသည်။တချို့မင်းတို့က တဦးနှင့်တဦး မဟာမိတ်ပြု၍ မိတ်ဆွေအဖြစ်နေထိုင်ခဲ့ကြသည်။

## ရဟန်းရှင်နှင့်လူဝမ်းသာ

သက္ကရာဇ်(၈၁၆)ခုနှစ်တွင် ရခိုင်ဘုရင်က မြန်မာဘုရင်နရပတိအား တဦးနှင့်တဦး မိတ်ဖွဲ့လိုကြောင်း သံတမန်စေလွှတ်သဝဏ်စာလွှာပို့ခဲ့သည်။

ထိုအချိန်အခါက ရခိုင်ပြည် ဓညဝတီမင်း၌ ဆင်ကောင်း၊ မြင်းကောင်း အလုံးအရင်းနှင့် ပြည့်စုံပြီး မည်သည့်နိုင်ငံကိုမဆို၊ အိမ်နီးချင်းနိုင်ငံတနိုင်ငံကို တိုက်ခိုက်မည်ဆိုပါက နိုင်နင်းနိုင်သော အင်အားရှိသောနိုင်ငံတနိုင်ငံဖြစ်သည်။ သို့ရာတွင် ထိုသို့တိုက်ခိုက်မှုကိုဖယ်ရှား၍ တဦးနှင့်တဦး မင်းနှစ်ပါးတို့ ရင်းရင်းနှီးနှီးဖြင့် တွေ့ဆုံလိုကြောင်းဖြင့် ရခိုင်မှ မြန်မာသို့ သံတမန်လွှတ်လိုက်ရာ မြန်မာဘုရင်ကလည်း ဝမ်းသာအားရရှိခဲ့သည်။

ထို့နောက် မင်းနှစ်ပါးတွေ့ဆုံမည့် နေရာအချိန်းအချက်တို့ကို သတ်မှတ်ပြီးလျှင် တွေ့ဆုံကြဖို့စီစဉ်ကြသည်၊ ထိုအကြောင်းကို နှစ်ဘက်သော နိုင်ငံမှ ပြည်သူပြည်သားတို့သာမက ရဟန်းသံဃာတော်များကလည်း အနုမောဒနာပြုခဲ့ကြသည်။

## ရခိုင်-မြန်မာ ရွှေလမ်းငွေလမ်းခင်းခဲ့

သက္ကရာဇ် ၈၁၆ ခုနှစ် တပေါင်းလဆန်း နှစ်ရက် တနင်္ဂနွေနေ့တွင် မြန်မာဘုရင်နရပတိသည် နန်းတော်မှထွက်ဖို့ ဆင်ရှစ်တပ်၊ မြင်း

တဆယ့်သုံးတပ်၊ တပ်ပေါင်း နှစ်ဆယ့်တစ်တပ်ပါဝင်သည်။ တိုက်ဆင် တထောင့်ငါးရာ၊ စစ်သည်သူရဲနှစ်သိန်းလေးသောင်းခြံရံ၍ နန်းတော်မှ ချီတက်တော်မူလေသည်။

ရေလမ်းမှ ရွှေဖောင်ကိုစီး၍ ချီလာခဲ့ရာ စကုဆိပ်သို့ရောက်သည့် အခါတွင် ကုန်းဘက်သို့တက်တော်မူ၍ ကြည်းတပ်များကို ပုဂံကကူးစေ၍ ထိုမှ အနောက်ဘက်ကမ်း စကုသို့ချီတက်လာရသည်။

စကုသို့ရောက်လျှင် ရေတပ်နှင့် ကြည်းတပ်ကိုတွဲ၍ ချီတော်မူရာ မိုးခေါင်နွယ်ငန်းတောသို့ တန်ခူးလဆန်း ၃ ရက် ဗုဒ္ဓဟူးနေ့ ရောက်တော် မူလျှင် သာယာကြီးကျယ်လှသော ယာယီတဲနန်းတော်ကို မင်းမိဖုရား အပေါင်းနှင့်တကွ အသင့်ဆောက်ပြီးသော မဏ္ဍပ်တော်ကြီးသို့ ဝင်၍ နေတော်မူကြသည်။ မြင်းတပ်၊ ဆင်တပ်တို့ စောင့်ကြပ်ထားလေသည်။

ရခိုင်ပြည်မှ ဘုရင်အလိခင်သည်လည်း ဆင်တပ် မြင်းတပ်တို့နှင့် တကွ ဗိုလ်ပါအစုံချီလာ၍ ဘုရင်နှစ်ပါးတို့သည် ချိန်းထားသည့်နေရာ တွင် တွေ့ဆုံကြသည်။ ထိုအခါ မိဖုရားအချင်းချင်း၊ မင်းသမီး မင်းသား အချင်းချင်း၊ မှူးကြီးမတ်ကြီးအချင်းချင်း၊ အမတ်ကတော်အချင်းချင်း တွေ့ဆုံကြရာဝယ် ဝတ်စားဆင်ယင်မှုတို့မှာလည်း အကောင်းဆုံးသော အဝတ်အစည်များကို ဝတ်ကြလေသည်။

သက္ကရာဇ် ၈၁၆ ခုနှစ် တန်ခူးလဆန်း ခြောက်ရက် ဟနင်းလာ နေ့တွင် တနေရာတည်း မင်းနှစ်ပါး ကြည်ကြည်သာသာ ပြောဆိုပြီး သစ္စာပြုကြသည်။

တနိုင်ငံနှင့်တနိုင်ငံ နိုင်ငံတော်အပိုင်းအခြား နယ်နိမိတ်များကို လည်း သတ်မှတ်ကြသည်။

သတ်မှတ်ကြသည်ကား–

ဘိုးခေါင်တောင်ရိုး၊ အရှေ့တံလည်း ရေကျကို ရတနာပူရ နိုင်ငံဖြစ်စေ၊

ဘိုးခေါင်တောင်ရိုး အနောက်တံလည်း ရေကျကို ဓညဝတီ နိုင်ငံဖြစ်စေ၊

ဟူ၍ ပိုင်းဖြတ် ခြားနားတော်မူကြပြီးလျှင် မင်းနှစ်ပါးသည် ထီးဖြူမှစ၍ အဆောင်အယောင် မင်းခမ်းမင်းနားတို့ကို တပါး ကိုတပါးလဲလှယ်ပြီးမှ တပ်စဉ့်အတိုင်း နေပြည်တော်သို့ ပြန်ကြ သည်။ ထိုနေ့မှစ၍ နှစ်ပြည်ထောင်သည် မီးမသေရေမနောက်၍

ရွှေတပြားတည်းကဲ့သို့ဖြစ်၍ တမန်မင်းစေ မပြတ် စေတော်မူကြသည်။

ဤသို့အားဖြင့် ရခိုင်နှင့် မြန်မာတို့သည် တဦးနှင့်တဦး သင့်သင့်တင့်တင့်ဖြင့် ကိုယ့်ပြည်နှင့်ကိုယ် အရေးရောက်ကြလျှင် နင်လားငါလား ရှိသမျှအားနှင့် အကူအညီပေးဖို့ ကတိများဖြင့် ရခိုင်နှင့်မြန်မာ ရွှေလမ်းငွေလမ်းခင်းပြီး ရွှေတပြားတည်း ပြုလုပ်ခဲ့ကြသည်။

# သတ္တမပိုင်း

## မျက်မှောက်ခေတ်ရခိုင်ပြည်နယ်

### အိန္ဒိယမှ ဗုဒ္ဓတရားပလ္လင်ကွယ်ခဲ့

မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဂေါတမပွင့်တော်မူခဲ့၍ ထိုနိုင်ငံနှင့်တကွ ကမ္ဘာ့အရှေ့နိုင်ငံအသီးသီးတို့၌လည်း ဗုဒ္ဓအယူဝါဒ ပျံ့ပွားခဲ့ပေသည်။

ဗုဒ္ဓဂေါတမ၏ဝါဒမှာ အသောကမင်းကြီး လက်ထက်တိုင်အောင် တိုးတက်လျက်ရှိခဲ့သည်ဟု မှတ်တမ်းတို့က အခိုင်အမာဆိုထားသည်။ သို့သော် အိန္ဒိယနိုင်ငံတွင် ဗြာဟ္မဏဘာသာနှင့် ဂျိမ်းဘာသာတို့ တဖြည်းဖြည်း လွှမ်းမိုးလာပြီး ဗုဒ္ဓ၏ဝါဒမှာလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာသည်နှင့်အမျှ အိန္ဒိယနိုင်ငံ၌ အစ္စလာမ်ဘာသာ ခရစ်ယာန်ဘာသာတို့ တစတစဝင်၍ ဘာသာရေး နေရာယူလာခဲ့ကြသည်။

### ဖရိုဖရဲဖြစ်နေချိန်

ဗုဒ္ဓတရားပလ္လင်ကား ကွယ်ပျောက်ခဲ့ပြီး ဖြစ်လေသည်။

ခရစ်သက္ကရာဇ် ၁၇၀၇ ခု မြန်မာသက္ကရာဇ် ၁၀၆၉ ခုနှစ် တွင် မဂိုဘုရင် ဩရံဇာဗီ ဒေလီမြို့တွင်ကွယ်လွန်အနိစ္စရောက်သည်နှင့်တပြိုင်နက် အစ္စလာမ်ဘာသာဝင်တို့သည် ဩရံဇာဗီ၏ နန်းတော်ကို သူရ ငါရ

တိုက်ခိုက်လုကြသည်၊ လုကြသောအားဖြင့် ကြာမြင့်စွာ အိန္ဒိယနိုင်ငံတွင် အဓိကရုဏ်းများဖြစ်ခဲ့ကြသည်။

ခရစ်သက္ကရာဇ် ၁၇၃၉ ခုနှစ် (မြန်မာသက္ကရာဇ် ၁၁၀၁ ခုနှစ်) တွင် ပေရှားဘုရင်နာဒရှာမင်းသည် မဂိုမြို့တော် ဒေလီမြို့သို့ စစ်ချီ၍ တိုက်ခိုက်ရာတွင် မဂိုနန်းတော်တွင်းမှ ရွှေငွေတန်ဖိုး ကုဋေ (၂၀) ခန့် ပစ္စည်းဥစ္စာတို့ကို သိမ်းယူခဲ့ရာ မဂိုဘုရင်တို့၏ အုပ်ချုပ်မှု အာဏာတို့သည်လည်း တဖြည်းဖြည်း ပြိုကွဲလာခဲ့သည်။

ထို့ကြောင့် ပြင်သစ်နှင့် အခြားဥရောပနိုင်ငံသားများက အိန္ဒိယပြည်၏ ဖရိုဖရဲဖြစ်နေသည့်အခါ ၎င်းတို့၏ စီးပွားရေးအတွက် ဝင်ရောက်ပြီး ဒေသခံ အိန္ဒိယမင်းငယ်များနှင့်ပူးပေါင်းအမြတ်ထုတ်လိုက်ကြသည်။

**စားကျက်လုသူများ**

ခရစ်သက္ကရာဇ် ၁၇၅၇ ခု (မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ်)တွင် ဘင်္ဂလားပြည်နယ် မြောက်ဘက် ကာလကတ္တားမှ မိုင်တရာခန့် အကွာတွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့ စားကျက်လု အငြင်းပွားရာမှ စစ်ပွဲကြီးပမာ တိုက်ခိုက်ကြသည်။ ထိုစစ်ပွဲတွင် အင်္ဂလိပ်တို့က အနိုင်ရရှိလိုက်သည်။ ထို့ကြောင့် အင်္ဂလိပ်အမျိုးသားတို့သည် အိန္ဒိယနိုင်ငံတွင် စီးပွားရေးတခုလုံးကို ပိုင်စိုးပိုင်နင်းပြုဖို့ ဗြိတိသျှပိုင် အထည်များနှင့် လူသုံးကုန်ပစ္စည်း ရောင်းချဖို့အတွက် အင်္ဂလိပ်ပိုင် ဈေးများကို အရောင်းအဝယ်ကောင်းသောမြို့များ၌ စတင် ဖွင့်လှစ်လာကြသည်။

ခရစ်သက္ကရာဇ် ၁၇ ၅ခု (မြန်မာသက္ကရာဇ် ၁၁၂၇ခုနှစ်)တွင် အင်္ဂလိပ်လူမျိုးတို့က "အရှေ့အိန္ဒိယ ကုမ္ပဏီ" အမည်ဖြင့် ဗြိတိသျှဘုရင်မ၏ အာဏာတန်ခိုးကိုယူ၍ ကုမ္ပဏီကြီးတခုကို တည်ထောင်ဖွင့်လှစ်လေသည်။

ဗြိတိသျှအင်္ဂလိပ်လူမျိုးတို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် တဖြည်းဖြည်းအိန္ဒိယဘနိုင်လုံးကိုလက်ရအုပ်ချုပ်နိုင်လာသည်။ ထို့နောက် ကုမ္ပဏီလုပ်ငန်းမှတပါး အုပ်ချုပ်သော အစိုးရ လုပ်ငန်းတို့ကိုပါ အုပ်ချုပ်လာခဲ့ကြတော့သည်။

## မြန်မာ့ဘက် မျက်စောင်းထိုး

ဤသို့အားဖြင့် အိန္ဒိယဘနိုင်ငံလုံးကို အင်္ဂလိပ်တို့ကပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်လာနိုင်သည်နှင့်အမျှ အိန္ဒိယနယ်စပ် ရခိုင် မြန်မာ ဒေသတို့ကို ဆက်လက်လွှမ်းမိုးအုပ်ချုပ်ဖို့ မျက်စောင်းထိုးလာသည်။

အရှေ့အိန္ဒိယ ကုမ္ပဏီအမည်မှာလည်း တဖြည်းဖြည်း ပျောက်ကွယ်၍ အိန္ဒိယနိုင်ငံသည် ဗြိတိသျှအင်ပါယာ နိုင်ငံတော်ဖြစ်လာသည်။

သို့သော် အိန္ဒိယနိုင်ငံသား နိုင်ငံသူတို့အနက် ဘင်္ဂါလီ အမျိုးသားတို့သည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ခရစ်သက္ကရာဇ် ၁၈၅၇ ခုနှစ် မေလ ၁၁ ရက်(မြန်မာသက္ကရာဇ် ၁၂၁၉ ခုနှစ်)တွင် ဘင်္ဂါလီအများစုပါဝင်သည့်စစ်သားတို့သည် အခြားကုလားပန်ချာပီ စစ်သားများကိုပါ သွေးဆောင်လျက် အိန္ဒိယနိုင်ငံတွင် စစ်ဘပ်အာဏာ ဖီဆန်ခြင်းဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသည်။

နှစ်ဘက်စလုံး အကျအရှုံးများပြီး ဗြိတိသျှတို့ကအနိုင်ရခဲ့သည်။ ထိုတိုက်ပွဲသည် နယ်ချဲ့တို့အား ဆန့်ကျင်တိုက်ခိုက်ခြင်းအစစ်ဖြစ်လေသည်။

အင်္ဂလိပ်ကုမ္ပဏီအမည်ဖြင့် အိန္ဒိယပြည်အလယ်ပိုင်းကို အုပ်ချုပ်ခဲ့သည်မှာ ၂၉နှစ်အုပ်ချုပ်ခဲ့သည်၊ ထို့နောက် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည်နှစ်ပေါင်း ၆၄နှစ်တိုင်အုပ်ချုပ်ပြီးနောက်ဗြိတိသျှဘုရင်မထံသို့ ကုမ္ပဏီအုပ်ချုပ်ရေးကို လွှဲအပ်လိုက်သည့်အခါ နှစ်ရပ်ပေါင်း ၉၃ နှစ်ကြာမျှ အင်္ဂလိပ် ကုမ္ပဏီကအုပ်ချုပ်လေသည်။

## အိန္ဒိယအမျိုးသားကွန်ဂရက်အသင်းကြီး

အိန္ဒိယဘွင် အချင်းချင်းမညီညွတ်ပဲဖြစ်နေသည်ကို ချက်ကောင်းယူနေရာ ယူ ပ ၁ ဒေသ ၁ ဗြိတိသျှတို့အား စစ်ဘပ်နှင့်ပေါင်း၍ ဆန့်ကျင်လာကြသည်မှအစ အိန္ဒိယပြည်လွတ်လပ်ရေးအသံများ ပေါ်ထွက်လာသည်။

၁၈၈၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ မြေပိုင်ရှင်ကြီးများ၊ ပစ္စည်းဥစ္စာ ကြွယ်ဝသူများ အပါအဝင် "အိန္ဒိယ အမျိုးသား ကွန်ဂရက်အသင်းကြီး"ကို ဘုံဘေမြို့တွင် ထူထောင်လိုက်ကြသည်။

ဗြိတိသျှကုမ္ပဏီသည် ဗြိတိသျှလူမျိုးအကျိုးရှိဖို့ စက်မှုလုပ်ငန်းများကိုသာ ထူထောင်ခဲ့သည်။ ဗြိတိသျှတို့ အရောင်းအဝယ်ကောင်းဖို့ ဆက်သွယ်ရေးမီးရထားလမ်းများကိုသာဖောက်လုပ်ခဲ့ကြသည်။ အင်္ဂလန်နိုင်ငံရှိ ပင်ရင်းလုပ်ငန်းများကို မထိခိုက်စေဖို့အထူးအတားအဆီးလုပ်၍ လုပ်ငန်းကြီးများကို ကွပ်ကဲ လုပ်ကိုင်ခဲ့ကြသည်။

## နိုင်ငံရေးလှုပ်ရှားလာ

ထိုအချိန်က အိန္ဒိယ ဘုရင်ခံချုပ် လော့ဒပ်ဖရင် အပါအဝင် ဗြိတိသျှ ရာထူးကြီးများသည် ကွန်ဂရက်အသင်းကြီးကို ကူညီအားပေးကြသည်။ ကွန်ဂရက်တွင်လည်း ဝတ်လုံတော်ရများ၊ ကျောင်းဆရာများ စသည် ပုဂ္ဂိုလ်များပါဝင်လျက် အစိုးရကိုသာ ထောက်ခံသြဘာပေးနေခဲ့ကြသည်။

သို့သော် ၁၉၀၅ခုနှစ်သို့ရောက်လာသည့်အခါ မစ္စတာထိလက်စသော ဗြိတိသျှခေါင်းဆောင်များပါဝင်လာ၍အိန္ဒိယကိုယ်ပိုင်အုပ်ချုပ်ရေးကို စတင် တောင်းဆိုလာကြသဖြင့် ခေါင်းဆောင် ထိလတ်ကို ၁၉၀၈ခုနှစ်တွင် ဖမ်းဆီးသည်က စ၍ ပိုမိုပြီး နိုင်ငံရေးလှုပ်ရှားလာခဲ့သည်။

ဗြိတိသျှတို့သည် တဦးနှင့်တဦး၊ တမျိုးနှင့်တမျိုး၊ တပြည်နှင့် တပြည် သွေးခွဲရေးစနစ်ကို များစွာလေ့ကျင့်သားရပြီးသူများဖြစ်သည်။

## ရခိုင်မြန်မာ ဘာသာရေး ရှုပ်ထွေးမှုမရှိ

ရခိုင်တွင် အမရပူရမှ ဘိုးတော်ဘုရင် အုပ်ချုပ်နေသော်လည်း အေးအေးချမ်းချမ်းနှင့် ညီညီညွတ်ညွတ်မရှိကြောင်းကို ဗြိတိသျှတို့သိပြီးဖြစ်သည်။ မြန်မာ မှူးဝန်များလည်း မကြာခဏ ရာထူးမှအဖြုတ်ခံခဲ့ကြရသည်။

သက္ကရာဇ် ၁၁၈၁ခုနှစ် နယုန်လဆန်း၁၃ရက်နေ့တွင် အမရပူရတွင် ဘိုးတော်မင်းကြီးကွယ်လွန်အနိစ္စရောက်ပြီးနောက် စစ်ကိုင်းမြို့စား

မြေးတော် အိမ်ရှေ့မင်းသားအား သက္ကရာဇ် ၁၁၇၁ ခု နယုန်လဆန်း ၁၅ရက်နေ့ ဘိုးတော်၏အရိုက်အရာကို သိမ်းမြန်းလိုက်သည်။

ရခိုင် မြန်မာတို့သည်ကား အိန္ဒိယနိုင်ငံသို့ ဘာသာရေးတွင်ရှုပ် ထွေးမှုမရှိပေ။ ဗုဒ္ဓဘာသာကိုးကွယ်သော ဘာသာ တမျိုးတည်းသာ ရှိသည်။

အိန္ဒိယတွင် ဟိန္ဒူဘာသာ၊ ဗြာဟ္မဏ၊ ဂျိမ်း၊ အစ္စလာမ်စသော ဘာသာတို့နှင့်တကွ အခြားဘာသာငယ်များလည်း ရှိသေးသည်။

ထိုဆိုဘာသာကြီးတို့အတွင်းသို့ ဗြိတိသျှတို့၏ ခရစ်ယာန်ဘာသာ သည်ကား ကြီးမားသော ဘာသာရေးဇာတ်ခုံတခုအနေဖြင့် အိန္ဒိယ တွင် နေရာယူပြီးထင်ပေါ်နေသည်။

## ဗြိတိသျှတို့ အိန္ဒိယကိုစိတ်ချပြီးသောအခါ

ဗုဒ္ဓပွင့်တော်မူခဲ့သည့် မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံတဝန်းလုံးမှ ဗုဒ္ဓတရားဟောပလ္လင်များ ကွယ်ပျောက်ခဲ့ပြီးဖြစ်လေသည်။

ထိုကြောင့် ဗြိတိသျှတို့သည် အိန္ဒိယနိုင်ငံအတွက် စိတ်ချလက်ချ ဖြစ်နေသည့်အခါ ကုန်ကြမ်းပေါများသော မြန်မာ ရခိုင်နိုင်ငံကို ကုန် ကြမ်းရရှိဖို့အတွက်လည်းကောင်း၊ ဘာသာရေး ပြန့်ပွားဖို့အတွက်လည်း ကောင်း ကိုလိုနီနိုင်ငံတခုအဖြစ်သိမ်းသွင်းလိုလှသည်။

ဗုဒ္ဓဂေါတမ၏သာသနာရေးမှာ တဖြည်းဖြည်း အိန္ဒိယမှ ဆုတ် ယုတ်လာခဲ့ရာ ယခုအခါ ဗုဒ္ဓဂါယာနှင့်တကွ အချို့အိန္ဒိယမြို့ငယ်များ ကွင် မြန်မာ ရခိုင် ဘုန်းကြီးအချို့ သာသနာပြုလျက်ရှိသည်။

အရှေ့ပါကစ္စတန်တွင်လည်း ရဟန်းတော်အချို့ သာသနာပြု လျက်ရှိကြသည်။ သို့သော် ထိုထို ရဟန်းတော်များသည်ကား အစစ အရာရာ ပစ္စည်းလေးပါးခေါင်းပါးလျက်ရှိသည်။

ကြီးမားခဲ့သော ဗုဒ္ဓဘာသာတို့တရားပလ္လင်များကား အိန္ဒိယတွင် ကွယ်ပျောက်ခဲ့ပြီးဖြစ်လေသည်။

## မြန်မာကိုစစ်ကြေငြာ

ဤသို့အားဖြင့် ဗြိတိသျှတို့သည် ရခိုင်မြန်မာနယ်ဘက်ကို မျက်စောင်းထိုးလျက် ရန်စလျက်ရှိရာ ခရစ်သက္ကရာဇ် ၁၈၂၄ မတ်လ ၅ရက်၊ (မြန်မာသက္ကရာဇ် ၁၁၈၅ ခု တပေါင်းလ) တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းမှာစ်သ်* က မြန်မာပြည်ကို စစ်တိုက်ဖို့ ကြေငြာလိုက်တော့သည်။

ရခိုင်သို့ချီလာသည့် မဟာဗန္ဓုလတပ်သည် ရာမူးအရပ်တွင် တပ်ချထားသော အင်္ဂလိပ်စစ်တပ်ကို တိုက်ခိုက်ရာ အင်္ဂလိပ်စစ်သားများနှင့် ကုလားစစ်သားတို့ကျဆုံးပြီး ဆုတ်ခွာပြေးကြသည်။

အခြားတဘက်တွင် အင်္ဂလိပ်တပ်တို့က ရေကြောင်းဖြင့်ချီလာပြီး မာန်အောင်ကျွန်း၊ မေ်ာဘင်တို့ကို တိုက်ယူ၍ နိုမ်နင်းလျက်ရှိသည်။

- ၁၈၂၄ ခု မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ကို အင်္ဂလိပ်တို့က သိမ်းယူပြီး ရွှေဘိုဂုံစေတီတော်ကို အခိုင်အမာတပ်စွဲလျက်ရှိသည်။

- အင်္ဂလိပ်နှင့် မြန်မာတို့သည် ဆက်ကာဆက်ကာ စစ်ပွဲကြီးငယ်များ တိုက်ခိုက်၍ တဘက်နှင့်တဘက် အကျအဆုံးတို့မှာလည်း များကြသည်။

- မြန်မာသက္ကရာဇ် ၁၁၈၆ ခု တန်ခူးလဆန်း ၁၄ ရက် သောကြာနေ့တွင် ရခိုင်ပြည် မြောက်ဦးမြို့ကို အင်္ဂလိပ်တပ်မှ ဗိုလ်မှူးရာပသိန်သပ်ကြီးမှူး၍ အမြောက်ပြောင်းလက်နက်ကိရိယာ အစုံဖြင့် တိုက်ခိုက်ကြရာ ဗြိတိသျှတို့က မြောက်ဦးမြို့ကို လုံးစသိမ်းယူရရှိခဲ့သည်။

- သက္ကရာဇ် ၁၁၈၇ ခု ကဆုန်လဆန်း ၃ ရက် အင်္ဂါနေ့တွင် ဗိုလ်မှူးရာပသိန်သပ်သည် ရမ်းဗြဲမြို့သို့ ရောက်ရှိပြီး မြန်မာတပ်နှင့်တွေ့ဆုံ၍ တဘက်နှင့်တဘက် တိုက်ခိုက်ရာ နှစ်ဘက်စလုံး အကျအဆုံးများပြီး ကဆုန်လဆန်း ၆ ရက်နေ့တွင် ဗြိတိသျှတို့က ရမ်းဗြဲမြို့ကို သိမ်းလိုက်သည်။

---

* Lord Amherst

- ထို့နောက် သက္ကရာဇ် ၁၁၀၇ ခု ကဆုန်လပြည့်ကျော် ၅ ရက် သောကြာနေ့တွင် မေဃဝတီ မာန်အောင်မြို့ကို မြန်မာတပ်နှင့် ဗြိတိသျှတို့ တိုက်ခိုက်ရာတွင် ဗြိတိသျှတို့က မေဃဝတီ မာန်အောင် မြို့ကို သိမ်းပိုက်ခဲ့သည်။

- ၁၁၀၇ ခု နယုန်လဆန်းတွင် ရာပသိန်သပ် ကြီးမှူးသောတပ်နှင့် မြန်မာတပ်တို့ ဒွါရဝတီ သံတွဲမြို့တွင် တိုက်ခိုက်ရာ မြန်မာတပ်နှင့် ဗြိတိသျှတို့ အကျအဆုံးများပြီး ဗြိတိသျှတို့၏ လက်နက်အင်အား ကို မနိုင်နင်း၍ မြန်မာတို့ ဆုတ်ခဲ့ကြသည်။

- ဗြိတိသျှမှ ဗိုလ်မှူးရာပသိန်သပ် ကြီးမှူးသောတပ်သည် ထိုနှစ် နယုန်လဆန်း ၄ ရက် သောကြာနေ့တွင် ဒွါရဝတီ သံတွဲမြို့ကို သိမ်းပိုက်လိုက်သည်။

## နှစ်လေးဆယ်အကြာ မြန်မာတို့ ကိုလိုနီဘဝရောက်ခဲ့ရ

ဤသို့အားဖြင့် သက္ကရာဇ် ၁၁၄၆ ခုနှစ်ကစပြီ ရခိုင်ပြည်ကို အမရပူရမှ ဘိုးတော်ဘုရင် အုပ်ချုပ်လာခဲ့ရာ ၁၁၈၆ ခုနှစ်အထိ နှစ် ပေါင်း လေးဆယ် ကြာမြင့်ပြီးနောက် ဗုဒ္ဓဘာသာဝင် ဘုရင့်လက်မှ ခရစ်ယာန်ဘာသာဝင် ဗြိတိသျှမျက်နှာဖြူလက်အောက်သို့ ကိုလိုနီအဖြစ် ရောက်ရှိခဲ့လေသည်။

ဘိုးတော်လက်မှ ဗြိတိသျှဘုရင်လက်သို့ ရောက်သည့်အချိန်အထိ ဓညဝတီရခိုင်ပြည် ဒွါရဝတီသံတွဲမြို့တို့သည်ကား မြို့အရေအတွက်အား ဖြင့် မများလှပေ။ မြို့တော်အဖြစ် မြောက်ဦးမြို့နှင့် ရမ်းဗြဲမြို့တို့ဖြစ်ရာ သံတွဲမြို့ကိုကား မြို့တော်ဟု သတ်မှတ်ခြင်းမရှိခဲ့ပေ။ အလားတူ မေဃဝတီ မာန်အောင်မြို့ကိုလည်း မြို့တော်ဟု မသတ်မှတ်ပေ။

ထိုအချိန်က ဘိုးတော်၏ကိုယ်စား ရခိုင်ပြည်ကို အုပ်ချုပ်ခဲ့သော မြို့ဝန်တို့မှာ....

## သက္ကရာဇ် ၁၁၄၆ ခုမှ ၁၁၈၆ ခုနှစ်ထိ မြန်မာ မြောက်ဦးမြို့ဝန် ကိုးဆက်တို့၏ အမည် နှစ် လ သက်တမ်းစာရင်း

| ဦးရေ | အမည် | မြို့ဝန်နှစ် | သက္ကရာဇ် |
|---|---|---|---|
| ၁။ | အနန္တပကျော် | ၄ | ၁၁၄၆ မှ ၁၁၅၀ ထိ |
| ၂။ | အနောက်ဘက်တိုက်ဝန် | ၂ | ၁၁၅၀ မှ ၁၁၅၂ ထိ |
| ၃။ | ပုသိမ်ဝန် | ၁ | ၁၁၅၂ မှ ၁၁၅၃ ထိ |
| ၄။ | တိုင်တားဝန် | ၂ | ၁၁၅၃ မှ ၁၁၅၅ ထိ |
| ၅။ | မောင်ကျော်လှ | ၂ | ၁၁၅၅ မှ ၁၁၅၇ ထိ |
| ၆။ | စိန်ဘူး | ၁၀ | ၁၁၅၇ မှ ၁၁၇၅ ထိ |
| ၇။ | နေ့ဘ်ရထာ | ၆ | ၁၁၇၅ မှ ၁၁၈၁ ထိ |
| ၈။ | မောင်ကြာရိုး | ၃ | ၁၁၈၁ မှ ၁၁၈၄ ထိ |
| ၉။ | တရုပ်ဝန်စံပျော် | ၂ | ၁၁၈၄ မှ ၁၁၈၆ ထိ |

## သက္ကရာဇ် ၁၁၄၆ ခုနှစ်မှ ၁၁၈၇ ခုနှစ်အထိ ရမ်းဗြဲမြို့၌ မြို့ဝန်ပြုလာသူတို့၏ အမည် နှစ်, လ, သက်တမ်းစာရင်း

| ဦးရေ | အမည် | မြို့ဝန်နှစ် | သက္ကရာဇ် |
|---|---|---|---|
| ၁။ | နရသမိုင်းကျော် | ၁ | ၁၁၄၇ |
| ၂။ | ရဲတိုက်ဝန် | ၂ | ၁၁၄၉ |
| ၃။ | လက်ယာရွှေတောင် | ၃ | ၁၁၅၂ |
| ၄။ | မဘဲစား | ၃ | ၁၁၅၅ |
| ၅။ | တိုင်ဘဒ္ဒးဝန် | ၂ | ၁၁၅၇ |
| ၆။ | လယ်ကိုင်းစား | ၂ | ၁၁၅၉ |
| ၇။ | သမန်းရဲဖျား | ၁ | ၁၁၆၀ |
| ၈။ | လယ်ကိုင်းစား | ၃ | ၁၁၆၃ |
| ၉။ | ရဲမက်တမ်းခွန် | ၁ | ၁၁၆၄ |

| ဦးရေ | အမည် | မြို့ဝန်နှစ် | သက္ကရာဇ် |
|---|---|---|---|
| ၁၀။ | ကျော်ထင်ရာဇာ | ၃ | ၁၁၆၇ |
| ၁၁။ | သာဝတ္ထိစား | ၃ | ၁၁၇၀ |
| ၁၂။ | ရွှေတော်သီဟ | ၂ | ၁၁၇၂ |
| ၁၃။ | လက်ယာစည်သူ | ၄ | ၁၁၇၆ |
| ၁၄။ | နေမျိုးသူရ | ၄ | ၁၁၈၀ |
| ၁၅။ | မဟာနော်ရထာ | ၁ | ၁၁၈၁ |
| ၁၆။ | မောင်ရွှေအိုး | ၁ | ၁၁၈၂ |
| ၁၇။ | ရွှေဒါးမှူး | ၁ | ၁၁၈၃ |
| ၁၈။ | ရဲမက်ကျော်ထင် | ၁ | ၁၁၈၄ |
| ၁၉။ | ဒါဝတ်ကယ် | ၁ | ၁၁၈၅ |
| ၂၀။ | မောင်သာကြွယ် | ၁ | ၁၁၈၆ |
| ၂၁။ | မောင်စံယာ | ၁ | ၁၁၈၇ |
| | | ၂၁နှစ် သက္ကရာဇ်နှစ်ပေါင်း ၄၀ | |

**ပင်လယ်ဆိပ်ကမ်းကျောက်ဖြူမြို့**

ဗြိတိသျှတို့ကိုလိုနီအဖြစ်အုပ်ချုပ်လာသည့်အခါတွင် ကျောက်ဖြူမြို့ကို ပင်လယ်ဆိပ်ကမ်းမြို့အဖြစ် ပြုပြင်ပြောင်းလဲသတ်မှတ်လာပြီးနောက် ခရိုင်ဝန်အုပ်ချုပ်သည့် ရမ်းဗြဲမှ ရုံးအားလုံးကို ကျောက်ဖြူသို့ ပြောင်းလိုက်သည်။

**ဝန်ရှင်တော်မင်းကြီး ရုံးစိုက်ရာစစ်တွေမြို့**

ထိုနည်းတူ စစ်တွေမြို့ကို ပင်လယ်ဆိပ်ကမ်းမြို့အဖြစ်နှင့် ရခိုင်ဝန်ရှင်တော်မင်းကြီး ရုံးစိုက်ရာအဖြစ် တည်ထောင်လာ၍ မြောက်ဦးမြို့မှ ရုံးအားလုံးကို စစ်တွေမြို့သို့ ပြောင်းလိုက်သည်။

ဗြိတိသျှတို့လက်ထက်တွင် ရခိုင်ပြည်မှ ဆန်စပါးများ၊ ပျဉ်းကတိုးသစ်များအပြင် ဆားစသည်တို့ကို စစ်တွေဆိပ်ကမ်းမှလည်းကောင်း၊ ကျောက်ဖြူဆိပ်ကမ်းမှလည်းကောင်း ကမ္ဘာအရပ်ရပ်သို့ တင်ပို့ရောင်းချခဲ့သည်။

စစ်တွေဆိပ်ကမ်းမှ နှစ်စဉ်နှစ်စဉ် ဆန်တခုတည်းခုနှစ်ကုဋေဘိုးမျှရောင်းခဲ့ကြောင်းဖြင့် စာရင်းအင်းများက ဖော်ပြထားသည်။ သို့သော် ရခိုင်ပြည်သူပြည်သားတို့ သွားလမ်းများကား အားလုံးမြေလမ်းများသာရှိနေသေးသည်။

## ခေတ်အခြေအနေပြောင်းလဲလာပုံများ

- ရခိုင်မြန်မာနိုင်ငံကိုကိုလိုနီကျွန်အဖြစ် ဗြိတိသျှဝိတိုရိယဘုရင်မကြီးဦးဆောင်၍ အုပ်ချုပ်ခဲ့သည်မှာ နှစ်ပေါင်း ၄၃ နှစ်ကြာခဲ့သည်။
- မြန်မာသက္ကရာဇ် ၁၂၆၂ ခု ခရစ်သက္ကရာဇ် ၁၉၀၀ ခုနှစ်ပြည့်တွင် ဝိတိုရိယဘုရင်မကြီး ကွယ်လွန်ခဲ့တည်။
- မြန်မာသက္ကရာဇ် ၁၂၆၂ ခု၊ ခရစ်သက္ကရာဇ် ၁၉၀၁ ခုနှစ်တွင် ဝိတိုရိယသား ဝေလမင်းသား၊ ထီးနန်းကိုဆက်လက်အုပ်ချုပ်ရာ ကိုးနှစ်ကြာခဲ့တည်။
- မြန်မာသက္ကရာဇ်၁၂၇၂ ခု၊ ခရစ်သက္ကရာဇ် ၁၉၁၀ ခုနှစ်တွင် ဝေလမင်းသား ကွယ်လွန်သည်။
- မြန်မာသက္ကရာဇ်၁၂၇၂ခု၊ခရစ်သက္ကရာဇ် ၁၆၃၀ ပြည့်နှစ်တွင်၊ သားတော်ဂျော့ဘုရင်က ထီးနန်းကို သိမ်းပိုက်အုပ်ချုပ်လာသည်။ ထိုအခါတွင် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့က လွတ်လပ်ရေးတောင်းဆိုသည့်အသံများတနှစ်ထက်တနှစ်ပြင်းပြင်းထန်ထန်ပေါ်ထွက်လာသည်။
- သည့်တွင် ၁၉၁၄ ခု ပထမကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက်ပိုင်း အိန္ဒိယပြည်မှစတင်၍ ဗြိတိသျှတို့ထံ လွတ်လပ်ရေးကို တောင်းဆိုသံများ တနှစ်ထက်တနှစ် ကျယ်လောင်ပြင်းထန်းလာခဲ့သည်။

အိန္ဒိယတွင်လည်း

- မဟတ္တမဂန္ဒီ၊ ဆပ်ဖရူး၊ ဂျယကား၊ ဂျင်းနား၊ ဂိုပါလာချရီစီ အာရ်ဒတ်(စ်) မိုတီလာနေရူး၊ ဆူးဘတ်ချန္ဒရာဘို့စ်၊ နေရူးနှင့် တကွ ခေါင်းဆောင်များသည် ပထမကမ္ဘာစစ်အတွင်း ဗြိတိသျှ တို့အား လွတ်လပ်ရေးပေးသင့်ပြီဟု တောင်းဆိုလာကြသည်။
- မဟတ္တမဂန္ဒီကြီးသည်လည်း ဝတ်လုံအောင်ပြီး လူမည်းအာဖရိက တွင် လူမည်းများအတွက် ဝတ်လုံပေးခဲ့ပြီးနောက် အိန္ဒိယသို့ ပြန်လာသည်။ ထို့နောက်လွတ်လပ်ရေးကိုပေးဖို့ အပြင်းအထန် ခေါင်းဆောင်မှုပေး၍ တိုက်ပွဲဝင်လာသည်။
- ဂန္ဒီကိုယ်တိုင် ချားရဟတ်ကိုကိုင်၍ ချည်ငင်ပြီးလျှင် ထိုမှရသော ချည်ခင်များကိုသာ အဝတ်အထည်ရက် ဝတ်ဆင်ကြဖို့ ဦးဆောင် ပြီး တပြည်သုံး ဗြိတိသျှအဝတ်အထည်တို့ကို သပိတ်မှောက်ဖို့ နိုင်ငံရင်းအထည်များကို ဝတ်ဆင်ဖို့ လှုံ့ဆော်၍ တိုက်ပွဲဝင်လာ ကြသည်။
- ဆားချက်သူတို့ ဆားခွန်မပေးဖို့ တိုက်ပွဲဝင်ကြသည်။
- မဟတ္တမဂန္ဒီအပါအဝင် ခေါင်းဆောင်များနှင့် နောက်လိုက် အချို့ကို ထောင်နှင့်ချီ၍ ဖမ်းဆီးသည်။ တချို့ကို တရားစွဲ၍ အလုပ်ကြမ်းနှင့် ထောင်ချသည်။ ထောင်တိုင်း ထောင်တိုင်း လူပြည့်လျှံနေခဲ့သည်။
- အိန္ဒိယနိုင်ငံရေးခေါင်းဆောင်ကြီးများသည်ကား စီးပွားဥစ္စာနှင့် ပညာများလည်း ပြည့်စုံကြသည်။ ကွယ်လွန်သူ ဝန်ကြီးချုပ် ဟောင်း မစ္စတာနေရူး၏ဖခင် မိုတီလာနေရူးကိုယ်တိုင် ဝတ်လုံ လိုက်၍ အာလဟာဘတ် တရားလွှတ်တော်တွင် တလ တလ သောင်းနှင့်ချီ၍ ဝင်ငွေရခဲ့သည်။ အခြားအခြား ခေါင်းဆောင် များလည်း စက်ရုံကြီးပိုင်ရှင်၊ တိုက်အိမ်ပိုင်ရှင်၊ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာများ ပါဝင်ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး

- အိန္ဒိယခေါင်းဆောင်ကြီးများ၊ အိန္ဒိယကွန်ဂရက်အသင်းကြီး ခေါင်းဆောင်များလွတ်လပ်ရေးတိုက်ပွဲဝင်လာသည့်အခါ မြန်မာ နိုင်ငံမှ ဦးဥတ္တမကိုယ်တော်၏ လှုံ့ဆော်ချက်ဖြင့် မြန်မာခေါင်း

ဆောင်များ၊ သံဃာသာမဂ္ဂီများ၊ သခင် သခင်မများ၊ ကျောင်းသားသပိတ်များဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးမှာလည်း တနေ့ထက်တနေ့ အသံတို ပြင်းထန်လာသည်။

— သံဃာသာမဂ္ဂီ အဖွဲ့အစည်းများ၊ ဝံသာနုကုမ္မာရီအသင်းများ၊ ဂျီစီဘီအေ(မြန်မာအသင်းချုပ်ကြီး)တို့ကိုတည်ထောင်၍ ဗြိတိသျှတို့အား အာခံလာကြသည်။

— ဆရာစံကြီးမှူးသော သူပုန်ထကြွမှုများလည်း သာယာဝတီမှစ၍ မြန်မာနိုင်ငံအနှံ့ ပေါ်ပေါက်ခဲ့သည်။

— သခင်ဗစိန်၊ သခင်ထွန်းအုပ်၊သခင်ညို၊ သခင်လေးမောင်၊ သခင်ခ သခင်လွင် စသော သခင်များနှင့် သခင်ဘသောင်းတို့ သခင်အဖွဲ့ဖြင့်အစိုးရကို တိုက်ခဲ့ကြသည်။

— ဗြိတိသျှတို့က သူပုန်ခေါင်းဆောင်များကို ကြိုးမိန့်ပေး၍တမျိုး၊ တသက်တကျွန်းဒဏ်ဖြင့်တမျိုး အမျိုးမျိုးဖိနှိပ်ခဲ့သည်။

— လူငယ်ခေါင်းဆောင် သခင်အောင်ဆန်းကြီးမှူးသော လူငယ်တစု ဗြိတိသျှတို့ကိုတိုက်ဖို့ စည်းရုံးရေးအတွက် လျှို့ဝှက်ကာ မြန်မာနိုင်ငံမှထွက်၍ ဂျပန်ခေါ်လာပြီး တိုက်ပွဲဝင်ခဲ့ကြသည်။

— သို့သော် ဂျပန်က သစ္စာဖောက်သည့်အခါ ထိုထိုလူငယ်များသည် ဂျပန်ကို ပြန်၍ မောင်းထုတ်လိုက်ရသည်။

— ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်အချိန်တွင် မြန်မာနိုင်ငံရေးသည် ပို၍ပို၍ ပြင်းထန်လာသည်။

— ဗြိတိသျှတို့မှာလည်း မိမိနိုင်ငံအတွက် ပြန်လည်ထူထောင်ဖို့ အရေးကြီးလာ၍ မြန်မာနိုင်ငံကို လက်လွှတ်ရဖို့ ဖြစ်လာသည်။

— ဗြိတိသျှတို့က မြန်မာနိုင်ငံကိုစွန့်ဖို့ သဘောလာသည်။

ထို့ကြောင့် မြန်မာနိုင်ငံကို ၁၉၄၈ခုနှစ်တွင် မပေးလျှင်မနေရသော လွတ်လပ်ရေးကြီးကို မြန်မာနိုင်ငံက ရရှိလာခြင်းဖြစ်သည်။

## ဗြိတိသျှတို့ထံမှ ဘာမှမကျန်ခဲ့

နှစ်တရာခန့်အုပ်ချုပ်ခဲ့သော ဗြိတိသျှတို့လက်အောက်တွင်ကား ရခိုင်၊ မွန်၊ မြန်မာစသည့် ပြည်သူတို့မှာ ဗြိတိသျှတို့ထံမှ စက်ရုံ အလုပ်ရုံများ တည်ထောင်ခဲ့သော စီးပွားရေးလုပ်ငန်းများ ဘာတခုမျှ မကျန်ခဲ့ပေ။

ဗြိတိသျှတို့နိုင်ငံနှင့် ၎င်းတို့ ကိုလိုနီနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချရာတွင် အသုံးပြုခဲ့သော ဆန်စက်ဟောင်းများ၊ သစ်ခွဲစက်ဟောင်းများသာ အသင့်အတင့် ကျန်ခဲ့သည်။

- ယနေ့ ရခိုင်ပြည်နယ်သည် လူဦးရေအားဖြင့် ၁,၉၀၀,၄၅၇ ယောက်ရှိရာ မြို့နယ်အားဖြင့် (၁၇)မြို့နယ်ရှိသည်။
- ရခိုင်ပြည်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄,၂၀၀ ရှိသည်ဟု သတ်မှတ်ထားသည်။
- ၁၉၇၀-၇၉ ခုရခိုင်လယ်သမားအိမ်ထောင်စုပေါင်း ၂၅၃,၁၇၇ ဖြစ်၍ ၅ ဧကအောက် ထွန်ယက်စိုက်ပျိုးသော လယ်သမားအိမ်ထောင်စုမှာ ၇၅ရာခိုင်နှုန်းရှိပြီး တိုးချဲ့ဖို့ ဧက ၃ဒသမ၅ သိန်းကျော်ရှိသည်။
- ရခိုင်တွင် လုပ်ငန်းဟူ၍ စပါး ဆန်စိုက်ပျိုးရေးလုပ်ငန်းတခုတည်းသာရှိသဖြင့် စပါးစိုက်ပျိုးရေးမှအပ အခြားသီးနှံစိုက်ပျိုးရေး အလုပ်အကိုင်တို့ကို ပိုမိုလာအောင် ကြိုးစားပေးဖို့ လိုအပ်သည်။
- လူဦးရေမှာ နေ့စဉ်နှင့်အမျှ တိုးနေသဖြင့် စားဖို့ လူတိုးသမျှ အစားအစာတိုးလာဖို့ လိုအပ်နေပေသည်။

## ပေထက်အက္ခရာ သင်္ဂါယနာ

ခရစ်မပေါ်မီ ဘီစီ ၉၄ သာသနာတော်သက္ကရာဇ် ၄၅၂ တွင် လင်္ကာဒီပသီဟဠ္ဌဟူသော သီဟိုဠ်ကျွန်းတွင် အုပ်ချုပ်လျက်ရှိသည့် ဝဋ္ဋဂါမဏိမင်းလက်ထက် ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်ဆောင်ကြသော

ရဟန်းတော်များသည် နောင်အနာဂတ်ကာလတွင် အာဂုံမဆောင်ရွက်နိုင်ပဲ ပိဋကတ်ကျမ်းစာများ ပျောက်ကွယ်မည်ကို စိုးရိမ်၍ နှုတ်တိုက်အာဂုံမှ ပေရွက်တွင်ရေးလျက် ပေထက်အက္ခရာ သီဟိုဠ်ဘာသာဖြင့် စတုတ္ထအကြိမ် သင်္ဂါယနာ တင်ခဲ့ကြသည်။

ထိုစတုတ္ထသင်္ဂါယနာတင်ပွဲကို ဦးစီးနာယက ပြုလုပ်သူမှာ ရှင်ဓမ္မရက္ခိတဖြစ်၍ သံဃာတော် ၅၀၀ ပါဝင်သည်။

## ကျောက်ထက်အက္ခရာ သင်္ဂါယနာ

မြန်မာနိုင်ငံ၌ကား မင်းအများတို့အနက် ကောဇာသက္ကရာဇ် ၁၂၃၃ သာသနာတော်သက္ကရာဇ် ၂၅၁၅ တွင် မန္တလေးမြို့ နေပြည်တော်ကို စတင်တည်ထောင်ခဲ့သော မင်းတရားကြီးသည် ကျောက်ထက်အက္ခရာဖြင့် ဓမ္မစက်များကို ပထမအကြိမ် သင်္ဂါယနာတင်ခဲ့ရာ ထိုအကြိမ်သည် ပဉ္စမအကြိမ်ဖြစ်သည်။

## စက္ကူပုံနှိပ်အက္ခရာသင်္ဂါယနာ

ထို့နောက်သာသနာသက္ကရာဇ် ၂၅၀၀ တွင် မြန်မာနိုင်ငံဖ-ဆ-ပ-လ အစိုးရ ဝန်ကြီးချုပ် ဦးနုလက်ထက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေပေါ်တွင် ပေအက္ခရာနှင့် ကျောက်အက္ခရာတို့မှ စက္ကူပုံနှိပ်စက်အက္ခရာသို့ရေး၍ ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်။

## ဒုလ္လဘတရားငါးပါး

ဤသို့အားဖြင့် ဗုဒ္ဓ၏တရားတော်များကို ဆင့်ကဲ....ဆင့်ကဲ၊ သင်္ဂါယနာတင်လာခြင်းသည် သတ္တဝါတို့ အကုသိုလ်တရားမှ ရှောင်ရှားနိုင်ဖို့ ရခဲ့သောဘဝကို ငရဲ တိရစ္ဆာန် ပြိတ္တာစသည့် မကောင်းသောဘဝများသို့ မရောက်ဖို့ပင်ဖြစ်သည်။

ရခဲလှစွာသော ဒုလ္လဘတရားငါးပါးကား....

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ-ဘုရားအဖြစ်ကို ရခဲခြင်း၊

၂။ မနုဿတ္တဘာဝ ဒုလ္လဘ-လူ့ဘဝ လူ့အဖြစ်ကို ရခဲခြင်း၊

၃။ သဒ္ဓါသမ္ပတ္တိဒုလ္လဘ-ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်း စိတ်ဓာတ်ကိုရ ခဲခြင်း။

၄။ ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ-ဘုရားသာသနာအတွင်း၌ ရှင်သာမဏေ ရဟန်းပဉ္စင်းအဖြစ်ကိုရခဲခြင်း။

၅။ သဒ္ဓမ္မဿဝနအတိဒုလ္လဘ သူတော်ကောင်းတို့၏ တရားစင်တရားမှန်များကို အလွန်တရာနာကြားရခဲခြင်း ဟူ၍ဖြစ်၏။

## သီဟိုဠ် ရခိုင် အပြန်အလှန်လက်ဆောင်

ရခိုင်ပြည်သည် ဗုဒ္ဓ၏ဓမ္မစက်ကို ဂေါတမဗုဒ္ဓကိုယ်တိုင် ချမှတ်ခဲ့သည့်နေ့မှစ၍ ဗုဒ္ဓတရားကို ယုံကြည်လေးစားသောဘုရင်တို့ကိုယ်တိုင် အာဏာစက်ဖြင့်ဖိအားပေးသည့်အခါတွင် သာသနာ့အလင်းရောင် ထွန်းပြောင်တောက်ပခဲ့သည်။

သက္ကရာဇ် ၈၃၇ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ ပိဋကတ်သုံးပုံ သုံးစုံကို ရခိုင်ဘုရင်သို့ မေတ္တာလက်ဆောင်ပေးပို့ခဲ့သည်။

သီဟိုဠ်ကျွန်းသီဟိုဠ်ဘုရင်၊ပေါ်တူဂီဘုရင်၊ပသီမင်းတို့သည်လည်း ရခိုင်ဘုရင်များသို့ကူးလူးဆက်ဆံ မေတ္တာလက်ဆောင်ပဏ္ဏာများဆက်သသကဲ့သို့ ရခိုင်ဘုရင်ကလည်း အလားတူ ပြန်လည်ပေးဆက်ခဲ့သည်။

သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် ၈၄၀၀၀သော မြို့ကြီးများကို မြတ်စွာဘုရား၏သရီရဓာတ်ခုနစ်စရွတ်–တဆယ့်လေးပြည်တို့ကို ဌာပနာသွင်း၍ စေတီတော် တည်ထားခဲ့ရာ တပါးအပါဝင်ဖြစ်သော ရခိုင်ပြည်ရှိ စေတီတော်တို့ကိုလည်း အလားတူပင်ပြုလုပ်တော်မူသည်။

## သီရိဓမ္မာစသောကမင်းကြီးလက်ထက်

သက္ကရာဇ် ၂၃၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာမထေရ်ကြီးမှူး၍ သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာပြုခဲ့ရာတွင် သုဝဏ္ဏဘုမ္မိတိုင်း သထုံသို့လည်း ဗုဒ္ဓသာသနာ အလင်းရောင် ရောက်ခဲ့သည်မှာ ပထမဟုဆိုရပေမည်။

ထိုမင်းလက်ထက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုဖို့ အသောကဘုရင်က ရဟန္တာအရှင်မြတ်တို့အား လျှောက်ထားပြီး ကြွတော်မူရာတွင် ရှင်ဓမ္မရက္ခိတ မထေရ်သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်ဘက်သို့လည်းကောင်း၊ ရှင်သောဏနှင့် ရှင်ဥတ္တရတို့သည် သုဝဏ္ဏဘုမ္မိနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်သို့လည်းကောင်း ကြွရောက်ခဲ့ပြီး သီရိဓမ္မာသောကမင်းကြီး၏သားတော်ရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့တာဝန်ယူ၍ သာသနာပြုဖို့ ကြွရောက်ခဲ့ပေသည်။

ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်းနှင့် မြန်မာနိုင်ငံတွင် ရန်ပေါင်မင်းအုပ်ချုပ်သော သရေခေတ္တရာတို့ ထီးပြိုင်နန်းပြိုင် အချိန်အခါဖြစ်ပေသည်။

## သင်းကျစ်တော်စေတီ

ဗုဒ္ဓသည် ဓညဝတီရခိုင်ပြည်သို့ကြွ၍ သေလာဂိရိ ကျောက်တော်တောင်၌ သက်ဆင်းပြီး ရပ်တော်မူခဲ့စဉ် ဗျာဒိတ်ပေးတော်မူခဲ့သည့်အတိုင်း သက္ကရာဇ် ၉၄၇တွင် မိဂဒပဗ္ဗတတောင်၌နဖူးသင်းကျစ်တော် ဓာတ်တော်ကို ဌာပနာ၍ သင်းကျစ်တော်စေတီ တည်တော်မူခဲ့သည်။

## ဆံတော်နှင့် ဦးရစ်တော်စေတီ

ထို့နည်းအတူ ဒွါရာဝတီ သံတွဲမြို့၌ မဏိကေသာတောင်တွင် ဆံတော်စေတီတော်ကိုထပ်မံတည်တော်မူပြီး သီလပဗ္ဗတတောင်၌ ဦးရစ်တော်ဓာတ်ကို ဌာပနာ၍ ဦးရစ်တော်စေတီ တည်ခြင်းအားဖြင့် စေတီ

တော် ၁၇ ဆူကို မင်းဖလောင်းကြီးလက်ထက်၌ တည်ထောင်ကိုးကွယ်ခဲ့ကြသည်။

## စည်းလုံးညီညွတ်မှုကြောင့်

ကောဇာသက္ကရာဇ် ၉၅၃ ခု၊ တန်ခူးလပြည့်ကျော်၁ရက်၊ တနင်္ဂနွေနေ့ နံနက်အချိန်တွင် အသောင်းမကသော သံဃာတော်တို့အား ရှစ်ပါးသောပရိက္ခရာကိုယ်စီနှင့်တကွ လှူဒါန်း၍ နိုင်ငံသူ နိုင်ငံသားတို့ကိုလည်း အဝတ်အထည်ပစ္စည်းတို့ကိုလှူဒါန်းခဲ့လေသည်။

နိုင်ငံတော်သည် သာသနာရေးတွင်လည်းကောင်း၊ စီးပွားရေးတွင်လည်းကောင်း အမျိုးသားညီညွတ်ရေး၌လည်းကောင်း တိုးတက်လျက် တိုင်းသူပြည်သားအချင်းချင်း စည်းလုံး ညီညွတ်ခြင်းကြောင့် နိုင်ငံသည် ကြီးပွားသာယာပြီး လူဆိုး ခိုးသားဒမြကင်းရှင်းခဲ့လေသည်။

## တချိန်က မြောက်ဦးသာသနာ

မြောက်ဦးမြို့တော်၌ ထိုအချိန်အခါက ဖော်ပြထားသောစာရင်းအရ ရဟန်းကျောင်းများ၏ ကျောင်းကြီး၊ သို့မဟုတ် ကျောင်းတိုက်ပေါင်း ၃၀ ခန့်ရှိ၍ပရာ များသောအားဖြင့် ကျောင်းများတွင် စာပေပရိယတ္တိပို့ချသောကျောင်းများဖြစ်၍ ရခိုင်တပြည်လုံး၌ကျောင်းပေါင်းမှာ ၃၀၀၀ကျော်မျှ ခဲ့သည်။ ယင်းတို့အနက် ပဋိပတ္တိဝိပဿနာလုပ်ငန်းတို့ဖြင့် ရိပ်သာတို့မှာလည်း တောရောမြို့ပါ ပြည့်လျက်ရှိခဲ့သည်။

## ယနေ့ စစ်တွေမြို့သာသနာ

ယနေ့အခြေအနေမှာ ရခိုင်ပြည်နယ် မြို့တော်ဖြစ်သောစစ်တွေမြို့၌လည်းကောင်း၊ ကျောက်ဖြူ သံတွဲမြို့များ၌လည်းကောင်း၊ စာသင်

သားရဟန်းတော် အပါး ၅၀ မှ ၁၀၀ ကို ပရိယတ္တိ ပို့ချပေးနေသော စာသင်တိုက်ကြီးများမရှိသလောက် ဆုတ်ယုတ်နေပေသည်။

ရန်ကုန်မြို့ အလုံချပ်ကွက်သည် ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်သော စစ်တွေမြို့၏ သုံးပုံတပုံမျှပင် လူဦးရေနှင့် အိမ်ခြေမများလှပေ။ သို့သော် ပရိယတ္တိစာသင်တိုက်တို့မှာ သံဃာတော် ၂၀၀နီးပါးရှိ အောင်မင်္ဂလာ ပါဠိတက္ကသိုလ်၊ ကမ်းနားလမ်း ဦးဇောတကြီးမှူးသော သံဃာတော် ၅၀ကျော်ရှိ ပါဠိတက္ကသိုလ်နှင့် ဆူပါပင်လမ်း စာသင်သား ရဟန်း ၅၀ မျှရှိ ကရင်ရဟန်းတော်များစာသင်တိုက်တို့ဖြင့် ပရိယတ္တိသာသနာ ထွန်းကားလျက်ရှိပေသည်။

မြောက်ဦး၊မင်းပြား၊ ကျောက်တော်၊ ရမ်းဗြဲစသော မြို့နယ်များ တွင်လည်း ပရိယတ္တိစာသင်တိုက်များ အလွန့်အလွန် နည်းပါးလျက်ရှိပြီး ပဋိပတ္တိ ဝိပဿနာတရား အားထုတ်သော ရိပ်သာများမှာကား မရှိ သလောက်ရှားပါးနေခဲ့သည်။

## မဟာစည်ကျေးဇူး

တနှစ်လျှင် တကြိမ်ကျ မဟာစည် ကမ္မဋ္ဌာန်းတရားများကိုလှည့် လည်၍ ဟောပြောခြင်းတို့ကိုသာ နာယူပြီး နေကြရသည့် အချိန်တွင် ဦးညာဏစက္က ကြီးမှူးသော ကမ္မဋ္ဌာန်း ရိပ်သာများသည် တမြို့မှ တမြို့ တိုးတက်လာသည့်အပြင် ကျေးရွာ ဒေသများသို့ ချဲ့ထွင်တည်ထောင် လျက်ရှိကြသည်ကို အချို့သော မြို့နယ်များက ဝမ်းမြောက်ဝမ်းသာ ရှိကြသည်နှင့်အမျှ အားပေးလျက်ရှိကြသည်။

## ရခိုင်ပြည်ည်နယ်ရှိ ကမ္မဋ္ဌာန်း ရိပ်သာများ

၁။ ကျောက်တော်မြို့ စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ။
၂။ အုဘ်ပုံတောင် အောင်သစ္စာ စိတ္တသုခကမ္မဋ္ဌာန်းရိပ်သာ။
၃။ ဘုရားကြီးတောင် စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ။
၄။ မြောက်ဦးမြို့ မင်္ဂလာတော်ရှေ့ဂူ စိတ္တသုခကမ္မဋ္ဌာန်းရိပ်သာ။
၅။ ကိုးနဝင်း စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ၊
၆။ ရခေသ့တောင် ဦးဂါရွာ စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ၊
၇။ စဉ့်ကားတောင် စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ၊

၈။ မင်းပြား၊ ကျိန်းတောင်သုခ ကမ္မဋ္ဌာန်းရိပ်သာ၊
၉။ ကျိန်းတောင်အောက်၊ စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ၊
၁၀။ မောင်းတောမြို့ အောင်သစ္စာ စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ၊
၁၁။ ဘူးသီးတောင်မြို့ မြစိမ်းရောင် စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ။
၁၂။ ပုဏ္ဏားကျွန်းမြို့ အင်္ဂရား တောစိတ္တ သုခကမ္မဋ္ဌာန်းရိပ်သာ။
၁၃။ ပေါက်တောမြို့ စည်ပင်သာယာ ရွက်မညိုးတောင် စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာ။
၁၄။ တောင်ညို စိတ္တသုခ ရိပ်သာ။
၁၅။ ကြိမ်ခွေမော် စိတ္တသုခရိပ်သာ။
၁၆။ တောင်ဖူးတောင် စိတ္တသုခရိပ်သာ။
၁၇။ တောင်ဦးမော် စိတ္တသုခရိပ်သာ။
၁၈။ မဟာရံမဟာသတိပဋ္ဌာန် စိတ္တသုခရိပ်သာ၊
၁၉။ ဘားဘူတောင် စိတ္တသုခရိပ်သာ၊
၂၀။ ဘာညိုတောင် စိတ္တသုခရိပ်သာ၊
၂၁။ မြောက်ပြင်ရွာ စိတ္တသုခရိပ်သာ၊
၂၂။ လက်မံတောင် စိတ္တသုခရိပ်သာ၊
၂၃။ ကျောက်ဆူး ကျောက်မောင်း စိတ္တသုခရိပ်သာနှင့်တကွ

စစ်တွေမြို့တွင် သီရိမင်္ဂလာကုန်းနှင့် အလားတူ စိတ္တသုခရိပ်သာကို တည်ထောင်ဖွင့်လှစ်၍ ဝိပဿနာ တရားများကို အားထုတ်လျက် ရှိကြသည်။

ဝိပဿနာတရားကား မဟာသတိပဋ္ဌာနသုတ္တန်တရားတော်က လမ်းပြလမ်းညွှန် ထားသည်နှင့်အညီ တံခါး ခြောက်ပေါက် ဒွါရခြောက်ပါး မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်တို့မှ ကြားတိုင်း၊ မြင်တိုင်း၊ မွှေးနံ့တိုင်းတွေ့ထိတိုင်း၊ ဆန့်တိုင်း၊ ကွေးတိုင်း၊ လှည့်တိုင်း၊ စောင်းတိုင်း၊ ထိုင်တိုင်း၊ ထတိုင်း၊ လှမ်းတိုင်း၊ အိပ်တိုင်း၊ ယူတိုင်း၊ သွားတိုင်း၊ ကိုင်တိုင်း၊ စားတိုင်း၊ ဖောင်းတိုင်း၊ မျိုတိုင်း၊ ပိန်တိုင်း၊ ကြံတွေးတိုင်း၊ ပျော်တိုင်း၊ ပျင်းရိတိုင်း၊ ရယ်ချင်တိုင်း၊ ငိုချင်တိုင်း၊ ဖြစ်ပေါ်နေသမျှကို တကွက်မကျန်အောင် မှတ်ရှုခြင်းဖြင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းဖို့ သောတာပတ္တိမဂ်သကဒါဂါမိမဂ်၊ အနာဂါမိမဂ် အရဟတ္တမဂ်တို့ဖြင့် အေးချမ်းဖို့ ဘဝကိုရှာကြဖို့ ဗုဒ္ဓဂေါတမက နည်းကောင်း လမ်းကောင်း ပေးထားခဲ့ပြီး ဖြစ်သည်။

ဤတရားကို ရိပ်သာများမှာ ယောဂီများ ကျင့်ကြံအားထုတ်နေကြလေသည်။

ယခင်က ဓညဝတီ ရခိုင်ပြည်ကြီးကား မည်မျှတိုးတက် စည်းကားခဲ့သည်။

မြို့ပေါင်းမည်မျှ ရှိခဲ့သည်ကို သိကြဖို့ မြို့များအမည်စာရင်း ဖော်ပြလိုက်ပါသည်။

### ကဆ္ဆပနဒီမြစ်–အရှေ့ဘက်ကမ်း ၉၉ မြို့စာရင်း

| ဦးရေ | မြို့အမည် | မြို့တည်မင်း | ဦးရေ | မြို့အမည် | မြို့တည်မင်း |
|---|---|---|---|---|---|
| ၁။ | ဒွါရဝတီမြို့ | ဝါသုဒေဝ | ၁၇။ | မင်းသားပြင်မြို့ | |
| ၂။ | ဝေသာလီမြို့ | | ၁၈။ | သရဝန်မြို့ | |
| ၃။ | ငခွေးသင်တောင်မြို့ | ဗြာဟ္မဏရာဇာ | ၁၉။ | ဆင်းကူးမြို့ | |
| ၄။ | ဓညဝတီမြို့ | မာရယု | ၂၀။ | ပေါင်လောင်တိုင်မြို့ | |
| ၅။ | ကျောက်ပန်းတောင်းမြို့ | ဒုတိယကံရာဇာ | ၂၁။ | တိုင်းချင်မြို့ | |
| ၆။ | ကျောက်လှေကားမြို့ | မဟာစန္ဒရား | ၂၂။ | စိန်ညင်းတိုင်မြို့ | |
| ၇။ | စမ္ပဝက်မြို့ | ငထုံမင်း | | မုဋ္ဌရီမြို့ | |
| ၈။ | ပရိန်မြို့ | လယ်ယာမင်းနန် | | ကျွန်ပေါင်လောင်မြို့ | |
| ၉။ | ခြိတ်မြို့ | မင်းဖုန်းစား | | ဆင်ချောင်းမြို့ | |
| ၁၀။ | တောင်ငူမြို့ | မဥ္စူသင် | | သောက်ရှုပြင်မြို့ | |
| ၁၁။ | လောင်းကြက်မြို့ | အလောမာဖြူ | | စည်ဘောင်းတောင်မြို့ | |
| ၁၂။ | မြောက်ဦးမြို့ | မင်းစောမွန် | | ဂင်္ဂါပြင်မြို့ | |
| ၁၃။ | ပန္နဝတီမြို့ | | | ခေါင်းဖြူတောင်မြို့ | |
| ၁၄။ | မိန်းမလှမြို့ | | | နံ့နွင်းတောင်မြို့ | |
| ၁၅။ | မင်းစောပြင်မြို့ | | | ကာဝန်တောင်မြို့ | |
| ၁၆။ | မင်းသမီးပြင်မြို့ | | | မလေးတောင်မြို့ | |

| ဦးရေ | မြို့အမည် | မြို့တည်မင်း | ဦးရေ | မြို့အမည် | မြို့တည်မင်း |
|---|---|---|---|---|---|
| ၂၃။ | ဝေလုပတမြို့ | | ၄၈။ | ဝါးရဲတောင်မြို့ | |
| ၂၄။ | ဝါနီတောင်မြို့ | | ၄၉။ | သဝင်းကိုင်းမြို့ | |
| ၂၅။ | ထင်ရှူးတောင်မြို့ | | ၅၀။ | ပြိုင်းတိုင်မြို့ | |
| ၂၆။ | တီးဝန်းတောင်မြို့ | | ၅၁။ | ကြက်သရေမြို့ | |
| ၂၇။ | ရေချမ်းတောင်မြို့ | | ၅၂။ | စည်သဘင်တောင်မြို့ | |
| ၂၈။ | ရွှေပန်းတောင်မြို့ | | ၅၃။ | ငါးရုံ့ချောင်းမြို့ | |
| ၂၉။ | ငန်းတောင်မြို့ | | ၅၄။ | ခြသေ့်တောင်မြို့ | |
| ၃၀။ | ပဋ္ဌာမြို့ | ခေတ္တာသင် | ၅၅။ | မောင်ပုံတောင်မြို့ | |
| ၃၁။ | သီရိဂုတ်မြို့ | | ၅၆။ | ပြိုင်းတောင် | |
| ၃၂။ | အဥ္စနဝတီမြို့ | | ၅၇။ | ကိန်းသာမြို့ | |
| ၃၃။ | သီရိဝတီမြို့ | | ၅၈။ | ကိန်းသာတောင်မြို့ | |
| ၃၄။ | ဆင်ကျုံးမြို့ | | ၅၉။ | သလွန်တောင်မြို့ | |
| ၃၅။ | ကံသုံးဆင့်မြို့ | မင်ငယ်ပျော်လှစည်သူ | ၆၀။ | ဆင်ဖြူကျွန်းမြို့ | |
| ၃၆။ | သီရိမာဝတီမြို့ | | ၆၁။ | ပိန္နဲတောင်မြို့ | |
| ၃၇။ | ရာဇဂြိုဟ်မြို့ | | ၆၂။ | ထွေပြားဖြူမြို့ | |
| ၃၈။ | ဂန္ဓဝတီမြို့ | | ၆၃။ | ကာတောင်းမြို့ | |
| ၃၉။ | ပဥ္စဝတီမြို့ | | ၆၄။ | အမ္ဗနဒီမြစ်နားမြို့<br>ပုသင်ထက်မြို့ | |
| ၄၀။ | သမ္မာဝတီမြို့ | | ၆၅။ | ရင်ခတ်တီးမြို့ | |
| ၄၁။ | ကုမ္ဘာဝတီမြို့ | | ၆၆။ | စမ္ပာဝတီမြို့ | |
| ၄၂။ | ကရဏီသုဝဏ္ဏ | | ၆၇။ | သေလာအိုင်မြို့ | |
| ၄၃။ | ကြေပြင်မြို့ | | ၆၈။ | ရမ္မာဝတီမြို့ | |
| ၄၄။ | လေညင်းတောင်မြို့ | | ၆၉။ | မာန်အောင်မြို့ | |
| ၄၅။ | အဇဝတီမြို့ | | ၇၀။ | ကျွန်းသာယာမြို့ | |
| ၄၆။ | ပါသိဝံမြို့ | | ၇၁။ | ကျွန်းနံသာမြို့ | |
| ၄၇။ | စန္ဒနမြို့ | | ၇၂။ | လင်လိုမြို့ | |

၇၃။ သန္ဒွားတောင်

၇၄။ စဖွလယ်မြို့

၇၅။ မင်းပြားမြို့

၇၆။ ပန်းနံသာမြို့

၇၇။ လှုံရိုးပြန်မြို့

၇၈။ တောင်သုံး
ဆယ်မြို့

၇၉။ သရက်
တောင်မြို့

၈၀။ နဂါးတောင်မြို့

၈၁။ တပင်တိုင်မြို့

၈၂။ တောင်ဖြူ

၈၃။ တောင်မြို့
လှုံရိုးတောင်မြို့

၈၄။ နီလာပန်း
တောင်မြို့ စောစစ်

၈၅။ တောင်ကုတ်မြို့

၈၆။ လင်းဟုတ်မြို့

၈၇။ နန်းတောင်မြို့

၈၈။ ရိုးပေါ်လွန်း
ရိုးတောင်မြို့

၈၉။ မှန်ချို

၉၀။ မဏိမြို့

၉၁။ မှန်ကူမြို့

၉၂။ လက်မယာမြို့

၉၃။ လင်းမြို့

၉၄။ ဝါသုမြစ်နား၌
ကမ္ဗလာမြို့

၉၅။ မြေပုံမြို့

၉၆။ နေရဥ္စရာမြို့

၉၇။ ကုသဝတီမြို့

၉၈။ အမ်း

၉၉။ သာသည်

အောက်ဖော်ပြပါသုံးမြို့မှာ နောက်မှ တည်ထောင်သောမြို့ဖြစ်၍ ဖော်ပြခဲ့သောစာရင်းတွင် ပါဝင်ခြင်းမရှိပေ။

၁။ ကွဲချောင်း

၂။ ကျောက်ဖြူ

၃။ ပလက်ဝ

## ကစ္ဆပနဒီမြစ် အနောက်ဘက်ကမ်း ၉၉ မြို့ စာရင်း

| ဦးရေ | မြို့အမည် | မြို့တည်မင်း |
|---|---|---|
| ၁။ | ကြက်သရေ ကြီးမြို့ | မင်းပါ |
| ၂။ | ကုလားပဉ္စင် | |
| ၃။ | မြန်မာ | |
| ၄။ | ဂဏပစ္ဆိမ | |
| ၅။ | ဝက်ာရေ | |
| ၆။ | ဇင်္ဂလ | |
| ၇။ | သန္တလေ | |
| ၈။ | သန္တရာဇ် | |
| ၉။ | သောတာကရဇ် | |
| ၁၀။ | မဟာကရာဇ် | |
| ၁၁။ | စူဠကရာဇ် | |
| ၁၂။ | ဇလင်ကရာဇ် | |
| ၁၃။ | သင်ပါကရာဇ် | |
| ၁၄။ | စန္ဒနသာရ | |
| ၁၅။ | ယတ္တိရာ | |
| ၁၆။ | ပဉ္စဝတီ | |
| ၁၇။ | ရထဝါရီကျော် | |
| ၁၈။ | သုဝဏ္ဏ | |
| ၁၉။ | ဝေဠုဝတ် | |
| ၂၀။ | ပတိလ | |
| ၂၁။ | သောရပါ | |
| ၂၂။ | မဟာပုံ | |
| ၂၃။ | ရမ္မာပူရီ | |
| ၂၄။ | ရက္ခပူရီ | |
| ၂၅။ | စန္ဒနဂိရိ | |
| ၂၆။ | သမာဝါရ | |
| ၂၇။ | ဝေလာပုံ တောင် | |
| ၂၈။ | တော်ဝ | |
| ၂၉။ | မလ္လရာဇ | |
| ၃၀။ | တောန်သူရဲ | |
| ၃၁။ | ရက္ခန္ဓ | |
| ၃၂။ | သန္ဒရာဇ် | |
| ၃၃။ | ဂန္ဓဝရီ | |
| ၃၄။ | စန္ဒနဂိရိ | |
| ၃၅။ | အဝန္တိ | |
| ၃၆။ | ကောဏဂရာဇ် | |
| ၃၇။ | ဆားတလင်းမြို့ | |
| ၃၈။ | ခမောင်းထုံမြို့ | |
| ၃၉။ | သရက်အိုင် | |
| ၄၀။ | ငါးကြည်း တောင် | |
| ၄၁။ | ဘုန်းပြင် | |
| ၄၂။ | သပိတ်တောင် | |
| ၄၃။ | ယင်ပေါင် တောင် | |
| ၄၄။ | အင်ကြင်း တောင် | |
| ၄၅။ | ရွှေစင်းကြန် | |
| ၄၆။ | ဇလိမ်မြို့ | |
| ၄၇။ | ဆင်သေ | |
| ၄၈။ | ဆဒ္ဒန်အိုင် | |
| ၄၉။ | သဝင်ကျွန်း | |
| ၅၀။ | စစ်တန်းတင် | |
| ၅၁။ | သမက်မြို့ | |
| ၅၂။ | ယောက္ခမ | |
| ၅၃။ | ဆံထုံးဆွဲ | |

၅၄။ သလူတောင်
၅၅။ တပ်မြို့
၅၆။ တောင်ကျွန်း
၅၇။ ကြက်တောင်
၅၈။ ကာသုရ
၅၉။ ငတောက်ပုံ
၆၀။ သလူချောင်း
၆၁။ ပဲကောက်မြ
၆၂။ ပေကျွန်း
၆၃။ ခမောင်းဆိပ်
၆၄။ မှိုင်းနီလာ
၆၅။ ဒဝန်
၆၆။ သုန္ဒရ
၆၇။ ဝတ္တိဒွါရ
၆၈။ တံတိုင်းစည်မြို့
၆၉။ ပြင်တောင်မြို့
၇၀။ ဝဏ္ဏရာဇ်မြို့
၇၁။ ကင်ပိအိုင်မြို့
၇၂။ စကူမြို့
၇၃။ ရဲရန်တိုင်မြို့
၇၄။ သေမသောက်မြို့
၇၅။ သာမြိုင်မြို့
၇၆။ ကျောက်တံခါးမြို့
၇၇။ တရုပ်ကာမြို့
၇၈။ ခွေးသေမြို့
၇၉။ ဩရမ္မမြို့
၈၀။ ဝေရဠုမြို့
၈၁။ တရုပ်မြို့
၈၂။ သာယာမြို့
၈၃။ မလ္လာမြို့
၈၄။ မြင်းသေပြင်မြို့
၈၅။ နီလာပြင်မြို့
၈၆။ အောင်သာမြို့ မင်းပါ
၈၇။ စစ်တလင်းမြို့ မင်းပါ
၈၈။ ဆိမီးတောက်မြို့ မင်းပါ
၈၉။ စိန်ညင်းပြင်မြို့
၉၀။ သလူချောင်းမြို့
၉၁။ တိုင်းစပ်မြို့
၉၂။ ငတောက်ပုံမြို့
၉၃။ ပတ္တနဂိုရ်မြို့
၉၄။ ဝိဝရီမြို့
၉၅။ လောမာရမြို့
၉၆။ ခြသေ့်တောင်မြို့
၉၇။ ညောင်ချောင်းမြို့
၉၈။ ပျားသားယူမြို့
၉၉။ ဆင်ဖြူတောင်မြို့

ထိုမှတပါး မင်းပါ တည်ခဲ့သော သီရိဝတီမြို့၊ ကိန်းသာမြို့၊ ရေချမ်းဝတီမြို့၊ ဇေယျ ရန်ကုန်မြို့များလည်း ရှိသေးသည်။

ထို့ပြင် ဤစာရင်းတို့တွင် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ရသေ့တောင်၊ ဗူးသီးတောင်မြို့များနှင့် ချင်း ပြန်တည်ထောင်ခဲ့သော သရက်ချိုမြို့၊ ဇေယျာဝတီမြို့များလည်း ကျန်နေသေးသည်။

ဤမြို့များကို တည်ထောင်ခဲ့သည့် မင်းများမှာ....

၁။ ဒွါရဝတီသံတိုမြို့တည် ဝါသုဒေဝမင်း။

၂။ ငခွေးသင်တောင်မြို့တည် ဗြာဟ္မဏရာဇာမင်း။

၃။ ပထမဓညဝတီမြို့တည် မာရယုမင်း။

၄။ နီလာပန်းတောင်းမြို့တည် စောစစ်မိဖုရား။

၅။ ကန်သုံးဆင့်မြို့တည် မင်းငယ်ပျော်လှစည်သူမင်း။

၆။ ကျောက်ပန်းတောင်းမြို့တည် တကောင်းမင်းရိုး ဒုတိယကံရာဇာ မင်း။

၇။ ဒုတိယဓညဝတီမြို့တည် ၎င်းကံရာဇာမင်း။

၈။ တတိယဓညဝတီမြို့တည် မဟာစန္ဒသူရိယမင်း။

၉။ ပထမဝေသာလီ ကျောက်လှေကားမြို့တည် မဟာစန္ဒရားမင်း။

၁၀။ ပထမစမ္ပဝက်မြို့တည် ငတုံမင်း။

၁၁။ ပထမမြောက်ဦးမြို့တည် ပဲဖြူးမင်း။

၁၂။ ပဉ္စာမြို့တည် ခေတ္တာသင်မင်း။

၁၃။ ပထမပရိန်မြို့တည် လက်ယာမင်းနန်။

၁၄။ ဒုတိယပရိန်မြို့တည် ဒသရာဇာမင်း။

၁၅။ ဒုတိယစမ္ပဝက်မြို့တည် ဓနရူပေါမင်း၊ ကိန္နရုပ်မင်းဟုလည်း ခေါ်သည်။

၁၆။ ပထမခြိုတ်မြို့တည် မင်းဖုန်းစား။

၁၇။ ပထမတောင်ငူ နေရဉ္စရာမြို့တည် ပဉ္စူသင်၊ တိုင်းချစ်မင်းဟုလည်း ခေါ်သည်။

၁၈။ ပထမလောင်းကြက်မြို့တည် အလောမာဖြူမင်း။

၁၉။ ဒုတိယမြောက်ဦးမြို့တည် စောမွန်မင်း။

၂၀။ ပဲဖြူးမင်းတည်ခဲ့သည်ကို မရေမတွက်ပဲ ပထမမြောက်ဦးမြို့တည် စောမွန်မင်းဟူ၍လည်းဆိုသည်။ တတိယမြောက်ဦးမြို့တည် မင်းပါကြီးဟူ၍လည်း ဆိုသည်။

ဤသို့အားဖြင့် တကြိမ်က ဓညဝတီ ရခိုင်ပြည်မြို့ရွာကျေးလက်တို့ ကြက်ပျံမကျ တိုးတက်စည်ပင်သာယာခဲ့သည်။

ဤအခြေအနေတို့ကို နောင်လာနောက်သားတို့ သိကြဖို့အတွက် ရှာဖွေစုဆောင်းပြီးလျှင် ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်အကြောင်း သိကောင်းစရာစာအုပ် နိဂုံးချုပ်ပါသည်။

လှထွန်းမြ
နိုင်ငံ့ဂုဏ်ရည်ပထမဆင့်